www.burmeseclassic.com

ဆုမြတ်မွန်မွန်




# ရင်ခွင်ဆီသို့ လျှောကားလစ်ရှူး

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



# အမှတ်တရအစီအစဉ်

မင်္ဂလာပါအစ်မဆုမြတ်မွန်မွန်

နေကောင်းကျန်းမာရဲ့လား။ ကျွန်တော် စာမရေးဖြစ်တာကြာပေမဲ့ ဝတ္ထုထွက်သမျှအားလုံး ဖတ်ဖြစ်ပါတယ်။ ဝတ္ထုထဲမှာ အချစ်အကြောင်းတွေထက် ကိုယ်ချင်းစာနာမှု၊ နားလည်ပေးမှု၊ သံယောဇဉ်တွေ၊ မေတ္တာတရားတို့ကို အခြေခံပြီးရေးတာ တခြားစာရေးဆရာမတွေနဲ့ မတူဘဲ အရမ်းထူးခြားတဲ့အတွက် လက်က မချချင်လောက်အောင် ကောင်းမွန်နေတယ်။ အစ်မရဲ့ ပရိသတ်ကျွန်တော်တို့လို လူငယ်တွေအတွက် ဘဝအသိပေးဒဿနစာသားလေးတွေကို အစ်မရဲ့ဝတ္ထုထဲမှာ ကြားညှပ်ပြီးထည့်သုံးပေးရင် ပရိသတ်တွေဘဝမှာ အသုံးချဖို့ ပညာရတာပေါ့။ အစ်မဆုမြတ်မွန်မွန်တစ်ယောက် ... ဒီထက်မက အောင်မြင်မှုများစွာတို့ကို ထာဝရသိမ်းပိုက်နိုင်ပါစေ ... ။

ပြည့်ဖြိုးအောင်
အမှတ်(၆၀)၊ ရွှေဟသ်ာလမ်းသွယ်(၂)၊
(၆)မိုင်ခွဲ၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊
ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

၏

## အမှတ်တရအစီအစဉ်

ဆုမြတ်မွန်မွန်ရဲ့

ဝတ္ထုစာအုပ်လေးတွေကို ဖတ်ပြီးပါပြီ။ နုသစ်လတ်ဆတ်သော စာသားလေးတွေနဲ့အတူ ပန်းများစွာကို ပွင့်စေခဲ့ပါတယ်။ ဆုမြတ်မွန်မွန်ဆိုသော ပန်းလေးတစ်ပွင့်ရေ ... အဖူးအငုံဘဝမှပင် ကြွားကြွားဝင့်ဝင့် ဖူးပွင့်လန်းဆန်းလာခဲ့သလို စာပေလောကမှာ ဆက်လက်ပြီး လင်းလက်တောက်ပနေတဲ့ ကြယ်လေးတွေလို ထာဝရထွန်းလင်းတောက်ပနိုင်ပါစေလို့ ဆုများအတန်တန်ပြုလိုက်ပါတယ်။ ဆုမြတ်မွန်မွန်ကို အမြဲတမ်းအားပေးနေမဲ့ ခင်မင်တဲ့ ...

ဌေးဌေးမွန်
လ၀၈/၁၉၊
စည်ပင်သာယာလမ်းအနောက်၊
ဆင်ဖြူတော်ဆေးလိပ်ခုံရှေ့၊
ရမည်းသင်းမြို့။



၏

## အမှတ်တရအစီအစဉ်

ဆရာမဆုမြတ်မွန်မွန်

သမီးနာမည်က မနှင်းဝတ်ရည်ပါ။ သမီး ဆရာမဆီကို စာရေးချင်နေတာ ကြာပြီ။ သမီး ပထမဆုံးဖတ်ရတဲ့ 'မျက်နက်ဝန်းရဲ့မေတ္တာတံချူ" ပါ။ အဲ့ဒီစာအုပ်ရဲ့ နောက်ထွက်တဲ့စာအုပ်ကို မလွတ်တမ်းဖတ်ခဲ့တယ်။ အားလုံးထဲမှာ 'နှုးညံ့ခြင်းပြိုင်ပွဲ' ကို အကြိုက်ဆုံးပဲ။ မမစာအုပ်ထဲက ဇာတ်ကောင်တွေကိုလည်း ကြိုက်တယ်။ သမီး မမရဲ့မျက်နှာတစ်ခုလုံးရှိတဲ့ ဓာတ်ပုံကို လိုချင်ပါတယ်။ မမ အောင်မြင်ကျော်ကြားတဲ့ ထိပ်တန်းစာရေးဆရာမတစ်ယောက် ဖြစ်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

မမရဲ့ ထာဝရပရိသတ်တစ်ယောက် ... ။

နှင်းဝတ်ရည်
အမှတ်(၂/၄၉၃)၊
မိုးယံသောက်တြွယ်ဘုရားလမ်း၊
(၂)ရပ်ကွက်၊ တောင်ငူမြို့။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာမဆုမြတ်မွန်မွန်

ဆုမွန်လို့ပဲခေါ်မယ်နော်။ ဆုမွန်ရဲ့ 'လသုံးစင်းနှင့် ကခုန်ခြင်း' ဆိုတဲ့ လုံးချင်းဝတ္ထုကိုဖတ်ပြီး K အရမ်းစွဲသွားပြီ။ Kက ဆုမွန်ရဲ့စာအုပ်ကို ခုမှဖတ်ဖူးပေမဲ့ ဒီတစ်အုပ်တည်းနဲ့ အရမ်းကြိုက်သွားတယ်။ ဆုမွန်ရဲ့ နောက်စာအုပ်တွေကိုလည်း တို့ အမြဲရှာဖတ်ခဲ့ပါတယ်။ ဆုမွန်ရဲ့ အသက်နဲ့ ပညာအရည်အချင်းကို ပြောပြပါလား။ Kက မြန်မာစာနဲ့ ကျောင်းပြီးသွားပြီ။ ဆုမွန်ရဲ့ အလှခောက်ပုံတစ်ပုံလောက်လိုချင်တယ်။ ဆုမွန်လို စာရေးဆရာမမျိုးကို K အရမ်းလေးစားတယ်။ ချီးကျူးမိတယ်။ သိပ်တော်တာပဲ။ ဆုမွန်ရဲ့ Ph: နံပါတ်ရှိရင် ပေးပါလား။

မိK

အမှတ်(၂၇၅)၊ ဆရာမဲတုန်းနန်းခဲ၊

စေတနာစာပေ
၏
အမှတ်တရအစီအစဉ်

မရဲ့လက်ရေးလေးက လှတယ်နော်။ လူ လည်းလှတယ်။ မရေ ... နောက်အသစ်ထွက်မဲ့ စာအုပ် အဖည်လေးလည်း ရေးပေးဦးနော်။ အရင်သိချင်လို့။ မ,အသစ်ထွက်မဲ့စာအုပ်နာမည် ဝတ္ထုထဲမှာ ထည့်ပြီးရေးပါလား။ မရဲ့စာအုပ်ကို ရက်ချိန်းနဲ့စောင့်ပြီးဖတ်ရတယ်။ မနည်းပြောပြီး ချန်ခိုင်းရတယ်။ မရဲ့မွေးနေ့လေးကို ပြောပြပါဦး။

အမြဲတာဝရအေးချမ်းပါစေလို့ဆုတောင်းလျက်

ဝင့်ဝါအောင်

တကောင်းမြို့။

www.burmeseclassic.com

www.burmeseclassic.com



မဆုမြတ်

ညီမလေးဆီကို စာပြန်ရေးပေးတာ ကျေးဇူးအများကြီးတင်ပါတယ် ... ။ ဝမ်းလည်းသာတယ်။ မဆုမြတ်ဆီက စာလာတော့ ညီမလေးက မဆုမြတ်ရဲ့ 'အချစ်ဦးနှင့်လွဲပြီးသည့်နောက် (ဖူးစာ)' ဖတ်နေတာ။ (25.7.07) ရက်နေ့က ရတယ်။ ညီမလေးက မဆုမြတ်ရဲ့ ပြန်စာ ထည့်မပေးဘူးဆိုပြီး နောက်ထပ်နှစ်စောင် ထည့်လိုက်ပြီးပြီ။ မဆုမြတ်ရဲ့စာအုပ် တစ်အုပ်မဖတ်ရသေးဘူး။ ညီမလေးတို့ တကောင်းမြို့မှာမရှိလို့ 'ကြွင်းကျန်ရစ်သောသစ္စာ' စာအုပ်မဖတ်ရသေးဘူး။ အရမ်းဖတ်ချင်တယ်။ မရဲ့ပြန်စာရတာ အရမ်းဝမ်းသာတယ်။ မက 'မှော်ကဗျာရွှေရုပ်' ကို Part II ဆက်ရေးရင် ကောင်းမလား စဉ်းစားနေရင် ဆက်ပေးပါလို့ တောင်းဆိုပါရစေ။

မဆုမြတ်ရေ ... တကောင်းမြို့ကိုလာဖို့ ခေါ်ချင်ပါတယ်။ တကောင်းမြို့က ဧရာဝတီမြစ်ရဲ့ အရှေ့ဘက်မှာရှိတာ မြစ်ရဲ့ အနောက်ဘက်က မင်းဝံတောင်တန်းကြီးရှိတယ်။ အဲဒီတောင်ပေါ်မှာ 'အလောင်းစည်သူမင်း' တည်ခဲ့တဲ့ ရွှေတန့်ကြည်ဘုရားရယ်၊ ပေါင်းတော်ကျဘုရားရယ်ရှိတယ်။ တကောင်းမြို့ကိုလာခဲ့ပါလို့ ထပ်ပြောပါရစေ။

စေတနာစာပေ
၏
အမှတ်တရအစီအစဉ်

မင်္ဂလာပါ မဆုမြတ်မွန်မွန်

အောင်မြင်မှုကမ္ဘာမှာ အပြုံးပန်းတွေ ကုဋေကုဋာပွင့်ဖူးပြီးတော့ အစဉ်အမြဲလှပခြင်းနဲ့ ပြည့်စုံပါစေလို့ အဝေးတစ်နေရာ သာယာလှပတဲ့ ရှုးမေ့ဖွယ်ရာ (ပုဂံ)ညောင်ဦးမြေက ကျေးဇူးတင်စွာ တတိယစာလွှာ ပွင့်ဖူးဝေဆာစွာနဲ့ စာရေးလိုက် မငြိုငြင်ခဲ့ရင် ဝမ်းသာပီတိဖြစ်နေမှာပါ။ ကျေးဇူးတင်ရသောအကြောင်းမှာ အနုယ်နယ်အရပ်ရပ်မှာ ခင်မင်သူ သူငယ်ချင်းမိတ်ဆွေတွေကို တောင်းပန်ပါရစေ။ ကျွန်တော့်ဆီကို ဖုန်းဆက်တာ စာရေးတာကို ဝမ်းသာပါတယ်။ မဆုမြတ်ကိုလည်း ဒီ့ထက်မကသော ပရိသတ်ရဲ့ အားပေးချစ်ခင်ခြင်း၊ စာပေချစ်မြတ်နိုးသော ပရိသတ်တွေ အမြဲထာဝရပိုင်ဆိုင်ပါစေလို့ ဆုတောင်းလျက်ပါ။ မဆုမြတ်ရဲ့ ဝတ္ထုတွေကို အရမ်းနှစ်သက်ပါတယ်။ ဒီစာလေးကို အမှတ်တရအစီအစဉ်မှာ ပါဝင်မြင်တွေ့ခွင့်ရပါစေလို့ ဆုတောင်းလျက်ပါ။ လောဘကြီးတယ်လို့တော့ မထင်နဲ့နော်။ ရှုခင်းလှပသောနေရာမှာ ထိုင်နေသောပုံဖြစ်စေ၊ မတ်တတ်ရပ်သောပုံဖြစ်စေ၊ ဓာတ်ပုံတစ်ပုံလောက် (ထပ်)ပေးပါဦးနော်။ စောင့်မျှော်နေမယ်နော်။

တည်တံ့သောအောင်မြင်မှုကိုရလိုသော

လရိပ်မောင်
တိုက်သစ်၊ ဇမ္ဗူရက္ခအဆောင်၊

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

Hi!

စိတ်ထဲမှာ ရင်းနှီးပြီးသားမို့ မမလို့ပဲခေါ်မယ်နော်။ မမရေးတဲ့ စာအုပ်တွေကို အကုန်ဖတ်ပြီးပြီ။ အကုန်လုံးကြိုက်တယ်။ ပထမစာအုပ်ဖြစ်တဲ့ 'မျက်နက်ဝန်း'ကနေပြီး Juneလထုတ် 'အညိုးမြစ်' အထိ ဇာတ်လမ်းလည်း မထပ်ဘူး။ ဖတ်ရတာ ဆွဲဆောင်မှုရှိတယ်။ သမီးက မမဆီ စာရေးချင်နေတာ ကြာပြီ။ ဘယ်ကစရေးရမှန်းမသိလို့။ ပြီးတော့ မမက မအားလပ်တဲ့အချိန်နဲ့ တွေ့ရင် သမီးစာလေး မဖတ်ဘဲထားလိုက်မှာစိုးလို့ သမီးက အချစ်ဝတ္ထုဆိုရင် တစ်ယောက်ရေးတာပဲ စွဲစွဲမြဲမြဲဖတ်တာ ...။ ဒါကြောင့် အခုဆို သမီးက မမရဲ့ အာမခံ စာဖတ်ပရိသတ်ပေါ့။ နောက်ဆိုရင် တစ်အုပ်ထွက်ပြီးရင် တစ်ခါဝေဖန်စာရေးလိုက်မယ်နော်။ သမီးက စာဖတ်ရင်း ဝေဖန်ရတာ ဝါသနာပါတယ်။ ဒါပေမဲ့ မမရဲ့စာအုပ်တွေကိုတော့ သိပ်ဝေဖန်စရာ မလိုဘူးလေ။ မမက စာရေးတဲ့နေရာမှာ သိပ်တော်တာပဲ။ idea လည်း မြင့်သားနော်။ အားလည်းကျတယ်။ လေးလည်းလေးစား ခင်လည်း ခင်တယ်နော်။ မမရဲ့ဇာတ်ပုံလှလှနဲ့ ပြန်စာကို မျှော်နေမယ်နော်။ စိတ်ချမ်းသာ ကိုယ်ကျန်းမာနဲ့ အဆင်ချောမွေ့စွာ စာအုပ်များစွာ ထွက်နိုင်ပါစေ။

ဝေဝေ
က.၅/၁၀၇ စိန်ပန်းလမ်းထောင့်၊
၆၉×၇၁ကြား၊ မလိခလမ်းသွယ်၊
အမှတ်(၅)ရပ်ကွက်၊

BURMESE CLASSIC .com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မမမြတ်မွန်

မိတ်ဆက်စာ တစ်ခါမှမရေးဘူးလို့ အမှားပါရင်ခွင့်လွှတ်ပါနော်။ မမရဲ့စာအုပ်တွေကို အရမ်းကြိုက်တယ်။ မမရဲ့ ထွက်ပြီးသမျှ စာအုပ်တွေအားလုံး ဖတ်ပြီးပြီ။ လစဉ်စာအုပ်တွေထွက်ဖို့ ကြိုးစားနေရင်းက မမရဲ့ ရှားပါးတဲ့ အချိန်လေးတွေကို ဖဲ့ပြီး ပရိသတ်ကို စာပြန်ရေးပေးတယ်လို့ သိရတော့ မမကို အလွန်ပဲ လေးစားမိပါတယ်။ မမ မမကိုချစ်တဲ့ လေးစားတဲ့ ပရိသတ်တစ်ယောက်ပဲမို့ မမရဲ့ ဓာတ်ပုံနဲ့ စာကို သိမ်းထားခွင့်ရတဲ့သူ ဖြစ်ပါရစေနော်။

ဉမ္မာသီခမ်း
ငွေလမင်းအဆောင်
ကံသာ(၇)လမ်း Aအုပ်စု၊

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏
## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်

ခင်မင်လိုသောဆန္ဒဖြင့် စာရေးလိုက်ပါတယ်။ သူငယ်ချင်းအနေနဲ့ရော၊ စာရေးဆရာမတစ်ယောက်အနေနဲ့ရောပါ ဖြစ်တယ်မလား။ သမီးနာမည်က လင်းလင်းထိုက်ပါ။ မောင်နှမလေးယောက်ရှိပါတယ်။ သမီးက အငယ်ဆုံးပေါ့။ လူမျိုးကတော့ အဖေက လီဆူး၊ အမေက ရှမ်းတရုတ်၊ ကိုးကွယ်တဲ့ဘာသာကတော့ ဗုဒ္ဓဘာသာကတော့ ဗုဒ္ဓပါပဲ။ မဆုမြတ်နဲ့ သမီးက အသက်တော့ (၅)နှစ်၊ (၆)နှစ်ကတော့ ကွာမယ်ထင်တယ်။ သမီးက အခုမှ (၁၆)နှစ်ပဲရှိသေးတယ်။ မဆုမြတ်မွန် ပြန်ခင်နိုင်မယ်ဆိုရင် ပြန်စာကို စောင့်နေမယ်နော်။

အဝေးတစ်နယ်မှ

လင်းလင်းထိုက်
ရမ်းပူ(၆၈၃)၊
မြစ်ကြီးနားမြို့။

စေတနာစာပေ
၏
အမှတ်တရအစီအစဉ်

မမဆုမြတ်လို့ပဲ ခေါ်ပါရစေနော်

မဆုမြတ်ရဲ့ စာအုပ်တိုင်းက စာသားတွေအားလုံး အရမ်း Heart ထိတယ်။ အရမ်းစွဲဆောင်မှုရှိတယ်။ မမဆုမြတ်ရဲ့ ဓာတ်ပုံလေးထည့်ထားတော့လည်း သူများတွေနဲ့ မတူဘဲ ဖတ်ရတာ အရမ်းအရသာရှိတယ်။ မမဆုမြတ်က အရမ်းချောတာပဲ။ မှုန်နေအောင်ကိုချောတယ်။ မမဆုမြတ်ကို မြှောက်ပြောတာ မဟုတ်ပါဘူးနော်။ မမဆုမြတ်ရဲ့ (၁၀)အုပ်မြောက်စာအုပ်မှာ 'ဝိုင်ချိုမြိန်' နဲ့ 'အေးမြမိုးသျှမ်း' ဆိုတဲ့ နာမည်လေးကို အရမ်းကြိုက်တာပဲ၊ မမဆုမြတ်က အရမ်းတွေးတတ်တယ်... ။ ဒီထက်လည်း ပိုပြီးအောင်မြင်ပါစေလို့ ညီမလေးရဲ့စာထဲမှာ အမှားပါရင် ခွင့်လွှတ်ပါနော်။ မမဆုမြတ်ရဲ့ ပြန်စာ၊ ဓာတ်ပုံနဲ့ Sign ကိုလည်း ညီမလေး မျှော်နေမယ်နော်။

မဆုမြတ်ရဲ့ ထာဝရပရိသတ်

**Second Year Chemistry**
ဘားအံ့တက္ကသိုလ်၊ ဘားအံ့မြို့၊
ကရင်ပြည်နယ်။

www.burmeseclassic.com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

www.burmeseclassic.com

ညီမလေး ဆုမြတ်ရေ

မင်္ဂလာပါလို့ နှုတ်ဆက်လိုက်ပါတယ်။ အစ်မ ဒီစာရေးတာ (၄)စောင်မြောက်ရှိသွားပြီနော်။ အစ်မကတော့ ဖြစ်နိုင်ရင် စာအုပ်(၁)အုပ်ထွက်တိုင်း ဝေဖန်ပေးမယ်။ စာအုပ်လေးတွေ ဘယ်လိုပုံစံ ဘယ်လိုခံစားရတယ်ဆိုတာ အမြဲတမ်းပြောပြ ရေးပြချင်ခဲ့တာပါ။ အစ်မရဲ့ အလုပ်တွေ မအားတဲ့ကြားက ရသလောက် အချိန်လေးပဲ ရေးနေရတော့ အချိန်တိုင်း စာမရေးဖြစ်တာပါ။ လုံးချင်းအသစ်(၁)အုပ်ထွက်တိုင်း စာရေးသားနှုန်းတိုးတက်လာတဲ့ ညီမလေးဆုမြတ် ထာဝရအောင်မြင်မှုသရဖူ တစ်သက်လုံး ရယူနိုင်ပါစေ။ နောင်ထပ်ထွက်ရှိလာမဲ့ စာအုပ်တိုင်းရဲ့ စာသားတွေအတွက် ဘယ်လိုဇာတ်ကောင်လေးတွေလဲဆိုတာ စောင့်မျှော်ဖတ်ရှုနိုင်ဖို့ မျှော်လင့်နေမယ်နော်။

ခင်တဲ့

အစ်မငွေးငွေးလွင်
မေခလာအထူးကုဆေးခန်း
အမှတ်(၃၂၇)၊ ရွှေဘုံသာအထက်လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph: 375222, 387721

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မမမွန်

မမမွန်ပဲခေါ်မယ်နော်။ ညီမလေးကတော့ မမမွန်ရဲ့ ပရိသတ်တစ်ဦးပါ။ စာအုပ်တွေထွက်တိုင်း အမြဲတမ်းအားပေးနေပါတယ်။ နောင်ထွက်မဲ့ စာအုပ်တွေကိုလည်း မမမွန်ရဲ့ ပုံနဲ့ မျက်နှာဖုံးလုပ်ပေးပါလို့ တောင်းဆိုချင်တယ်။ ညီမလေးရဲ့ အားပေးမှုကိုအသိအမှတ်ပြုတယ်ဆိုရင် စာလေးတစ်စောင်လောက်နှင့် ဓာတ်ပုံတစ်ပုံလောက်ထည့်ပေးခဲ့ပါနော်။ အမြဲတမ်းမျှော်နေမှာပါ။ ညီမလေးရဲ့စာကိုတော့ မဖတ်ဘဲနဲ့ ပယ်မပျက်ပါနဲ့နော်။ မမမွန်ဆီက ဓာတ်ပုံကို မျှော်နေမဲ့ ...

ညီမလေး
သိုက်သိုက်

ဦးတက်ဖေ၊ ဒေါ်မယ်ရီ
တ/ဆ မမာမာထွေး
အောင်မင်္ဂလာရပ်၊ မော်လိုက်ခရိုင်၊
မော်လိုက်မြို့၊ စစ်ကိုင်းတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

မမဆုကို အစ်မတစ်ယောက်ကို ခေါ်သလို ခေါ်လိုက်ပါရစေ။ ကျွန်တော်ရေးတဲ့စာကို မမဆုရဲ့ 'အညှိုးမြစ်' မှာ ပါတဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်ပါရစေ။ အခုလို မမဆုထံ ရောက်လာတဲ့ စာတွေကို ဖော်ပြပေးတဲ့ မောင်ကျော်လှိုင်စေတနာစာပေကို အထူးကျေးဇူးတင်ပါတယ်။ မမဆုရဲ့ စာအရေးအသားဟာ အရမ်းကို ဆွဲဆောင်မှုရှိပါတယ်။ 'အညှိုးမြစ်' မှာ ဓာတ်သိမ်းပုံကို အရမ်းသဘောကျတယ်။ မြန်မာတွေရဲ့ စိတ်ထားမှန်ကို ဖော်ပြလိုက်သလိုပါပဲ။ လောကကြီးကို အလှဆင်နေတဲ့ ထွန်းတောက်လာမဲ့ စိန်တစ်ပွင့်ဖြစ်ပါစေ။ ဒီ့ထက်မက အောင်မြင်ပြီး စာများများရေးနိုင်ပါစေ။

ထွန်းထွန်းနိုင်
D.6 မြဲဖေယျာ
SOE (၃-နှစ်)၊
စစ်ကိုင်းပညာရေးတက္ကသိုလ်။

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

ဆရာမ

စံ စာရေးလိုက်ပါတယ်။ စံက ဆရာမရဲ့ စာဖတ်ပရိသတ်တစ်ယောက်ပါ။ ဆရာမရဲ့ ဝတ္ထုတွေအားလုံး စံ ကြိုက်တယ်။ အရမ်းလည်း ဖတ်လို့ကောင်းတယ်။ ဆရာမရဲ့ စာတွေဟာ တစ်လုံးဆိုတစ်လုံး ဗဟုသုတအနေနဲ့ရော သင်ခန်းစာပေးနေသလိုပါပဲ။ ဖတ်ရင်းနဲ့ ပုံဖော်ကြည့်လို့ရပါတယ်။ ဆရာမဆီက ပြန်စာနဲ့အမှတ်တရဓာတ်ပုံတစ်ပုံလောက် တောင်းပါရစေ ... ။ ဆရာမထာဝရ အောင်မြင်ပါစေ။

စံ (မြနန္ဒီစာပေ)
ဗိုလ်မှူးမိုးကွန်းလမ်း၊
ကန်တော်ကြီးပန်းခြံရှေ့၊
တောင်ငူမြို့။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ အစီအစဉ်

မဆုမြတ်

သမီးလေးမဆုမြတ်ကို ပိုပြီးလေးစားချစ်ခင်သွားပြီလား။ အစ်မရဲ့စာနဲ့ ဓာတ်ပုံကို လက်ခံရတဲ့နေ့ကလေ သူငယ်ချင်းတွေကို လိုက်ကြွားရတာ အမောပဲ။ အစ်မ အခုလို ပြန်စာနဲ့အတူ ဓာတ်ပုံထည့်ပေးတဲ့အတွက် Thank you so mach နော်။ အစ်မက စာအရေးအသားကောင်းသလို အစ်မလည်း အရမ်းလှပြီး ချစ်စရာကောင်းတယ်နော်။ တကယ်ပါ။ အစ်မရဲ့ ပြန်စာရေးတော့ အရမ်းဝမ်းသာမိတယ်။ "အညှိုးမြစ်" စာအုပ်ထဲမှာ သမီးရဲ့ မိတ်ဆက်စာထည့်ပေးတဲ့အတွက်လည်း ကျေးဇူးနော် ... ။ အစ်မရဲ့ထွက်သမျှစာအုပ်ကို လစဉ်မပြတ် အားပေးနေမယ်ဆိုတာ ယုံနော်။ မဆုမြတ် ဒီထက်မက အောင်မြင်ကျော်ကြားပါစေ။

မဆုမြတ်ကိုချစ်တဲ့

ညီမလေး (မြိုးမြိုး)

ခေ့ရွှေ(မုံရွာ)



## အမှတ်တရ အစီအစဉ်

မဆုမြတ်

ဝင့်စာရေးလိုက်ပါတယ်။ ဝင့်က မဆုမြတ်ရဲ့ ပရိသတ်တစ်ဦးပါ။ မဆုမြတ်ရဲ့စာအုပ်တိုင်းကို အရမ်းကြိုက်ပါတယ်။ အကြိုက်ဆုံးကတော့ 'အနမ်းဆက်တိုင်း' စာအုပ်ကို အရမ်းကြိုက်တယ်။ နောက်ပြီး 'အညှိုးမြစ်' ကိုလည်း ကြိုက်တယ်။ အဲ့ဒီစာအုပ်ထဲက ရဲတာရာရဲ့စိတ်ဓာတ်ကို ကြိုက်တယ်။ သူက တွေဝေမနေဘူး။ ပြတ်ပြတ်သားသား ဆုံးဖြတ်ရဲတယ်။ မဆုမြတ်ရဲ့ နောင်ထွက်မဲ့စာအုပ်တိုင်းကိုလည်း စောင့်ပြီးဖတ်ချင်ပါတယ်။ ဝင့်စာရေးတာ သုံးစောင်ရှိပြီ။ ပြန်စာကို မျှော်လင့်ပါရစေ။ မဆုမြတ် ဒီ့ထက်မက အောင်မြင်ပါစေလို့ ဝင့် ဆုတောင်းပါတယ်။

မဆုမြတ်ရဲ့

ပရိသတ်

ဝင့်ဝါအောင်

ထက်မြက်အောင် (ဆိုင်ကယ်အပိုပစ္စည်းရောင်းဝယ်ရေး)

အဘိရာဇာ(၁)လမ်း၊ အမှတ်(၂)၊

တကောင်းမြို့။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရအစီအစဉ်

မဆုမြတ်ရေ

ဒုတိယအကြိမ်စာရေးလိုက်ပါတယ်။ မဆုမြတ်ထွက်ပြီးတဲ့ စာအုပ်တိုင်းကို အမြဲဖတ်ပါတယ်။ 'အချစ်ဦးနှင့် လွဲပြီးသည့်နောက် (ဖူးစာ)' စာအုပ်ဖတ်ပြီး ရင်ထဲမှာ လှဓာတုကြည်ဆိုတဲ့ အမျိုးသမီးရဲ့ပုံစံကို သဘောကျမိတယ်။ သူ့လိုစိတ်ဓာတ်မျိုးရှိအောင် အမြဲကြိုးစားမယ်။ မဆုမြတ်က အင်္ဂလိပ်စကားလုံးလေးတွေ ထည့်ရေးတာများတယ်နော်။ မဆုမြတ်ရဲ့ စာအုပ်တွေကို ဖတ်ရတာ အရမ်းသဘောကျတယ်။ စာဖတ်သူတွေရဲ့ စိတ်ဓာတ်ကလေးကို မြှင့်တင်ပေးတဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ်။ အောင်မြင်မှုတွေ ထာဝရပိုင်ဆိုင်ပါစေလို့ ဆန္ဒပြုရင်း ...

မမေခြည်ခိုင်
အမှတ်(၂၃)၊
မြမာလာလမ်း၊
မြို့မ(၁၀)ရပ်ကွက်၊
မော်ကျွန်း။

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မမမြတ်

မမရဲ့စာအုပ်တွေက ဖတ်လို့လည်းကောင်းပါတယ် ... ။ အရမ်းလည်းကြိုက်တယ်။ သမီးက စာအုပ်ဆိုင်ဖွင့်ထားပါတယ်။ (သရဝဏ်)စာပေပါ။ သမီးဆိုင်မှာ မမစာအုပ်က အရမ်းငှားရပါတယ်။ ဖတ်တဲ့လူတိုင်းလည်း ကြိုက်ပါတယ်။ ယောကျ်ားလေးတွေ ပိုကြိုက်ကြပါတယ်။ မမ ညီမလေးကိုခင်ရင် မမဓာတ်ပုံနှင့် စာလေးတစ်ကြောင်းပဲဖြစ်ဖြစ် ထည့်ပေးပါနော်။ မမအောင်မြင်ပါစေလို့ ဆုတောင်းလျက် ...

မအေးအေးအောင်(ခ)သန္တာ
သရဝဏ်စာပေ
အမှတ်(၁၁၀)ရပ်ကွက်၊ ဗထူးလမ်း၊
ဥဿမြို့သစ်၊ ပဲခူးတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

စာဖတ်သူများ၏

## အမှတ်တရအစီအစဉ်

မမြတ်မွန်

ကျွန်တော် အခုလိုစာရေးရတဲ့ ရည်ရွယ်ချက်ကတော့ ... ဆရာမနဲ့ ခင်မင်လိုမှု တစ်ခုတည်းဖြစ်ပါတယ်။ ဆရာမရေးတဲ့ စာအုပ်တွေထဲမှာပါတဲ့ အလွမ်း၊ အဆွေး၊ အချစ်၊ အကြိုက် ဇာတ်လမ်းတွေကို ငယ်ရွယ်သူတစ်ယောက်အနေနဲ့ သဘောကျနှစ်သက်မိပါတယ်။ ကျွန်တော် အခုလို မိတ်ဆက်စာကို ပထမဦးဆုံး အကြိမ်ရေးဖူးတာပါ။ ကျွန်တော် မကွေးတိုင်း၊ တောင်တွင်းကြီးမြို့မှာ နေထိုင်ပါတယ်။ ကျွန်တော်တို့မြို့မှာ ဆရာမရဲ့စာအုပ်တွေ အရမ်းကိုငှားရပါတယ်။ 'အချစ်ဦးနှင့်လွဲပြီးသည့်နောက်ဖူးစာ' ဆိုတဲ့စာအုပ်ကလည်း အရမ်းဖတ်လို့ကောင်းပါတယ်။ ကျွန်တော်တို့ မြန်မာပရိသတ်ရင်ထဲမှာက နောက်ပိုင်းဇာတ်သိမ်းဆိုရင် မင်းသားနဲ့ မင်းသမီးကို ညားစေချင်ကြတယ်။ ကျွန်တော်လည်း အပါအဝင်ပေါ့။ ဆရာမရေးတဲ့အခါမှာလည်း မင်းသားနဲ့ မင်းသမီးကို ပေါင်းအောင်ရေးပေးပါလို့ တောင်းဆိုချင်ပါတယ်။ ပရိသတ်တစ်ယောက်အနေနဲ့ တောင်းဆိုတာပါ။

တင်ထွန်းအောင်
ဦးဝင်းနိုင် + ဒေါ်ကြည်ကြည်
ညောင်ပင်လှ (စီးခွဲစက်)
ပြည်လမ်း၊ တောင်တွင်းကြီးမြို့။

စာဖတ်သူများ၏

## အမှတ်တရအစီအစဉ်

မဆုမြတ်

ဝင့် လေးစားစွာ စာရေးလိုက်ပါတယ်။ ဝင့် အရင်က မဆုမြတ်စာအုပ်တွေကို မဖတ်ဖြစ်ဘူး။ ဆိုင်ရှင်က ကောင်းတယ်တဲ့။ အဲဒါနဲ့ ဖတ်ကြည့်တာ အရမ်းကောင်းလို့ နောက်ထွက်တဲ့ စာအုပ်တွေရော အရင်က စာအုပ်တွေရော ငှားပြီးဖတ်ပါတယ်။ အကုန်လုံးတော့ မဖတ်ရသေးဘူး။ မဆုမြတ်ရဲ့ 'အသက်သွင်းလိပ်ပြာလေး'ရဲ့ ရာဇဝင်ကို ကြိုက်ပါတယ်။ ဝင့်က ၂၀၀၈ မှာ သတ္တဗေဒ ပထမနှစ်တက်မှာ ဖြစ်ပါတယ်။ မဆုမြတ်ရော ဘာနဲ့ကျောင်းပြီးထားလဲဆိုတာကို ထည့်ရေးပေးပါဦးနော်။ မဆုမြတ် ထာဝရအောင်မြင်ပါစေလို့ ဆန္ဒပြုရင်း ဆုတောင်းပေးပါတယ်။

ဝင့်ဝါအောင်
ထက်မြက်အောင်
ဆိုင်ကာယ်ပစ္စည်းရောင်းဝယ်ရေး
အမှတ်(၂)၊ တကောင်းမြို့။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မ

ဒီစာကို ဒုတိယအကြိမ်မြောက် ပေးပို့ချင်ပါတယ်။

မဆီက ပြန်စာကို ရပါတယ်။ မရေးတဲ့ 'အညိုးမြစ်' စာအုပ်က မိဘတစ်ယောက် သားသမီးအပေါ်ထားတဲ့ ချစ်ခြင်းဟာ အတ္တနည်းနည်းများသလိုပဲနော်။ 'အချစ်ဦးနှင့်လွဲပြီးသည့်နောက် (ဖူးစာ)' ဝတ္ထုမှာက ... မိန်းကလေးသူငယ်ချင်းတစ်ယောက် ယောကျ်ားလေးသူငယ်ချင်းတစ်ယောက်အပေါ်မှာ အနိုင်ယူတာ မကောင်းဘူးနော်။ မကို ဝေဖန်စာတွေများနေလို့ ဒေါသမထွက်နဲ့နော်။ အနာဂတ်တွင် အောင်မြင်သော စာရေးဆရာမတစ်ယောက်ဖြစ်ပါစေလို့ ဆုတောင်းလျက် ...

ငှက်ကလေး
မော်လမြိုင်။

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

ခင်မင်မှုများစွာဖြင့် စာရေးလိုက်ပါတယ်။ ယွန်းဟာ မဆုမြတ်မွန်မွန်ရဲ့ စာအုပ်တွေကို အမြဲထာဝရ အားပေးနေတဲ့ စာချစ်ပရိသတ်တစ်ယောက်ပါ။ အခုတော့ ယွန်းဟာ မဆုမြတ်မွန်မွန်ရဲ့စာအုပ်တွေကို မဖတ်ဘဲမနေနိုင်လောက်အောင် စွဲလမ်းနေမိပါတယ်။ မဆုမြတ်မွန်မွန်အနေနဲ့ ယွန်းတို့လို စာဖတ်ပရိသတ်တွေကို ခင်မင်တယ်ဆိုရင် ယွန်းတို့ဆီကို စာပြန်ပါ။ မဆုမြတ်မွန်မွန်တစ်ယောက် အမြဲထာဝရ ဒီ့ထက်မက စာရေးနိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

ခင်မင်နေတဲ့

ယွန်းအိသန္တာ
မန္တလေးတိုင်း၊ ပြည်ကြီးတံခွန်မြို့နယ်။
(ရတနာပုံမြို့သစ်၊ (စ)ရပ်ကွက်)
တကက – ၄၂၊ အိမ်အမှတ်(၂၄)

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မမွန်

မမွန်ရေးတဲ့စာအုပ်တိုင်း ကျွန်တော် ဖတ်ဖြစ်ပါတယ်။ စာအုပ်တိုင်းလိုလို ကောင်းပါတယ်။ ဒါပေမဲ့ … ဝတ္ထုတစ်ပုဒ်ရဲ့ အကြောင်းအရာတစ်ခုဟာ စာဖတ်သူရဲ့ ခံစားချက်နဲ့ တိုက်ဆိုင်မှုရှိလျှင် အဲ့ဒီဝတ္ထုမျိုးကို ပို၍ကြိုက်နှစ်သက်ကြပါတယ်။ တိုက်ဆိုင်မှုမရှိရင်တောင်မှ ကိုယ်တိုင်ခံစားလို့ရတဲ့ ဇာတ်ကောင်မျိုးဆိုရင်လည်း အဲ့ဒီဝတ္ထုကို နှစ်သက်ကြပါတယ်။ ဒါပေမဲ့ မမွန်ရေးတဲ့ ဝတ္ထုမှာ ချမ်းသာတဲ့ဇာတ်ကောင်တွေ အရေးများတော့ … ကျွန်တော်တို့ အညတရတွေရဲ့ ခံစားချက်နဲ့ မတိုက်ဆိုင်ဘူးဖြစ်နေပါတယ်။ အဲဒါကြောင့် မမွန်နောင်ရေးမဲ့ဝတ္ထုမှာ ဆင်းရဲဇာတ်ကောင်အဖြစ်နဲ့သာ ရေးဖွဲ့ပေးပါလို့ မမွန်ရဲ့ စာဖတ်ပရိသတ်တစ်ဦးအနေနဲ့ တောင်းဆိုချင်ပါတယ်။

မမွန်အောင်မြင်မှုများစွာရပါစေလို့ ဆုတောင်းလျက်

ကျော်ဆန်းဦး
ဒုတိယနှစ်ကျောင်းသား

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

သို့

မဆုမြတ်လို့ပဲ ခေါ်ခွင့်ပြုပါ။ ကျွန်တော်က မဆုမြတ်ရဲ့ တတိယမြောက်စာအုပ်ဖြစ်တဲ့ 'လသုံးစင်းနှင့် ကခုန်ခြင်း' စာအုပ်ကို ပထမဆုံး ဖတ်ဖြစ်ခဲ့ပါတယ်။ စဖတ်ဖတ်ခြင်းပဲ လက်ကနေမချနိုင်လောက်အောင် ဖတ်ဖြစ်ခဲ့ပါတယ်။ အဲဒီ့အတွက် မဆုမြတ်ရဲ့ အရေးအသားပိုင်း ဆွဲဆောင်နိုင်မှုကို အရမ်းလေးစားမိပါတယ်။ မဆုမြတ်ရဲ့ (၃)အုပ်မြောက်စာအုပ်ကနေ ထွက်သမျှစာအုပ်တွေအကုန်လုံး ဖတ်ဖြစ်ခဲ့ပါတယ်။ ကျွန်တော်က နယ်ကနေ ရန်ကုန်ကို ကျောင်းလာတက်သူတစ်ယောက်ပါ။ B.Econ (stats) မေဂျာနဲ့ 3[rd] Year (Eco) တက်နေပါတယ်။ မဆုမြတ်ရဲ့ ပြန်စာနဲ့ ဓာတ်ပုံတစ်ပုံလောက် မေတ္တာလက်ဆောင်အနေဖြင့် ပို့ပေးစေချင်ပါတယ်။ မဆုမြတ် ဒီ့ထက်မက အောင်မြင်ပါစေ။

အောင်မျိုးချစ်
အမှတ်(၂၃၂/ခ)၊ မေတ္တာလမ်း၊
သွယ်ဝိုင်းကြီးရပ်ကွက်၊
သယ်န်းကျွန်းမြို့။

www.burmeseclassic.com

www.burmeseclassic.com

ချစ်မမ(ခ)မမဆုမြတ်

မမဆုမြတ်ရဲ့ စကားလုံးတွေက ကျွန်တော်တို့လို လူငယ်တွေအတွက် အများကြီးထိရောက်မှုရှိပါတယ်။ မမဆုမြတ် ဒီလိုမျိုးစကားလုံးတွေကို ဘယ်လိုရေးသားတယ်ဆိုတာကို သိချင်ပါတယ်။ မဆုမြတ်ရဲ့ စိတ်ခံစားမှုနဲ့ ရေးတာလား (ဒါမှမဟုတ်) ကိုယ်တွေ့ဘဝနဲ့ ရေးတာလားလို့ပေါ့။ ကျွန်တော်က မမဆုမြတ်ရဲ့ စာအုပ်တွေကိုဖတ်ပြီး စိတ်ထဲမှာ ခံစားမှုအပြည့်နဲ့ အားပေးနေတဲ့ ပရိသတ်တစ်ယောက်ပါ။ ကျွန်တော် မဆုမြတ်နဲ့ စကားတွေ အများကြီးပြောချင်တယ်။ ကျွန်တော် သိချင်တာလေးတွေ မေးချင်တာပေါ့။ မေးချင်တယ်ဆိုတာက မမဆုမြတ် ယခုလို နာမည်ကြီးလုံးချင်းဝတ္ထုတွေ ကျော်ကြားလာအောင် ဘယ်လိုကြိုးစားတာလဲ။ ဘယ်အရွယ်ကနေ စာရေးဖြစ်တာလဲ။ စာရေးတဲ့အခါ ဘယ်လိုနေရာမျိုး စာရေးတာလဲ။ စာရေးမယ်ဆိုရင် စိတ်ကို ဘယ်လိုထိန်းချုပ်ထားတာလဲအစပေါ့ ဖြစ်နိုင်မယ်ဆိုရင် မမဆုမြတ်ရဲ့ စာအုပ်ထဲမှာထည့်ပြီး ဖြေပေးစေချင်ပါတယ်။

ထာဝရအားပေးလျက်

ကျော်မင်းထွန်း(ခေါ်)ထွန်းထွန်း
(Eco 2nd Year)
ရပ်ကွက်(၅)၊ နိုင်ငွေဝါလမ်း၊
(အ.ထ.က-၆)ရှေ့၊
ပြည့်ဝစာပေ၊ လားရှိုးမြို့။



ကျွန်မ တော်တော်အ,သေးတာပဲ။ so sorry ပဲ အစ်မရေ ... ။

အစ်မကို ပြောစရာရှိသေးတယ်။ အရင်စာတုန်းက မအိချိုဆိုတဲ့ လိပ်စာနဲ့ ထည့်လိုက်တာ ကျွန်မကို အစ်မစာအုပ်တွေ ဖွဲလာအောင် ပေးဖတ်သူပေါ့။ အစ်မရယ်။ ကျွန်မနာမည်က မအိချို မဟုတ်ပါဘူး။ T.D.O လို့ စာအောက်မှာ မိတ်ဆက်စာ ကဏ္ဍမှာ ဖော်ပြခံမှာစိုးလို့ အမည်မှန် မရေးလိုက်တာပါ။ အခုတော့ မအိချိုလိပ်စာနဲ့ ရေးလိုက်မိတာ အစ်မခတ်ပုံ ကျွန်မ မရလိုက်ဘူး။ မအိချိုယူသွားလို့။ ကျွန်မကို (၂)ပုံလောက် ပြန်ထည့်ပေးပါနော်။

သဲန္တာဦး (KME)

မအိချို
အမှတ်(၇/၁၁၇)၊
မကုဋ္ဌဝတီဘုရားလမ်း၊
ကျောက်မဲမြို့။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မဆုမြတ်

ခင်မင်ရင်းနှီးမိလို့ မဆုမြတ်လို့ခေါ်မယ်နော်။ နာမည်က ဇော်မင်းထွဋ်ပါ။ ကိုထွဋ်လို့လည်းခေါ်တယ်။ ဥပဒေပညာ တတိယနှစ်(အဝေးသင်)တောင်ငူတက္ကသိုလ်မှာ ပညာသင်ကြားဆဲ ပဲခူးညီ ဖြူစာပေအငှားဆိုင်က ညီမလေးတစ်ယောက်ရဲ့ မိတ်ဆက်မှုနဲ့ မဆုမြတ်ရဲ့ စာအုပ်တွေဖတ်ဖြစ်ခဲ့တယ်။ 'မျက်နက်ဝန်းရဲ့မေတ္တာတံချူ'နဲ့ 'ကြွင်းကျန်ရစ်သောသစ္စာ' စာအုပ်တွေကို နှစ်သက်လို့ ကိုယ်ပိုင်ဝယ်ပြီး သိမ်းထားလိုက်ပါတယ်။ စာရေးတာဝါသနာပါပေမဲ့ ကဗျာတွေလောက်ပဲ ရေးဖြစ်ခဲ့တယ်။ အကြောင်းသင့်လျှင်တော့ အကဲဖြတ်ပေးဖို့အတွက် ကဗျာနဲ့ ဆောင်းပါးအတိုလေးတွေ ပို့ပေးလိုက်ပါဦးမယ်။

မဆုမြတ်ရဲ့ပရိသတ်တစ်ဦး

ကိုထွဋ်
၂၁၁၊ ၃၃ လမ်း။
ရှင်စောပုလမ်း။ ပဲခူး။
ဖုန်း-၀၅၂-၂၂၄၆၆

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မင်္ဂလာပါ မဆုမြတ်

ကျွန်တော့်အမည်က ဘုန်းသစ်လွင်ပါ။ ဘုန်းရဲ့ ခင်မင်မှုကို အသိအမှတ်ပြုလိမ့်မယ်လို့ ယုံကြည်ပါတယ်။ မဆုမြတ်ရေးတဲ့ စာအုပ်တိုင်း အရမ်းကောင်းပါတယ်။ ကောင်းတယ်ဆိုတာထက် ဘုန်းတို့အတွက် ဗဟုသုတတွေ အများကြီးရပါတယ်။ မဆုမြတ်ရဲ့ စာအုပ်တွေကို ဖတ်ပြီးတဲ့အချိန်မှာ မိတ်ဆက်စာမရေးဘဲ မနေနိုင်လို့ ရေးလိုက်တာပါ။ မဆုမြတ်နဲ့ ခင်မင်ခွင့်ရချင်တဲ့အတွက် မိတ်ဆက်စာရေးလိုက်တာပါ။ မဆုမြတ် ဘုန်းကို ခင်မင်ခွင့်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဘုန်းကို စာပြန်တဲ့အခါ မဆုမြတ်ရဲ့ဓာတ်ပုံလေးတစ်ပုံပါ ထည့်ပေးလိုက်ပါနော်။ ဓာတ်ပုံလေးရဲ့နောက်မှာ မဆုမြတ်ရဲ့အမည်နဲ့ လက်မှတ်လေးပါ ထိုးပေးလိုက်ပါနော်။ ဘုန်း အမှတ်တရအဖြစ် စာရေးတောင်းတဲ့အတွက် စိတ်မဆိုးပါနဲ့နော်။ မဆုမြတ်ရဲ့ပြန်စာကို မျှော်နေမယ်နော်။ မဆုမြတ်ရဲ့ဘဝမှာ အောင်မြင်မှုသရဖူကို အမြဲထာဝရ ဆောင်းနိုင်ပြီး အဖိုးထိုက်တန် ပြည့်တန်ပတ္တမြားလို တန်ဖိုးမဖြတ်နိုင်တဲ့ ဝတ္ထုစာရေးဆရာမကောင်းတစ်ယောက် ဖြစ်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

ပကာသနအစဉ်ကင်းတဲ့ ထာဝရခင်မင်ခြင်းနဲ့
အစဉ်ထာဝရ အားပေးနေတဲ့

ဘုန်းသစ်လွင်
ဒေါင့်ကြီး၊ လမ္ဘတော်၊
ဇလွန်မြို့နယ်၊ ဧရာဝတီတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

စေတနာ့စာပေ
၏

## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

ကျွန်တော် မဆုရဲ့ ပရိသတ်တစ်ယောက်အဖြစ်နဲ့ မိတ်ဆက်စာရေးလိုက်ပါတယ်။ မဆုရဲ့ 'မျက်နက်ဝန်းရဲ့မေတ္တာတံချူ' ရယ်၊ 'မှော်ကဗျာရွှေရုပ်' ရယ် အရမ်းခိုက်တယ်။ မဆုတို့လို စာရေးဆရာတွေဆီကို တစ်ခါမှ စာမရေးဖူးဘူး။ ဒါ ပထမဆုံးပဲ။ ကျွန်တော့်ကို မဆုရဲ့ ပရိသတ်တစ်ယောက်အဖြစ်နဲ့ အသိအမှတ်ပြုရင် စာပြန်ပါနော် ... ။ ကျွန်တော်ကတော့ မဆုရဲ့ဓာတ်ပုံကို မတောင်းတော့ပါဘူး။ ဖြစ်နိုင်ရင် မဆုရဲ့ဘဝအတွက် ခံယူချက် ဒဿနစကားလေး တစ်ခွန်းတစ်ပါဒ တစ်ဝါကျလောက်ဖြစ်ဖြစ်ပေါ့။ အမှတ်တရအနေနဲ့ ရေးပေးစေချင်ပါတယ်။ မဆုမြတ်မွန်မွန်တစ်ယောက် အောင်မြင်မှု၊ ကျော်ကြားမှုတွေနဲ့အတူ ပရိသတ်ရဲ့ လေးစားမြတ်နိုးမှုကို ခံယူနိုင်ပါစေ ... ။

အာကာလွှမ်း (ပညာရေး)
ကျောက္ကူလမ်း၊ ဘုန်းစိုးရပ်၊
ဓာတ်ကာ၊ ရွှေတောင်ဆောင်၊
မုံရွာမြို့။

စေတနာ့စာပေ
၏

## အမှတ်တရအစီအစဉ်

ဆရာမမွန်

ခင်မင်မှုများစွာနဲ့ မိတ်ဆက်စာရေးလိုက်ပါတယ်။ ဆရာမမွန်လို့ပဲခေါ်မယ်နော်။ ညီမလေးနာမည်က နော်မူးမူးလို့ ခေါ်ပါတယ်။ ဆရာမမွန်ရေးတဲ့ ဝတ္ထုကို အကုန်လုံး မဟုတ်တောင် တော်တော်များများ ဖတ်ဖူးပါတယ်။ ကြိုက်လည်းကြိုက်တယ်။ နောက်ထပ် ဓာတ်လမ်းကောင်းကောင်းလေးတွေ ရေးဦးနော်။ ဆရာမမွန် မာနကြီးလားဟင်? ညီမလေးလေ ဆရာမမွန်ကို ခင်မင်မိပြီး ဆရာမရဲ့ဝတ္ထုစာအုပ်က တခြားစာအုပ်နဲ့ မတူဘူးနော်။ ဆရာမမွန်ရဲ့ ပုံတွေပါနေလို့လေ။ ညီမလေးတော့ ကြိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆရာမမွန်ကိုလည်း မြင်ဖူးသွားလို့ပါ။ နောက်ပြီး စာဖတ်နေရင်းနဲ့ ဆရာမမွန်ရဲ့ မျက်နှာလေးကို မြင်ရလို့ပေါ့။ ဆရာမ ဒီ့ထက်မက ဝတ္ထုကောင်းတွေ အများကြီး ရေးနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

အမြဲအားပေးနေမဲ့ချစ်ပရိသတ်
ညီမလေး

အမှတ်(၁၀)၊ ရန်ကုန် +အင်းစိန်လမ်းမကြီး၊
ခဝဲခြံမှတ်တိုင်အနီး၊ ဒေါ်လှဝန်းလမ်းထိပ်၊
မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

မမဆုမွန်ကို ညီမလေး ခင်မင်လေးစားစွာနဲ့ မိတ်ဆက်စာရေးလိုက်ပါတယ်။ မမဆုမွန် ဝတ္ထုတွေထဲမှာ 'လသုံးစင်းနှင့် ကခုန်ခြင်း' ကို အကြိုက်ဆုံးပဲ။ မမဆုမွန်ရဲ့ စာသား စကားလုံး ဆန်းဆန်းလေးတွေနဲ့ ဓာတ်သိမ်းပိုင်းလေးတွေ အရမ်းကောင်းတာ။ မမဆုမွန်နဲ့ မိတ်ဆက်ရဦးမယ်။ ညီမလေးက ဝတ္ထုဖတ်ရမယ်ဆို သိပ်ပျင်းတာ မမဆုမွန်ရဲ့။ ဒါပေမဲ့ မမဆုမွန်ရဲ့ ဝတ္ထုနဲ့မှ ညီမလေး Heart ထိသွားတယ်။ 'လသုံးစင်းနှင့် ကခုန်ခြင်း' က အရမ်းကောင်းတာပဲ။ ညီမလေးကို ဓာတ်ပုံပေးရင် စတိုင်မိတဲ့ပုံလေးပေးပါနော်။ မမဆုမွန်ရဲ့ နောက်ထွက်မဲ့စာအုပ်တွေကိုလည်း အားပေးနေမှာပါ။

မမြတ်နိုးမွန်
မြင်းခြံမြို့၊ အမှတ်(၆)၊
C/O ဒေါ်စန္ဒာနွယ် (သချာပျိုးခင်း)၊
(ရ.ယ.က)ရုံး။

## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

ခင်မင်လေးစားစွာဖြင့် စာရေးလိုက်ပါတယ်။ မမွန်ရဲ့ စာဖတ်ပရိသတ်တစ်ဦးပါ။ ပထမဆုံးမိတ်ဆက်စာရေးဖူးတာမို့ အမှားပါရင် သည်းခံပြီးဖတ်ပေးဖို့ တောင်းဆိုပါရစေ။ မမွန်ရဲ့ ပထမဆုံးထွက်တဲ့ စာအုပ်ကို ဖတ်ပြီးတဲ့အချိန်ကတည်းက ကြိုက်ခဲ့တာပါ။ မမွန်ရဲ့ စာအုပ်တွေ တခြားစာအုပ်တွေနဲ့ မတူဘူးနော်။ Ideaတွေ အရမ်းကောင်းတယ်။ တခြားစာအုပ်တွေလို မပေါ့ဘူး။ မမွန်ရဲ့ဓာတ်ပုံတစ်ပုံလောက် ထည့်ပေးပါနော်။ Ph: နံပါတ်ပေးမယ်ဆိုလည်း ရချင်ပါတယ်။ မမွန် ဒီထက်မက နာမည်ကျော်စာရေးဆရာမတစ်ယောက်ဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

မမွန်ကို အမြဲအားပေးနေလျက်

မမျိုးအေးသန်း
ကြေးနန်းရုံးကွင်း၊
ကျောင်းကြီးလမ်းရပ်ကွက်၊
စစ်တွေမြို့။

www.burmeseclassic.com

www.burmeseclassic.com

## အမှတ်တရအစီအစဉ်

မမွန်

ခင်မင်စွာနဲ့ မမွန်လို့ခေါ်ခွင့်ပြုပါနော်။ သမီးဟာ မမွန်ရဲ့ ပရိသတ်တစ်ဦးပါ။ မမွန်ရဲ့ စာအုပ်တိုင်း အရမ်းကောင်းပါတယ်။ အစောကြီးထဲက မမွန်ဆီ မိတ်ဆက်စာရေးမလို့ပါ။ မရေးရဲတာကြောင့် အခုမှပဲ ရေးဖြစ်တော့တယ်။ သမီးက ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှာ ဒုတိယနှစ် (ဓာတုဗေဒ) တက်နေပါတယ်။ မမွန် စာအုပ်တွေထဲမှာပါတဲ့ပုံဟာ အရမ်းလှတယ်။ တစ်ခါတစ်ခါ စိုးမြတ်သူဇာနဲ့ တူတယ်။ ခင်မင်မှုအနေနဲ့ မမွန်ရဲ့ ဓာတ်ပုံတစ်ပုံလောက်ပေးပါလားဟင်။ သမီးဆီ စာပြန်ရေးပေးပါလို့ တောင်းဆိုပါရစေ။ မမွန်ရေးမယ်ဆိုရင် ကျောင်းလိပ်စာနဲ့ပဲ ထည့်ပေးပါနော် ... ။သမီးခုံနံပါတ်ထည့်ရေးပေးလိုက်ပါတယ်။ မမွန် အမြဲပျော်ရွှင်ပါစေလို့ ဆုတောင်းရင်း မမရဲ့စာကို စောင့်မျှော်နေပါတယ်။

မမျိုးပပခော်
အမှတ်(၆၂၅)၊ (၃)ရပ်ကွက်၊
ကမ်းနားလမ်း၊ မှော်ဘီမြို့၊
ရန်ကုန်တိုင်း။

စေတနာ့စာပေ
၏

## အမှတ်တရအစီအစဉ်

မဆုမြတ်

ညီမတို့ ခင်မင်ရင်းနှီးစွာဖြင့် စာရေးလိုက်ပါတယ်။ ညီမတို့ရဲ့ အသက်က (၁၈)နှစ်ရှိပါပြီ။ မဆုမြတ်ကို ခင်ချင်လို့သာ အခုလို စာရေးတာ မဝံ့မရဲဖြစ်မိပါတယ်။ မဆုမြတ်ကို အကြံဉာဏ်လည်း ပေးချင်တယ်။ မဆုမြတ်ရဲ့ ဝတ္ထုတွေက အရမ်းကောင်းပါတယ်။ ဒါပေမဲ့ အင်္ဂလိပ်စာလုံးညှပ်ရေးတာကို ပြင်ပေးပါလား။ ဒါမှမဟုတ် ကွင်းစကွင်းပိတ်နဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ရေးပေးပါလား။ စာပေလောကမှာ အတောက်ပဆုံးကြယ်တစ်ပွင့်ဖြစ်ပါစေလို့ ဆန္ဒပြုရင်း

မဆုမြတ်ကို ခင်မင်တဲ့
နှင်းဝတ်ရည်နှင့် သူငယ်ချင်းများ

နှင်းဝတ်ရည်
အမှတ်(၁၀)၊
မောင်တိုင်(၁)ကြေးနန်းရုံးရှေ့
တောင်ကြီးမြို့။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာစောင် ၏

## အမှတ်တရအစီအစဉ်

မဆုမြတ်

စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ပထမဦးစွာ ဆုတောင်းပေးလိုက်ပါတယ်။ (31.4.07)ရက်နေ့က မဆုမြတ်ရဲ့ နွေးထွေးတဲ့ မေတ္တာတုံ့ပြန်စာကို ကောင်းမွန်စွာ လက်ခံရရှိပါတယ်။ အခုလို စာပြန်ရေးတဲ့အတွက်လည်း အတိုင်းမသိ ကျေးဇူးတင်မိပါတယ်။ ပရိသတ်တွေအပေါ် မေတ္တာကြီးမားတဲ့ စာရေးဆရာမတစ်ယောက်ဆိုတာ ယုံကြည်လက်ခံလိုက်ပါပြီဗျာ။ မဆုမြတ်ဆီက စာကိုရတော့လေ ဇော်ပိုင်ဆိုထားတဲ့ ဟိုစာသားကို သွားသတိရမိတယ်သိလား။ ရင်ခုန်ရလွန်းလို့ ရူးမှာပဲဆိုတဲ့ စာသားလေ။ မဆုမြတ်ရဲ့စာကိုရတော့ ကျွန်တော်အရမ်းကို ရင်ခုန်မိတယ်ဗျာ။ ပြီးတော့ မဆုမြတ်ရဲ့ ပရိသတ်အပေါ်မှာထားရှိတဲ့ ‘စေတနာ’ ကိုလည်း လေးစားမိတယ်။ ယခုဆိုရင် ‘ဆုမြတ်မွန်မွန်’ ဆိုတဲ့ ပန်းလေးတစ်ပွင့်ဟာ နေရာအနှံ့မှာ သင်းထုံစွာ မွှေးပျံ့နေပြီပဲလေ။ ဘယ်သောအခါမှ မပြောက်ပြယ် မကြွေလွင့်တော့တဲ့ ပန်းလေးတစ်ပွင့်ဆိုတာ ကျွန်တော်ရဲရဲကြီးအာမခံဝံ့ပါတယ်ဗျာ။ ကျွန်တော်ပြောပြတဲ့ နာမည်လေးကို မဆုမြတ်က တစ်ချိန်ချိန်မှာ ဝတ္ထုရဲ့ title အနေနဲ့ တွေ့မြင်ခွင့်ရအောင် ပြုလုပ်ပေးဦးမယ် ဆိုတော့လည်း မဖတ်ရသေးခင်ကတည်းက ကြိုတင်ရင်ခုန်နေမိပြီ မဆုမြတ်ရယ်။ မဆုမြတ်ရဲ့

## စေတနာစာစောင် ၏

## အမှတ်တရအစီအစဉ်

ဘုရားပေးတဲ့ လက်ကလေးတွေဟာ ပရိသတ်တွေရဲ့ ရင်ထဲကို ထိရောက်စွာ ဖန်ဆင်းပေးနိုင်တဲ့ တေးသီတဲ့လက်ဖြစ်ပါစေ။ မဆုမြတ်ရဲ့ စာတစ်လုံးဟာ ပတ္တမြားတစ်လုံးကဲ့သို့ အဖိုးတန်ပါစေ။

ဆက်လက်အားပေးနေမယ်

နေအောင်
မြို့သစ်(၇)ရပ်ကွက်၊ ယာနုလမ်း၊
မြိတ်မြို့။

www.burmeseclassic.com

www.burmeseclassic.com

## အမှတ်တရအစီအစဉ်

ဆရာမ

ဒီစာဟာ ဒုတိယအကြိမ်မြောက်ပါ။ ဆရာမရဲ့ စာအုပ်တွေဖတ်ပြီး သူများတွေတောင် ပြန်စာရတယ်။ ကျွန်တော်လည်း ပြန်စာရမယ်ဆိုတဲ့ မျှော်လင့်ချက်ကလေးနဲ့ စောင့်နေမိသူပါ။ ဆရာမရဲ့ဝတ္ထုတွေက တကယ့်ကို ဆွဲဆောင်မှုရှိတယ်ဗျာ။ ဖတ်ရင်း ဖတ်ရင်းနဲ့ နောက်ဆုံး ဘာဖြစ်မလဲလို့တွေးပြီး ဖတ်လိုက်တာ ၈၊ ဆုံးပဲ။ ဘယ်စာအုပ်မှ အဲဒီလို မဖတ်ဘူး။ ဟိုနားဖတ် ဒီနားဖတ် ဇာတ်ကြောင်းသိပြီဆိုပြီး ပစ်ထားလိုက်တာ ဆရာမစာအုပ်ကျတော့ အဲဒီလိုမဟုတ်ဘူး။ ၈၊ ဆုံးဖတ်မှပဲ သိတော့တယ် ... ။ English စကားလုံးလေးတွေနဲ့ရောပြီး ရေးထားတာ သဘောလည်းကျတယ်။ တစ်လုံးတလေကျတော့လည်း နားမလည်ပြန်ဘူး။ ပထမစာမှာက ပြန်စာပဲတောင်းတာ။ အခုတော့ ဓာတ်ပုံပါတောင်းမယ်နော်။ ပေးမှာမဟုတ်လား? ဆရာမရဲ့ လက်ရေးက အရမ်းလှတာပဲလို့ သိရတော့ ဆရာမရဲ့ပြန်စာကို ပိုပြီးမျှော်မိတယ်။ ကျေးဇူးပြု၍ စာပြန်ပါ ဆရာမရယ်။ ထာဝစဉ် အောင်မြင်ပါစေ ဆုတောင်းလျက်

မီးငယ်လေး
လှျပ်စစ်လမ်း၊ အောင်မင်္ဂလာရပ်၊
နယ်မြေ(၁၁)၊ အိမ်အမှတ်-၂၂/၁၁
ကလေးမြို့။

## အမှတ်တရအစီအစဉ်

မမဆုမွန် မင်္ဂလာပါ

သမီးဆီကို စာပြန်ရေးပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ မမဆုတောင်းပေးတဲ့ သမီးရဲ့ ဆယ်စုနှစ်(၂)စုမြောက် မွေးနေ့ပွဲဟာ အမှတ်တရဖြစ်သွားတဲ့အတွက် မကို ကျေးဇူးတင်ပြီးရင်းတင်ပါတယ်။ မမရဲ့ဓာတ်ပုံဟာ attractive ရှိတယ်နော်။ မမက သမီးရဲ့ crazay writer တစ်ယောက်ပါပဲ။ မမ စာတွေအများကြီးရေးပြီး အောင်မြင်မှုတွေ ဒီထက်မက ဆက်လက်ပြီး ရရှိပါစေလို့ သမီး အမြဲတမ်းဆုတောင်းပေးနေပါတယ်။ သမီးက မမရဲ့ ထွက်သမျှစာအုပ်တိုင်းကို အားပေးနေမဲ့ မမရဲ့ အမာခံစာဖတ်ပရိသတ်တစ်ယောက်ဆိုတာ မမသိရင် သမီး ကျေနပ်ပါတယ် ... ။ ဆန္ဒနဲ့ ဘဝ ထပ်တူကျပါစေလို့

ဆုတောင်းရင်း ...

ခင်တဲ့

ချိုသက်လွင်

ချိုသက်လွင်
၅/၀၂၉/ကွင်းကျောင်းလမ်း
ရေတာရှည်မြို့နယ်၊
ပဲခူးတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

## အမှတ်တရ အစီအစဉ်

မဆု

မဆုလို့ပဲခေါ်ပါရစေနော်။ မဆုရဲ့စာအုပ်တွေကို စထွက်တဲ့စာအုပ်ကတည်းက (၁၀)အုပ်မြောက် 'အချစ်ဦးနဲ့ လွဲပြီးသည့်နောက် (ဖူးစာ)' အထိ ဖတ်ပြီးခဲ့ပါပြီ။ ရင်ထဲမှာ တသသနဲ့ ကျန်ခဲ့တဲ့ အနမ်းဆက်တိုင်းကိုလည်း အရမ်းနှစ်သက်မိပါတယ်။ မဆုရဲ့ နောက်ထပ်ထွက်မဲ့ စာအုပ်တွေကိုလည်း မျှော်နေပါတယ်။ မဆုရဲ့ ပြန်စာကို မျှော်နေပါ့မယ်။

ခင်မင်တဲ့

သက်ဖူးဝေ
Final Year Civil
Chauk GTI

စေတနာစာပေ
၏

## အမှတ်တရ အစီအစဉ်

'မ'

ညလေးက မရဲ့ ပရိသတ်တစ်ယောက်ပါ။ မရဲ့စာအုပ်လေးတွေက အရမ်းဖတ်လို့ကောင်းတာပဲ။ မရဲ့ရေးတဲ့ပုံစံလေးက သူများတွေရေးတာနဲ့ မတူဘူးလေ။ တစ်မျိုးကွဲထွက်နေတာ။ မရဲ့စာအုပ်တွေကို ညလေးက တစ်အုပ်မကျန် ဖတ်ပြီးပြီ … ။ မရဲ့ 'မော်ကဗျာရွှေရုပ်' ကို ညလေး သိပ်ကြိုက်တယ်။ ညလေးမှာလည်း ရွှေရုပ်ပျိုလို သိပ်ချစ်တတ်လွန်းတဲ့ မမအစ်မတစ်ယောက်ရှိတယ်။ မရဲ့ 'ဆယ်အုပ်မြောက် 'အချစ်ဦးနှင့် လွဲပြီးသည့်နောက် (ဖူးစာ)' ကိုလည်း ကြိုက်တယ်။ စာအုပ်ထဲမှာပါတဲ့ပုံက မရဲ့ပုံလားဟင်။ စိုးမြတ်သူဇာနဲ့ တူတယ်နော်။ မရေ … ညလေးရဲ့ ဓာတ်ပုံကို မျက်နှာဖုံးထည့်ပေးပါလားဟင်။ ညလေးဆီကို စာအမြန်ပြန်ပါနော်။

မတစ်ယောက် အောင်မြင်မှုအပေါင်းကို ထာဝရ ထာဝစဉ် သရဖူဆောင်းနိုင်ပါစေလို့ ဆန္ဒပြုလျက် …

ညလေး

…သီရိမာလာနွယ်
…မနှစ် (Law)

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

# အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

နွယ်ကတော့ မြင်းခြံမြို့ရဲ့ (၆)ရပ်ကွက်လေးကပေါ့။ နွယ်ကလေ မမြတ်ကို အားပေးနေတဲ့ စာဖတ်ပရိသတ်တစ်ဦးပါ။ စာဖတ်ရတာကို နွယ်က အရမ်းဝါသနာပါတာလေ။ စာအုပ်ဆိုင်မှာ မထင်မှတ်ဘဲ (Photo) ပုံလေးတွေပါတဲ့ စာအုပ်လေးက နွယ့်ကို အရမ်းဆွဲဆောင်သွားခဲ့တယ်။ ကလောင်ရှင်ကို ဖတ်ကြည့်တော့ နွယ်မသိသေးတဲ့ ဆုမြတ်မွန်မွန်ဆိုတဲ့ မမြတ်ဖြစ်နေတယ်။ အဲ့ဒီကတည်းက မမြတ်ရဲ့စာအုပ်တွေကို လစဉ်စောင့်ဖတ်နေမိတယ်။ ဖတ်ပြီးသမျှစာအုပ်တွေထဲက ခု ဇွန်လထုတ် 'အချစ်ဦးနှင့် လွဲပြီးသည့်နောက် (ဖူးစာ)' ဆိုတဲ့ စာအုပ်လေးကို နွယ် အရမ်းကြိုက်တယ်။ စာအုပ်ခေါင်းစဉ်လေးမြင်ကတည်းက စိတ်ဝင်စားသွားမိတာ မမြတ်ရေ ... နောက်ပြီး မျက်နှာဖုံးလေးကလည်း တစ်မျိုးလေးဆန်းနေတယ်နော်။ မမြတ်ကို နွယ်က အမြဲအားပေးနေတာနော်။ နွယ်ကို ခင်မင်အသိအမှတ်ပြုရင် ပြန်စာရေးပါနော်။ မမြတ်တစ်ယောက် ပြီးပြည့်စုံတဲ့ အောင်မြင်မှုတွေကို ထာဝရပိုင်ဆိုင်နိုင်ပါစေ။ မမြတ်ကို ထာဝရအားပေးနေတဲ့ .... ။

ဒေါ်သီရိစန္ဒာနွယ် (သချာပျိုးခင်း)

အမှတ်(၆)၊ ရ.ယ.က ရုံး

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်


- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





# အမြတ်မွန်မွန်

## ရင်ခွင်ဆီသို့ လှေကားထစ်များ


စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com









## အခန်း(၁)

"အမှတ်စဉ်(၃) ဝင်ပါ"

ဖွဲနီနီသည် ကိုယ့်အမှတ်စဉ် အနားသို့ ရောက်လာလေလေ ရင်တွေပန်းတွေ တုန်ကာ တထိတ်ထိတ် ဖြစ်လာလေ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လေပင်။ ရသမျှ ဂါထာမန္တန်တွေလည်း ကုန်ပြီ။ ကြည့်သမျှသော မျက်လုံးဒဏ်တွေကိုလည်း ခံရဖန်များ၍ အရေထူနေပြီ။ သို့သော်လည်း အင်္ကျီတာဖျူးမေးမည့်သူတွေ၏ မျက်လုံးဒဏ်တွေကို ကြိုတင်ရင်ခုန်လို့ နေပေသည်။

နောက်ဆုံးတော့ ကိုယ့်စိတ်ကိုယ် အတတ်နိုင်ဆုံး တည်ငြိမ်အောင်ပဲ စူးစိုက်ယူလိုက်သည်။ ဒီအလုပ်ကို မရလို့လုံးဝ မဖြစ်။ ရကိုရ,ရမည်ဟူသော ယုံကြည်ချက်ကို အခိုင်အမာပင် ချထားလိုက်တော့လေသည်။

ဒီလိုဆိုတော့ နေရ ထိုင်ရတာ နည်းနည်းပေါ့ပါးသွားသည်။ အင်း ... တကယ်တော့ စိတ်ပါပဲ။ အရာရာမှာ စိတ်က ဆောင်တယ် ဆိုတာ တကယ်မှန်တယ်။ ဝမ်းနည်းတာလည်း ဒီစိတ်ပဲ၊ ပျော်ရွှင်ရတာလည်း ဒီစိတ်ပဲ။ ကိုယ့်စိတ်ကိုယ် ကိုယ်ကသာ အရောင်ဆိုးနေတာ။

"အမှတ်စဉ်(၄) ဘယ်သူပါလဲ"

"အဲ ... ကျွန်မပါ"





တောင်တွေး မြောက်တွေး စဉ်းစားနေတာနဲ့ပင် အမှတ်စဉ်(၃) ပြန်ထွက်လာတာတောင် မသိလိုက်ချေ။ နာမည်ခေါ်သူသည် မတ်တတ်ထရပ်သော သူမကို ခြေဆုံး ခေါင်းဆုံး တစ်ချက်ကြည့်ကာ ဘာပြောရမှန်းမသိ ဖြစ်နေပုံရသည်။

"ကျွန်မ ဝင်လို့ ရပါပြီလား"

"ဟိုဒင်း ... ဒါက ..."

"ဟုတ်ကဲ့ ... အမှတ်စဉ်(၄) ကျွန်မ ဖွဲနီနီရဲ့ Form ဟုတ်ပါတယ်နော်"

ထိုသူက ခေါင်းတစ်ချက်ကုတ်ကာ ...

"ဟုတ်တော့ ဟုတ်ပါတယ်"

"ဟုတ်တယ် ဆိုရင် ကျွန်မ ဝင်ပြီနော်"

သူမက ထိုလူကိုဖယ်ကာ တံခါးလက်ကိုင်ကို ကိုယ့်ဘာသာပင် ဆွဲလှည့်လျက် အင်တာဗျူးသည့် အခန်းထဲသို့ ဝင်လိုက်တော့သည်။ အပြင်ဘက်ထက်ကို ပို၍အေးစိမ့်မွှေးပျံ့နေသော အခန်းထဲတွင် လူသုံးဦး ထိုင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အတိအကျ ပြောရလျှင် အသက်ငါးဆယ်ခန့်ရှိကြမည့် ယောက်ျားကြီးနှစ်ဦးနှင့် သူမနှင့် မတိမ်းမယိမ်း ရှိလောက်မည့် ယောက်ျားပျိုတစ်ဦး။ ကိုရီးယားမင်းသားစတိုင်လ် လန်ပျံနေသော ဆံပင်ကေ၊ နုဖတ်ချောမွေ့နေသော်လည်း နူးညံ့ချိုသာမှု တစ်စက်မှ မရှိသော မျက်နှာထားတို့နှင့် ထိုအမျိုးသားလေးဟာ သူမကို စူးစူးရဲရဲ စိုက်ကြည့်လို့နေသည်။

သူမက လူကြီးတွေလောက် အရေးပါမည့်ပုံ မပေါ်သော သူ့ကို ဖျတ်ခနဲသာ ကြည့်ပြီးနောက် နောက်ထပ် လုံးဝမကြည့်တော့ဟု ဆုံးဖြတ်ချက် ချလိုက်လေသည်။

မတ်တတ်ရပ်နေသော သူမကို လူကြီးနှစ်ယောက်က အကဲခတ် ကြည့်နေပြီးမှ ချောင်းတစ်ချက်ဟန့်ကာ ...

"အဟမ်း ... ထိုင်ပါ ကလေးမ၊ ထိုင်ပါ"

ခွင့်ပြုချက်ရမှပင် သူမက ရှေ့တည့်တည့်ကခုံမှာ ဝင်ထိုင်လိုက်သည်။

"မင်းနာမည် ဖွဲ့နီနီ နော်"





"ဟုတ်ကဲ့ပါရှင့်"

"အေး ... အလုပ်ခေါ်စာမှာ ရေးထားတဲ့ အကြောင်းအရာကို ကလေးမ သေချာဖတ်ရဲ့လား"

"ဖတ်ပါတယ်ရှင့်"

"အေး ... ဖတ်တယ်ဆိုရင် ကလေးမ ဘာဖြစ်လို့ ဒီနေရာ ဒီရာထူးကို လျှောက်ရသလဲကွယ်"

ထိုလူကြီးကတော့ သူမကို မွန်မွန်ရည်ရည်ပဲ မေးနေတာ ဖြစ်သည်။

"ဟို ... ကျွန်မ ဒီအလုပ်ကို လုပ်နိုင်မယ် ထင်လို့ပါ အန်ကယ်"

"ဟေ ... မင်းက ဘာကိုစွဲနဲ့ အဲဒီလို ထင်ရတာတုန်း၊ ငါတို့ ခေါ်တာ ယောက်ျားသားတွေလေ"

"ဟုတ်ကဲ့ ... အဲဒီ ယောက်ျားသားတွေလိုပဲ ကျွန်မလည်း အစွမ်းအစ ရှိပါတယ် အန်ကယ်၊ ကျွန်မ လျှောက်တာလည်း သူဌေးရဲ့ ယာဉ်မောင်းနေရာကိုပါ ...



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီကားတွေကို မောင်းတဲ့ နေရာကို မဟုတ်ပါဘူး၊ ဒါကြောင့် ဖြစ်နိုင်မယ်လို့ မျှော်လင့်မိလို့ပါ"

သူမစကားကြောင့် လူကြီးနှစ်ဦးမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် အံ့ဩသလိုနှင့် တိတ်ဆိတ်ငြိမ်သက်လို့ သွားလေသည်။ မျက်ဝန်းထောင့်မှ သိနေတာ တစ်ခုကတော့ ဟိုပုဂ္ဂိုလ်ဟာလည်း သူမကို စူးစူးရဲရဲ စိုက်ကြည့်နေတယ် ဆိုတာပဲဖြစ်၏။

အိုး ... အရေးမစိုက်ပါဘူး။ သူ့ကိုယ်သူ ကိုရီးယားမင်းသား ဘောယောင်ဂျွန်း ဒီဇိုင်း ဖမ်းထားပြီးတော့ ပဲများနေတာ။

"ဒီမှာ ကလေးမ၊ မင်း ပြောတာ မဖြစ်နိုင်ပါဘူးကွယ်၊ မင်းရဲ့ပုံစံ၊ အရည်အချင်းနဲ့ဆို တခြားရာထူးတွေဘက်မှာ သွားလျှောက်ကြည့်ပါ ...

မင်းအနေနဲ့ ဒီအလုပ်ကို ရမှ ဖြစ်မယ် ဆိုရင်လည်း ဖောင်တင်နောက်ကျပြီး လွဲနေပေမဲ့ တခြား ဘရန့်ချ်ကို ပြောင်းတင်ပေးလိုက်ပါ့မယ် ...





ဟုတ်ပြီလား"

လူကြီး၏ အေးဆေးသက်သာသော အပြောကို သူမက ခေါင်းခါယမ်းလျက်မှ ...

"ဟင့်အင်း အန်ကယ်၊ ကျွန်မ ဒီအလုပ်ကိုပဲ လိုချင်တာပါ၊ ဒီအလုပ်နဲ့ပဲ သင့်တော်မယ် ထင်လို့ပါ။ ကျွန်မရဲ့ အရည်အချင်းကို စိတ်ကြိုက်စစ်ဆေးနိုင်ပါတယ်ရှင် ...

ကျွန်မရဲ့ လိုင်စင်သက်တမ်း ခြောက်နှစ်ရှိပါပြီ၊ ကားကို ဆယ့်လေးနှစ်သမီးတည်းက စ,မောင်းခဲ့တာပါ၊ စိတ်တိုင်းမကျရင် အစမ်းခန့်ဝန်ထမ်းအဖြစ် အရင် စဉ်းစားပေးစေချင်ပါတယ်"

"ခက်တာပဲ မိန်းကလေးရယ်၊ မင်းရဲ့ အရည်အချင်းကို ယုံတာ မယုံတာထက် ဦးတို့က ဒီနေရာမှာ မိန်းကလေး ခန့်ဖို့ ဘယ်လိုမှ စဉ်းစားမထားဘူးကွယ် ...

မဖြစ်လို့ပါကွယ်၊ မင်းအနေနဲ့လည်း တခြားအလုပ်ကို ရွေးချယ်သင့်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး အန်ကယ်ရယ်၊ ကျွန်မ တခြားဘာမှလဲ မတတ်ပါဘူး ...

စပီကင်၊ ကွန်ပျူတာ၊ စာရင်းကိုင် ဘာမှမတတ်ပါဘူးရှင်၊ ကားပဲ မောင်းတတ်တာပါ၊ ကားကိုတော့ ကျွန်မ အကျွမ်းကျင်ဆုံးပါ၊ တော်ရုံတန်ရုံ ကားပျက်တာ၊ ဘီးလဲတာကအစ ကျွန်မ ရပါတယ်"

"ဟူး ... ခက်တော့တာပဲ ဖွဲ့နီနီရေ၊ မင်းက ဘယ်လိုပြောပြော မရပါလား၊ ကဲ ... ဖွတ်မပြောပါနဲ့လားကွယ်၊ နောက်ဆုံး စကားတစ်ခွန်းကတော့ M.D ရဲ့ကားကို မောင်းပေးဖို့ မိန်းကလေးယာဉ်မောင်း ဘယ်လိုမှ မခန့်နိုင်ပါဘူးကွယ် ...

ဟုတ်ပြီလား ... မင်း သွားလို့ရပါပြီ"

လူကြီး၏ စကားသံ အဆုံးတွင် သူမသည် ထိုင်ငိုချင်လောက်အောင်ကိုပင် အကြီးအကျယ် စိတ်ဓာတ်ကျ၍ သွားလေသည်။ ရင်ထဲမှာ ဆို့နင့်လာသဖြင့် ဘာစကားဖြင့် ပြန်လျှောက်လဲချက် ပေးရမှန်းတောင် မသိတော့ချေ။





မျက်လွှာကို အောက်စိုက်ချထားလျက် မထချင် ထချင်နှင့်ပင် ခုံမှထလိုက်ရသည်။ လည်ချောင်းထဲတွင် စကားလုံးတို့က တစ်ဆို့နေတုန်းပဲ ဖြစ်သည်။ စိတ်ပျက်သွားသဖြင့် သွားပါဦးမယ် ဟူသော စကားတောင် ပြန်မပြောနိုင်တော့။

သူမ လှည့်ထွက်လာစဉ်မှာပဲ ထင်မှတ်မထားသော ခေါ်သံတစ်ခုကို ကြားလိုက်ရတာ ဖြစ်ပါသည်။

"ဟိတ် ... ခဏနေဦး"

ဟိုးအမြင့်ဆီမှ ပြုတ်ကျလာသလို ထည်ဝါသော အသံတစ်ခုက သူမ ခြေလှမ်းတွေကို ရပ်တန့်သွားစေခဲ့ပါသည်။ သူမကို လှမ်းခေါ်သူက တစ်ချိန်လုံး ဘာစကားမှ ဝင်မပြောသောသူ ဖြစ်၏။

"မင်း ပြန်လာခဲ့ဦး"

အမိန့်သံဆန်သော သူ့အပြောကြောင့် စိတ်ထဲ ဆောင်းခနဲ ဖြစ်သွားရသော်လည်း မျှော်လင့်ချက် လက်ကျန်လေးဖြင့် သူမက စားပွဲအနားသို့ ပြန်လျှောက်လာခဲ့သည်။ သို့သော် မျက်နှာထားကတော့ ခပ်မာမာပဲ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအလုပ်ကို မင်း ဘာကြောင့် လိုချင်ရတာလဲ"

"ကျွန်မရဲ့ စားဝတ်နေရေးအတွက်ပါ"

"မိန်းကလေး တစ်ယောက်အတွက် သင့်တော်မှု ရှိ၊မရှိဆိုတာကိုရော မင်း ထည့်စဉ်းစားမိရဲ့လား"

သူမက တစ်စုံတစ်ခုကို အလေးသုံးဆယ် ပြန်ပြောမလို့ ဟန်ပြင်တုန်းမှာပင် သူက လက်ဝါးတစ်ချက် ကာပြလျက် ...

"နေဦး၊ ငါ မေးချင်တာ တစ်ခုက မင်း သေချာစဉ်းစားပြီးမှ ဒီအလုပ်ကို လျှောက်တာလား၊ အဆိုး အကောင်းဘာတွေ ရင်ဆိုင်ဖို့ ပြင်ထားလဲ ...

ဒါဟာ သမားရိုးကျ အလုပ်တစ်ခု မဟုတ်တဲ့အတွက် မင်းစိတ်မှာ ဘာတွေ ကြိုတွေးပြီး ပြင်ဆင်ထားလဲ၊ ငါ သိချင်တာ အဲဒါ ...

ဪ ... မင်း ထိုင်ပြီး ပြောနိုင်ပါတယ်"

သူမက သူ့ရှေ့ကခုံတွင် ဝင်ထိုင်လိုက်ပြီးနောက် သူ့မျက်နှာကို တည့်တည့်ပင် ကြည့်မိလေသည်။





"ကျွန်မ သေချာစဉ်းစားပြီးမှ ဒီအလုပ်ကို လျှောက်တာပါ၊ ဒီအလုပ်ဟာ မိန်းကလေး တစ်ယောက်အတွက် သမားရိုးကျ အလုပ်တစ်ခု မဟုတ်ဘူး ဆိုပေမဲ့ ဣန္ဒြေသိက္ခာကို ထိခိုက်တဲ့ အလုပ်မျိုးလည်း မဟုတ်ပါဘူး ...

ကျွန်မအတွက်လည်း လုံခြုံမှု ရှိတယ်လို့လည်း ထင်လို့ပါ"

"ဘာလုံခြုံမှုတွေများလဲ၊ ပြောပါဦး"

ခပ်တည်တည်နှင့် တစ်ခွန်းပြီးတစ်ခွန်း မေးမြန်းနေသော ထိုပုဂ္ဂိုလ်ကို သူမက မျက်စောင်းမထိုးမိအောင် အတန်တန်ထိန်းထားလျက် ဖြေရတာ ဖြစ်သည်။

"တစ်အချက်က ကုမ္ပဏီရဲ့သိက္ခာကို ယုံကြည်တယ်၊ နှစ်အချက်က အလုပ်ချိန်ဟာ ပုံမှန်အားဖြင့် မနက်ကိုးနာရီကနေ ညနေငါးနာရီအထိပဲ ရှိတယ်"

သူက ခေါင်းတစ်ချက် ဆတ်လေသည်။ ဟုတ်သည် ဆိုသော သဘော။



www.burmeseclassic.com

www.burmeseclassic.com



"ခရီးဝေးတွေ ဘာတွေ ထွက်ရမယ် ဆိုရင်ကော မင်း အနေနဲ့ လုံခြုံမှုရှိတယ်လို့ ထင်လား"

"လုပ်ငန်းရှင်တွေဟာ များသောအားဖြင့် အချိန်ကို ချွေတာချင်တဲ့ အနေနဲ့ ခရီးဝေးတွေကို ဖလိုက်နဲ့သွားတာ များကြပါတယ်၊ အကယ်၍ ကားနဲ့သွားပြီ ဆိုရင်လည်း ဘော့စ်နဲ့ ဒရိုင်ဘာနဲ့တင် သွားတဲ့ခရီး မရှိသလောက်ပါပဲ ...

Personal နဲ့ဆိုင်တဲ့ ခရီးမဟုတ်ရင် စက္ကတီတော့ ပါ ပါလေ့ရှိသလို အဖော်တစ်ယောက်လောက်တော့လည်း ပါတတ်လေ့ ရှိပါတယ် ...

ဒါတွေထက် ကျွန်မ ပြောပြီးပါပကော၊ ကျွန်မက အနှစ် နှစ်ဆယ်ကြာ ရပ်တည်လာတဲ့ ဒီကုမ္ပဏီကြီးရဲ့ သိက္ခာကို ယုံကြည်လို့ ဒီအလုပ်ကို လာလျှောက်တာ ပါ"

သူက သူမကို မျက်လုံးလှန်၍ ကြည့်ပုံမှာ အစိမ့်ဟယ် တချို့ နိုအောင်း၍ နေလေသည်။ သူမကတော့ အလုပ်ရသည်





မရ,သည်မှာ အပ,ထား၊ ပြောချင်သည့် စကားတချို့ ပြောခွင့်ရခြင်း အတွက်ကို ကျေနပ်လေသည်။

"ဟုတ်ပြီလေ၊ ဒီလို ယုံကြည်ချက်အပြည့်နဲ့ လာခဲ့တဲ့ မင်းကို အခွင့်အရေး တစ်ခုတော့ ပေးရမှာပေါ့၊ ဒီကုမ္ပဏီ ရဲ့ ဥက္ကဋ္ဌကြီးကို မင်း သိတယ်နော်"

"ဟုတ်ကဲ့၊ သိပါတယ်"

"အေး ... မင်းမောင်းရမှာ သူ့ရဲ့ကား မဟုတ်ဘူး"

သူမက အံ့သြသလိုနှင့် သူ့မျက်နှာကို ကြည့်မိသည်။ သူက ခပ်အေးအေးပင် ...

"ဒီကုမ္ပဏီကနေ နောက်ထပ် တိုးချဲ့တဲ့ ကုမ္ပဏီခွဲတစ်ခု အတွက် ရောက်လာတဲ့ M.D ရဲ့ ဒရိုင်ဘာအဖြစ် မင်း လုပ်ရမှာ ...

ဘယ်လိုလဲ"

အို ... ဥက္ကဋ္ဌကြီးတွေရော၊ M.D တွေရော ဘာတွေ မှန်း မသိ၊ ရှုပ်ယှက်ခတ်နေတာပဲ။ ဘယ်သူပဲဖြစ်ဖြစ် သူမအတွက်



www.burmeseclassic.com

www.burmeseclassic.com



က အရေးမကြီးတော့ချေ။ အရေးကြီးတာက ခြောက်သောင်းဆိုသော လစာငွေနှင့် မျှော်မှန်းနိုင်သော ဘိုးနပ်စ်များသာ ဖြစ်လေသည်။

"ကျွန်မအတွက်ကတော့ ဘယ်သူပဲဖြစ်ဖြစ် အရေးမကြီးပါဘူး၊ ကျွန်မ တာဝန်က Drive Safely ဖြစ်ဖို့ပဲ"

"ဟုတ်ပြီလေ၊ မင်းရဲ့ အရည်အချင်းကို ကြည့်ကြတာပေါ့။ မင်းဘက်ကိုလည်း အခွင့်အရေး ပေးပါတယ်၊ မြန်မာမိန်းကလေးတွေနဲ့ စိမ်းသက်တဲ့ အလုပ်တစ်ခု ဖြစ်တဲ့အတွက် အဆင်ပြေမှု ရှိ၊မရှိ စမ်းသပ်ကြည့်ကြတာပေါ့ ...

မင်းကို တစ်လတာအဖြစ် အစမ်းခန့်လိုက်တယ်"

ဖွဲ့နီသည် သူ့စကားကြောင့် ထခုန်မိမတတ် ဝမ်းသာသွားသော်လည်း ဣန္ဒြေကို မနည်းဆယ်ကာ ခေါင်းညွတ်အရိုအသေ ပေးလိုက်မိသည်။

"ကျေးဇူးတင်ပါတယ်။ ဒါနဲ့ ကျွန်မ ဘယ်တော့ အလုပ်စဆင်းရမလဲဟင်"





"တစ်ရက်နေ့။ ဒီရုံးကို ကိုးနာရီ အရောက်လာရမယ်၊ မင်း သွားလို့ရပြီ"

"ဟုတ် ... ဟုတ်ကဲ့"

ဝမ်းသာစိတ်နှင့် ခေါင်းညိတ်လှည့်ထွက်ခဲ့ရသော်လည်း သူမကို အလုပ်ခန့်လိုက်သောသူဟာ ဘယ်သူ ဘယ်ဝါမှန်းလဲ မသိခဲ့ရ။

တစ်ချိန်လုံး ဘာစကားမှာ ဝင်မပြောဘဲ နောက်ဆုံးကျမှ ဘယ်လိုစိတ်ကူးပေါက်သွားသလဲတော့ မသိရဘဲ မေးချင်တာတွေ မေးမြန်းပြီး အလုပ်ခန့်လိုက်သောသူရဲ့ ပုံစံကို မျက်လုံးထဲ မြင်ယောင်ရင်း စဉ်းစားခန်းနက်လာရတော့သည်။

လည်ပင်းအထိ ဖစ်တင်တီရှပ်လက်ရှည် အပြာနုနုအရောင်ဖြင့် လှုငယ်ဆန်ဆန် ဝတ်ဆင်ထားသည့် ထိုလူဟာ ဘာများအရေးပါတဲ့သူမို့ သူမကို အလုပ်ခန့်လိုက်ရတာလဲ။ မခန့်ပါဘူးဟု တတွင်တွင် ငြင်းနေသော ဟိုလူကြီးတွေကလည်း သူ မေးမြန်းသောအခါမှာ တစ်လုံးမှ ဝင်မပြောကြတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



အာ ..., မတွေးတော့ဘူး။ ရှုပ်တယ်။ တစ်ရက်နေ့ဆိုတာ သန်ဘက်ခါပါပဲ။ အဲဒီကျရင် သိရမှာပဲ။ ဖွဲ့နှီသည် ဘာကိုမှ ဦးနှောက်ခြောက်မခံသည့် ထုံးစံအတိုင်း မေ့ပစ်လိုက်ကာ ရွှင်မြူးသောစိတ်ဖြင့် ဘတ်စ်ကားဂိတ်သို့ ပေါ့ပေါ့ပါးပါးပင် လျှောက်လာခဲ့တော့လေသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။







အခန်း(၂)

ဒီနေ့ဟာ သူမ စတင် အလုပ်ဆင်းရသော ပထမရက်ဖြစ်သည်။ ကုမ္ပဏီကြီး၏ သပ်ရပ်သားနားသော ရုံးဆက်ရှင်တွင်



www.burmeseclassic.com

www.burmeseclassic.com



ကျုံ့ကျုံ့လေး ထိုင်နေရင်း တဖွဲဖွဲ ဝင်လာသော ဝန်ထမ်းများကို ငေးမောကာ ကြည့်နေမိတာဖြစ်သည်။

မြန်မာပြည်တစ်ပြည်လုံးနှင့် ချီ၍ အောင်မြင်ချမ်းသာသော ထိုစီးပွားရေးလုပ်ငန်းစုကြီးကို အရင်က ကြားသာကြားဖူးလျက် ဒီနေရာမှာ အလုပ်လုပ်ခွင့် ရလိမ့်မည်ဟု တစ်ခါမှ တွေးတောင် မတွေးဖူးခဲ့ချေ။

တကယ်တော့ သူမအတွက် ဒီအလုပ်ဟာ အမြဲတမ်းအလုပ်ဖြစ်နေဖို့ ပိုအရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် သူမရဲ့ ရပ်တည်မှုက လစာကောင်းကောင်းနှင့် အဆင်တပြေပြေရှိမည့် အလုပ်မျိုးကို ရကိုရမှ ဖြစ်မှာမို့ပင်။

မေမေက သူမ ငယ်ငယ်လေးတည်းက ဆုံးပါသွားခဲ့သော်လည်း ဖေဖေနှင့် သူမ နှစ်ဦးတည်းသာရှိသော ဘဝလေးတွင် လူတန်းစေ့ နေနိုင်ခဲ့သည်။

ဝပ်ရှော့မှာ ကားပြင်ဆရာတစ်ယောက်ဖြစ်သော ဖေဖေနှင့် လက်ပွန်းတတီး အတူနေခဲ့ရကာ သူမ ကြီးပြင်းခဲ့ရတာ





လည်း ဝပ်ရှော့မှာပဲမို့ ကားတွေနှင့် ငယ်စဉ်ကတည်းကမှ အကျွမ်းဝင်ခဲ့ရခြင်းသည် ဒီအချိန်မှာတော့ ကံတရားရဲ့ မျက်နှာသာပေးမှုတစ်ခုပဲ ဖြစ်ပါမည်။

ဖေဖေဟာ ဖွံ့နီအတွက် တစ်သက်စာမကုန်တဲ့ ပညာအမွေကို ပေးခဲ့တာပဲ။ ဒီလို တွေးမိလျှင် ဖေဖေ့အတွက် ဖွံ့နီဝမ်းနည်း၍ သွားလေသည်။ တစ်သက်လုံး သမီးနှင့် ဆေးလိပ်ကိုသာ အဖော်ပြုနေခဲ့သော ဖေဖေသည် သိပ်မကြာခင်ကပဲ အဆုတ်ကင်ဆာဖြင့် ဆုံးပါးသွားခဲ့ချိန်မှစ၍ ဖွံ့နီရဲ့ ဘဝအလင်းရောင်သည်း မှိန်ဖျော့သွားခဲ့ရတာဖြစ်၏။

ဖေဖေရဲ့ ဆေးကုသစရိတ်ကြောင့် စုမိဆောင်းမိသည်း မရှိခဲ့။ အလုပ်အကိုင်လည်း မရှိခဲ့သော ဖွံ့နီအတွက် လက်ရှိနေထိုင်ရာတိုက်ခန်းလေးမှ လွဲ၍ ဖက်တွယ်စရာမရှိသော ဘဝမှာ ပြီးမှ ကြံ့ခိုင်ရာ ဖွတ်လျှောက်တင်လိုက်သော အလုပ်တစ်ခု အဆင်ပြေသွားခြင်းအပေါ် အံ့ဩစိတ်နှင့်အတူ ကြိုးစားပြချင်စိတ်တွေသည်း တဖွားဖွား ဖြစ်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပြုပြီး ဘာမျှား ကူညီရမလဲရှင်"

ဖွဲနီသည် ကိုယ့်အတွေးနှင့်ကိုယ် အတိတ်မှာ ရောက်နေရာ ဘယ်လောက်ကြာသွားမှန်းတောင် မသိလိုက်ချေ။ ရည်မွန်ချောမောသော အမျိုးသမီးလေး တစ်ယောက်က လာမေးမှပင် ကိုယ်ဟာ စုံစမ်းမေးမြန်းရဦးမည် ဆိုတာကို သတိသွားရသည်။

"ဩော် ... ဟိုလေ ... ကျွန်မ အသစ်ခန့်ဝန်ထမ်းပါ။ MD ရဲ့ ကားကို မောင်းပေးရမဲ့သူပါ"

"ဖွဲနီနီ ဆိုတာလားရှင်"

"အဲ ... ဟုတ်တယ်။ ဟုတ်တယ်"

"ဟုတ်ကဲ့ ... ဒါဆို ကျွန်မနဲ့ လိုက်ခဲ့ပါရှင်"

မိန်းမချောလေး ဦးဆောင်ခေါ်ရာနောက်ကို လိုက်ပါသွားသော ဖွဲနီသည် အခန်းတစ်ခန်းရှေ့ အရောက်တွင်တော့ မိန်းကလေးက ကိုယ့်ကို ကိုင်းညွတ်ညွှန်ပြလျက် ...

"အထဲကို ဝင်သွားပါရှင်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"





အင်မတန် ဂရန်းကျကာ ဖော်ရွေပျူငှာလွန်းသော ဆက်ဆံရေးတွေနှင့် တစ်ခါမှ မကြုံဖူးသော ဖွဲနီအဖို့တော့ ခေါင်းတညိတ်ညိတ်နှင့် အထူးအဆန်းချည်းပဲ ဖြစ်လေသည်။

သို့သော် ဖွဲနီဟာ မထူးဆန်းအားသေး။ အခန်းတံခါးကို ဖွင့်ကာ ဝင်သွားရသည်။

အခန်းထဲတွင် တစ်နေ့က တွေ့ခဲ့ဖူးသော လူကြီး တစ်ယောက်ကို တွေ့ရပါသည်။

"ထိုင်ပါ ဖွဲနီနီ"

"ဟုတ်ကဲ့"

ဖွဲနီက ထိုလူကြီးရှေ့တွင် ဝင်ထိုင်လိုက်သည်။ ထိုလူကြီးက ဖွဲနီကို တစ်ချက်မျှ အကဲခတ်လျက် သူ့ကိုယ်သူ မိတ်ဆက်လေသည်။

"အန်ကယ့်နာမည် ဦးဝင်းကျော်လို့ ခေါ်တယ်၊ အန်ကယ့် ရာထူးက ဒီရုံးရဲ့ GM ပါ"

"ဟုတ်ကဲ့ပါ အန်ကယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖွဲနီနီကို အစမ်းခန့်ဝန်ထမ်းအဖြစ် တစ်လတိတိ ခန့်ထားတယ်ဆိုတာကို သိပြီးပါပြီနော်။ အခု အန်ကယ် ပြောမှာက စည်းကမ်းပိုင်းလေးတချို့ပါ ...

ဖွဲနီနီဟာ အန်ကယ်တို့မန်နေဂျင်း ဦးဝသန်ဘုန်းထိရဲ့ ကားကို မောင်းပေးရမယ်။ အဲဒီမှာ ကားကို အန္တရာယ်ကင်းကင်းရှင်းရှင်း မောင်းနှင်ဖို့နဲ့ ထပ်တူ အရေးကြီးဆုံးတစ်ချက်က မန်နေဂျင်းကို ရိုသေလေးစားစွာ ဆက်ဆံဖို့ပါ"

"သြော် ... စိတ်ချပါ အန်ကယ်"

"အန်ကယ့်တို့ ကုမ္ပဏီကြီးရဲ့ စည်းကမ်းတွေထဲမှာ အချင်းချင်းပဲဖြစ်ဖြစ်၊ ဧည့်သည်ကိုပဲဖြစ်ဖြစ် အင်မတန်မှ ယဉ်ယဉ်ကျေးကျေးစွာ ဆက်ဆံရပါတယ် ...

အထူးသဖြင့် မန်နေဂျင်းတို့၊ ကုမ္ပဏီဥက္ကဋ္ဌတို့ကို အထူးလေးလေးစားစား ဆက်ဆံရတယ် ...

အဲဒါလေးကိုတော့ ဖွဲနီနီ အမြဲသတိရှိပါစေ"





အင်း ... ဒါကြောင့် တွေ့ရမြင်ရသမျှဟာ သိသိမသိသိ ပြုံးပြသွား၊ နှုတ်ဆက်သွားကြတာကိုး။ ဘုရားရေ ... ငါ့သာ ရုံးထဲက ဝန်ထမ်းဆိုရင်တော့ ပါးညှောင်းတာနဲ့ သေမှာပဲ။

"ဖွဲနီနီဟာ မန်နေဂျင်းရဲ့ ဒရိုင်ဘာအဖြစ် ဒီရုံးက ဝန်ထမ်းတွေလိုပဲ မန်းဒေးတူဖရိုက်ဒေး အလုပ်ဆင်းရပါမယ်။ အကယ်၍ Week end တွေမှာ မန်နေဂျင်းအတွက် မောင်းပေးရတာမျိုးတွေရှိရင် Over time အဖြစ် သတ်မှတ်ပြီး လကုန်တဲ့အခါ ဘိုးနပ်စ်တွေ ရမှာပါ ...

မနက်ခင်း ရှစ်နာရီခွဲလောက် အင်းလျားလမ်းမှာရှိတဲ့ မန်နေဂျင်းရဲ့အိမ်ကို အရောက်သွားရမယ်။ အဲဒီကမှ မန်နေဂျင်းကို ရုံးပို့ပေးရမယ် ...

အဲဒါကတော့ မနက်တိုင်းရဲ့ ပုံမှန် ဂျူတီပဲ။ တတ်နိုင်သမျှ ရက်မပျက်အောင် ဂရုစိုက်ပေးပါ။ အကယ်၍ အကြောင်းတစ်စုံတစ်ရာကြောင့် ပျက်ကွက်မယ်ဆိုရင်တောင် မန်နေဂျင်းဆီ ဖုန်းဆက်ပြီး ခွင့်တိုင်ကြားပါ ...

ပြောတာတွေကို မှတ်မိပါတယ်နော် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ"

ဖွဲ့နီသည် မက်မောလောက်သောလခနှင့် ဆုကြေးများနှင့် ဝါသနာပါသော ကားမောင်းခြင်းတို့ကြောင့်သာ အပြုံးတစ်ခုဖြင့် အောင့်အီးသည်းခံနေရသော်လည်း စိတ်ထဲကမူ ပုတ်သင်ညို စပ်ဖြီးဖြီး လုပ်ထားရသည့် ဒီဇိုင်းမျိုး ပြေးမြင်လျက် စိတ်ပျက် နှာခေါင်းရှုံ့နေချင်ပေပြီ။

"နောက်တစ်ခုက ဖွဲ့နီနီရဲ့ ဝတ်စားဆင်ယင်မှုပါ။ ယောကျ်ားလေးဆိုရင်တော့ ရှပ်နဲ့ ပုဆိုးပဲ စီစဉ်ထားပေမဲ့ မင်းအတွက် တစ်မျိုးစဉ်းစားရပြီ ...

လုံချည်ကြီးနဲ့လည်း အဆင်ပြေမှာ မဟုတ်ဘူး။ ဒီတော့ မင်းအတွက် အဝတ်အစား ငါးစုံ စီစဉ်ပေးမယ်။ သုံးစုံကတော့ ကုမ္ပဏီက ချုပ်ပေးမှာ ...

နှစ်စုံကတော့ မင်း လခထဲက ဖြတ်သွားမယ်။ ခဏနေရင် တေလာဆီမှာ မင်းရဲ့ ကိုယ်တိုင်း သွားပေးလိုက်ပါ ...





မင်းအတွက် ဝတ်လို့ အဆင်ပြေမဲ့ လိုက်ချ်ကုတ်နဲ့ လောင်းပန့်ကို စီစဉ်ပေးမယ်။ နောက်တစ်ပတ်မှာ ငါးစုံလုံးရမယ်။ မရခင် ဒီအပတ်ထဲမှာတော့ ရိုးရိုးလောင်းပန့်နဲ့ ဘလောက်ပဲ ဝတ်ပါ။ ရှုပ်ရှုပ်ယှက်ယှက် အဝတ်အစားမျိုးတွေ ဝတ်မလာပါနဲ့။ ပြီးတော့ မင်းရဲ့ဆံပင်။ ဖားလျားမချပါနဲ့။ ဘိုးလ်တစ်ခုခုနဲ့ ဆံထိုးပုံစံဖြစ်အောင်လုပ်ပါ ...

ဖိနပ်ကိုလည်း မင်းအတွက် အနက်ရောင် ဟက်ဖ်ရှူးတစ်ရန် စီစဉ်ပေးမယ်။ အဲဒါပဲ စီးပါ။ နောက်တစ်ပတ်ကျရင် မင်းရဲ့ ဝတ်စားဆင်ယင်မှုကို အန်ကယ်ကိုယ်တိုင် စစ်မယ် ...

မင်းရဲ့ ပုံစံဟာ သပ်ရပ်ပြီး တည်ကြည်နေမှ ပတ်ဝန်းကျင်ကလည်း မင်းကို အထင်ကြီးလေးစားမှာ။ တာဝန်အချိန်မှာတော့ မင်းဟာ Formal အတိုင်း ပုံစံဝင်အောင်နေရမယ်။ အပြုအမူ အပြောဆို ယဉ်ကျေးသိမ်မွေ့ရမယ်။ စိတ်ရှည်သည်းခံရမယ် ...

ကဲ ... မင်းဘက်ကရော ဘာပြောဖို့ ကျန်သေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မရှိပါဘူး အန်ကယ်"

"ဟုတ်ပြီ။ မင်း မောင်းရမှာ အနက်ရောင်(၇ခ) လန်ခရူဆာကားပဲ။ ဒရိုင်ဘာတစ်ယောက်ရဲ့ တာဝန်တွေကိုတော့ ထွေထွေထူးထူး မရှင်းတော့ပါဘူး ...

မင်းလည်း လေ့လာ ထားပြီးသား ဖြစ်မှာပါ ...

ရော့ ... ကားသော့။ ကားကို ရင်းနှီးမှုရအောင် မြို့ထဲတစ်ပတ်မောင်းကြည့်ပါ။ ဆယ့်တစ်နာရီမှာ မန်နေဂျင်း အပြင်သွားဖို့ရှိတယ် ...

ကားနှားမှာ အသင့်ရှိပါစေ။ ကားနဲ့ မင်းဟာ အမြဲ အတူရှိနေပစေ"

"စိတ်ချပါ အန်ကယ်လ်"

ဖွဲ့နီသည် အန်ကယ်ပေးသော ကားသော့ကို ယူကာ နှုတ်ဆက်လျက် အောက်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။ အင်း ... ပြောသွားတဲ့ အချက်တွေကလည်း ဘာတွေမှန်းလဲ မသိ။ ဝတ်စားဆင်ယင်ပုံကလည်း ဝတ်လိုက်လျှင် ဘယ်လိုများ ထွက်လာမှာပါလိမ့်။





အခု ဝတ်လာပုံကတော့ ဂျင်းနီဘောင်းဘီနှင့် မိန်းမဝတ် ရှပ်လက်ရှည် အဖြူရောင်လေးမို့ သိပ်တော့မဆိုးလှဟု ထင်သည်။ ကဲပါလေ ... ဘာဖြစ်ဖြစ်ပေါ့။ အဓိကက အလုပ်ရခဲ့ပြီ။

ဖွဲ့နီ တစ်သက်မှာ အနားကပ်ဖို့ မမျှော်လင့်ရဲခဲ့သော လင်ခရူဆာကားကြီးကို ပါကင်မှ [illegible]နဲ့ မောင်းထုတ်ကာ ထွက်လာခဲ့သည်။ ကောင်းလိုက်တဲ့ကား။ ကဲ ... ဖွဲ့နီ ဒီအလုပ်ကို လိုချင်တာ ဆန်းလားနော်။

ကားကောင်းကောင်းကြီးကို မောင်းပြီး အေးအေးချမ်းချမ်း ဘယ်လောက်ရှိလိုက်သလဲ။ ကိန်းဂဏန်းတွေ၊ စာရင်းအင်းတွေ၊ ကွန်ပျူတာခလုတ်တွေ၊ ဘွတ်ရှတ်ဒွတ်ဒက် အင်္ဂလိပ်စာတွေ ဘာတစ်ခုမှ တတ်စရာမလို။ အာရုံခြောက်စရာမလို။ ဖွဲ့နီသည် အလုပ်ထဲမှာ ပျော်ရွှင်ကျေနပ်ရင်း တစ်ယောက်တည်း ကားမောင်းရသည့် အရသာကို နှစ်ခြိုက်မိကာ တစ်ယောက်တည်း သူလို့ နေမိတော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





မြို့ထဲသို့ တစ်ပတ်,ပတ်မောင်းပြီး ကုမ္ပဏီခြံဝ
အတွင်းသို့ ပြန်ဝင်လာချိန်မှာတော့ ဆယ်နာရီခွဲခါနီးနေပြီ။ ဖွဲနီ
ကားကို သူ့နေရာမှာသူ ပြန်ရပ်လျက် မန်နေဂျင်းဆိုသူကို မျှေ
ရသည်။ ဘာတဲ့။ နာမည်က ဝသန်ဘုန်းဏီ ဆိုပါလား။ ဘယ်
ပုံစံမျိုး လာမလဲတော့ မသိချေ။ ကြားဖူးတာတော့ နာမည်
လုံး ပိုင်ရှင်တွေဟာ မာနကြီးတတ်တယ်ဆိုပဲ။





အို ... သူ့ဟာသူ မာနပဲကြီးကြီး ဘာပဲကြီးကြီး ကိုယ့်အလုပ်က ကားမောင်းရုံပဲ။ သို့သော် ဖွဲနီက တစ်ခါမှ မမြင်ဖူးသော မန်နေဂျင်းကို ဘယ်လိုပုံစံဖြင့် ကြိုဆိုရမယ်မှန်း မသိဘဲ ဦးနှောက်တော့ နည်းနည်းခြောက်သွားရသည်။

ထိုစဉ်မှာပဲ ကုမ္ပဏီ ထဲမှ ထွက်လာသော လူတစ်စုကို မြင်တွေ့လိုက်ရသဖြင့် အလိုလိုကို ကားပေါ်မှာ ဆင်းပြီးသား ဖြစ်သွားသည်။

ဟယ် ... သူ ...။ ဖွဲနီသည် မျှော်လင့်မထားသဖြင့် သူ့ကို မျက်လုံးအပြူးသားဖြင့် ငေးကာ ကြည့်နေမိသည်။ GM နှင့်အတူ စကားပြောရင်း လျှောက်လာသော မန်နေဂျင်းဆိုသူဟာ တစ်နေ့က ဖွဲနီကို အင်တာဗျူးလုပ်လိုက်သည့်သူ။ တစ်နည်းအားဖြင့် အလုပ်ခန့်လိုက်သည့်သူပဲဖြစ်သည်။

သို့သော် ဝတ်စားဆင်ယင်ပုံက တစ်နေ့က ပုံစံမျိုးတော့ မဟုတ်။ ဆံပင်တွေက ဂျယ်လ်တစ်မျိုး၏ အစွမ်းဖြင့် အနောက်ဘက်တွင် ပိရိသေသပ်စွာ ပုံကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြွေရောင် တောက်နေသည့် တန်ဖိုးကြီး ရုပ်အကို အဖြူမှာ နက်ခ်တိုင်တစ်ခု တပ်ဆင်ထားလျက် စတိုင်လ်ပန် အနက်ရောင်ဖြင့် အရုပ်ရှည်ရှည်မှာ ခပ်မတ်မတ် လျှောက်လာသော သူ့ပုံစံ သူ့ဟန်ပန်ဟာ အားလုံးနှင့် တသီးတခြားစီ ခွဲထွက်လို့ နေပေသည်။

သူဟာ မန်နေဂျင်း ဝသန်ဘုန်းအော် ဆိုသူတဲ့။

အနီးအနား ရောက်လာသည့်တိုင် ငေးကြည့်နေဆဲ **ဇွဲနီကို** GM က သတိပေးသလိုနှင့် မျက်မှောင်ကုတ်ပြမှ ဇွဲနီဟာ သူ့ကို အယောင်ယောင် အမှားမှားဖြင့် ခေါင်းညွှတ်နှုတ်ဆက် လိုက်ရသည်။

"ဂွတ်မောနင်း"

သူက ဇွဲနီရဲ့ အယောင်ယောင် အမှားမှား ပုံစံကို တစ်ချက်စိုက်ကြည့်ကာ ခေါင်းတစ်ချက်ညိတ်လျက် မောနင်းဟု တိုးတိုးပြန်၍ နှုတ်ဆက်လေသည်။

ချောမောလှပသော သူ့ရဲ့ အတွင်းရေးမှူးမလေးက ရှေ့ခန်းမှာ ဝင်ထိုင်လိုက်လျှင် ဇွဲနီသည် အဲဒီကျမှ သူ့အတွက်





တံခါးဖွင့်ပေးဖို့ သတိရလျက် တံခါးဖွင့်ပေးသည်။ သူ တက်ပြီးလျှင် တံခါးပြန်ပိတ်ရသည်။ ဇွဲနီ ကားပေါ်တက်လျှင် GM က လက်မ တစ်ချက် ထောင်ပြလျက် Drive Safely ဟု ပြောလိုက်သေးသည်။

"စိတ်ချပါ အန်ကယ်၊ ခွင့်ပြုပါဦး"

GM ကို ခေါင်းညိတ်နှုတ်ဆက်ပြီး ဇွဲနီက ကားကို အညင်သာဆုံးပဲ မောင်းထွက်လာခဲ့လိုက်သည်။ အတွင်းရေးမှူးမ လေးက ဇွဲနီဘက် ငဲ့၍ ...

"ဆီဒိုးနားကို မောင်းရမှာပါ"

"ဟုတ်ကဲ့"

ထို့နောက် စက္ကူထရီတေရီကလည်း မှတ်စုစာအုပ် ထုတ်ကာ သူ့ဟာသူ ဖတ်နေသည်။ သုံးဦးသာပါသော ကား သည် တိတ်တိတ်ဆိတ်ဆိတ်ကြီးနှင့် ဘာလိုနေမှန်းကိုမသိ။ ဇွဲနီသည် အခုနက ကျယ်လောင်စွာ ဖွင့်ခဲ့ရသော စီဒီအသံကို အသည်းအသန် တောင့်တ၍လာသည်။

ပွိုင့်မှာ မီးနီမိတုန်း နောက်ကြည့်မှန်မှ တစ်ဆင့် သူ့ကို ဖျတ်ခနဲ ကြည့်လိုက်လျှင် သူက ကြော်ငြာဘုတ်တွေကို



www.burmeseclassic.com

www.burmeseclassic.com



ဆေးနေတာနှင့် ကြုံရသည်။ ဟိုး အမြင့်တစ်နေရာမှ လူတစ်ယောက် မှန်း သိသာလောက်အောင်ပင် သူ့အသားအရေဟာ ပန်းသွေးရောင် ပြေးနေသည်။

တင်းတင်းစေ့ထားသော နှုတ်ခမ်းများသည် တိကျ ပြတ်သားတတ်သူဆိုတာကို ဖော်ညွှန်းဆိုနေလေသည်။

"ညီမ ... မီးစိမ်းနေပြီ"

ကွယ် ... သေဖို့ပဲ ကောင်းတော့တယ်။ တခြားကား တွေ အပြိုင်းအရိုင်း ထွက်ကုန်ကြလျက် နောက်ကားက ဟွန်းတီး။ အားက ပြောမှပင် သတိဝင်လာရတော့တာဖြစ်သည်။ ဖွဲ့နီသည် ခေါင်းတညိတ်ညိတ်နှင့်ပင် ...

"ဆော ... ဆောရီး အစ်မ"

"ရတယ် ... ရတယ် ... ဂရုစိုက်မောင်း"

ဖွဲ့နီဟာ ကိုယ့်ကိုယ်ကိုယ် တိတ်တဆိတ် ကျိန်ဆဲ လျက် ဒီတစ်ခါတော့ ဘယ်ကိုမှ အာရုံမပျံ့ရဲတော့ဘဲ ကားကိုသာ ဂရုစိုက်မောင်းတော့သည်။ သိပ်မကြာသော အချိန်မှာပင် ဆိုဒ်းနားသို့ ရောက်ရှိ၍ သွားလေသည်။





အဲဒီနောက် သတိရှိရှိနှင့်ပင် အလျင်အမြန်ဆင်းကာ သူ့အတွက် တံခါးပြေးဖွင့်ပေးရသည်။

သူ့ မျက်နှာကိုမူ ကြည့်ကို မကြည့်ရဲတော့ပေ။ အဲတွင်းရေးမှူးသည် ဖွဲ့နီ အနားသို့ ကပ်ကာ ...

"တစ်နာရီဝန်းကျင်လောက် ကြာမယ်၊ ကားနားကပဲ စောင့် ပါနော်"

"ဟုတ်ကဲ့ပါ"

"သင့်ခ်ယူ"

ထိုအမျိုးသမီးက ခပ်တိုးတိုးပြောကာ သူ့နောက်မှ မခွာတခွာဖြင့် ခေါက်ဖိနပ်သံ တဂွပ်ဂွပ်ဆေးကာ လိုက်ပါသွားလေ သည်။ နှစ်ယောက်စလုံး မြင်ကွင်းထဲမှ ပျောက်ကွယ်သွားတော့မှ ပင် ဖွဲ့နီသည် ဟင်းခနဲသက်ပြင်းကြီးကို ဆောင့်ချလျက် အသက် ၁၀ ရှူနိုင်တော့တာ ဖြစ်လေသည်။

အားပါး ... ဖွဲ့နီရဲ့ ပထမဆုံး အလုပ်အတွေ့အကြုံက Tension အပြည့်နဲ့ပါပဲလားနော်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃)

ဖွဲ့နီရဲ့ တိုက်ခန်းလေးရှေ့သို့ စက်ဘီးလေး ထိုးရပ်လိုက်ပြီးနောက် နာရီကို မြှောက်ကြည့်လိုက်လျှင် ခြောက်နာရီ ထိုးပြီးနေပြီဖြစ်သည်။ စက်ဘီးကို ဒေါက်ထောက်၍ အိမ်တံခါးကို ဖွင့်နေဆဲမှာပဲ ...





"ဒရိုင်ဘာကြီး ပြန်လာပြီပေါ့"

ခနဲ့တဲ့တဲ့မေးသော လေသံပိုင်ရှင်ကို လှည့်မကြည့်ရပါဘဲနှင့် ဘယ်သူမှန်းသိသည်။ ဒါကြောင့် အရေးလုပ်ပြီးတော့လည်း လှည့်မကြည့်တော့။ သော့ဖွင့်ပြီး အိမ်ထဲသို့ စက်ဘီးတွန်းဝင်လာလျှင် သူကပါ နောက်က လိုက်ပါဝင်လာလေသည်။

ဖွဲ့နီက ကျောပိုးအိတ်ကို ဆက်တီပေါ် ဘုတ်ခနဲ ပစ်ချလျက်/ထမင်းစားခန်းထဲသို့ ဝင်သွားလျှင် သူကပါ လိုက်ဝင်လာပြန်သည်။ ရေခဲသေတ္တာထဲမှ ရေတစ်ဘူးကို ထုတ်လျက် တဂွတ်ဂွတ် မော့သောက်နေသော ဖွဲ့နီကို မျက်မှောင်ကုတ်ကြည့်နေမှန်းလည်း သိသည်။

"ဟဲ့ ... ငနီမ"

"ဘာတုံး ... မိစ္ဆာရဲ့"

ဖွဲ့နီက ရေဘူးကို စားပွဲပေါ်သို့ ဒုန်းခနဲ ပစ်ချပြီး ပြန်ပြောလျှင် သူက ...

"နင့်ကိုတော့ ကြည့်မရတော့ဘူးနော်။ ပုံစံကိုက သူ့ကိုယ်သူ သမ္မတရဲ့ကားကို မောင်းပေးလာရတဲ့ ဒီဇိုင်းနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"နင်က ရန်လာစတာနော် မိစ္ဆာ။ သွားစမ်းဟာ၊ ဘီးနင်းလို့ မောလာရတဲ့အထဲ လာရစ်မနေနဲ့။ ငါ နင်နဲ့ ရန်ဖြစ်ဖို့ ခွန်အားမရှိသေးဘူး"

ဖွဲ့နီက မိစ္ဆာဟု ခေါ်သော သူရဲ့သည် နှုတ်ခမ်းတစ်ချက်မဲ့လိုက်ရင်းမှ ...

"ဘတ်စ်မှ မစီးတာ။ မောမှာပေါ့"

"ဘတ်စ် ကျပ်တာက ပိုမောလို့ပေါ့"

အဲဒီနောက်တွင် သူတို့နှစ်ယောက်သည် တစ်ယောက်နဲ့တစ်ယောက် အတန်ကြာ စိုက်ကြည့်ပြီးနောက် မျက်စောင်းလည်း ပြိုင်တူထိုးမိကြလေသည်။ ပြီးလျှင် ပြုံးစိစိတွေ ဖြစ်ကုန်ကြလျက် သူရဲ့က စတင်ကာ အလျှော့ပေးသည့် သဘောဖြင့် မျက်နှာကို လျှော့ချလိုက်တာဖြစ်သည်။

"ဖွဲ့နီရာ ငါ နင့်ကို လေးနာရီလောက်တည်းက မျှော်နေတာ။ နင် အဆင်ရောပြေပါ့မလား။ ဘယ်လိုတွေ ကြုံရသလဲ။ နင့် ပတ်ဝန်းကျင်က နင့်ကို ဘယ်လို မျက်လုံးမျိုးတွေနဲ့ ကြည့်ကြသလဲ။ ငါ တွေးပူပေးနေတာပါ"





ဒီလိုဆိုတော့လည်း ကိုယ့်အတွက် ပူပင်စာနာပေးဖော်ရသည့် သူရဲ့ကို အားနာသွားရပြန်သည်။ သို့သော် သူက အားနာစရာကောင်းသောသူတော့ မဟုတ်။ ဟိုး နှပ်ချေးတွဲလောင်းဘဝထဲကမှ ဖွဲ့နီရဲ့ ကစားဖော်၊ သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးပဲဖြစ်သည်။

"လေးနာရီ ဘယ်ရောက်ဦးမလဲဟ။ မန်နေဂျင်း ရုံးဆင်းတာကကို ငါးနာရီလေ။ သူ့အိမ်ကို ပို့ပြီးမှ ပြန်ရတာဆိုတော့ ပုံမှန် ခြောက်နာရီမှ ပြန်ရောက်မှာပဲ"

"သူ့အိမ်က ဘယ်မှာလဲ"

"အင်းလျားလမ်းမှာ"

"ဒါနဲ့ နေပါဦး။ နင် ဒီအလုပ်ကို တကယ်ပဲ လုပ်ဖို့ ဆုံးဖြတ်ထားတယ်ပေါ့။ ဟုတ်လား"

ဖွဲ့နီသည် သူရဲ့ကို ရယ်ဟဟ မျက်နှာပေးနှင့် ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"နင်က အပိုတွေ သိပ်မေးတာပဲ သူရဇ္ဇာ။ ငါ သေချာပေါက် ပြောလိုက်မယ်။ အခု အစမ်းခန့်ဝန်ထမ်းကနေ အမြဲတမ်းဝန်ထမ်းဖြစ်ကို ဖြစ်စေရမယ် သဘောပေါက်လား"

"ဖွဲ့နီရာ ... နင့်အတွက် အဲဒီလောက် အလုပ်ရှားနေလား၊ ဒီအလုပ်မှ မလုပ်ရင် နင် ထမင်းငတ်မှာ မို့လို့လား"

"နင်နော် စကားအကောင်းပြောနေရာကနေ ဖောက်မလာနဲ့၊ တခြားအလုပ်တွေ ငါမှ ဝါသနာမပါဘဲ။ လုပ်မှ မလုပ်ချင်ဘဲ ..."

အသာနေစမ်းပါဟာ။ ငါ မောင်းရတဲ့ကားကြီးက လေ လင်ခရှဆာ (၇ခ) သိလား၊ အရမ်းမိုက်တာပဲ ဆရာ။ ညက်နေတာပဲ ...

ကားထဲမှာဆိုလည်း အေးစိမ့်မွှေးပျံ့နေတာပဲ။ ကားမောင်းနေရတာ ဘယ်လောက်ဖိမ်ကျလဲ။ နေပူစပ်ခါးသွားနေရတာလည်း မဟုတ်ဘူး ...





စာရင်းဇယားကွာမှာ စိုးရိမ်နေရတာလည်း မရှိဘူး။ နင်တောင် ဝပ်ရှော့မှာ မဲတူးနေအောင် ကားပြင်နေမှ တစ်လကို သုံးသောင်းခွဲရတာ သူရဇ္ဇာရယ်"

သူရဇ္ဇာသည် သူ့ကို နှိမ်ပေါက်နှင့် ပြောသော ဖွဲ့နီကို မျက်လုံးပြူးကြီးနှင့် စိုက်ကြည့်နေပြီးလျှင် ဝုန်းခနဲ မြည်အောင် ထထွက်သွားလေသည်။

ဖွဲ့နီကတော့ သူ့ကျောပြင်ကို ကြည့်လျက် ပခုံးအသာတွန့်ကာ ကျန်ရစ်ခဲ့သည်။ လူတွေဟာ တကယ်ခက်ကြသည်။ အမျိုးသမီးတစ်ယောက်ဟာ ယာဉ်မောင်းအဖြစ် အသက်မွေးဝမ်းကျောင်းပြုလုပ်တာ ဘာများ မနှစ်မြို့စရာရှိလို့လဲ။

လူမြင်သူမြင်ချိန်မှာ တာဝန်တစ်ခုအနေနဲ့ ကားမောင်းတာဟာ ဘာမကြည်လင်စရာရှိလဲ။

ဒီအလုပ်ကိုဖြင့် ဖွဲ့နီက တကယ်ပဲ မက်မောခုံမင်ရပါသည်။ ကားမောင်းရတာကို ဝါသနာလည်းပါသည်။ ကိုယ်က ဦးဆုံးတီတွင်သူအဖြစ် ထလုပ်ပြလိုက်လျှင် မိန်းကလေးတွေအတွက်



www.burmeseclassic.com

www.burmeseclassic.com



သမာအာဓိဝ အလုပ်တစ်ခုတောင် တိုးလာသည်ဟု သဘောထား မိလေသည်။ အခုတောင် ဟိုတယ်တချို့မှာ အမျိုးသမီးယာဉ်မောင်း တွေက ဧည့်သည်တွေကို ကြိုပို့နေတာတွေ ရှိနေတာပဲ။

"ဖွဲ့နီ"

ကိုယ့်အတွေးနှင့်ကိုယ် ထင်မြင်ချက်တွေ ပေးနေရာ မှ မဝင့်ဇာ ဝင်လာတာကိုပင် မသိလိုက်ချေ။ ခေါ်သံကြားမှ မော်ကြည့်မိလျှင် သူရဇ္ဇရဲ့ အစ်မ မဝင့်ဇာကိုကို တွေ့ရသည်။

"မဝင့်ဇာ ထိုင်လေ"

မဝင့်ဇာက ထမင်းစားပွဲက ခုံမှာပင် ဝင်ထိုင်ရင်း...

"ဖွဲ့နီနဲ့ သူရဇ္ဇတို့ ရန်ဖြစ်လာတယ်နဲ့ တူတယ်။ စူပုပ်ပြီး ပြန်လာတယ်"

"ဟုတ်တယ် မဝင့်ဇာ။ မဝင့်ဇာ့မောင်က စကားအကောင်း ကို ပြောလို့မရဘူး။ သူကချည်း စိတ်လုပ်နေတယ်"

မဝင့်ဇာက ဖွဲ့နီနှင့် သူရဇ္ဇအကြောင်းကို သိစွာနှင့် ဘာမှ မပြောဘဲ ရယ်ရုံသာ ရယ်နေပါသည်။





"သူက ဖွဲ့နီအတွက် စိတ်ပူလို့ပါကွယ်။ ဖွဲ့နီရဲ့ အလုပ်က ရော အဆင်ပြေရဲ့လား"

"ပြေပါတယ် မဝင့်ဇာ၊ လူတွေက မိန်းကလေးကားမောင်း တော့ တစ်မျိုးပေါ့လေ။ ဒါပေမဲ့ ဘာမှ ထူးဆန်းတဲ့ကိစ္စ မဟုတ်ပါဘူး ...

ဖွဲ့နီက ဒီအလုပ်ကိုပဲ ဝါသနာပါနေတာလေ။ ဒီအလုပ် နဲ့ပဲ အဆင်ပြေတယ်လို့ ထင်တယ်"

"အေးလေ ... ဖွဲ့နီ အဆင်ပြေတယ်ဆိုရင် ဝမ်းသာပါတယ်။ ဘာလို့လဲဆိုတော့ ဖွဲ့နီမှာက ဆွေမျိုးညာတိလည်း ရှိတော့ တာမဟုတ်ဘူးဆိုတော့ တို့တွေကပဲ ဆွေမျိုးလို ဖြစ်နေ တော့ ပူပန်ပေးရတာပေါ့ဟယ် ...

ဖွဲ့နီက သတ္တိရှိတဲ့ မိန်းကလေးဆိုတာတော့ သိပါ တယ်။ ဒါနဲ့ ဖွဲ့နီက ဘယ်သူ့ကားကို မောင်းပေးရတာလဲ"

"မန်နေဂျင်းရဲ့ ကားပါ"

"ဟုတ်လား ... မန်နေဂျင်းက ယောက်ျားလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ မဝင့်ဓာရဲ့။ ဖွဲ့နီကို အလုပ်ခန့်လိုက်တာလည်း မန်နေဂျင်းပဲလေ။ ဒါပေမဲ့ အစမ်းခန့်ကာလက တစ်လရှိပါ သေးတယ် မဝင့်ဓာရယ် ...

သူ့တို့ကလည်း တစ်ခါမှ အမျိုးသမီးယာဉ်မောင်း မခန့်ဖူးတော့ ဘယ်လိုအခက်ခဲတွေ ကြုံလာမလဲ ဘာတွေ စိတ်တိုင်းမကျ ဖြစ်မလဲဆိုပြီး စောင့်ကြည့်ဦးမှာပါ ...

ဖွဲ့နီကတော့ ဒီအလုပ်ကို အမြဲတမ်း ရချင်တာပေါ့။ တစ်လခြောက်သောင်းအပြင် ဘိုးနပ်စ်ကလည်း လတိုင်း ခံစားခွင့်ရှိသေးတယ်။ တခြားအခွင့်အရေးတွေလည်း ကုမ္ပဏီ ဝန်ထမ်းတွေနဲ့ တန်းတူရသေးတယ်ဆိုတော့ ဖွဲ့နီ မက်တာ ပေါ့။ ကုမ္ပဏီက Tea time ဆိုပြီး နစ်နာရီမှာ မုန့်တစ်မျိုး မျိုး ကျွေးသေးတယ်လေ"

မဝင့်ဓာက အားတက်သရော ပြောပြနေသော ဖွဲ့နီရဲ့ ပုံစံကို ပြုံးကြည့်နေပါသည်။ ဖွဲ့မိုနီဆိုသော ချစ်စဖွယ်ကလေးမလေး





ဟာသူများနှင့် မတူသော အတွေးဆန်းဆန်းလေးတွေကို ပိုင်ဆိုင် ထားလျက် ကိုယ့်အားကိုယ်ကိုးတတ်သော ရဲရင့်ထက်မြက်သည့် မိန်းမငယ်လေးပဲဖြစ်သည်။

လောကကြီးထဲမှာ တစ်ကောင်ကြွက်အဖြစ် ကျန်ရစ် ခဲ့သော်လည်း အားမငယ်၊ ဝမ်းမနည်းတတ်ဘဲ ဘဝကို လက်တွေ့ ကျကျ သတ္တိရှိရှိ ရင်ဆိုင်တတ်သော မိန်းကလေးလည်း ဖြစ်လေ သည်။

"ဒါထက် ဖွဲ့နီ အလုပ်သွားတော့ရော ဘာ့ဝတ်လဲ။ ယူနီ ဖောင်းရှိသလား"

"အဲ ... ခုတော့ မရှိသေးဘူး မဝင့်ဓာရဲ့။ မနက်ကပဲ တေလာဆီမှာ ကိုယ်တိုင်းပေးခဲ့ရပြီ။ သူတို့က အရမ်းစည်း ကမ်းကြီးပြီး အရမ်းလည်း ..."

ဖွဲ့နီသည် သူ့ကုမ္ပဏီရဲ့ ပုံရိပ်ကို မျက်မှောင်ကုတ် စဉ်းစားရင်းမှ ...



www.burmeseclassic.com

www.burmeseclassic.com



“အရမ်းလည်း ... ကျွတ် ... ဘယ်လိုပြောရမလဲ။ မဝင့်ဇာ ကိုရီးယားကားတွေ ကြည့်တယ် မဟုတ်လား။ အဲဒီထဲက လိုပဲ တစ်ယောက်နဲ့တစ်ယောက် အရမ်းရိုကျိုး လေးစား ပြနေရတာ။ Respect အရမ်း ရှိကြတာ ...

ဖွဲ့နီကိုလည်း GM က တည်တည်ကြည်ကြည် ပုံစံ မျိုးဖြစ်အောင် ဆံပင်ကို ဖားလျားမချရဘူးတဲ့။ ဘိုးလိနဲ့ ဆံအုပ် အုပ်ထားရမယ်။ ကုတ်အင်္ကျီနဲ့ မိန်းမဝတ်လောင်း ပန်အရှည် ကာလာငါးမျိုး ချုပ်ပေးတယ်။ ဖိနပ်ကတော့ လေဒီရှူး အဖြူနဲ့အနက် တစ်လက်မခွဲဒေါက်ပေါ့။ အဲဒါ မျိုး ဝတ်ရမယ်တဲ့”

“ဟယ် ... ဟုတ်လား။ ကောင်းလိုက်တာ။ နင်တော့ အဲဒီ ပုံစံလေးနဲ့ အရမ်းကို စမတ်ကျနေမှာပဲ ဖွဲ့နီရယ် ...

မဆိုးပါဘူးဟဲ့။ နင်တို့ ကုမ္ပဏီက ထောင့်စေ့သားပဲ။ ဝတ်စုံရရင် ပြဦးနော်”

“ပြမှာပေါ့ မဝင့်ဇာရဲ့”





“အေး ... အေး ... မဆိုးပါဘူးဟယ်။ Three Season ကုမ္ပဏီက နာမည်ကြီးပဲဥစ္စာ။ နင့်အတွက် အဆင်ပြေမှာ ပါ။ ဝမ်းသာပါတယ်ဟယ် ...

သူရဇ္ဇက ဘာရယ် ညာရယ် မသိတော့ နင့်အတွက် စိတ်ပူလို့ ပြောတာပါ။ ငါ ပြန်ပြောပြလိုက်မယ်။ နင် လခထုတ်ရင် သူ့ကို ကျွေးလိုက်ပေါ့ဟာ”

ဖွဲ့နီက ဘာမှ ပြန်မပြောဘဲ နှာခေါင်းတစ်ချက်သာ ရှုံ့ပြလိုက်သည်။ မဝင့်ဇာက သဘောတကျရယ်ရင်း ...

“အိမ်မှာ ထမင်း လာစားလိုက်လေ။ ရေချိုးဦးမှာ မဟုတ် လား။ ချိုးပြီးရင် ထမင်းလာစား”

“ရတယ် မဝင့်ဇာ။ ဖွဲ့နီ မနက်က ဟင်းတွေ ကျန်သေးလို့ ပါ”

“အေး ... အေး ...။ ဒါဆိုလည်း ပြီးရော။ တစ်ယောက် စာတည်း အတွက်နဲ့တော့ ဒုက္ခခံ ချက်ပြုတ်မနေနဲ့။ အိမ်ဘက်ကူးပြီး လာစား”



www.burmeseclassic.com

www.burmeseclassic.com



ဖွဲနီသည် မဝင့်ဓာရဲ့ စေတနာစကားကို ခပ်ပြုံးပြုံးနှင့် ခေါင်းညိတ်ပြလိုက်သော်လည်း အဲဒီလိုဘယ်တုန်းကမှ မစားခဲ့ဖူးတာကို ပြန်သတိရလေသည်။ အဖေနှင့် သမီး နှစ်ကောင်ကြွက်ဘဝမှာတုန်းကလည်း မစားခဲ့သလို ယခု တစ်ကောင်ကြွက်ဘဝမှာလည်း မစားချေ။ မသကာ မဝင့်ဓာက ဖွတ်လာပို့တာမှသာလျှင် စားဖြစ်တာများပါသည်။ ဖွဲနီဆိုသော မိန်းကလေးသည် ဘယ်သူ့ကိုမှ အားကိုးချင်စိတ် မရှိသော၊ ကိုယ့်ခြေထောက်ပေါ်မှာသာကိုယ် ရပ်တည်ချင်သော မိန်းကလေးတစ်ယောက်သာ ဖြစ်ပါသည်။







မန်နေဂျင်းရဲ့ ခမ်းနားလှပသော အင်းလျားလမ်းရှိ ...ကြီးရှေ့သို့ ဖွဲနီ ရောက်သွားချိန်က နံနက်ရှစ်နာရီအတိမှာ ဖြစ်ပါသည်။

မန်နေဂျင်းက ရုံးကို ကိုးနာရီခွဲအရောက်သွားဖို့ဆိုတာ ကိုးနာရီလောက်တည်းက အိမ်မှ ထွက်ရတာဖြစ်သည်။ ထို့အတူပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့နီရဲ့ အလုပ်ချိန်ဟာ ကိုးနာရီမှ စတင်သည် ဆိုသော်လည်း ကားကို မွေးပျံ့သန့်ရှင်းအောင် ပြုလုပ်ဖို့ ဘာဖို့တွေအတွက် ကိုယ့်ဘက်ကလည်း အလုပ်ပေါ်မှာ ဝီရိယအပြည့်ရှိကြောင်း ပြချင်တာလည်း ပါလေသည်။

ဖွဲ့နီက ခြံဝက ဘဲလ်ကို နှိပ်လိုက်လျှင် ရီမုတ်ဖြင့် ဖွင့်ပေးလိုက်သော တံခါးဟာ လျှော့ခနဲ ပွင့်သွားသည်။ စက်ဘီးလေးကို တွန်း၍ ဝင်လာသော ဖွဲ့နီကို ခြံစောင့်က ခေါင်းညွှတ်ပြုံးပြလေသည်။

"ယာဥ်မောင်း 'ဖွဲ့နီနီနော်"

"ဟုတ်ပါတယ်"

သူက အင်တာကွန်ဖြင့် တစ်နေရာသို့ အကြောင်းကြားလိုက်ပြီးလျှင် ဖွဲ့နီကို ဆက်ဝင်သွားပါဟူသော သဘောမျိုး လုပ်ပြသည်။ စကွဲယားကျကျ ကျယ်ဝန်းပြန့်ပြူးနေသော ခြံကြီးရဲ့ နောက်နားခပ်ကျကျမှာ အင်မတန် ခံ့ညားသည့် တိုက်ကြီးတစ်လုံး တည်ရှိလျက် ဂျပန်မြက်ခင်းပြင်၊ သစ်ခွစင်၊ သစ်ပင်ပန်းမန်တွေ





သည် သူ့နေရာနှင့်သူ ဥယျာဉ်ကြီးသဖွယ် ဆဝေဆာဆာ တည်ရှိနေလေသည်။

အင်း ... ဖွဲ့နီတို့နဲ့တော့ အင်မတန် အလှမ်းကွာလွန်းတဲ့ နေရာမျိုးတွေပါပဲ။

အိမ်ကြီးရဲ့ ပေါ်တီကိုအောက်မှာတော့ မိန်းမငယ်လေးတစ်ယောက်က ပြုံးရွှင်သော မျက်နှာထားဖြင့် ဖွဲ့နီကို အသင့်စောင့်ကြိုနေလေသည်။

ဖွဲ့နီသည် ဘာတွေမှန်းမသိ ခမ်းနားလွန်း၊ ဖော်ရွေလွန်းသော အပြုအမူ အနေအထိုင်တွေအတွက် ပြုံးရမလို ရယ်ရမလို ဖြစ်နေသည်။

"ကျွန်မနဲ့ လိုက်ခဲ့ပါရှင်"

မိန်းကလေးက ဖွဲ့နီကို ပေါ်တီကိုရဲ့ ဘေးပတ်လမ်းကနေ ဦးဆောင်၍ ခေါ်သွားသည်။ ကားသွားသော ပတ်လမ်းရဲ့ နောက်ဘက်နားမှာတော့ ကားဂိုဒေါင်ခပ်ကြီးကြီး တစ်ခုကို ဘွားခနဲ တွေ့မြင်လိုက်ရတာဖြစ်သည်။ ယူနီဘက်စ်သွပ်ပြား



www.burmeseclassic.com

www.burmeseclassic.com



ပြာလွင်လွင်တွေ မိုးထားသော ဟောလ်ပုံသဏ္ဍာန် ကားဂိုဒေါင် အရှည်ထဲတွင် ကားငါးစီးရှိကာ တစ်စီးကို အမျိုးအစား တစ်မျိုးစီဖြစ်သည်။

ကားဂိုဒေါင်နှင့် တစ်ဆက်တည်း ဖြစ်သော်လည်း အခန်းငုံသဏ္ဍာန် ဖွဲ့စည်းထားသော အခန်းတစ်ခန်းရှေ့တွင် မိန်းကလေးက ရပ်လျက် ...

"ဒါ အစ်မ နားဖို့ အခန်းပါ။ သော့ကိုလည်း အစ်မ တစ်ချောင်း ယူထားနိုင်ပါတယ်။ ဖွင့်ကြည့်ပါ အစ်မ။ လိုအပ်တာ ပြောပါရှင်"

မိန်းကလေးက ပြောလည်းပြော၊ သူကိုယ်တိုင်လည်း ဖွင့်ကာ ရှေ့မှ ဝင်သွားလျှင် ဖွဲ့နီပါ အခန်းထဲသို့ လိုက်ဝင်မိသည်။ မကျဉ်း မကျယ်သော အခန်းထဲတွင် စားပွဲ၊ ကုလားထိုင်နှင့် ကိုယ်လုံးပေါ်မှန်တစ်ချပ်တို့သာ ရှိသည်။ သို့သော် အနောက်ဘက်မှာ ရေချိုးခန်း၊ အိမ်သာ တွဲလျက်ပါပြီးသာပင်။ အရေးကိစ္စပေါ်လာလျှင် ဘယ်သူ့မှ အကူအညီတောင်းစရာမလို။ အိမ်မကြီး





ထဲလည်း ဝင်စရာမလို။ အတော့်ကို စနစ်တကျ စီစဉ်ပေးထားတာဖြစ်သည်။

အင်းလေ ... ကောင်းတာပေါ့။ နောက်ဆို ဒီရောက်မှ ယူနီဖောင်းလဲရုံပေါ့။ သူတို့ စီစဉ်သော ယူနီဖောင်းဟာလည်း မသိလျှင် စက္ကူထရီတော်ရီလားဟု ထင်ရလောက်အောင် သပ်ရပ်စမတ်ကျနေတာဆိုတော့ အပြင်မှာ အဲဒါကြီး ဝတ်လျက် စက်ဘီးနင်းလို့လည်း ကောင်းတာမဟုတ်။

ဖွဲ့နီသည် ဒီလို စီစဉ်ပေးထားသော မန်နေဂျင်းကို ကျေးဇူးတင်စိတ်ဖြင့် ပြုံးလိုက်သည်။

"ဘာများ လိုအပ်ပါသေးလဲ အစ်မ"

"သြော် ... မလိုပါဘူး။ ကျေးဇူးတင်ပါတယ်"

"ဟုတ်ကဲ့။ ဒါဆို ကျွန်မကို ခွင့်ပြုပါဦး"

ဖွဲ့နီက အပြုံးတစ်ချက်နှင့်ပဲ နှုတ်ဆက်လိုက်ပြီးနောက် ကောင်မလေးထွက်သွားချိန်တွင် ကိုယ့်ရုပ်ကိုယ် မှန်ထဲ၌ သေချာစိုက်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပခုံးကျော် ခပ်ပျော့ပျော့စင်းနေသည့် ဆံနွယ်တွေကို သေသေချာချာအပြောင်သိမ်းလျက် စုစည်းထားသဖြင့် ဖွဲ့နီ့ရဲ့ ခပ်ရှင်းရှင်း မျက်နှာလေးဟာ ထင်းထင်းလင်းလင်း ပေါ်နေသည်။ ဖွဲ့နီရဲ့ အသားအရေဟာ ဖြူလွှန်းတာလည်း မဟုတ်ဘဲ အဝါနွယ်ပြေးသော အသားမျိုးဖြစ်သည်။ အင်း ... သူများတွေကတော့ ဖွဲ့နီကို လှသတဲ့။ ဖွဲ့နီကတော့ ကိုယ့်ကိုယ်ကိုယ် လှတယ်ဟု မသတ်မှတ်ချေ။ သို့သော် ဖွဲ့နီမှာ ဘယ်နားက ထွက်နေမှန်းမသိသော ဆွဲဆောင်မှုတစ်ခု ရှိသည်ဆိုတာတော့ ကိုယ့်ဟာကိုယ် သိသည်။

ဖွဲ့နီရဲ့ မျက်နှာတွင် အထူးခြားဆုံးတစ်ခုကတော့ မေးစေ့ရှိ အချိုင့်လေးပဲဖြစ်လေသည်။ နှုတ်ခမ်းနီကို လိမ္မော်ရောင်ရွှဲရွှဲလေးသာ ဆိုးထားလျက် အနက်ရောင် ကွမ်းရိုးစင်း ရှပ်လက်စကနှင့် အနက်ရောင် ဖိုးကွာတားဘောင်းဘီဟာ သိပ်တော့ မဆိုးလှဟုထင်သည်။

တတ်နိုင်ဘူးလေ။ ရှိတဲ့အထဲက အဆင်ပြေဆုံးဟာကို ရွေးဝတ်လာရတာပဲ။ ကိုယ့်အတွေးနဲ့ကိုယ် OK ပြီဟု သတ်





မှတ်လိုက်သော ဖွဲ့နီဟာ တွိုင်းလက်ဝင်ပြီးနောက် မှန်တစ်ချက်ကြည့်ကာ အခန်းတံခါးကို သော့ပိတ်လျက် ဂျူတီဝင်ဖို့ ထွက်လာခဲ့တော့သည်။ ပြီးလျှင် မန်နေဂျင်းရဲ့ကားကို ဂိုဒေါင်ထဲမှ ထုတ်ကာ ဝတ္တရားရှိသည့်အတိုင်း ဆီ၊ ရေ၊ လေ အားလုံးစစ်သည်။ ဖုန်ရှိရှိ မရှိရှိ သုတ်သည်။ ဘက်မှန်၊ ဆောမှန်တွေ နေရာကျရဲ့လား အားလုံးစစ်သည်။ ကားထဲသို့ ရေမွှေးဖျန်းသည်။

အားလုံးပြီးစီး၍ နာရီ ကြည့်လိုက်လျှင် ရှစ်နာရီခွဲတော့မည်။ မန်နေဂျင်းက ကိုးနာရီမတ်တင်းဆိုလျှင် ကားကို ပေါ်တီကိုရှေ့သို့ အရောက်ဟု မှာထားသဖြင့် ကိုးနာရီမတ်တင်းရောက်လျှင် ဖွဲ့နီ မောင်းလာသောကားသည် ပေါ်တီကိုရှေ့၌ အဆင်သင့် ထိုးရပ်ပြီးသား ဖြစ်လေသည်။

အဲဒီအချိန်မှာ အထဲကို ထွင်းဖောက်မမြင်ရသော အနက်ရောင် မှန်တံခါးချပ်ကြီးတွေဟာ ဘယ်နဲ့မှ မနေသေး။ သို့သော် ကျွီခနဲ ဖွင့်သံကြားလျှင် ဖွဲ့နီသည် အလိုလိုပင် မန်နေဂျင်းဝင်မည့် တံခါးပေါက်ဆောသို့ သွားရပ်ပြီးသား ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပွင့်သွားသော တံခါးဝမှ မန်နေဂျင်းနှင့်အတူ အမေ ဖြစ်ဟန်တူသော အမျိုးသမီးကြီးတစ်ဦးပါ ထွက်လာခဲ့သည်။

မန်နေဂျင်းဟု ခေါ်ရသော သူသည် သူ့အမေရဲ့ ပခုံးကို ဖက်လျက် စကားတပြောပြောနှင့် ထွက်လာတာဖြစ်ပြီး ကားနားရောက်တော့မှပင် စကားစပြတ်ကာ နှုတ်ဆက်လျက် ဇွဲနီ ဖွင့်ပေးသော တံခါးပေါက်မှ တက်ဖို့ပြင်သည်။

"ဘိုင့်ဘိုင် မာမီ။ သား သွားတော့မယ်နော်"

"အိုခေ ... ဘိုင့်ဘိုင်"

သူ့အမေက သူ့ကို နှုတ်ဆက်ရင်းမှ ထင်ထင် လင်းလင်းရှိသော ဇွဲနီကို မြင်သွားဟန်တူသည်။

"ဟဲ့ ... သား။ သူက ဘယ်သူလဲ"

"သြော် ... သားရဲ့ ယာဉ်မောင်းလေ မာမီရဲ့"

"ဟယ် ... ဘုရား ... ဘုရား။ ဒီကလေးမလေးက သားရဲ့ ယာဉ်မောင်း။ အို ... ဖြစ်လို့လားကွယ်။ သားက ဘာစိတ်ကူးနဲ့များ သူ့ကို ဒရိုင်ဘာခန့်လိုက်ရတာတုန်း"





သူ့အမေရဲ့ပုံစံက ဇွဲနီ မောင်းသောကားကို စီးလျှင် အခုကိုပဲ သူ့သားတစ်ယောက် အက်ဆီးဒင့် ဖြစ်တော့မှာ လိုလို စိုးရိမ်တကြီးဖြင့် ပြောတာဖြစ်သည်။ ဇွဲနီသည် ဒီနေရာမှာ တခြားသူတစ်ယောက်သာဆို ချက်ချင်း ခွန်းတုံ့လှန်ပြန်ပြောမှာ ဖြစ်ပေမဲ့ ဒါဟာ ကုမ္ပဏီဥက္ကဋ္ဌကြီးရဲ့ဇနီး၊ မန်နေဂျင်းရဲ့အမေ၊ သူဌေးမကြီးဆိုတာ သိသဖြင့် ဘယ်လိုမှ ပြန်မပြောနိုင်ဘဲ ခေါင်းပဲအသာငုံ့နေရလေသည်။

"ရိုးသားကြိုးစားတဲ့ သူတစ်ယောက်မို့လို့ပါ မာမီ။ မာမီ စိတ်မပူပါနဲ့။ သူ မောင်းတာ ဆော့ဖ် ဖြစ်ပါတယ်။ ကားနဲ့ ကျွမ်းဝင်တဲ့ မိန်းကလေးပါ"

သူ ပြောသော်လည်း သူ့အမေက ကျေနပ်ပုံ မပေါ်ချေ။ သို့သော် သွားခါနီး လာခါနီး စိတ်အနှောင့်အယှက် မပေးချင်တော့သည့် ပုံစံမျိုးဖြင့် ...

"ဘာပဲဖြစ်ဖြစ်ပေါ့ သားရယ်။ သူ့ရဲ့ အရည်အချင်းကို ယုံတာ မယုံတာထက် ယောကျ်ားသားဆိုတော့ ပိုအင်အား ရှိတာပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



ကားပျက်ပါပြီတဲ့ သူက် ပြင်တတ်မှာတဲ့လား။ ဘီးပေါက်ပါပြီတဲ့ သူက ဘီးဖြုတ်လဲမှာလား"

ဒီတစ်ခါတော့ ငြိမ်မနေနိုင်သော ဖွဲနီက ...

"ပလိစ် အန်တီ။ ကျွန်မကို စကားပြောခွင့်ပေးပါ"

သူ့အမေက ဖွဲနီ ဘက်သို့ လှည့်ကြည့်လာလျှင် ...

"ကျွန်မ ဆီပျောက် မီးပျောက် အဆင့်အထိတော့ ကား ပြင်တတ်ပါတယ်ရှင်။ ဒီကားဘီးကိုလည်း ကျွန်မ လဲနိုင် ပါတယ်။ ဒါ့ထက် တစ်ခုကတော့ ကျွန်မ မန်နေဂျင်းရဲ့ လုံခြုံမှုအတွက် အထူးတာဝန်ယူပါတယ်။ မန်နေဂျင်း အတွက် ဘယ်လို ဘေးအန္တရာယ်မှ မကြုံစေရပါဘူးလို့ လည်း ကတိပေးပါတယ် ...

အန်တီ ယုံကြည်ပေးပါရှင်"

"အေးပေါ့ကွယ်။ စောင့်ကြည့်ရသေးတာပေါ့။ ဒါနဲ့ မင်းနာ မည်က ဘယ်လိုခေါ်လဲ"

"ဖွဲနီနီပါ အန်တီ"





"ဪ ... ဪ ... ဘယ်မှာနေသလဲကွယ့်"

"လှည်းတန်းမှာပါ"

"မင်း မိဘများကရော"

ဖွဲနီသည် အခုမှ ဒုတိအကြိမ် အင်တာဗျူး ပြန်ဖြေ နေရသော ကိုယ့်အဖြစ်ကိုယ် ရယ်ချင်သော်လည်း ပြုံးတောင် ပြုံးရဲ့ချေ။

သူ့အမေက ပြုံး၍ပြောနေလည်း ကိုယ့်ကို ချစ်ခင်လာ ဘာ မဟုတ်။ မျက်နှာပိုးမသေဘူးဟူသော မှတ်ချက်တောင် အထု ရနိုင်သည်။ တည်ငြိမ်သော မျက်နှာထားနှင့် ဆက်ဆံမှုပဲ အကောင်းဆုံးဖြစ်မည်ဆိုတာကို ဖွဲနီ နားလည်၍နေသည်။

"ဖေဖေက လွန်ခဲ့တဲ့ ခြောက်လလောက်ကပဲ ဆုံးပါးသွား ခဲ့ပါပြီ။ မေမေကတော့ ကျွန်မ တစ်သက် မရှိခဲ့တာပါပဲ"

"အင်း ... သောရီးကွယ်။ ကဲ ကဲ ... သွား။ ကောင်း ကောင်းလည်းမောင်း။ သတိဝီရိယလည်း ရှိပါစေ"

"စိတ်ချပါ အန်တီ။ ခွင့်ပြုပါဦးရှင်။ ဆီးယူ"



www.burmeseclassic.com

www.burmeseclassic.com



ဖွဲနီက သူ့မိခင်ကို ခေါင်းညွတ်နှုတ်ဆက်ပြီးနောက် သူ တက်ပြီးလျှင် တံခါးကို ပြန်ပိတ်ပေးကာ ကိုယ့်နေရာမှာ ဝင်ထိုင်သည်။ ခါးပတ်ပတ်ပြီးလျှင် စက်နှိုးကာ ညင်ညင်သာသာပဲ မောင်းထွက်လာခဲ့လေသည်။

ကိုယ့်စကားနဲ့ကိုယ်မို့ သတိအပြည့်နှင့် မောင်းနှင်လာသော ဖွဲနီဟာ မန်နေဂျင်းကိုတောင် ဂရုမထားနိုင်တော့ချေ။ ပွိုင့်မိမှပင် ကားရပ်လျက် ဘာရယ်မဟုတ် နောက်ကြည့်မှန်သို့ အကြည့်ရောက်သွားလျှင် စူးစိုက်စွာကြည့်နေသော သူ့မျက်လုံးတွေနှင့် တန်းခနဲ ဆုံလိုက်ရလေသည်။

ဖွဲနီမှာ ပြုံးရမလို ရယ်ရမလို ဖြစ်ပြီးလျက် သူ့ကို ခေါင်းပဲ အသာညိတ်ပြမိသည်။

"အစောနက ကိုယ့်မာမီပြောတဲ့ စကားတွေအတွက် မင်း စိတ်နှောင့်အယှက် ဖြစ်သွားလား"

"ဟင့်အင်း ... မဖြစ်မိပါဘူး"

"ဟုတ်လား။ ဒါဆို မင်းက တော်တော်သည်းခံတတ်တယ်နဲ့တူတယ်"





"ကျွန်မ သိပ်တော့ သည်းမခံတတ်ဘူး ထင်တာပဲ။ အစောနက အန်တီ့ကို ကျွန်မ နားလည်ပေးနိုင်တာပါ"

"နားလည်မှု ! ... ဟုတ်လား"

သူက ဖွဲနီထံမှ နားလည်မှုဆိုသောစကားကို ကြားလိုက်ရခြင်းအတွက် အံ့ဩသွားဟန်တူသည်။ ဖွဲနီသည် ရှင်းပြမှ ရတော့မည့် အခြေအနေတစ်ခုအတွက် လည်ချောင်းတစ်ချက် ရှင်းလိုက်ရသေးသည်။

"ဒီလိုပါ။ မန်နေဂျင်းရဲ့ အမေ အနေနဲ့ ကျွန်မလို မိန်းကလေးတစ်ယောက် အပေါ်မှာ ချက်ချင်း လက်ငင်း ယုံကြည်မှု ထားနိုင်ဖို့ဆိုတာ ခဲယဉ်းနေမှာပါ။ ပြီးတော့ သူဟာ လူကြီးတစ်ယောက်လည်း ဖြစ်တယ်ဆိုတော့ လူကြီးပီပီ စိုးရိမ်စိတ် ရှိနိုင်မှာပါပဲ။ ဒါဟာ ဖြစ်ထိုက်တဲ့ သဘာဝတစ်ခုပါ။ ကျွန်မ နားလည်ပါတယ်"

အဲဒီအတွက် သူက နှုတ်ခမ်းတွန့်ရုံ ပြုံးလေသည်။ ဖွဲနီရဲ့ မန်နေဂျာသည် တစ်ခါတလေမှာ နူးညံ့မလိုနှင့် မာထန်သည်။ တစ်ခါတလေတော့လည်း မာထန်မလိုနှင့် နူးညံ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ နားလည်ရခက်သည့် ယောကျ်ား၊ ခန့်မှန်းရခက်သည့် ယောကျ်ားတစ်ယောက်ဆိုတာ သိပ်မကြာမီမှာပဲ ဇွဲနီ သိလိုက်ချေပြီ။ ပွိုင့်က မီးစိမ်းပြီ ဖြစ်သဖြင့် ဇွဲနီက ကားကို ကလပ်လွှတ်ကာ ညင်သာစွာ မောင်းထွက်လိုက်သည်။

"မင်း ကားမောင်းတာ တော်တော်ဝါသနာပါသလား"

"ရှင် ... ဟုတ်ကဲ့"

"ဘာ့လို့ ဒီအလုပ်ကို မင်းရဲ့ Professional အဖြစ် ရွေးချယ်လိုက်ရတာလဲ။ ကိုယ့်ကို ပြောပြနိုင်မလား"

"ကျွန်မ တတ်ကျွမ်းတဲ့ ပညာလည်း တစ်ခုဖြစ်တယ်။ နောက်တစ်ခုက ဝါသနာလည်းပါတယ်။ ပြီးတော့ အပွင့်လင်းဆုံးပြောရရင် တခြားသင်တန်းတွေ လိုက်တက်ပြီး ဆာတီဖိကိတ် ယူဖို့ ငွေရော၊ အချိန်ရော မပေးနိုင်ပါဘူး ...

ဒါကြောင့် ကျွန်မအတွက် အဆင်ပြေတဲ့ ဒီအလုပ်ကို ကျွန်မ လုပ်ချင်တာပါ။ ဒီအလုပ်ကို ကျွန်မ ရွေးချယ်ရတာ မဟုတ်ပါဘူး။ ဒီအလုပ်က ကျွန်မကို ရွေးချယ်တာပါ"





သူ့ထံက ဘာစကားပြန်မှ မရ၍ နောက်ကြည့်မှန်မှ တစ်ဆင့် လှမ်း၍ ကြည့်လိုက်လျှင် တီတ်တစ်ဆိတ်ပြုံးနေသော သူ့ရုပ်သွင်ကိုပဲ တွေ့လိုက်ရလေသည်။

အဲဒီနောက် သူက ဘာမှ ထပ်မမေးတော့။ ဇွဲနီသည်လည်း ကိုယ့်ဟာကိုယ်ပင် တိတ်တိတ်ဆိတ်ဆိတ် ကားမောင်းနေတော့သည်။ ကုမ္ပဏီခြံဝင်းအတွင်းသို့ ချိုးကွေ့ဝင်ပြီး ပါကင်မှာ ကားရပ်ပြီးလျှင် သူက ဇွဲနီရဲ့ တံခါးဖွင့်အပေးကို မစောင့်ဆော့ဘဲ သူ့ဟာသူ ဖွင့်၍ ဆင်းလိုက်လေသည်။

ဇွဲနီသည် ကိုယ် နောက်ကျသည်ထင်၍ သူ့ကို အပျာကယာနှင့်ပင် ...

"မန်နေဂျင်း ... ဆောရီးပါနော်။ ဆောရီးပါ"

သူက အင်မတန် နှစ်လိုဖွယ်ကောင်းသော အပြုံးမျိုးဖြင့် ...

"အဲဒီလောက် မလိုပါဘူး ဇွဲနီနီ။ အဆင်ပြေသလိုပေါ့။ ဒါ့ထက် မင်း ကားမောင်းတာ အရမ်းတော်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အိုး … အဲဒီအပြောမှာ ဖွဲ့နီ ဘယ်လို ပျော်ရွှင်သွားမှန်းကို မသိချေ။ နေရာမှာ ရပ်လျက် ကြောင်လျက်သား ရှိနေသော ဖွဲ့နီကို သူ့အား အပြေးလာကြိုသော ဝန်ထမ်းတချို့က ပြုံးစိစိနှင့် ကြည့်သွားသည်အထိ နေရာမှာ ငေးမောရပ်လျက် ကျန်နေရစ်ခဲ့သည်။

အခြွေအရံတွေ ဝန်းရံလျက် ရွှေမင်းသားကတော့ ကုမ္ပဏီထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားတဲ့အထိပဲ ဖြစ်လေသည်။

ဝေဝနီတာ၊ ဇော်ကြီးတာ၊ ဖိတ်ကော်တာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။







## အခန်း(၄)

ဖွဲ့နီသည် ကိုယ့်ပုံစံကိုယ် မှန်ထဲ ကြည့်ပြီးလျှင် အတော်ကျေနပ်သွားလေသည်။ ခဲသားရောင်ကုတ်အင်္ကျီနှင့် လောင်းပန်အရှည်သည် ဖွဲ့နီရဲ့ ကိုယ်ပေါ်တွင် သပ်ရပ်စမတ်ကျစွာ တည်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည်။ ပခုံးသာရုံ စတပ်ဆံပင်ကို သေသပ်စွာစည်းနှောင်၍ အနက်ရောင်ဖဲပြားပါသော ဘိုးလ်နှင့် အုပ်လိုက်လျှင် နောက်တွဲ ဆံထုံးလေးလို ဖြစ်လျက် ခန့်ညားတည်ကြည်သော အမျိုးသမီး တစ်ယောက်အသွင် ပေါက်သွားသည်။

အဝတ်အစားအကြောင်း စဉ်းစားမိလျှင် ဖွဲ့နီသည် မန်နေဂျင်းကို ဖျတ်ခနဲ သတိသွားရသည်။ မန်နေဂျင်းကို ကြည့်လိုက်လျှင် အမြဲတမ်း သပ်ရပ်ကာ စမတ်ကျလှသည်။ အရွယ်ငယ်သော်လည်း တည်ကြည်သော မျက်နှာထားနှင့် သပ်ရပ်အဆင့်အတန်းရှိသော အဝတ်အစားများကြောင့် သူ့ကို မြင်လိုက်ရတာနှင့် ရှိန်းခနဲ ဖြစ်သွားသော ခံစားမှုတစ်ခုကို သူက ပေးနိုင်စွမ်းရှိသောသူဖြစ်၏။

"ဖွဲ့နီရေ ... ဟေး ... ဖွဲ့နီ"

အပြင်ဘက်မှ ခေါ်သံကြားလျှင် ဖွဲ့နီသည် အဝတ်အစားလဲဖို့ မေ့လျက် အပြင်သို့ ဒီအတိုင်း ထွက်လာခဲ့လိုက်လေသည်။





ဖွဲ့နီကို မြင်လျှင် မျက်လုံးပြူးသွားသော သူ့ရှေ့သာ ...

"ဟာ ... ဒါက ဘာပုံလဲ၊ ကုမ္ပဏီမှာ ရာထူးတိုးသွားပြီလား"

ဖွဲ့နီက သူ့စကားကို အာရုံမထားဘဲ သူ့လက်ထဲမှ အထုပ်တွေကိုသာ အာရုံထားလျက် ဆွဲယူလိုက်ရင်း မြှောက်ကြည့်သာ ...

"အား ... ဒံပေါက်တွေပါလား။ ငါ့ဖို့ ဝယ်လာတာနဲ့တူတယ်။ အတော်ပဲ ဒီနေ့ အိပ်ရာထနောက်ကျလို့ ထမင်းမချက်ဖြစ်ဘူး။ ဒါပဲ စားတော့မယ်"

"နင် တစ်ယောက်တည်းဖို့ မဟုတ်ဘူးနော်။ ငါ့အတွက်ရော ပါတယ်။ ငါ့ဖို့ပါ ထည့်ခဲ့"

"အေးပေါ့လေ၊ ဒံပေါက်မျက်နှာနဲ့ ထည့်ပေးရမှာပေါ့။ စားပြီးရင်တော့ ကိုယ့်ပန်းကန်ကိုယ် ဆေးသွားနော်။ ဆေးမပေးနိုင်ဘူး။ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖွဲ့နီရာ ... နင်က ဒါလေးတောင် တွက်ကပ်နေတယ်"

"ဆေးမှာလား၊ မဆေးဘူးလား ဒါပဲပြော"

ဖွဲ့နီက သူရဇ္ဇရဲ့ မျက်နှာရှေ့တည့်တည့်မှာ လက်ညှိုးကြီးထိုးလျက် ပြောလိုက်လျှင် သူရဇ္ဇက အဲဒီလက်ညှိုးကို ပုတ်ထုတ်ဖယ်ပစ်လျက် ...

"ဆေးမှာ ... ဆေးမှာ။ ဆေးရင်းနဲ့ ရိုက်ကို ခွဲခဲ့ဦးမယ်"

"ခွဲလေ ... နောက်တစ်ခါလာရင် နင့်ကို အုန်းမှုတ်ခွက်နဲ့ ထည့်ကျွေးမယ်"

သူရဇ္ဇက မျက်ထောက်နီကြီးနဲ့ ကြည့်နေတာကို ဖွဲ့နီသည် မသိချင်ယောင်ဆောင်လျက် ပန်းကန်ပြားတွေထဲ ရှူးခ ပြင်ဆင်ပြီး ကိုယ့်ဟာကိုယ် စားလေသည်။ သူက စိတ်လျှော့လိုက် သည့်ပုံစံဖြင့် ဖွဲ့နီနဲ့ မျက်နှာချင်းဆိုင်ခုံမှာ ဝင်စားသည်။

"ဒါနဲ့ နေပါဦး။ နင်က ကုမ္ပဏီမှာ ဘာရာထူးတိုးသွားတာလဲ"

"ဘာရာထူးမှ မတိုးဘူး။ ဒါ ငါ့ ယူနီဖောင်းလ်ပဲ"





"ဘာ ... နင့် ယူနီဖောင်းလ် ဟုတ်လား။ ဟုတ်ရော ဟုတ်ရဲ့လားဟာ။ နင့်ပုံစံက အဲဒီကုမ္ပဏီက အတွင်းရေးမှူးမ လိုလို ဘာလိုလို မသိရင် အဲဒီ (၇ခ)ကြီးကို မောင်းပြီး ပိုင်ရှင်သူဌေးမလိုလို"

"အဟား ဟား ... အိမ်ဖေကိုယ်ရဲ့ရုပ်က အရမ်းခန့်ညားသွားတယ် မဟုတ်လား။ ဥပမိရုပ် ရှိပြီးသားလေ မောင်မင်းရဲ့ ... အဟဲ ဟဲ"

ဖွဲ့နီရဲ့ မြောက်ကြွကြွ ဖြစ်နေသော ဒီဇိုင်းကို သူရဇ္ဇ ာ ကြည့်မရဟန်ဖြင့် ...

"ဘာမှ လျှောက်ပြောမနေနဲ့။ အဝတ်အစားကသပ်သပ်၊ နင်က သပ်သပ်ပဲ။ နင်တို့ ဘော့စ်က နင့်ကို နှာအငွေ့နဲ့ ချုပ်ပေးတာနေမှာပေါ့"

ဖွဲ့နီသည် ဒီလို အပြောခံလိုက်ရသဖြင့် သူ့ကိုယ် ား ဆတ်ဆတ်ထိအောင်ပင်နာကာ စားလက်စ ဒံပေါက်ပန်းကန် ိုပင် ဆောင့်အောင့်ပစ်ချလျက် ...



www.burmeseclassic.com

www.burmeseclassic.com



"သူရဇ္ဇ ... မိစ္ဆာကောင်။ နင် စကားပြောတာ မမိုက်ရိုင်းနဲ့နော်။ ဒီအဝတ်အစားကိစ္စ မန်နေဂျင်းတောင် မသိဘူး။ ဒါ GMစီစဉ်ပေးတာ။ ငါမှ မဟုတ်ဘူး ငါတို့ တစ်ရုံးလုံး လာကြည့်လိုက်၊ နင်တို့ အလှူသွားတဲ့ ဒီဖိုင်းမျိုးနဲ့ အားလုံး ရုံးတက်ကြတာ ...

နင်က စကားပြောရင် အဆင့်အတန်းကို မရှိဘူး"

"သွားသေလိုက်ပါလား။ မနေ့တစ်နေ့ကမှ မမြင်ဖူး၊ မထိဖူး၊ မရောက်ဖူးတဲ့နေရာတွေ ရောက်ပြီး စိန်နားကပ် ရောင်နဲ့ ပါးပြောင်မနေနဲ့ ...

နင့်ဟာနင် ဘယ်လိုဝတ်ထား ဝတ်ထား ဒရိုင်ဘာက ဒရိုင်ဘာပဲ"

"သူရဇ္ဇ ... နင့်ကို ငါ ဒံပေါက်နဲ့ မပက်ခင် နင် ငါ့အိမ်ထဲက ထွက်သွားနော်"

သူရဇ္ဇက မဲ့ပြုံးတစ်ချက်ပြုံးကာ မတ်တတ်ထရပ်လျက် ...





"နင် မနင်လည်း ငါက သွားဖို့ စိတ်ကူးပြီးသားပါ။ နင့်လို ဘဝင်လေဟပ်နေတဲ့ မိန်းမမျိုးနဲ့လည်း ဒံပေါက် လက်ဆုံမစားနိုင်ဘူး။ သွားမှာ၊ နင်သာ ငါ့ဒံပေါက်တွေ မျိုဆို့ပြီး အပင်းဆို့နေဦးမယ်"

သူရဇ္ဇကား ဆောင့်ဆောင့်အောင့်အောင့်နှင့်ပင် သူ့ပန်းကန်ကို ယူလျက် ထထွက်သွားတော့သည်။

"ဟဲ့ ... ငါ့ ပန်းကန် ထားခဲ့ မိစ္ဆာကောင်"

"မထားခဲ့ဘူး။ အိမ်က ခွေးအတွက် ပန်းကန်လိုနေလို့"

ခွန်နီသည် အနားမှာ သူ့ကို လှမ်း၍ ပစ်ပေါက်စရာ ပစ္စည်းတစ်ခုခု ရှာနေတုန်းမှာပင် သူက ပျောက်ကွယ်သွားပြီဖြစ်သည်။

သူ့ကို ဒေါသထွက်ထွက်နှင့်ပင် ကျိန်ဆဲရင်း ဒံပေါက်တွေကို တစ်စေ့မှ မကျန်အောင် စားပစ်လေသည်။ သူရဇ္ဇနှင့် ခွန်နီနီဆိုသော နှစ်ယောက်ဟာ ဘယ်တုန်းကမှ စကားဆယ်ခွန်း ပြည့်အောင် ပြောဖူးသောသူတွေ မဟုတ်ကြချေ။



www.burmeseclassic.com

www.burmeseclassic.com



သုံးခွန်းလောက်မှာတင် အပေါက်လမ်းမတည့်လျက် ငါးခွန်းမှာ ရန်အကြီးအကျယ် ဖြစ်နေသောသူတွေပင်။

စိတ်ဆိုးတိုင်းသာ မခေါ်ဘဲနေရလျှင် ဒီတစ်သက် မျက်နှာချင်းတောင် ဆိုင်၍ ရတော့မှာမဟုတ်။ သူရဲ့ဟာ ဖွဲ့နီရဲ့ သူငယ်ချင်းကောင်းတစ်ယောက် ဖြစ်သော်လည်း ဖွဲ့နီနဲ့ ဘယ်တော့မှ မတည့်သော သူငယ်ချင်းဟောင်းတစ်ယောက်လည်း ဖြစ်ပါသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။







ဒီနေ့ ယူနီဖောင်းလ်ဖြင့် ပထမဆုံး ကားမောင်းရမည့်နေ့ ဖြစ်သဖြင့် ဖွဲ့နီသည် မှန်ထဲမှာ ကိုယ့်ကိုယ်ကိုယ် အထူးသပ်ရပ်နေအောင် ပြင်ဆင်နေမိသည်။ နီ့ရည်လိမ်းထားသော မျက်နှာပေါ်သို့ တူးဆေးရိုက်ပြီးသွားလျှင် မျက်နှာပြင်သည့်ကိစ္စက ပြီးချေပြီ။ ကြက်သွေးရောင် နှုတ်ခမ်းနီကို ဆိုးပြီးချိန်မှာတော့ မျက်နှာတစ်ခုလုံးက ထင်လင်းတောက်ပလို့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက် ဆံပင်ကို ဘိုးလ်တပ်၍ ဆံထုံးထုံးခြင်း၊ ဝတ်စုံလဲခြင်း၊ လေဒီရှူးစီးခြင်းတို့ကို ပြုလုပ်ပြီးလျှင် မှန်ထဲမှ ကိုယ့်ရုပ်သွင်ကိုယ် ကြည့်လျက် အတော်ကြီးကျေနပ်လို့သွားသည်။ မိစ္ဆာကောင် ပြောသလို တကယ်ပဲ အတွင်းရေးမှူးရုပ်လောက်တော့ ပေါက်လေသည်။

အားလုံးပြီးစီး စိတ်တိုင်းကျလျှင် ဇွဲနီသည် ပန်းတစ်ချက်တွန့်ကာ အခန်းတံခါးကို သော့ပိတ်လျက် ထွက်လာခဲ့သည်။ နှစ်ရက်တာမျှ ဝေးကွာခဲ့ရသော မန်နေဂျင်းရဲ့ကားသည် ဖုန်တစ်စက်မှ ရှိမနေသော်လည်း သေချာကို အကျအန သန့်ရှင်းလိုက်သေးသည်။ ပြီးမှ နာရီကို တစ်ချက်ကြည့်လျက် ပေါ်တီကိုရှေ့သို့ မောင်းထွက်လာခဲ့လေသည်။

ကားရဲ့ဘေးနားမှာ ရပ်နေတုန်းမှာပဲ ထင်မှတ်မထားသော မြင်ကွင်းတစ်ခုကို သွား၍ တွေ့တာဖြစ်သည်။ ပေါ်တီကိုရဲ့ဘေးပတ်လမ်းတစ်လျှောက်မှာ ပုတီးစိပ်လမ်းလျှောက်နေသော အဘွားအိုတစ်ဦးရဲ့ အပေါ်တည့်တည့်ဆီမှ ချိတ်ဆွဲထားသော





ပန်းအိုးတစ်လုံးဟာ လေတိုက်တိုင်း တကျွီကျွီ မြည်လာလျက် ထိုမှတစ်ဆင့် ...။

ဇွဲနီသည် ထိုအဘွားအတွက် တအား စိုးရိမ်သွားရကာ အပြေးပင်သွားလျက် အဘွားကို လှမ်းဆွဲလိုက်သည်။ ကံသီ၍ အချိန်ကိုက်ပင် ထိုပန်းအိုးဟာလည်း အောက်သို့ ခွမ်းခနဲပင် ကျကွဲ၍သွားတာ ဖြစ်လေသည်။

"ခွမ်း"

"ဟဲ့ ... ဟဲ့ ... ဘာဖြစ်တာလဲ"

ပန်းအိုးကျကွဲသံနှင့်အတူ အိမ်တံခါးပွင့်သွားပြီးလျှင် မန်နေဂျင်း၊ သူ၏ မိခင်နှင့် ကလေးမများ၊ မာလီတို့က အပြေးပင် ရောက်ရှိလာလေသည်။

"မစိုးရိမ်နဲ့ အဘွား။ အဘွား ဘာမှ မဖြစ်ပါဘူး"

"အေး ... အေးကွယ် ... ကျေးဇူးတင်လိုက်တာ သမီးလေးရယ်"

"ဘာဖြစ်တာလဲ ဇွဲနီနီ"



www.burmeseclassic.com

www.burmeseclassic.com



သူက မေးလာလျှင် ဖွဲ့နီနီသည် ကျကွဲနေသော ပန်းအိုးကို လက်ညှိုးထိုးပြလျက် ...

"ပန်းအိုးက အဘွားခေါင်းပေါ် တည့်တည့် ကျကွဲမလို ဖြစ်တာလေ။ အဲဒါကြောင့် ကျွန်မ ပြေးပြီး ဆွဲထားလိုက်တာပါ"

"ဪ ... ကံကောင်းလို့ပေါ့ ဘွားဘွားရယ်။ ဘယ်နား ထိသွားသေးလဲ"

"မထိဘူးကွယ့်။ ကျေးဇူးပါပဲ သမီးရယ်။ မဟုတ်ရင် အဘွားတော့ အသက်ထွက်နေလောက်ပြီ"

သူက ဖွဲ့နီကို ကျေးဇူးတင်သည့် မျက်ဝန်းများဖြင့် ကြည့်လာခဲ့သော်လည်း သူ့မာမီကမူ ...

"မေမေရယ် ... အဲဒါကြောင့် မေမေ့ကို အိမ်ထဲမှာပဲ နေပါလို့ ပြောတာပေါ့။ မသေကောင်း မပျောက်ကောင်း"

"ဪ ... အိမ်ထဲလည်း အမြဲတမ်း ဘယ်နေနိုင်ပါ့မလဲ ဒါ့ထက် ဒီက သမီးလေးက ..."



ထိုအဘွားက သပ်ရပ်စမတ်ကျနေသော ဖွဲ့နီကို အခုမှ စူးစမ်းရကောင်းဟန်ဖြင့် စိတ်ဝင်တစား မေးမြန်း၍လာသည်။

"ကျွန်မက ဖွဲ့နီနီပါ အဘွား။ မန်နေဂျင်းရဲ့ ယာဉ်မောင်းပါ"

"ဪ ... ဪ ... အမျိုးသမီး ယာဉ်မောင်းလေးပေါ့။ သမီးလေး ကြည့်ရတာ ထက်မြက်မဲ့ပုံလေးပါ။ ကျေးဇူး အင်မတန်တင်ပါတယ်ကွယ်"

"ရပါတယ် အဘွား။ မပြောပလောက်တဲ့ ကူညီမှုတစ်ခုပါ"

"ကဲ ကဲ ... သား ... ရုံးနောက်ကျနေဦးမယ်၊ သွားတော့လေ။ ဖွဲ့နီနီ ကားကို ဂရုစိုက်မောင်းနော်"

သူ့မိခင်က အဘွားနှင့် ဖွဲ့နီ စကားလက်ဆုံကျမှာကို မလိုလားပုံနှင့် စကားစကို ဖြတ်ဖြတ်ကာပြောခြင်းဖြစ်သည်။

"ဟုတ်ကဲ့ပါ"

ဖွဲ့နီက သူ့ကို ကားတံခါးဖွင့်ပေးပြီးလျှင် အဘွားကိုလည်း အပြုံးတစ်ခုနှင့် နှုတ်ဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဘွား ခွင့်ပြုပါဦးရှင်"

"အေး ... အေး ... သမီးလေး။ ဖြည်းဖြည်းပဲ မောင်းသွား"

အဲဒီနောက် ဖွဲ့နီသည် ကားမောင်းသူနေရာမှာ ဝင်ထိုင်လျက် ခါးပတ်ပတ်ကာ မောင်းထွက်လာခဲ့တော့သည်။ လမ်းမကြီးပေါ်သို့ ရောက်တော့မှပင် သူက ...

"မင်းကို ကျေးဇူးတင်ပါတယ် ဖွဲ့နီနီ"

"ရပါတယ် မန်နေဂျင်း"

"မင်း ကြည့်ရတာ တစ်ခုခု ပြောချင်တဲ့ပုံ ဒါမှမဟုတ် မေးချင်နေတဲ့ပုံပဲ။ ဘာပြောစရာရှိနေလဲ"

သူကား မန်နေဂျင်းပီသစွာပင် တစ်ဖက်သား၏ အရိပ်အကဲကိုလည်း နောက်မှနေတာတောင် ဖတ်နိုင်စွမ်း ရှိလေသည်။

"ကျွန်မ အကြံပြုချင်တာပါ"

"ပြောလေ"

သူ့ပုံစံက အေးအေးဆေးဆေး သက်သောင့်သက်သာပင်။ သူ့မှာ အရှိန်အဝါတစ်မျိုး ရှိနေသော်လည်း အဲဒီ အရှိန်အဝါ





ဟာ သူ့ရဲ့ နဂိုပုံစံပဲ ဖြစ်ပါမည်။ ရာထူးနှင့် ငွေကြေးစနေ အရှိန်အဝါများကား သူ့ထံမှာ လုံးဝ ရှိမနေပေ။

"မန်နေဂျင်းတို့ အိမ်ရဲ့ ပေါ်တီကို မျက်နှာစာတွေမှာ ချိတ်ဆွဲထားတဲ့ ပန်းအိုးတွေကို ဖယ်ရှားလိုက်ရင် ပိုအဆင်ပြေမယ် ထင်လို့ပါ ...

ဒီအတိုင်းလည်း လှပါတယ်။ ကျွန်မက သူစိမ်းတစ်ယောက်အနေနဲ့ ဝေဖန်ပေးတာပါ"

"အင်း ... မင်းကို ကျေးဇူးတင်ပါတယ်။ အရှင်းဆုံး ပြောရရင်တော့ အိမ်မှာ အဲဒီပန်းအိုးတွေ ချိတ်ဆွဲထားမှန်းတောင် သေချာမသိခဲ့ဘူး"

"ရှင် ..."

ဖွဲ့နီက နောက်ကြည့်မှန်မှတစ်ဆင့် သူ့ကို လှမ်းကြည့်မိသွားလျှင် သူကလည်း ဖွဲ့နီကို နှစ်လိုစွာ ပြုံးပြနေသည်နှင့် သွား၍ ကြုံရလေသည်။ အဲဒီအပြုံးတွေသည် စေးစေးပိုင်ပိုင် ရှိလွန်းလျက် တစ်ခုခုကို အမြဲအမှတ်ရစေမည့် အပြုံးမျိုးတွေဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



စက္ကန့်ပိုင်းလေးမျှ မျက်ဝန်းနှစ်ခု ဆုံတွေ့ခဲ့ရသော လည်း အဲဒီစက္ကန့်ရဲ့ အဆပေါင်းများစွာ သတိရနေစေမ အကြည့်တို့သာ ဖြစ်လေသည်။

"မင်း အံ့သြသွားတာလား။ ကိုယ်က မြန်မာပြည်ကို ပြ ရောက်တာ သိပ်မှ မကြာသေးပဲကိုး ...

မင်း ကိုယ့်အကြောင်းတွေ သိပ်မသိဘူးနဲ့ တူတယ်

"ဟုတ်ကဲ့"

"အင်းလေ ... ဒါက သဘာဝကျပါတယ်။ ဩော် ... အ နက မင်းပြောတဲ့ စကားကို ကိုယ် အလေးအနက်ထ ဆင်ခြင်လိုက်ပါမယ်။ အဲဒီ အဘွားက ကိုယ့်အဖေရဲ့အ လေ။ မာမိရဲ့ အမေ မဟုတ်ဘူး"

ဟုတ်မှာပဲ။ ထိုအဘွားတွင် သူ့မာမီကဲ့သို့ ထက်မြက်လွန်းသော အကြည့်မျိုးတွေ မတွေ့ရ။ နွေးထွေးသ မျက်ဝန်းတွေသာရှိသည်။

"ဒါနဲ့ By the way မင်းရဲ့ ဖက်ရှင်စတိုင်လ်က ဘယ် ထွင်ပေးလိုက်တာလဲ။ မင်းနဲ့ အရမ်းလိုက်ဖက်မှုရှိတယ်





ကွယ် ... ဒါ သူ ပြောရမဲ့ စကားလား။ ခွဲနီသည် ယောကျ်ားတစ်ယောက်ထံမှ ဒီလို ပေါ်တင်ကြီး တစ်ခါမှ ချီးကျူး ခြင်း မခံရသဖြင့် ဘယ်လို မျက်နှာထားရမှန်းမသိ ဖြစ်သွားသည်။

"GM က ဒီအတိုင်း ညွှန်ကြားထားလို့ပါ"

"ဩော် ... ဟုတ်လား။ မဆိုးပါဘူး။ တော်တော်အဆင်ပြေ သွားတယ်။ မင်းအတွက်လည်း ဒီပုံစံက role တစ်ခု ဖြစ် စေတာပေါ့ ...

ဒါနဲ့ မင်း လေဒီရှူးနဲ့ ကားမောင်းရတော့ အဆင်ချော ပြေရဲ့လား"

"ဟုတ် ... ပြေပါတယ်"

"မင်းအတွက် အခက်အခဲရှိရင်လည်း ပြောလေ။ တချို့ မိန်းကလေးတွေက အရမ်းမြင့်တဲ့ ဖိနပ်တွေနဲ့ ကားမောင်း ရတာ အဆင်ပြေမှု မရှိကြဘူး။ နိုင်ငံခြားမှာ မိန်းကလေး တွေဖြစ်တဲ့ ယာဉ်တိုက်မှုတွေကို သုတေသနပြုကြည့်ရင် အရမ်းမြင့်တဲ့ ဟိုက်ဟီးလ်တွေကြောင့်ဆိုတာ အဖြေထွက် တယ် ...



www.burmeseclassic.com

www.burmeseclassic.com



သိပ်ချွန် သိပ်မြင့်တော့ ဘုရိတ်နင်းဖို့ အခက်အ

ဖြစ်တာပေါ့”

သူက ဖွဲ့နီကို စိတ်ရှည်လက်ရှည်ပင် ရှင်းပြသဖြ

အံ့ဩရလေသည်။ သူ့လို ပျိုတိုင်းကြိုက်သည့် နှင်းဆီနိုင်တစ်

ဟာ မာနတွေထန်လျက် လူကို အဖက်မတန်သလို လုပ်မည်

ထင်ခဲ့ရတာ။ တကယ်တမ်း စကားပြောကြည့်မှ သူဟာ ပြည်

သော လူတစ်ယောက်ဆိုတာ ပိုနားလည်လာရတာဖြစ်သည်။

“ကျွန်မ ဖိနပ်က တစ်လက်မဒေါက်ပါ မန်နေဂျင်

ပြဿနာမရှိပါဘူး”

“အိုခေ ... အိုခေ ... I belive you”

သူက သဘောကျဟန်ဖြင့် ပြုံးလျက် ဘာမှ ဆ

မပြောတော့ချေ။ ဖွဲ့နီသည်သာ သူ ပေးခဲ့သော အတွေးတစ်စ

တစ်နေကုန် အလုပ်ရှုပ်နေခဲ့ရတာဖြစ်၏။ သူက မြန်မာပြည်

တောင် ပြန်ရောက်တာ-သိပ်မကြာသေးတဲ့သူတဲ့။ ဒါဆို သူ နိုင်

ခြားမှာ ဘာသွားလုပ်နေတာလဲ။





ထိုအဖြေကို ကြာကြာတောင် မစဉ်းစားရချေ။

နေ့ခင်းဘက် Tea timeမှာ တစ်ဖက်စားပွဲက အတင်းတုတ်နေကြ

သော စတက်ဖ်တွေရဲ့ အသံကို နားထောင်တာနှင့်ပင် ပြည့်စုံသွား

ပြီဖြစ်သည်။

ဖွဲ့နီသည် တစ်ဖက်ဝိုင်းကို ကျောပေးထားလျက်

ကော်ဖီနှင့် ဆိတ်သားပတ်ဖ်ကို စားရင်းမှ သူ့အကြောင်းကို

အသာနားစွင့်ရ၏။ နောက်မှ ရောက်လာသော သာလိကာအုပ်စု

သည် ဖွဲ့နီကိုပင် သတိမထားမိအားကြဘဲ ညံစီ ညံစီ အသံမျိုးစုံ

ဖြင့် ...

“ဟေး ... ဒီနေ့ တို့မင်းသား အရှမ်းကို မိနေတာ တွေ့

တယ် မဟုတ်လား”

“တွေ့ပါ ... တွေ့ပါ။ ဘယ်တုန်းက မမိုက်လို့လဲ။ စကား

ပြောတာ ဆင်ခြင်နော်”

“အံမယ် ... သူ့ပစ္စည်းကြီးကျနေတာပဲ။ လုပ်မနေနဲ့၊

ရှင်တို့ကို ဟိုက သိတောင်မသိဘူး။ နော် ... သိပ်ရင်ခုန်

မနေနဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ကွယ် ... ဆိုင်သူမသိတဲ့ အချစ်ပေါ့။ ဒါတွေ ထားစမ်းပါ။ မိုးရာသီက အမေရိကားမှာ အကြာကြီး နေခဲ့တာဆိုပဲနော်"

"အေး ... စီးပွားရေးနဲ့ ပတ်သက်တဲ့ ပညာတွေ တော်တော် ကျွမ်းတာဆိုပဲ"

"အချစ်ပညာရော မကျွမ်းဘူးလားဟယ်"

"ဘယ်နေလိမ့်မလဲဟဲ့။ အမေရိကားမှာ ကျောင်းတက်ပါ တယ်ဆိုမှတော့ တွေးကြည့် ... တွေးကြည့်"

"သူ့ကြည့်ရတာ တော်တော်တော့ ထက်ပုံပဲဟ။ ဘယ်လို မိန်းမမျိုးကို ရွေးမလဲ။ စိတ်ဝင်စားစရာပဲနော်"

"အေးလေ ... အဲဒါကိုက စိတ်ဝင်စားဖို့ကောင်းနေတာ။ ဟဲ့ ... မိုးရာသီရဲ့ ဒရိုင်ဘာက မိန်းကလေးနော်၊ သိလား၊ အဲဒါရော"

ဟော ... ပြောရင်းနဲ့ အကြောင်းအရာက ဖွဲ့နီဘက်သို့ ရွေ့လာပြီဖြစ်သည်။ သူတို့ သုံးနေသော နာမည်ဝှက် "မိုးရာသီ"ဆိုတာ မန်နေဂျင်း ဝသန်ဘုန်းထီမှလွဲ၍ တခြား မရှိနိုင်။





ဖွဲ့နီသည် ကိုယ့်အကြောင်း ရောက်လာသဖြင့် တိုင်ခွင့်ကွယ်ကာ ဇက်ကို အသာပုထားရသည်။

"ဟုတ်တယ်ဟဲ့။ အဲဒီ ဒရိုင်ဘာကလည်း မသိရင် မဦးမေ လောက်ကို ထင်ရတယ်"

မဦးမေဆိုသည်မှာ သူ့ရဲ့ အတွင်းရေးမှူး ဖြစ်ပါသည်။

"မဦးမေကတော့ အန်ကယ် ရှိတုန်းတည်းကမို့ ထားပါ တော့။ မိုးရာသီက ဘာကြောင့် မိန်းကလေးဒရိုင်ဘာ ခန့် လိုက်ရတာလဲ မသိဘူးနော်"

"အေး ... အဲဒါ စိတ်ဝင်စားစရာတော့ ကောင်းတယ်။ သူက အမေရိကန်မှာ အနေကြာလာတော့ ကျား‌မ သိပ်မခွဲ ခြားတော့တာနဲ့ တူပါတယ်ဟယ်"

"ဘာပဲဖြစ်ဖြစ် ကြည့်ရဦးမယ်ဟေ့ ... ဟဲ ဟဲ ဟဲ"

"ဟွန်း ... မိန်းမတွေ။ သူများအကြောင်းကို သိပ်စိတ်ဝင် စားကြ"



www.burmeseclassic.com

www.burmeseclassic.com



"သူများအကြောင်းလည်း မပြောတတ်ပါ၊ စပ်မိစပ်ရာ ကွိစိကွစပါတယ်"

ထိုတစ်ယောက်ရဲ့ စကားကို ကျန်တဲ့သူတွေအားလုံးက တဟားဟားနှင့် သဘောတကျ ရယ်မောဆူညံနေကြတုန်းမှာပဲ ဖွဲနီက အသာလစ်ထွက်လာခဲ့သည်။

ဒိုင်းနင်းရှမ်း၏ အပြင်ဘက်သို့ ရောက်တော့မှပင် အေးအေးဆေးဆေး လမ်းလျှောက်နိုင်တော့သည်။ ချက်ချင်း အုံ့မှိုင်းကာ ညှို့တက်လာသော မိုးရိပ်ညိုတွေကို ငေးမောကြည့်ရင်းမှ ဆွတ်ပျံ့ဖွယ်လေလထုကို ရှူရှိုက်မိ၏။ အဝေးမှ လှမ်းကြည့်တာနှင့်ကို တောက်ပြောင်သားနားသော သူ့ကားကြီးကို တစ်ချက်လှမ်းပြုံးပြမိလျှင် ဖွဲနီသည် ကိုယ့်ကိုယ်ကိုယ် ပြန်သဘောကျသွားရင်လေ၏။

သံယောဇဉ်ဆိုတာ လူတစ်ယောက်ကို မပြောနဲ့ အဲဒီလူနဲ့ ပတ်သက်သမျှသော အရာတွေပေါ်မှာတောင် တွယ်တာတတ်တယ်။







## အခန်း(၅)

နောက်ရက်တွေတိုင်း မန်နေဂျင်းရဲ့အိမ်သို့ ရောက် ားလျှင် အဘွားကို ခြံထဲမှာ အေးအေးဆေးဆေး ဘုရားစာဖတ် တာနှင့် အမြဲကြုံရတတ်လေရာ ဖွဲနီသည် စက်ဘီးတွင်းရင်းမှ ပြုံးလေးတစ်ခုနှင့် ဦးညွှတ်နှုတ်ဆက်နေကျဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရေ ဒီကို ခဏလောက် ဝင်ခဲ့ပါဦး"

အဘွားက ခေါ်သဖြင့် ဖွဲ့နီဟာ စက်ဘီးကို ခေါက်ထောက်ရပ်လျက် ကွန်ကရစ်လမ်းပေါ်မှ မြက်ခင်းစိမ်းစိမ်းထဲသို့ ဆင်းလာရသည်။ အဘွားရဲ့ ဘေးတွင် ရပ်လိုက်လျှင် ...

"ထိုင်ပါဦး သမီးရဲ့"

"ရပါတယ် အဘွား။ အဘွား ပြောစရာရှိတာ ပြောပါ"

"သမီး ထိုင်ပါကွယ်။ အေးအေးဆေးဆေးပေါ့။ မြေးလေး မရှိဘူး သမီးရဲ့"

"ရှင် ... ဘယ်သွားလို့လဲဟင် အဘွား"

"အရေးကြီးကိစ္စပေါ်လာလို့ ပဲခူးကို မနက်အစောကြီး သွားရတယ်ကွယ့်"

ဖွဲ့နီရဲ့ ရင်ထဲတွင် အမည်မဖော်နိုင်သော ခံစားမှုတစ်မျိုး ဖြတ်ပြေး၍သွားလေသည်။

"ဟို ... ဘယ်သူ မောင်းသွားတာလဲဟင် အဘွား"

"မြေးလေးပဲပေါ့"





"အို !... သူ ဘာလို့ ကျွန်မကို ဖုန်းဆက်မခေါ်တာလဲ မသိဘူးနော် အဘွား။ ကျွန်မရဲ့ အိမ်ဘေးက ဖုန်းနံပါတ်ကို ကျွန်မ ပေးထားပါတယ်"

အဘွားက နှုတ်ခမ်းစွာ ပြုံးသော်လည်း ဘာမှ ပြန်မပြောချေ။ ဖွဲ့နီသည် သူ ဘာသာ ကားမောင်းသွားသည်ဟူသော ဖြစ်ရပ်အပေါ် ဘယ်လိုမှ ဘဝင်မကျနိုင်ဘဲ ကိုယ့်ကိုယ်ကိုယ် တာဝန်ကျေသလို ခံစားနေရသည့် ဝေဒနာကတော့ ဆိုးလေသည်။

အဘွားက ဖွဲ့နီရဲ့ လက်ဖျားလေးတွေကို ဖျစ်ညှစ်ဆွဲသုံရင်း ...

"စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့ သမီးရယ်။ သမီး တာဝန်မကျေတာ မဟုတ်ပါဘူး။ ညနှစ်နာရီလောက်ကြီး ထ,သွားရတာ၊ ယောက်ျားဒရိုင်ဘာဆိုရင်လည်း ခေါ်သွားနိုင်မှာမှ မဟုတ်တာ။ ရုတ်တရက် ထ,ပေါ်လာတဲ့ ပြဿနာလေ ...

ကဲ ... ဒီနေ့ ဝသန်ရဲ့ ဂျူတီမရှိပေမဲ့ အဘွားရဲ့ ဂျူတီရှိတယ်။ အဘွားဆီမှာ ဂျူတီဝင်ပေးမလား သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အဘွား၊ ဘယ်သွားချင်လို့လဲဟင်"

"အဘွား ဘုရားသွားချင်တယ်၊ ပြီးတော့ ဗိုလ်ချုပ်ဈေး သွားချင်တယ်"

"အို ... ရတာပေါ့ အဘွားရဲ့။ ကျွန်မ လိုက်ပို့ပေးမယ် နော်"

"အေး ... ဒါနဲ့ သမီးက ယူနီဖောင်းလ်ပဲ ပါလာတာ လဲမနေနဲ့တော့လေ။ ဘုရားက ဘောင်းဘီနဲ့မှ တက်ခွင့် မရှိတာ။ လမ်းကျမှ အဝတ်အစား ဝယ်လိုက်ကြတာပေါ့"

"အဲ ... နေပါစေ အဘွားရဲ့။ ကျွန်မ အိမ်ပြန်လဲလိုက် ပါ့မယ်"

"မလဲနဲ့ သမီး ... မလဲနဲ့။ လာ လာ ... အဘွားရဲ့ ကား ကို ထုတ်ပေးထား"

ဖွဲ့နီသည် အဘွားကို ထပ်မငြင်းဆန်တော့ဘဲ အသာ တွဲကာ အိမ်ပေါက်ဝအထိ လိုက်ပို့လိုက်လေသည်။ ဒါတောင် အဘွားက အိမ်ထဲကို အတန်တန် ခေါ်နေသဖြင့် ဖွတ်ကို



ငြင်းဆန်ရတာဖြစ်၏။ ကလေးမလေးတစ်ယောက်က အဘွားစီး မည့် MARK II အဖြူရောင်ကားသော့ကို လာပေးလျှင် ဖွဲ့နီသည် ရသမျှ အချိန်လေးအတွင်းမှာ နည်းနည်းပါးပါး ရှိုင်းပစ်လိုက် သေးလျက် ပေါ်တီကိုအောက်၌ အသင့်ရပ်ထားလိုက်သည်။

ထိုစဉ်မှာပဲ အိမ်ထဲမှ အဘွားနှင့်အတူ မန်နေဂျင်းရဲ့ အမေတို့ ထွက်လာကြလေသည်။

"မေမေကလည်းလေ ... သူ မောင်းတာ တစ်ခါမှ မစီးဘူး ဘဲနဲ့များ စိတ်ချလက်ချ လိုက်စီးဦးမယ်၊ ခက်တော့တာပါ ပဲနော်"

"မစိုးရိမ်ပါနဲ့ မျိုးမျိုးအေးရယ်။ အဲဒီလို နောက်က ပူပင် နေတာတွေကို ငါ မကြိုက်ပါဘူး"

"ဟင်း ... ခက်ကုန်ပြီ။ ကဲ ... ရော ... ရော ... ဒါဆို လည်း လက်ကိုင်ဖုန်းထည့်သွား။ မျိုးက စိတ်မချတာတော့ အမှန်ပဲ မေမေရေ"

"မယူချင်ပါဘူးအေ။ ရှုပ်ကရှုပ်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



အဘွားက လှည့်ပင် မကြည့်ဘဲ ကားပေါ်တက်ဖို့ ဟန်ပြင်လျှင် ဖွဲ့နီက ကမန်းကတန်းပင် တံခါးကို ဖွင့်ပေးလိုက်ရသည်။ သူ့အမေက စိတ်မလျှော့သေးဘဲ ဖွဲ့နီထံသို့ ဖုန်းကို လှမ်းပေးသဖြင့် မတတ်သာပဲ ယူလိုက်ရပါသည်။

"ကားကို ဂရုစိုက်မောင်းနော် ဖွဲ့နီ။ မေမေ့ကိုလည်း သေချာ ဂရုစိုက် နားလည်လား"

"စိတ်ချပါရှင်။ ခွင့်ပြုပါဦး"

သူ့အမေက မကြည်လင်သည့် မျက်နှာဖြင့် ခေါင်းညိတ်ပြလျှင် ဖွဲ့နီသည် ကားပေါ် တက်လျက် အသာမောင်းထွက်လာရသည်။

"သမီး ဖြည်းဖြည်းပဲမောင်းနော်။ အကျီဆိုင်တွေ့ရင်ရပ် သိလား"

"ဟုတ် … ဟုတ်ကဲ့ အဘွား"

သိပ်မကြာခင် လမ်းမကြီးဘေးရှိ စတိုးဆိုင်တစ်ဆိုင် တွေ့လျှင် ကားရပ်နိုင်း၍ ဖွဲ့နီကို Hand made ဝတ်စုံတစ်စုံ ဝယ်





၍ ပေးလေသည်။ ဖွဲ့နီမှာ ချက်ချင်းပင် ဝတ်လာသော တီရှပ်နှင့် ဘောင်းဘီကို ချွတ်ကာ ထိုမြန်မာဝတ်စုံကို လဲလှယ်ရသည်။ ပြီးလျှင် ရွှေတိဂုံဘုရားသို့ အဘွားနှင့်အတူတူ ဘုရားတက်ရလေသည်။

အဘွားကား ဓာတ်လှေကားနှင့်ရော စက်လှေကားနှင့်ပါ မတက်ချင်ဟုဆိုသဖြင့် ပန်းတွေ အမွှေးတိုင်တွေ ဝယ်ကာ စောင်းတန်းမှပင် လျှောက်တက်ရ၏။ အဘွားတစ်ယောက် အေးအေးလူလူ ဘုရားရှိခိုး၊ ပုတီးစိပ်တာကို ဖွဲ့နီက စိတ်ရှည်လက်ရှည် စောင့်ပေးရလေသည်။

အဘွားနှင့်အတူ ဆီမီးပူဇော်ခြင်း၊ အမွှေးတိုင်ပူဇော်ခြင်း၊ ရေသပ္ပာယ်ခြင်း၊ အလှူငွေထည့်ခြင်း စတာတွေကိုလည်း ဘေးကနေ၍ ကူညီလုပ်ကိုင်ပေးသည်။ အဘွားကို ကြည့်ရတာ တပြုံးပြုံးနှင့် ကျေနပ်ပီတိ ဖြစ်နေပုံရလေ၏။ ဒီကြားထဲ ဘုရားပေါ်မှာ လက်ကိုင်ဖုန်းက ထမြည်သဖြင့် ဖွင့်ကာ စကားပြောရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ... ပြောပါရှင်"

"ခွဲနီနီ ... မင်းတို့ အခု ဘယ်ရောက်နေလဲ"

"ဘုရားပေါ်မှာပါ အန်တီ"

"မေမေရော"

"ရှိပါတယ် အန်တီ၊ ဘေးမှာပါ၊ ပြောမလို့လားရှင်"

အဘွားက ရွံ့ရွံ့မဲ့မဲ့နှင့် လက်ဝါးခါပြသလို တစ်ဖက်ကလည်း ...

"နေပါစေ၊ မေမေ့ကို သေချာဂရုစိုက်နော် ခွဲနီနီ"

"စိတ်ချပါ အန်တီ"

"အေး ... အေး ... တစ်ခုခုဆို အိမ်ကို ချက်ချင်း ဆက်သွယ်"

သူ့အမေကား အမိန့်သံဆန်ဆန်နှင့် ပြောပြီးလျှင် ဖုန်းကို ချက်ချင်း ပိတ်သွားလေသည်။ အဘွားက မကျေနပ်ဟန်ဖြင့် ...

"အဲဒီ မျိုးမျိုးအေး တစ်ယောက်ဟာလေ အပိုတွေ သိပ်လုပ်တယ်။ ခွဲနီ ... သမီး ပင်ပန်းနေပြီလား"





အဘွားက ခွဲနီကိုတော့ ကြင်ကြင်နာနာ မေးသဖြင့် နီရဲ့ ရင်ထဲ၌ လှိုက်ခနဲ ပျော်ရွှင်သွားရလေသည်။ ဖျတ်ခနဲ သတိရသွားမိတာက ဖေဖေ့ကိုဖြစ်၏။

အို ... ဒီလို နွေးထွေးတဲ့ အကြင်နာတွေနဲ့ ဝေးခဲ့တာ ဘယ်လောက်တောင် ကြာပါပြီလဲ ကိုယ့်အသည်းကိုယ် ခပြီဟု ထင်သမျှဟာလည်း ထင်သလောက် မမာဘူးဆိုတာကို တစ်ခါ သိလိုက်ရပြန်လေသည်။

"မပင်ပန်းပါဘူး အဘွားရယ်။ ကျွန်မ ပျော်တောင် ပျော်ပါသေးတယ်။ အဘွားနဲ့အတူ ဘုရားတက်ရတာ ကျွန်မ တကယ်ကြည်နူးပါတယ်"

"အေး ... အဘွားလည်း အတူတူပဲ သမီးရဲ့။ အရင်ဆို အဘွားမှာ တစ်ယောက်တည်း ငြီးငွေ့နေရတာ။ အိမ်ထဲမှာ ဘုရား တရား လုပ်တာလည်း လုပ်တာပေါ့ကွယ် ...

ဒီလိုလေး အပြင်ထွက်ရတော့ စိတ်ချမ်းသာတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ရက်တွေလည်း အဘွား ဘုရားတက်ချင်ရင် ပြောလေ။ ကျွန်မ လိုက်ပို့မှာပေါ့။ စနေ တနင်္ဂနွေတွေဆို ကျွန်မ အားတာပဲဟာ"

"အေး ... ကောင်းလိုက်တာကွယ်။ အဘွား အမြဲတမ်း ဘုရားတက်တော့မယ်။ ဒါဆို သမီး အလုပ်အားရင် မနက်စောစော ဘုရားကို လိုက်ပို့နော်"

အဘွားသည် တကယ်ကို မေတ္တာငတ်နေသူတစ်ယောက်ပမာ ဖွဲ့နီကို ဝမ်းသာအားရနှင့်ပင် တောင်းဆိုတာဖြစ်လေသည်။

ထူးဆန်းအံ့သြဖွယ် ကောင်းသည်မှာ အဘွားနှင့် ဖွဲ့နီသည် တစ်ယောက်ကိုတစ်ယောက် အင်မတန် ခင်တွယ်သွားကြခြင်းပင် ဖြစ်လေသည်။

မေတ္တာငတ်နေသူအချင်းချင်း တစ်ယောက်နှင့်တစ်ယောက် ဘာလိုအပ်နေတာလဲဟု အပြန်အလှန် သိမြင်နိုင်ကြသည်။





"အိမ်မှာက တစ်နေ့ တစ်နေ့ ဒီလိုပဲ ငြီးသွားတာ သမီးရဲ့။ သားကလည်း မြန်မာပြည်မှာ မနေရသလောက် ချွေးမကလည်း သူ့လူမှုရေးကိစ္စတွေနဲ့ အဘွားကို ဂရုမစိုက်နိုင်ပါဘူး။ မြေးလေးကလည်း အင်မတန် အလုပ်ရှုပ်ရှာပါတယ် ...

ဒါတောင် သူ ရုံးက ပြန်ရောက်လာရင် အမြဲ လာနှုတ်ဆက်ရှာတယ်။ အိမ်က ကောင်မလေးတွေဆိုတာလည်း ခိုင်းတာ လုပ်ပေးဖို့လောက်သာ သတိရကြတာလေ"

အဘွားက သူ့ ခံစားချက်တွေကို ရင်ဖွင့်လျှင် ဖွဲ့နီသည် လူ့ဘဝအကြောင်းကို ပိုလို့ပင် နားလည်သဘောပေါက်ရသည်။ အင်မတန်မှ ကြွယ်ဝချမ်းသာသော မိသားစုမှ ဖြစ်လင့်ကစား စကားပြောဖော်ရယ်မှ မရှိဘဲ အထီးကျန်ဆန်နေသည့် အဘွားအိုတစ်ယောက်ရဲ့ ခံစားချက်ကို နားလည်ရလျှင် လောကမှာ ဘာအရေးကြီးဆုံး ဆိုတာကိုလည်း ရေးတေးတေးပင် သိမြင်လာရသလို ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖွဲနီက အဘွားရဲ့ လက်ကို လှိုက်လှိုက်လှဲလှဲ ဆုပ်ကိုင်ကာ ...

"နောက်ဆို အဘွားကို ဖွဲနီ အဖော်လုပ်ပေးပါ့မယ် အဘွား။ ညနေဘက်တွေမှာ အဘွား ဆန္ဒရှိရင် ကျွန်မနဲ့အတူတူ အင်းလျားကန်ပေါင်ပေါ်မှာ လမ်းလျှောက်ကြမယ်။ ဘုရားတွေ သွားမယ်။ မကောင်းဘူးလားဟင်"

အဘွားသည် တစ်ခါမှ မမြင်ဖူးသော အရောင်လက်ဖြာနေသည့် မျက်ဝန်းများဖြင့် ...

"ကောင်းတာပေါ့ သမီးရယ်။ အဘွား ဝမ်းသာလိုက်တာ။ သမီးက အဘွား အတွက်တော့ ဘုရားပေးတဲ့ဆုလေးပါပဲ။ သမီးသာ အဘွားရဲ့ မြေးအရင်းလေးဆို ဘယ်လောက်များ ကောင်းလိုက်မလဲနော်"

အဘွားက ဒီလိုပြောလိုက်လျှင် ဖွဲနီရဲ့ ရင်တစ်ခုလုံး ရှိန်းခနဲပင် ဖြစ်သွားရလေသည်။ ချက်ချင်းပင် သူ့မျက်နှာကို ပြေးမြင်ကာ ရင်ထဲ၌ ပူနွေး၍လာသည်။ သို့သော် ဖွဲနီဟာ ဒီခံစားချက်ကို ရင်ထဲက မြန်မြန်ပင် ထုတ်ပစ်လိုက်ပါသည်။





"ပြီးရင် အဘွား စကော့ဈေးကို သွားဦးမယ်နော် သမီး"

"ဟုတ်ကဲ့ သွားတာပေါ့။ အဘွား ဘာဝယ်စရာရှိလို့လဲဟင်"

"အင်း ... အမှတ်တရပေါ့ သမီးရယ်။ ဒီရှောပင်းမောလ်တွေ ပလာဇာတွေ မပေါ်ခင်တည်းက ဒီဈေးကြီးကိုပဲ အားကိုးခဲ့ရတာလေ။ စကော့ဈေးက နှစ်ပေါင်းရှစ်ဆယ်ကျော်ပြည့်တော့မယ်ကွယ့်။ အဲဒီက ရွှေရင်အေးတို့ သာကူ အုန်းနို့ဆမ်းတို့ကို အဘွားက အရမ်းကြိုက်တာ"

ဖွဲနီက အဘွားကို ချစ်စနိုးဖြင့် ရယ်မောရင်းမှ ...

"အဘွားနဲ့ တည့်မှစားနော်။ တစ်ခုခု ဖြစ်နေမှာစိုးလို့ပါ"

"တည့်ပါတယ် သမီးရဲ့။ အဘွားက အဲဒါမျိုးတွေပဲ ကြိုက်တာ၊ ကဲ ကဲ ... လာ ... သွားကြစို့"

အဲဒီနောက် ဖွဲနီမှာ အဘွားကိုလည်း ဗိုလ်ချုပ်ဈေးသို့ စိတ်ရှည်လက်ရှည်ပင် လိုက်ပို့ပေးရလေသည်။ အဘွားရဲ့လက်ကို တွဲကာ ဈေးထဲသို့ စိတ်ရှည်လက်ရှည် လိုက်ပြလျက် အဘွား စားချင်တာတွေ စားစေလျက် အဘွားတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးပီတိဖြစ်သလို ဖွဲ့နီလည်း ကြည်နူးပီတိ ဖြစ်ရသော်လည်း အခုချိန်ဆို မန်နေဂျင်းတစ်ယောက် ဘာအရေးတွေများ ကြီးနေပါပြီလဲဟု သတိသွားသွားရတာလည်း ခဏခဏပဲ ဖြစ်တော့လေသည်။

တစ်လပြည့်တော့ဖို့ အချိန်ဟာ နီးလာလေလေ ဖွဲ့နီရဲ့ ရင်တွေလည်း ပို၍ ခုန်လာလေလေပဲ ဖြစ်ပါသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။







သူသည် အားလုံး အချိုးတကျ ဝတ်စားပြင်ဆင်ပြီး လှျင် အောက်ထပ်သို့ Breakfast စားရန်အတွက် ဆင်းလာခဲ့သည်။ သို့သော် အဘွားကို မတွေ့ရသေးသဖြင့် အဘွားရဲ့ အခန်းဘက်သို့ အရင်သွားလိုက်လေသည်။ အခန်းထဲတွင် တီဗီမှလာသော တရားကို ထိုင်နာနေသော အဘွားကို တွေ့ရသဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"အဘွား နေကောင်းလား"

အဘွားက သူ့ဘက်သို့ လှည့်ကြည့်ကာ တီဗီကို ရီမုတ်ဖြင့် တိုးလိုက်ရင်း ...

"ကောင်းပါ့ မြေးလေးရယ်။ မြေးလေးရော အဆင်ပြေသွားပြီလား"

"ပြေပါတယ် အဘွား"

"အေး အေး ... မနေ့ကတောင် မြေးလေးရဲ့ ယာဉ်မောင်းကောင်မလေးနဲ့ အဘွားနဲ့ ဘုရားတက်ကြသေးတယ် မြေးရဲ့"

အဘွားရဲ့ စကားကြောင့် သူ့ရဲ့ မျက်ခုံးနှစ်ဖက်က မြင့်တက်သွားလျက် ...

"ဗျာ ... အဘွားနဲ့ ဖွဲနီနီနဲ့ ဘုရားတက်ကြတယ် ဟုတ်လား"

အဘွားက သူ့ခေါင်းကို ညင်သာစွာ သပ်ဖွပေးရင်း ...





"ဟုတ်တယ်ကွယ့်။ ကလေးမလေးက တော်တော်စိတ်ရှည်ပါတယ်။ အဘွားကိုလည်း ဂရုစိုက်တယ်။ ကားမောင်းတာလည်း ကျွမ်းကျင်ပြီး ညင်သာတယ် ...

အဘွားတော့ သူ့ကို သဘောကျတယ်။ အဘွားတို့ စကော့ဈေးတောင် ပတ်ကြသေးတယ်"

သူက အားတက်သရော ပြောပြနေသည့် အဘွားကို ကြည့်ကာ သဘောကျစိတ်ဖြင့် လှစ်ခနဲ ပြုံးလိုက်လေသည်။ ရိုးသားထက်မြက်သည့် မျက်ဝန်းပိုင်ရှင်ကောင်မလေးကို သူ ရွေးချယ်ခဲ့တာ မမှားတော့ပေ။ ရဲရင့်တောက်ပလျက် အရိပ်အယောင်တွေ ခိုအောင်းနေသည့် မျက်ဝန်းများတွင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်ရှိသည့် အရိပ်အယောင်တွေလည်း အပြည့်ပဲဖြစ်၏။

"အဘွား စိတ်ချမ်းသာတယ်ဆိုရင် ကျွန်တော် ကျေနပ်ပါတယ်။ ကဲ ... အဘွား ကျွန်တော် Breakfast သွားစားလိုက်ဦးမယ်နော်"

"အေး ... အေး ... သွား ... မြေးလေး သွား"



www.burmeseclassic.com

www.burmeseclassic.com



သူက ချစ်ဖို့ကောင်းသော အဘွားအနားကနေ၍ ထွက်လာခဲ့ကာ ထမင်းစားခန်းထဲသို့ဝင်၍ လာခဲ့သည်။ ထမင်းစားပွဲတွင် မာမီက သူ့ကို အဆင်သင့် စောင့်ကြို၍ နေပါသည်။ သူက ခုံမှာ ဝင်ထိုင်လိုက်လျှင် သူ့အတွက် ကော်ဖီကို အသင့်ငှဲ့ပေးလာသည်။

"သားကို မာမီ ပြောစရာရှိတယ်"

"ဟုတ်ကဲ့ မာမီ။ ပြောလေ"

သူက ကော်ဖီသောက် မုန့်စားရင်းမှနေ၍ မာမီ့ကို စကားထောက်ပေးလိုက်သည်။ မာမီက ပြောမည့်ဟန်ဖြင့် ခေတ္တတုံ့ဆိုင်းနေပြီးမှ ...

"ဟို ကောင်မလေးကို သားအနေနဲ့ အမြဲတမ်းဝန်ထမ်း ဆက်ခန့်ထားဖို့ ရည်ရွယ်ထားပြီလား"

"ဟုတ်ကဲ့"

"မာမီ့သဘောကတော့ မထားစေချင်ဘူး သားရယ်။ သူ ဘယ်လောက်ပဲ တော်တယ်ပဲပြောပြော ဒီနေရာမှာယောက်ျားလေးဆို ပိုအဆင်ပြေမယ်လို့ပဲ မာမီ ထင်တယ် ...





ဒီတော့ သုံးလစာပဲဖြစ်ဖြစ် ပေးပြီး နားလိုက်တော့လေ။ ရှေ့တစ်ပတ်ဆိုရင် ကုန်တော့မယ် မဟုတ်လား။ ရီးသားပြီး စိတ်ချရတဲ့ ဒရိုင်ဘာတစ်ယောက် မာမီ ရှာပေးပါ့မယ်"

မာမီရဲ့ အပူတပြင်း စိုးရိမ်နေပုံကို သူက နားလည်စွာဖြင့် တစ်ချက်ပြုံးကာ ခေါင်းကိုပဲ ဖြည်းဖြည်းယမ်းပြလိုက်လေသည်။

"ဆောရီးပါ မာမီ။ ကျွန်တော် သူ့ကို အမြဲတမ်းဝန်ထမ်း ဆက်ခန့်ဖို့ ဆုံးဖြတ်ထားပြီးသွားပါပြီ"

မာမီက သူ့ကို မျက်မှောင်တစ်ချက် ကြုတ်ကြည့်ကာ ...

"သားက ဘာလို့ ဒီကောင်မလေးကိုပဲ အလုပ်ခန့်ချင်နေရတာလဲ။ ဒီမှာ သား ... သားကို မာမီ ဘယ်လောက် ယုံကြည်ပြီး စိတ်ချထားသလဲဆိုတာ သားလည်း အသိပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ဘာလို့ မာမီ ကန့်ကွက်နေရတာလဲ"

"သူ့ သိပ် Attraction (ဆွဲဆောင်မှု) ရှိလွန်းနေတယ်"

သူက မာမီရဲ့ စကားကို ထောက်ခံသလိုနှင့် တ
ချက်ငြိမ်နေလိုက်သည်။ မာမီဟာ သူမကို ချောတယ် လှတယ်
ဟူ၍ သုံးနှုန်းမသွားဘဲ ဆွဲဆောင်မှု ရှိတယ်လို့ ပြောသွားတာ
ကိုတော့ သူ မငြင်းလိုချေ။ အဟုတ်ကိုပဲ သူမဟာ ချောမောလှ
တယ်ဆိုတာထက် ဆွဲဆောင်အားတစ်ခုခုက ပိုနေတာပဲဖြစ်သည်။

အထူးသဖြင့် မေးစေ့အလယ်တည့်တည့်မှာရှိသော
အချိုင့်လေးဟာ သူမကို ပို၍ စိတ်ဝင်စားစရာ ကောင်းစေပါသည်။

"မာမီ့ စကားကို မင်း အလေးမထားဘူးလား သား။ ဒရိုင်
ဘာတစ်ယောက်ခန့်တဲ့ကိစ္စကို မာမီတို့ ဒီလောက် စကား
ပြောနေရတယ်ဆိုတာကကို မဟုတ်သေးဘူး"

"မာမီကလည်း ကျွန်တော့်ကို ယုံကြည်တယ်ဆို ဒီကိစ္စ
ကို မပြောသင့်တော့ဘူး မာမီ။ သူ့မှာ ထူးခြားတဲ့ အရည်
အချင်းတွေရှိလို့ ကျွန်တော့်ရဲ့ ဒရိုင်ဘာအဖြစ် နေရာထား
တာပါ ...





ကျွန်တော့်မှာ ယောကျာ်း,မိန်းမ ခွဲခြားမှု မရှိပါဘူး
မာမီ။ မာမီလည်း မိန်းမတစ်ယောက်ပဲ၊ မိန်းမသားတွေမှာ
လည်း စွမ်းဆောင်မှု ရှိတာကို ကျွန်တော် အသိအမှတ်
ပြုရလိမ့်မယ်"

"ကောင်းပြီလေ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး မင်းကို မာမီ
ဘာမှ မဝေဖန်တော့ဘူး။ ဒါပေမဲ့ စောင့်ကြည့်နေတယ်လို့
သိထားပါ"

သူက ဘာမှ မပြောတော့ဘဲ လက်ကျန်ကော်ဖီကို
သောက်လျက် မာမီ့ကို နှုတ်ဆက်၍ ထွက်လာခဲ့သည်။
ရဲ့ ရုံးအိတ်ကို တစ်ယောက်က လိုက်ပို့၍ တစ်ယောက်က
ရှေ့တံခါးကို ဖွင့်ပေးသည်။ လှစ်ခနဲ တံခါးပွင့်သွားလျှင် ရင်
းချင်စရာ သခွားရောင်ဖျော့ဖျော့ဝတ်စုံဖြင့် အဆင်သင့် စောင့်
နေသော သူမကို တွေ့လိုက်ရလေသည်။

အင်း ... ဒီလိုပုံ ဒီလိုနည်းတွေနဲ့ပဲ သူ့နံနက်ခင်း
ဟာ အဓိပ္ပာယ်ရှိခဲ့ပေါင်းများချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"Good morning မန်နေဂျင်း"

သူမက အပြုံးတစ်ခုဖြင့် ဆီးကြိုနှုတ်ဆက်ကာ သူ့အတွက် တံခါးကို ဖွင့်ပေးသည်။ သူ ထိုင်ပြီးလျှင် သူမက ကားကို ထုံးစံအတိုင်း ညင်ညင်သာသာပဲ မောင်းထွက်လိုက်လေသည်။ သူမ ကားမောင်းနေပုံကို သူက နောက်မှ တိတ်တဆိတ်ကြည့်နေမိသည်။ ရန်ကုန်မြို့တွင် မိန်းမပေါင်းများစွာ ကားမောင်းတာကို တွေ့ခဲ့ရဖူးသော်လည်း သူမလို အချိုးတကျ ကြည့်ကောင်းအောင် မောင်းတတ်သူ သိပ်မရှိဟု ထင်ပါသည်။

သူမ ကားမောင်းနေပုံသည် ဘယ်ကိုမှ စိတ်ပျံ့လွင့်နေပုံ မရဘဲ၊ စိတ်ကိုလည်း ချုပ်တည်းထားပုံမရဘဲ သက်သောင့်သက်သာနှင့် စမတ်ကျလွန်းလေသည်။ ဂီယာအပြောင်းအရွှေ့တွေမှာ ပညာရှင်ပီသစွာဖြင့် သိတောင် မသိသာတော့။

"မင်းကို ကားမောင်း ဘယ်သူသင်ပေးတာလဲ ဖွဲနိနိ"

"ကျွန်မ အဖေပါ မန်နေဂျင်း"

"မင်း ကြည့်ရတာ ကားနဲ့ တော်တော်ကျွမ်းဝင်ခဲ့သလိုပဲနော်"





"ကျွန်မ အဖေက ဝပ်ရှော့မှာ လုပ်တာဆိုတော့ ကျွန်မက အဲဒီမှာပဲ ကြီးခဲ့ရတာလေ။ ကျွန်မ အဖေက ဝပ်ရှော့ဆရာပါ။ အဖေက သမီးလေးတစ်ယောက်တည်း မွေးထားတော့ အားမငယ်အောင် ငယ်ငယ်တည်းက လေ့ကျင့်ခဲ့ပေးတာပေါ့ ...

ဆယ့်လေးနှစ်သမီးတည်းက ကားစ,မောင်းတတ်ပါပြီ"

သူမက ဘဝရဲ့ တစ်စိတ်တစ်ပိုင်းကို သူ့ထံ ဖွင့်လှစ်ပြတာကို သူက စိတ်ပါဝင်စားစွာ နားထောင်နေမိသည်။ ကြည့်စမ်း။

ဒီလို ခပ်ချောချော အမျိုးသမီးလေး တစ်ယောက်ရဲ့ ဘဝဟာလည်း အားမာန်တွေအပြည့်နဲ့ ကြိုးစား လျှောက်လှမ်းနေတဲ့ ဘဝပါလား။

"သြော် ... ဒါနဲ့"

"သြော် ... မန်နေဂျင်း ..."



www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကားနှစ်လုံးဟာ တစ်ပြိုင်နက် ထွက်သွားရတာ ဖြစ်သဖြင့် သူက အသာပြုံးမိသွားသည်။ သူမလည်း ပြုံးနေမယ်ဟု ထင်ပါသည်။ ကိုယ်တို့ စိတ်ချင်းတိုက်ဆိုင်နေကြပြီ ဖွဲ့နီနီ။

"မန်နေဂျင်း ပြောလေ"

"မင်း အရင်ပြောပါ ဖွဲ့နီနီ။ Lady first ပေါ့"

"ဟုတ်ကဲ့။ ကျွန်မ ဒီကားရဲ့ ကလပ်ကို သိပ်စိတ်တိုင်းမကျဘူး။ သိပ်အဆင်မပြေဘူး မန်နေဂျင်း။ အဲဒါ ကားဆားဗစ်စင်တာတစ်ခုနဲ့ ပြကြည့်ချင်တယ်၊ မန်နေဂျင်းတို့ ပြနေကျဝပ်ရှော့ ရှိလား မသိဘူး"

"အင်း ... ရှိတယ်။ ဟုတ်တယ် ... ဒီကားရဲ့ အော်ရီဂျင်နယ်လ်ကလပ်က သိပ်အဆင်မပြေချင်ဘူး၊ အဲဒီဝပ်ရှော့က လည်း သိတယ်၊ ဒါ ကိုယ့်ကားမဟုတ်တော့ ကိုယ်သိပ် မသိဘူး"

"ရှင် ... ဒါ မန်မနေဂျင်းရဲ့ကား မဟုတ်ဘူးလား"





"ဟုတ်တော့ ဟုတ်တယ်၊ ဒီကားက ရုံးတက်တာလောက်ပဲ သုံးတာလေ၊ ကိုယ်က ဒီလို ဆော်ဒီကားမျိုးကြီးတွေ သိပ်မကြိုက်ဘူး၊ ကားဆိုတာ ပေါ့ပေါ့ပါးပါးနဲ့ ကျစ်လျစ်တာမျိုးမှ ကိုယ်က သဘောကျတာ ...

ကိုယ် ဟိုမှာနေတည်းက စီးလာတဲ့ကား ရှိတယ်လေ၊ ကိုယ်က အဲဒီကားကိုပဲ မောင်းတယ်၊ မာစီဒီးက ထုတ်တဲ့ ပြိုင်ကား၊ မင်း မမြင်ဖူးသေးဘူးနဲ့ တူတယ်"

"ဟုတ် ... ဟုတ်ကဲ့"

"အင်းလေ ... ကိုယ် နေ့ခင်းကျရင် ဝပ်ရှော့ကို ဖုန်းဆက်ထားပေးမယ်၊ မင်း သွားလိုက်လေ၊ မင်းလည်း နည်းနည်းပါးပါး နားလည်မှာပါ"

"နားလည်ပါတယ် မန်နေဂျင်း"

သူက အနောက်ဘက်ကနေ၍ မြင်နေရသော သူမရဲ့ နားရွက်နောက်ဖျားလေးတွေကိုကြည့်ကာ အတန်ကြာမှ ကိုယ့်ကိုယ်ကိုယ် ပြန်သတိပေးရလေသည်။ အဲဒီနားရွက် ထွေးထွေး



www.burmeseclassic.com

www.burmeseclassic.com



အစ်အစ်လေးတွေထဲမှာ နားကပ်မပြောနှင့် နားပေါက်တောင်မရှိတာတော့ သူ တစ်ဆိတ် အံ့သြရသည်။

ကားက ပွိုင့်မိသွားစဉ်မှာပဲ သူမက ဖျတ်ခနဲ လှည့်ကြည့်လိုက်လျှင် နားရွက်တွေကို ငေးနေသော သူ့အကြည့်တွေနှင့် တန်း၍ကို တိုးလေတော့သည်။

သူမက အဓိပ္ပာယ်ဖော်ရခက်သော အကြည့်တစ်မျိုးဖြင့် ...

"ခုနက မန်နေဂျင်း ကျွန်မကို ဘာပြောမလို့လဲ မသိဘူး။ မပြောရသေးဘူးရှင့်"

"သြော် ... ဟိုဟာပါ၊ မနေ့က မင်းနဲ့ အဘွားနဲ့ ဘုရားတက်ကြတယ်ဆို၊ အဘွားကို ဂရုစိုက်တဲ့အတွက် မင်းကို ကျေးဇူးတင်ကြောင်း ပြောချင်လို့ပါ ...

အဘွားက နည်းနည်း Lonely (အထီးကျန်ဆန်ခြင်း) ဖြစ်သလို ရှိနေတာပေါ့။ ကိုယ်တို့ကလည်း အမှန်အတိုင်း ပြောရရင် အဘွားကို သိပ်ဂရုမစိုက်နိုင်ဘူးလေ ...





အခုဒီနေ့က အဖြစ်အပျက်ကို အဘွားက အရမ်းကြည်နူးနေရှာတာ"

"ကျေးဇူးတင်ဖို့ မလိုပါဘူး မန်နေဂျင်း၊ ကျွန်မ အဘွားကို ကိုယ့်အဘွား အရင်းတစ်ယောက်လို သဘောထားမိလို့ပါ"

ဒီစကားကို ပြောလိုက်သော သူမက ရုတ်တရက်ဆော့ ကိုယ့်စကားကိုယ် အဓိပ္ပာယ်တစ်မျိုး ပြန်ကောက်ကာ တစ်ခဏမျှတော့ တိတ်သွားလေသည်။

"ဟို ... ကျွန်မ ဆိုလိုတာက ကျွန်မလည်း တစ်ယောက်တည်းသမားဆိုတော့ အဘွားရဲ့ ခံစားချက်ကို နားလည်ပေးနိုင်လို့ပါ"

"ကျေးဇူးတင်ပါတယ် ဇွဲနီနီ။ အဘွားကလည်း မင်းကို လိုအပ်နေတဲ့ ပုံပါပဲ"

သူမက သူ့စကားကို ဘာမှပြန်မပြောတော့ဘဲ င့်လွှတ်ခါနီးပြီမို့ ရယ်ဒီပြင်ထားဟန် တူသည်။ ဖူးသစ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ရှင်းသန့်နေသည့် ဖွံ့နီနီဟာ သူ့ရဲ့ယာဉ်မောင်းမလေးအဖြစ် ဘယ်လိုများ ရောက်လာရပါလိမ့်။

သူကရော သူမနှင့် စကားပြောကြည့်တာလေးနှင့်တင် ဘာကြောင့်များ ယာဉ်မောင်းခန့်ဖို့ တစ်ထိုင်တည်း ဆုံးဖြတ်ချက် ချမိသွားပါလိမ့်။ သေချာတာတော့ သူဟာ ရဲရင့်ပြတ်သားသော ကိုယ့်ဘဝကိုယ် နားလည်သော မိန်းကလေးတစ်ယောက်အဖြစ် နှစ်ခြိုက်သွားမိခြင်းက စတာဖြစ်ပါမည်။

လူတစ်ယောက်ကို ကိုယ့်ရှေ့မှာ ထားလျက် သူ့အကြောင်း တွေးတော စဉ်းစားနေမိသဖြင့် ကိုယ့်ခရီးဆုံးတာတောင် သူ မသိလိုက်ချေ။ သူမက တံခါးဖွင့်ပေးအပြီး အပြုံးတစ်ခုနှင့် မေးဆတ်ပြမှသာလျှင် ...။

"ဆောရီး ... ကိုယ် အတွေးလွန်သွားတယ်"

"ဟုတ်ကဲ့။ အဆင်ပြေပါစေ မန်နေဂျင်း"

သူမရဲ့ ဆုတောင်းစကားသံလေးဟာ သူ့နားစည်မှတစ်ဆင့် ဟိုးနှလုံးသားထဲထိ ငြိမ့်ငြိမ့်လေး ဖြတ်၍စီးဆင်းသွား





ပါသည်။ ရိုးသားသော၊ ထက်မြက်သော၊ စိတ်နှလုံးရည်မွန်ပျူငှာသော သူ့ရဲ့ အမျိုးသမီး ယာဉ်မောင်းလေးကို သူက လက်တစ်ဖက်ထောင်ပြလျက် အပြုံးတစ်ခုနှင့် နှုတ်ဆက်ကာ ထွက်ခွာလာခဲ့သည်။

မင်္ဂလာရှိသော နေ့တစ်နေ့ရဲ့ အစဟာ အဲဒီလိုနှလုံးသားမှလာသော လတ်လတ်ဆတ်ဆတ် အပြုံးနှင့် နှုတ်ဆက်သံတစ်ခုမှ ဖြစ်ပါသည်။

❥❤❥

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ်..၀၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၆)

တကယ်တော့ သူ့အတွက် Three Season စီးပွား ရေးလုပ်ငန်းစုကြီး၏ မန်နေဂျင်းရာထူးသည် သတ္တဝါနှင့်လက်နက် မမျှသော တာဝန်ကြီး တစ်ရပ်ပဲ ဖြစ်သည်။ မြန်မာပြည်မှာ





ဆယ်တန်းဖြေပြီးသွားတည်းက US သို့ ကျောင်းတက်ဖို့ ရောက်ရှိသွားခဲ့သော သူဟာ ဒီပလိုမာတွေ တစ်ခုပြီးတစ်ခုရဖို့ နောက်ဆုံး ဒီဂရီတစ်ခုရဖို့အတွက် အပြင်းအထန် ကြိုးစားခဲ့ရသည်။ အဲဒါတွေပြီးတော့လည်း မနားရချေ။ မြန်မာပြည်သို့ ပြန်ရောက်လာလျက် မန်နေဂျင်းရာထူးကို တာဝန်ယူလိုက်ရလေသည်။

BURMESE CLASSIC .com

အပြိုင်အဆိုင်တွေ လှည့်ကွက်တွေများလှသော စီးပွားရေးလောကထဲတွင် သူ့ခြေလှမ်းတွေကို စောင့်ကြည့်နေကြသော သူတွေကလည်း အများကြီးပင်။ ပြီးတော့ သူ့ကိုပညာစမ်းချင်သော သူတွေ၊ စာတွေ့ပဲရှိလျက် လက်တွေ့မှာ ဖြစ်နိုင်ပါ့မလားဟူသော စိန်ခေါ်သံတွေ၊ ဒါတွေ အားလုံးကို သူ ရင်ဆိုင်ခဲ့ရတာဖြစ်သည်။

တစ်ခါတလေတော့လည်း သူနဲ့ ရွယ်တူတွေလို လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး ဝတ်ဆင်ကာ အပွအပင်ကင်းရှင်းစွာ နေချင်ပြန်သေးလေသည်။ ကားတစ်စီးနှင့် ကော်ဖီဆိုင်ဆိုင်၊ စတီတ်ရှိုးပွဲတွေသွား၊ သူငယ်ချင်းတွေနှင့် ဟိုဟိုဒီဒီ ခရီးတွေသွား စသဖြင့် အဲဒီလို ဘဝမျိုးတွေကို သူ မက်မောလှသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အခုချိန်မှာတော့ အဲဒီလို ပိုင်ဆိုင်ဖို့ အခွင့်အရေးက မရှိသလောက်ကို နည်းပါးနေခဲ့ပြီ ဖြစ်သည်။ ဒီကြားထဲ ကုမ္ပဏီ၏ လူကြီးတချို့က သူ့အမြင် ကိုယ့်အမြင် မတူကြခြင်းအပေါ် pressure ပေးခြင်း ခံရတာတွေ၊ စကားတွေ ပြောရဖန်များလာတာတွေ ဆက်လာလျှင် သူ့စိတ်တွေက သိပ်မကြည်ချင်တော့။

ထိုနေ့ညနေကဆိုလျှင် သူ့စိတ်တွေ တော်တော်ရှုပ်ထွေးနေခဲ့ပါသည်။ စိတ်ရှုပ်လွန်းသဖြင့် ရုံးကိုတောင် လေးနာရီ ထိုးပြီးတာနှင့် ဆင်းလာခဲ့သည်။ သူ့ကိုမြင်လျှင် သူမက အံ့ဩသွားသော မျက်နှာထားဖြင့် ...

"မန်နေဂျင်း ဘယ်ကို သွားမှာလဲဟင်"

"ရုံးဆင်းလာပြီ ဖွဲနီနီ"

သူက ဒါပဲပြော၍ ကားပေါ်တက်လိုက်လျှင် သူမက ဘာမှမပြောတော့ဘဲ အသာအယာပင် မောင်းထွက်လေသည်။ သူက ကားမောင်းနေသော သူမကို နောက်မှ ငေးကြည့်လာလျက်





အတွေးဝင်လာသည်မှာ သူမနှင့် သူဟာ အသက်ချင်း ဘယ်လောက်မှ ကွာခြားပုံမရ ဆိုတာပဲ ဖြစ်သည်။

နီးစပ်ရာ အသိုင်းဝန်းမှာသာ ကြီးပြင်းခဲ့လျှင် သူမဟာ သူ့ရဲ့သူငယ်ချင်းကောင်းတစ်ယောက် ဖြစ်လာနိုင်ပါသည်။ သူ့ခံစားချက်တွေကို အခုရော သူမက မျှဝေမပေးနိုင်ဘူးတဲ့လား။

"ကိုယ် အိမ်မပြန်ချင်သေးဘူး ဖွဲနီနီ"

"ရှင် ...၊ ဩော် ... ဟုတ်ကဲ့၊ ဘယ်ကို မောင်းပေးရမလဲ မန်နေဂျင်း"

"ကိုယ့်စိတ်တွေ သိပ်မွန်းကျပ်နေတယ်ကွာ၊ စိတ်ထွက်ပေါက်ရှိမဲ့ တစ်နေရာကို မောင်းစမ်းပါ"

"ဟုတ်ကဲ့"

သူမက သူ့ကို ဘာမှပြန်မမေးတော့ဘဲ ကားလမ်းကြောကို ပြောင်းယူလိုက်လေသည်။ သာကေတဘက်သို့ သွားသောလမ်း ဆိုတာတော့ သူ သိသည်။ သို့သော် သူ ဘာမှမမေးမိချေ။ စိတ်နှောက်ကျိလွန်းသဖြင့် မျက်လုံးတွေကို မှေးမှိတ်ကာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ခမတ်ကျူကျူ ထိုင်လေ့ရှိသော ခန္ဓာကိုယ်ကိုပင် ဖြေလျှော့ထားမိသည်။

ဘယ်လောက် ကြာသွားသလဲတော့ မသိချေ။ ကားထဲမှာ အေးစိမ့်မွှေးပျံ့နေသော အဖြစ်က ချက်ချင်းပြောင်းလဲသွားလျက် သူ့ပါးပြင်၊ ခန္ဓာကိုယ်တွေဆီကို လေနုအေးတွေ တဖျပ်ဖျပ်လာတိုက်ခတ်တာကို ခံစားမိသည်။ ပြီးတော့ သူ့နားထဲသို့ ဖြတ်ပြေး စီးဆင်းလာသော သံစဉ်စာသားတချို့ ...။

"အားလုံးပြီးဆုံးသွားတော့ ရင်တစ်ခုလုံး ကြေသွားလား ...
ကိုယ်ချင်းစာပါတယ် ... အို သူငယ်ချင်း ... သိပ်မဆန်းဘူး ...
ရှေ့ဆက်ပြီးတော့ တွေ့ကြရမှာပဲ ...
ဆုံးရှုံးခြင်းက ပြေး မလွတ်နိုင် ...
မောပန်းလွန်းတဲ့ မင်းရဲ့လိပ်ပြာလေး ... ဖြေသိမ့်လိုက် ..."

သူက နားထောင်ကောင်းလွန်းသဖြင့် မျက်လုံးများကိုပင် မဖွင့်မိတော့ဘဲ သီချင်းထဲ မျောပါခံစားမိလေသည်။ စာသားတွေက သူ့ကို အားပေးနေသည့်အတိုင်းပဲ ဖြစ်သည်။





"သူငယ်ချင်း ရှေ့ဆက် မင်းဘဝ အမြဲချိုမြိန်ပါစေ ... အောင်မြင်ပါစေ ... တစ်ခါတစ်ရံမှာ အတားအဆီးလည်း ကျော်ဖြတ်လိုက်ပေါ့ဟော့ ..."

သီချင်းတစ်ပုဒ်လုံး ပြီးဆုံးသွားတော့မှ မျက်လုံးဖွင့်လိုက်လျှင် ကားက သန်လျင်တံတားကြီးကို ဖြတ်ကျော်နေပြီဖြစ်သည်။ မြို့ပြနှင့် တခြားဆီဖြစ်သော မြစ်ရနံ့ပါသည့် လေထုသည် သူ့စိတ်တွေကို ချက်ချင်းပင် ကြည်လင်သွားစေပါသည်။

ရန်ကုန်နှင့် သိပ်မဝေးသော်လည်း ပတ်ဝန်းကျင် အနေအထားချင်း တခြားဆီဖြစ်သော သန်လျင်သည် စိမ်းစိုလန်းဆန်းနေသော မြင်ကွင်းများဖြင့် သူ့ကို ကြိုဆိုလေသည်။

သူမက Air Con ပိတ်ပြီး မှန်တွေအကုန်ချကာ သူ့ကို လတ်ဆတ်သော သဘာဝပတ်ဝန်းကျင်နှင့် တိုက်ရိုက်ထိတွေ့ပေးလိုက်ခြင်း ဖြစ်လေသည်။

"မန်နေဂျင်းကို ကျွန်မ စားသောက်ဆိုင်လေး တစ်ဆိုင်ကို ခေါ်သွားပါမယ်၊ သွားချင်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို စားသောက်ဆိုင်မျိုးလဲ"

"သစ်ပင် ပန်းပင်တွေနဲ့ အေးချမ်းတိတ်ဆိတ်တဲ့ နေရာလေးပါ"

"သွားကြတာပေါ့။ ကျေးဇူးပဲ ဖွဲနီနီ။ ဒီကို ခေါ်လာတာ ကိုယ့်စိတ်တွေ Relax ဖြစ်သွားတာတော့ အမှန်ပဲ။ ဒါနဲ့ အခုနက မင်းဖွင့်တာ ဘာသီချင်းလဲ"

"ဝိုင်းဝိုင်းရဲ့ သမင်လည်ပြန် Live Show CD ပါ၊ မန်နေဂျင်း မကြိုက်လို့လား"

"ဘယ်ကလာ သိပ်ကြိုက်တာပေါ့။ တော်တော်အဓိပ္ပာယ်ရှိတဲ့ သီချင်းပဲဟာ၊ နောက်ဆို ကားထဲမှာ ကိုယ့်ကို သီချင်း အမြဲတမ်း ဖွင့်ပေးထားပါလား ...

ဘာသီချင်းတွေ ကောင်းလဲတော့ ကိုယ် မသိဘူး၊ မင်း ကြိုက်တဲ့ စီဒီတွေ အားလုံးဝယ်လိုက်၊ မင်းကို ကိုယ် ခရက်ဒစ်ကတ်တစ်ခု ပေးထားမယ် ...

ကိုယ့်အတွက် သီချင်းကောင်းကောင်းလေးတွေ ဖွင့်ပေးပါ ...





ဘယ်လိုလဲ ဖြစ်နိုင်မလား။ မင်းအတွက် တာဝန်တစ်ခု ပိုလာပြီနဲ့ တူတယ်နော်"

"မပိုပါဘူး မန်နေဂျင်း၊ ကျွန်မက မြူးဇစ်တွေ အရမ်းကြိုက်တဲ့သူပါ၊ မန်နေဂျင်း ကြိုက်မှန်းမသိလို့သာ ဖွင့်မပေးဖြစ်တာပါ"

"နီး ... နီး ... ကိုယ် ကြိုက်တယ်၊ ဂီတဟာ လူတစ်ယောက်ရဲ့စိတ်ကို အနွမ်းပြေစေတယ်"

အဲဒီအချိန်မှာပဲ သူမမောင်းသော ကားဟာ ခြံတစ်ခြံအတွင်းသို့ ချိုးကွေ့ဝင်ဖြိုးသွား ဖြစ်နေပြီ။ သူက ခြံလေးကို မြင်တာနှင့် အတော်ကို သဘောကျသွားရတာ ဖြစ်သည်။ စိမ်းစိမ်းစိုစို ကျယ်ဝန်းသာယာလှပသော ခြံရင်းအတွင်းမှာ စားသောက်ဆိုင်လေး ဖွင့်ထားတာဖြစ်လျက် လူလည်း အရမ်းရှုပ်မနေ။

ဝါးတွေနှင့် ဆောက်လုပ်ထားသော ကျေးလက်ဆန်သည့် ဆိုင်လေးဟာ ရန်ကုန်က လူတချို့ အေးအေးဆေးဆေး လာရောက် အပန်းဖြေတတ်သော နေရာလေး ဆိုတာကို နောက်မှ



www.burmeseclassic.com

www.burmeseclassic.com



သူ သိခွင့်ရခဲ့တာ ဖြစ်၏။ လတ်ဆတ်သော ငါးကြော်၊ ပုစွန်ကြော်တွေရလျက် အေးချမ်းမှု အပြည့်ပေးနိုင်သော နေရာလေးပဲ ဖြစ်၏။

သူနှင့် သူမသည် ပန်းရုံလေးအောက်တွင်ရှိသော စားပွဲနှင့် ကုလားထိုင်တွင် ဝင်ထိုင်ကြပြီးနောက် ငါးကြော်၊ ပုစွန်ကြော်၊ လက်ဖက်သုပ်၊ ရေနွေးကြမ်းတို့ဖြင့် စကားဝိုင်းတစ်ခု စဖို့ အဆင်သင့် ဖြစ်နေကြပေပြီ။

"ဒီနေရာလေးက တော်တော်အေးချမ်းတာပဲ၊ ဒီနေရာကို မင်း ဘယ်လိုလုပ်သိလဲ ဖွဲ့နီနီ"

"ကျွန်မ သူငယ်ချင်းတစ်ယောက် ပြောပြလို့ပါ"

"မင်းကို ကိုယ် ကျေးဇူးတင်ပါတယ်၊ အခုနေ ကိုယ့်စိတ်တွေ တော်တော်ရှုပ်ထွေးနေတာကွ။ ဒီရောက်တော့ သက်သာသွားတယ် ...

ပတ်ဝန်းကျင် အနေအထားကလည်း လူတစ်ယောက်ရဲ့စိတ်ကို အများကြီး ပြောင်းလဲစေတာပဲနော်"





သူက တွေးဆဆဟန်ဖြင့်ပြောလျှင် သူမက အသာအယာ ပြုံးပါသည်။ ရှိသမျှ ဆံနွယ်အားလုံးကို သပ်သပ်ရပ်ရပ် ဆံထုံးဖွဲ့ထားသော သူမရဲ့ ပုံစံသည် သူ့ရဲ့ဝန်ထမ်း ဆိုတာထက် အချိန်မှာ သူ့ရဲ့ သူငယ်ချင်းပုံစံ ပို၍ပေါက်နေသည်။

သူမရဲ့ အသွင်အပြင်က သူ ရင်ဖွင့်သမျှကို ခံစားပေးတော့မည့် ပုံစံမျိုးဖြစ်သည်။

"ဟုတ်တယ်၊ မန်နေဂျင်း အနေနဲ့ စိတ်ကို မကြာခဏဆိုသလို Relax လုပ်ပေးဖို့ လိုတယ်လို့ ကျွန်မ မြင်တယ် ...

ဘာလို့လဲဆိုတော့ မန်နေဂျင်းရဲ့ ပတ်ဝန်းကျင်က မြို့ပြလည်း ဖြစ်တယ်၊ နောက် အလုပ်တာဝန်တွေက မန်နေဂျင်းကို ဝန်ပိစေတယ် ...

ဆောရီးနော် ... မန်နေဂျင်း၊ ကျွန်မ ဝေဖန်သလို ဖြစ်သွားရင် ခွင့်လွှတ်ပါ"

"ရပါတယ်၊ ဒီအချိန်မှာ ကိုယ့်ကို မင်းရဲ့ မန်နေဂျင်း ဆိုတာထက် မင်းရဲ့ သူငယ်ချင်းတစ်ယောက်လို မြင်ပေးနိုင်ရင် ပိုကောင်းမယ်"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ..."

သူက ဝိုင်းစက်သွားသော သူမရဲ့ ကြယ်ပွင့်မျက်လုံးလေးတွေကို ပြုံးပြလိုက်ကာ ...

"ကိုယ့်ကို မင်း ဘယ်လိုမြင်လဲ ဖွဲ့နိနိ"

သူမက ချက်ချင်းပင် မဆိုင်းမတွ ပြန်ဖြေသည်မှာ ...

"မန်နေဂျင်းက မာကျောမလိုနဲ့ နူးညံ့တယ်"

ဟူ၍ ဖြစ်လေသည်။

သူပင်လျှင် သူမရဲ့အဖြေစကားကြောင့် အံ့အားသင့်သွားခဲ့ရတာ ဖြစ်၏။

"ဘယ်လို ... မင်း ပြောတဲ့ အဓိပ္ပာယ်က ..."

"ဟုတ်တယ်လေ၊ ကျွန်မ မြင်တဲ့အတိုင်း ပြောတာပါ၊ အပြင်ပန်းက ကြည့်ရင်တော့ မန်နေဂျင်းက ခပ်မာမာလို့ ထင်ရတယ်၊ မာကျောတဲ့ ပုံစံရှိတယ်၊ အစက ကျွန်မ အဲဒီလို ထင်ခဲ့မိတာပါ ...





တကယ်တော့ ဒါဟာ အလုပ်တာဝန်တွေအရ တမင်နေထိုင်တဲ့ပုံစံလို့ နားလည်ရတယ်၊ အမှန်က မန်နေဂျင်းရဲ့ စိတ်နှလုံးက နူးညံ့ပါတယ်"

သူမရဲ့ နောက်ဆုံးအပြောလေးကို နှစ်ခြိုက်စွာဖြင့် ပြုံးလိုက်လေသည်။ သူမက အရှိန်ရနေသည့်အလား ဆက်ပြောနေသည်မှာ ...

"ကျွန်မ မှန်းကြည့်ရရင် မန်နေဂျင်းရဲ့ အသက်ဟာ နှစ်ဆယ့်ငါးနှစ်ထက် လုံးဝမပိုစေရဘူး၊ အဲဒီထက် လျော့ဖို့ပဲ ရှိတယ်၊ ဒီအရွယ် လူငယ်တွေဟာ လုပ်ငန်းခွင်ထဲ ရောက်သူကရောက်၊ မရောက်သေးရင်လည်း စာသင်ဆဲ၊ ဘာပဲဖြစ်ဖြစ် လွတ်လပ်တဲ့ လူငယ်သဘာဝရဲ့ အရသာ အပြည့်အဝ ရတယ် ...

ကျွန်မရဲ့ မန်နေဂျင်းကတော့ အဲဒီဘဝမျိုး မရတာကြောင့်လည်း ဖြစ်နိုင်ပါတယ်"

သူ ရင်သပ်ရှုမောရလောက်အောင်ပင် သူမက ခန့်ခြင်း၌ တော်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာလို့ အဲဒီလောက် ခန့်မှန်းတတ်ရတာလဲ ဖွဲ့နီ

သူမက လှပစွာ တစ်ချက်ပြုံးလေသည်။ ပြီးမှ

"ကျွန်မကို အလုပ်ခန့်လိုက်တယ် ဆိုကတည်းက မန်နေ
ရဲ့စိတ်ကို ခန့်မှန်းမိပါတယ်၊ မန်နေဂျင်းက လူငယ်ပဲ
ကျွန်မလည်း လူငယ်တစ်ယောက်၊ လူငယ်အချင်းချ
တစ်ယောက်ကို တစ်ယောက် ယုံကြည်တာပေါ့ ...

လူငယ်တွေဟာ တစ်ယောက်နဲ့ တစ်ယောက်
လည်ပေးနိုင်တာပဲလေ"

သူမရဲ့အပြောကြောင့် သူ့ခေါင်းထဲတွင် ဖျတ်
အလင်းတွေ ပွင့်သွားရပါသည်။ ဟုတ်သားပဲ။ သူမဟာ သူ
ငယ်ရွယ်နုနယ်သေးတဲ့ လတ်ဆတ်တဲ့ နှလုံးသားနဲ့ဆိုတာ
ဘာ့ကြောင့် အစောကြီးတည်းက သတိမထားမိခဲ့တာပါလိမ့်

သူမကို ဖျတ်ခနဲ လှမ်းကြည့်မိသော အကြည့်နှ
တို့ ဆုံစည်းသွားကြချိန်တွင် တစ်ချီတည်း နားလည်သွားသ
မှာ တစ်ယောက်နှင့် တစ်ယောက် ရင်ဖွင့် နားလည်ခွင့်ရသွာ
ဆိုတာပဲ ဖြစ်၏။





"ဟုတ်တယ် ဖွဲ့နီနီ၊ မင်းနဲ့ စတွေ့တဲ့အချိန်က ကိုယ်လည်း
အလုပ်ခွင်ထဲ ဝင်ရတော့မဲ့ အချိန်ပဲ၊ အရာရာတိုင်းဟာ
ကိုယ့်ကို စိန်ခေါ်မှုတွေနဲ့ ကြိုနေတယ် ...

စတွေ့ပဲရှိတဲ့ ကိုယ်က အလုပ်သင်တောင် မဟုတ်ဘဲ
မန်နေဂျင်းရာထူးကို တန်းယူလိုက်ရတာ၊ တချို့တွေက
အားကျကောင်း ကျမယ်၊ ကံကောင်းလှချည်ရဲ့လို့ မှတ်
မယ်၊ တချို့ကျတော့လည်း အဖေက ဥက္ကဋ္ဌဆိုတော့ သား
က မန်နေဂျင်းဖြစ်တာ မဆန်းပါဘူးလို့ ပြောကြတယ် ...

ဒီလိုမဖြစ်အောင် စိတ်ရောကိုယ်ပါ နှစ်ပြီး ဆုံးဖြတ်
ချက်တွေ ချရတယ်၊ သိပ်ပင်ပန်းပါတယ် ဖွဲ့နီနီ"

"ဘာပဲပြောပြော၊ မန်နေဂျင်းက တော်ပါတယ်"

"ကျေးဇူးတင်ပါတယ်၊ မင်းလည်းပဲ အရမ်းတော်တဲ့သူ
တစ်ဦးပါ ဖွဲ့နီနီ၊ ကိုယ် မင်းကို မြင်လိုက်တာနဲ့ သိတယ် ...

ဒါကြောင့်လည်း ကိုယ့်ယာဉ်မောင်းခန့်ဖို့ ဆုံးဖြတ်ခဲ့
တာပဲ၊ အားလုံး ကန့်ကွက်တဲ့ကြားကကို ကိုယ်ဆုံးဖြတ်
ခဲ့တာ ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် လူရွေးတော်သွားတာပေါ့နော်”

ဒီစကားကိုတော့ သူမက ခပ်တိုးတိုး ရယ်မောခြင်းနှင့်သာ တုံ့ပြန်လေသည်။ သူသည် အတော်ခင်မင်ဖို့ကောင်းသော ထိုကလေးမကို ငေးကြည့်ကာ နေမိသည်။ သာမန်မိသားစုထဲမှာ ကြီးပြင်းလာတာတောင် ဒီလောက် ထက်မြက်ရဲရင့်နေသော ကောင်မလေးဟာ သူတို့လို အသိုင်းဝိုင်းမှာ ဆိုရင်ရော ...။

ဒီလိုတွေးမိလျှင် သူ့နှလုံးသွေးတွေသည် ချက်ချင်း ပင် ပူနွေးလာသလား အောက်မေ့ရလေသည်။ ဤမိန်းကလေးကို မြင့်မားသော ပုန်းလေးတစ်ပွင့် ဖြစ်စေချင်သည်မှာ ဘာကြောင့်လဲ တော့ မပြောတတ်ကျေ။

ထိုအဖြေကို သူ မစဉ်းစားချင်ပါ။

“မန်နေဂျင်းမှာ စိတ်ညစ်စရာတွေရှိရင် ကျွန်မကို ဝေမျှပါ”

“သင့်ခ်ယူ ဖွဲနီနီ၊ ဒီလိုပြောတာနဲ့ကို ကိုယ် ကျေနပ်ပါတယ်၊ ဒီနေရာလေးကို ရောက်လာတာနဲ့ကို ကိုယ့်စိတ်တွေ တော်တော်လန်းဆန်းသွားပါပြီ၊ နောက်လည်း ကိုယ်စိတ်ညစ်နေရင် ဒီလိုပဲ မင်း care လုပ်ပေးပါဦးနော်”





သူ့ရဲ့ တိုးဖွဖွအပြောကို သူမက လက်ဖက်ရည် ကြမ်း သောက်နေရာမှ မျက်လုံးအသာလှန်၍ ကြည့်လာလေသည်။ ထိုအကြည့်တွေထဲတွင် သူ ဘာသာမပြန်တတ်သော မျက်ဝန်း စကားတွေ ပါသည်။

သို့သော် အဓိပ္ပာယ်ကို သူ နားမလည်ချေ။

“ဒါနဲ့ မင်းရော အလုပ်မှာ ဘာစိတ်တိုင်းမကျတာတွေများ ရှိလဲ၊ ရှိရင် ကိုယ့်ကို ပွင့်ပွင့်လင်းလင်း ပြောနော်၊ အား မနာနဲ့”

“စိတ်တိုင်းမကျတာတော့ မရှိပါဘူး မန်နေဂျင်း၊ နောက် ကို ခရီးဝေးသွားရင် ကျွန်မကို ခေါ်မောင်းခိုင်းပါ၊ ကျွန်မ အိမ်ဘေးမှာ ဖုန်းရှိပါတယ်၊ (------)ပါ ...

မန်နေဂျင်း ဘာသာ မောင်းသွားတော့ ဘယ်ကောင်း ပါ့မလဲ”

သူက တာဝန်မကျေသလို ခံစားနေပုံရသော သူမကို နှစ်သိမ့်ပြုံးတစ်ခုဖြင့် အားပေးလိုက်ပြီးနောက် ...



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ်၊ အရေးပေါ်ကိစ္စမို့ပါ၊ ကိုယ့်အတွင်းရေး မှူးတောင် ပါမှမပါတာ၊ မင်းက ဟိုင်းဝေးသိပ်မောင်းချင် နေလို့လား၊ ဒါဆို ပုဂံခရီးကို ကားနဲ့ သွားလိုက်မယ် လေ"

သူမက ပုဂံဟု ကြားလိုက်ရတာနှင့် မျက်ဝန်းတွေ ဖိတ်ဖိတ်တောက်ပ၍ သွားလေသည်။ သူက ဒါကို သေချာသတိ ထားမိသွားသည်။

"ဟယ် ... ပုဂံကို ဟုတ်လား၊ မောင်းမယ် ... မောင်းမယ် ဘယ်လောက် ပင်ပန်း ပင်ပန်း ကျွန်မ မောင်းပါ့မယ် မန်နေဂျင်း"

"မင်းက ပုဂံကို စိတ်ဝင်စားလို့လား"

"အို ... ဘယ်လို ပြောလိုက်တာလဲ၊ သိပ်စိတ်ဝင်စားတာ ပေါ့၊ ဒီလောက် ခမ်းနားဆန်းပြားတဲ့ နယ်မြေကို၊ ကျွန်မ ပုဂံကို တစ်ခါပဲ ရောက်ဖူးတယ်၊ ဖေဖေ ရှိတုန်း ကိုးတန်း နှစ်တုန်းကပေါ့ ...





အဲဒီတည်းက ပုဂံကို အရမ်းစွဲလမ်းသွားတာ၊ ဒါပေမဲ့ ခဏ ခဏ မပြောနဲ့၊ တစ်နှစ် တစ်ခေါက် သွားဖို့တောင် မလွယ်ကူပါဘူး"

ဒီလိုပြောတော့ သူမကို သူ အတော်သနားကရုဏာ သက်သွားခဲ့လေသည်။ အရှိကို အရှိအတိုင်း ရိုးသားပွင့်လင်းသော၊ ရှုစင်သော သူမကို သူ ...။ သူ နှောင်တွယ်ခဲ့ရပြီ ဖြစ်သည်။

"မင်း စိတ်ဝင်စားတယ်၊ သွားချင်တယ် ဆိုရင် ကားနဲ့ပဲ သွားကြတာပေါ့၊ အစက ဒီခရီးကို ကိုယ်ရယ် မဦးမေရယ် ဖလိုက်နဲ့သွားဖို့ စီစဉ်ထားတာ၊ ဒါပေမဲ့ ကားနဲ့မသွားဖြစ် တာ ကြာတော့ တစ်မျိုးသစ်တာပေါ့"

"ဟုတ်တယ် ... မန်နေဂျင်း၊ ဒီရာသီက moonsoon ဆို တော့ ရှုခင်းတွေလည်း အရမ်းလှတယ်၊ ကားနဲ့ပဲသွားပါ ... ကျွန်မကို ယုံကြည်ပါ"

သူက ငါသိပါတယ် ဟူသော အပြုံးမျိုးဖြင့် သူမ ကို ခပ်စိုက်စိုက် ပြုံးကြည့်လျှင် သူမက မနေတတ်သလို ရှက် ရယ် ရယ်ရင်း အသာရှောင်လွှဲသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က ညနေ နေဝင်ခါနီးအချိန်မှပင် သန်လျ
မှ သူတို့ ပြန်ခဲ့ကြ၏။ ရွှေရောင်ဆမ်းထားသော မြစ်ရေပြင်ရှ
ကို ငေးမောကြည့်ရှုရင်း သူမ ဖွင့်ပေးထားသော ဂီတသံစဉ်
ကို နားထောင်ရင်း သူ့နှလုံးသား တစ်ခုလုံး နုသစ်လတ်ဆတ်
လာလေသည်။

လတ်ဆတ်သော နှလုံးသားသည် အိမ်ပြန်ရော
သောအခါ ကျောပိုးအိတ်တစ်လုံးလွယ်လျက် စက်ဘီးနင်းပြန်သွ
သော သူမရဲ့ နောက်ကျောပြင်ကို မြင်ကွင်းထဲမှ ပျောက်ကွယ်
သွားသည်အထိ တိတ်တဆိတ် ချောင်းမြောင်းကြည့်ရှု၍ နေခဲ့
သည်။







## အခန်း(၇)

ပထမပိုင်းတော့ ပုဂံကို ကားဖြင့်သွားမည် ဆိုတာ
ကို မာမီက လုံးဝသဘောမတူချေ။ အဓိက,ကတော့ ဖွဲ့နီနီ မောင်း
တာကို စိတ်မချခြင်း ဖြစ်သည်။ အဲဒီအတွက် သူက အတိုက်အခံကို
ပြောရတာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခွင့်ပြုလိုက်ပါ မျိုး၊ သားကို ကိုယ်ယုံကြည်တယ်၊ ဒီတော့ သူ ယုံကြည်တဲ့ အရာကိုလည်း ကိုယ် လက်ခံရလိမ့်မယ် _ သူက မန်နေဂျင်းပဲကွာ၊ သူ့ဒရိုင်ဘာအကြောင်း သူ ကောင်းကောင်းသိမှာပါ"

"အို ... ဒယ်ဒီ၊ ရှင် ဘာမှမသိဘဲ မပြောနဲ့နော်၊ ကျွန်မက အမေရှင့်၊ ရှင်တို့ယောက်ျားတွေက တစ်ခုတည်း တွေးတာ"

မာမီရဲ့ ဆိုလိုရင်းကို သူက သဘောပေါက်သဖြင့် "မာမီကလည်းဗျာ"ဟုသာ ပြန်ပြောမိသည်။ ဒယ်ဒီက အသာဖြီးရင်း ...

"မန်နေဂျင်းကို ကိုယ် ယုံပါတယ်၊ ဒီလောက် ပညာတွေ သင်ထားတဲ့ မန်နေဂျင်းကြီးပဲကွာ၊ မင်း ဒီလိုပြောနေတာ ကိုက သားကို ထိပါးနေတာနဲ့ အတူတူပဲ၊ ဟုတ်တယ် မဟုတ်လား သား"

ဒယ်ဒီက အလွန်လိမ္မာပါးနပ်စွာဖြင့် စကားကို ချည်လေသည်။ သူ့အပေါ်မှာ အင်မတန် နားလည်လိုက်လျောတတ်သော ဒယ်ဒီ့ကိုတော့ သူ ရှိန်သည်။





"ကျွန်တော့်စိတ်တွေ stress (စိတ်ဖိစီးခြင်း) ဖိနေတာကြောင့်လည်း ပါ,ပါတယ် ဒယ်ဒီ၊ ကျွန်တော်လည်း လူငယ်တစ်ယောက်ပါ၊ ဟိုင်းဝေးခရီးတွေကို ကိုယ်တိုင်ကားမောင်းချင်တယ်၊ တကယ့် Business man တစ်ယောက်လို လေယာဉ်ပေါ်မှာ စိမ်နဲ့ထိုင်လိုက်သွား၊ ပြန်ရောက်လာ၊ ဒါမျိုးမလုပ်ချင်တော့ဘူး ...

တကယ်ဆို ရုံးကိုတောင် ကျွန်တော့်ဘာသာပဲ ကားမောင်းသွားချင်တာ၊ ဒယ်ဒီတို့က မန်နေဂျင်း ဂုဏ်အင်္ဂါနဲ့ ညီအောင်လို့ မမောင်းပါနဲ့ ဆိုလို့သာ၊ ပုဂံမှာ ကျွန်တော့်စိတ်တွေကို Relax လုပ်ချင်တယ် ဒယ်ဒီ"

"ဒယ်ဒီ မင်းကို နားလည်ပါတယ်ကွာ၊ မျိုးမျိုး ... မင်းလည်း သားကို ဘာမှထပ်မပြောနဲ့တော့၊ ကိုယ် သားကို ယုံတယ် ...

ခရီးသွားဖို့ လိုအပ်တာတွေ သေချာထည့်ပေးလိုက်၊ ဒါဆို ဒီနေ့ည သားနဲ့ ဒယ်ဒီနဲ့ ပုဂံပရောဂျက်အတွက် ဆွေးနွေးရအောင် ...



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်တာ ရှိရင်လည်း ဟိုကနေ ဖုန်းလှမ်းဆက်လိုက်"

"ဟုတ်ကဲ့ ဒယ်ဒီ"

"ကားအတွက် လိုအပ်တဲ့ ကြွဲခိုင်မှုတွေလည်း ချက်ကင်လုပ်ထားဦး၊ ဖွဲ့နီနီကို ဝပ်ရှော့ကို သွားခိုင်းလိုက်လေ"

"တစ်နေ့ကတင် သူ ကားတစ်စီးလုံးကို check လုပ်ထားပါတယ်၊ ကလပ်ကို စိတ်တိုင်းမကျလို့တဲ့"

"ဒီမိန်းကလေးက အလုပ်အပေါ်မှာ အာရုံစူးစိုက်မှု အပြည့်ရှိပါတယ်၊ အခုခေတ် မိန်းကလေးတွေ ယောကျာ်းတွေနဲ့ ရင်ပေါင်တန်းပြီး ကြိုးစားလာတာကို ဒယ်ဒီ ချီးကျူးပါတယ် ..."

တို့ မြန်မာအမျိုးသမီးတွေရဲ့ ကားမောင်းစွမ်းရည်ကိုလည်း အထင်သေးလို့ မရဘူးကွ၊ တလောလေးကပဲ မြန်မာနိုင်ငံက အမျိုးသမီးတစ်ယောက် နိုင်ငံခြားက ကားမောင်းပြိုင်ပွဲမှာ First Lady ဆုတောင် ရသွားသေးတယ်"

"ဟုတ်တယ် ဒယ်ဒီ၊ ကျွန်တော်လည်း ကြားပါတယ်"





ကျွန်တော့်ရဲ့ ယာဉ်မောင်းမိန်းကလေးကိုလည်း အဲဒီလိုမျိုး ဖြစ်စေချင်ပါတယ် ဟုတော့ သူ ထည့်မပြောဖြစ်တော့။ ကားနှင့် ပုဂံသွားရမည့် ခရီးအတွက် အခုတည်းက စိတ်ချမ်းသာ စိတ်ပျော်ရွှင်နေရသဖြင့် ရုံးသွားရမှာတောင် တက်ကြွ၍နေသည်။

ကားပေါ်ရောက်လျှင် သူမကိုတောင် ဝမ်းသာအားရနှင့် ချက်ချင်း ပြောပြလိုက်သေးသည်။

"ဖွဲ့နီနီ ... သန်ဘက်ခါကျရင် ကိုယ်တို့ ခရီးထွက်ရမှာနော်၊ အဲဒါ မင်း အိမ်ကို ပြောပြထားဦး"

သူမက ကားမောင်းရင်းမှ ဟက်ခနဲ တစ်ချက်ရယ်ကာ ...

"ပြောပြဆိုရင်တော့ အိမ်ကိုပဲ စကားပြောရတော့မှာပဲ၊ ကျွန်မအိမ်မှာ အိမ်သားဆိုလို့ ကျွန်မ တစ်ယောက်တည်း ရှိတာလေ"

"ဩော် ... ဟုတ်သားပဲ၊ ဆောရီး၊ ဒါဆို မင်းက တစ်ယောက်တည်းနေတာပေါ့၊ ဆွေမျိုးသားချင်းတောင် မရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မရှိဘူး မန်နေဂျင်း၊ ကျွန်မ နောက်ကို လှည့်ကြည့်လိုက်ရင် အရိပ်ပဲ ရှိတယ်"

သူမက ဘာမှမဖြစ်သလို ပြောလိုက်တာ ဖြစ်သော်လည်း သူကတော့ အဲဒီအပြောအတွက် စိတ်မကောင်း ဖြစ်သွားခဲ့ရသည်။

ဘာဆက်ပြောရမှန်းတောင် မသိတော့ချေ။

သူ့အသံ တိတ်သွားသဖြင့် သူမက ...

"ပုဂံမှာ ဘယ်နှရက်လောက် ကြာမလဲဟင် မန်နေဂျင်း"

"ကိုယ်က အလုပ်ပြီးပြီးချင်း မပြန်ဘူး၊ အနားယူဦးမယ်၊ တစ်ပတ် ဆယ်ရက် ကြာမယ်"

"ဟို ... ကျွန်မ ယူနီဖောင်းလ်ပဲ ဝတ်ရမှာလား"

"သြော် ... မဝတ်ရပါဘူး၊ တစ်စုံလောက် ထည့်ချင်ထည့်ခဲ့ပါ၊ ကျန်တာတော့ casual wear (ပေါ့ပေါ့ပါးပါး ဝတ်စားဆင်ယင်မှု)ပါပဲ၊ ခရီးသွားတာ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးပဲ ကောင်းတယ်"





"သင့်ခ်ယူ မန်နေဂျင်း၊ အဘွားကိုတောင် မနက်က ကျွန်မ ပြောပြလိုက်သေးတယ်၊ အဘွားက သူ့အတွက် လက်ဆောင်ဝယ်ခဲ့ပါတဲ့"

"မင်းကို အဘွားက ချစ်နေပြီလေ"

သူက အဲဒီလို ပြောလိုက်လျှင် သူမက နောက်ကြည့်မှန်ထဲကနေ၍ ဖျတ်ခနဲကြည့်၍ လာလေသည်။ ပြီးလျှင် အကြည့်က ချက်ချင်းရွေ့သွားသည်။

ခဏကြာလျှင် သူ့နားထဲသို့ ချိုမြသော သံစဉ်တစ်ခုက စီးဆင်း၍ လာသည်။ အကြိမ်ကြိမ် ရင်ခုန်မိသော အချစ်ချက်ဝန်း ဆိုပါလား။

ဒီသီချင်းကို ဘယ်သူ ဆိုထားတာပါလိမ့်။ အဲဒီလောက်ထိ သူဟာ တာဝန်တွေကြားမှာ ပိနေသော လူတစ်ယောက်၊ လှုငယ်မပီသသော လူငယ်တစ်ယောက် ဖြစ်နေခဲ့တာပင်။



www.burmeseclassic.com

www.burmeseclassic.com





ဖွဲ့နီသည် ပုဂံကို သွားရမယ် ဆိုသဖြင့် အကြီးအကျယ် ပျော်ရွှင်လျက်ရှိသည်။ ပုဂံကို မရောက်ဖူးသေးခင်က ရောရောက်ဖူးသွားသည့် အချိန်ကရော စွဲလမ်းတမ်းတရသည် ဖြစ်ရာ နောက်တစ်ကြိမ် သွားရဖို့အတွက် အကြီးအကျယ်ပင် ရင်ခုန်ပျော်ရွှင်၍ နေသည်။





ထို့ကြောင့် ရန်ဖြစ်ပြီးလျှင် ဘယ်တုန်းကမှစ၍ ခေါ်လေ့မရှိသူ သူရဇ္ဇကိုတောင် စိတ်သဘောကြည်စွာဖြင့် စ၍ခေါ်မိသည်။

ထိုနေ့က အိမ်ပြန်လာသောအခါ တိုက်တိုက်ဆိုင်ဆိုင်ပင် သူရဇ္ဇနှင့် အိမ်ရှေ့မှာတင် ဆုံသည်။ သူက ရှုတည်တည်နှင့် မျက်နှာထားဖြင့် မခေါ်သော်လည်း ဖွဲ့နီကတော့ ပျော်နေသူပီပီ ...

"ဟေး ... သူရဇ္ဇ ... ပြန်လာပြီလား"

"မြင်ရဲ့သားနဲ့ လာမေးနေသေးတယ်"

သူက ဖွဲ့နီကို လာရောနေတယ်ဟူသော ဒိုင်းဖြင့် ပြောတာဖြစ်သော်လည်း ဖွဲ့နီက စိတ်မဆိုးမိဘဲ ...

"ကလေးပေါက်တွေ လုပ်မနေစမ်းပါနဲ့၊ ငါ နင့်ကို ပြောစရာရှိလို့"

"ဘာလဲ၊ နင် ငါ့ကို ကြိုက်လို့လား"

"ဘာ ... နင် သေချင်နေလား၊ ပေါက်ကရတွေ လျှောက်မပြောနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ ငါတို့ ယောကျ်ားလေးတွေကတော့ မိန်းကလေးတစ်ယောက်ကို ရည်းစားစကား ပြောဖို့ကြံရင် ဒီလို Intro စဝင်တာပဲ ...

ကဲပါ ... ငါက နင့်ကို နောက်တာပါ၊ နင် ငါ့ကို ရာသီဥတုကောင်းကောင်းနဲ့ စကားစလာပုံထောက် နင် ပျော်နေတာပဲ ဖြစ်ရမယ်"

"အေး ... ငါ ပျော်နေတယ်"

"ဟုတ်လား၊ နင့် မန်နေဂျင်းက နင့်ကို ရည်းစားစကား ပြောလိုက်လို့လား"

ဖွဲ့နီသည် ဒီတစ်ခါတော့ ပါးစပ်က မပြောဘဲ လက်ကပင် တဖြောင်းဖြောင်း ပိတ်ရိုက်ပစ်လိုက်လေသည်။

"အားလားလား ... နာလိုက်တာ။ ရှက်ရမ်း ရမ်းတာလည်း နာလိုက်တာဟာ"

"သူရဲ့ ...နင်က စကားအကောင်းနဲ့ကို မတန်တဲ့ကောင်တော်ပြီ၊ နင့်ကို လူရာသွင်းပြီး မပြောတော့ဘူး"





"ပြောပါဟာ၊ ငါ မနောက်တော့ပါဘူး"

သူက အတည်အတံ့ပုံစံဖြင့် ပြောသဖြင့် ဖွဲ့နီက ဖွင့်ဟလိုက်ကာ ...

"ငါ ပုဂံသွားမလို့"

"ပုဂံ ! ...၊ ဘုရားဖူးလား၊ ဘာနဲ့ သွားမှာလဲ၊ စိန့်ဝင်းနဲ့ ရောင်းရင်းများ ကားကြီးနဲ့လား၊ ရွှေကြေးစည်နဲ့လား ... ဟာ ... နင်ကလည်း ငါ့ကိုတော့ ကြို့မပြောဘူး၊ ငါပါ လိုက်မှာပေါ့ဟ"

"ကျွတ် ... နင် ထင်တာတွေ တစ်ခုမှ မဟုတ်ဘူး၊ ငါ့ မန်နေဂျင်းက ပုဂံကို အလုပ်ကိစ္စနဲ့ သွားမှာပါဟာ၊ အဲဒါ ငါ ပို့ပေးရမှာ ...

ဘာပဲဖြစ်ဖြစ်ပေါ့ဟာ၊ ပုဂံကို ရောက်မှာဆိုတော့ ငါက ပျော်တာပေါ့၊ နင် သိတဲ့အတိုင်း ငါက ခရီးတွေ အရမ်းထွက်ချင်တဲ့ မိန်းမလေး ...

ဒါပေမဲ့ မန်းနီးမှ မပေါ်တာ၊ သိတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာ ... ဘာ ... ပြန်ပြောစမ်းပါ၊ နင်နဲ့

သူဌေးနဲ့ သွားမယ်၊ ဟုတ်လား"

သူရဇ္ဇရဲ့ မျက်လုံးပြူး မျက်ဆန်ပြူး ပုံစံကို ဖွဲ့နီ မျက်စောင်းတစ်ချက် ပိတ်ထိုးပစ်လိုက်လေသည်။

"ငါတို့နှစ်ယောက်တည်း မဟုတ်ပါဘူးဟဲ့၊ သူ့ရဲ့အတွင်း ရေးမှူး မဦးမေ ဆိုတဲ့ အစ်မကြီးလည်း ပါပါတယ်"

ဒါကိုပင်လျှင် သူရဇ္ဇက ကျေနပ်သေးဟန်မတူ ခေါင်းတယမ်းယမ်းဖြင့် ...

"နင့်ဘော့စ်ကလည်းဟာ ပုဂံများ လေယာဉ်နဲ့ သွားလို လည်းပြီးရော၊ သက်သက်ဝေးအောင်"

မိန်းမနှစ်ယောက်ကို ကိုယ်ရံတော်လို ခြံရံပြီး သူ သွားဦးမယ်။ ကျွတ် ... ပိုက်ဆံရှိတဲ့ကောင်တွေ အဲဒါတွေ ကြည့်မရတာပဲ။ အရမ်းစတိုင်လ်ထုတ်ကြတယ်။ ငွေရှိရင် ဘာမဆို တင့်တယ်တယ်ပဲ ထင်နေကြတာ"

သူရဇ္ဇရဲ့ မန်နေဂျင်းအပေါ် မကျေနပ်သလို အပြော ကို ဖွဲ့နီက အံ့သြစွာကြည့်လျက် ...





"ဟဲ့ ... သူရဇ္ဇ။ နင် ပြောနေတဲ့ပုံက မန်နေဂျင်းကို အသားလွတ်ကြီး မုန်းနေတဲ့ပုံပဲ"

"မမုန်းပါဘူး။ ယောကျာ်းချင်း မုန်းစရာလား။ ငါက ကြည့်မရတာ"

"ဟယ် ... ကြည့်မရ,ရအောင် နင်က မန်နေဂျင်းနဲ့ ဘယ် တုန်းက တွေ့ဖူးကြလို့လဲ၊ နင့်ကို သူက ဘာလုပ်နေလို့လဲ"

သူရဇ္ဇက မျက်လုံးများကို မှေးကျဉ်းပစ်လိုက်ရင်း ...

"ဘာလုပ်နေလို့လဲ ... ဟုတ်လား။ မိန်းမတစ်ယောက်ကို ဒရိုင်ဘာခန့်တဲ့ ကောင်မို့ကို ကြည့်မရတာ။ နင်သာ ရှုး ကြောင်ကြောင် အတွေးအခေါ်နဲ့မို့ အဲဒီကောင်ဆီမှာ ဒရိုင် ဘာသွားလုပ်နေတာ ...

ငါ အဲဒီကောင်ကို တမင်မြင်ဖူးအောင်ကို သွားကြည့် ထားပြီးသား။ နင်က ရှေ့က မိန့်မိန့်ကြီး ကားမောင်းတာ ကို နောက်က ခပ်တည်တည်ကြီးနဲ့ ဂိုက်ပေးပြီး စီးနေတာ ...

မျက်စိထဲ လုံးဝ ခရော့စ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့နီသည် သူရဇ္ဇရဲ့ ခံစားချက်အပြည့်နှင့် အပြေ
ကို ဘာပြန်ပြောရမှန်းမသိ ငေးကြောင်ကာ ကြည့်နေမိသည်။

"ဒီကောင် ကြည့်ရတာ ငါတို့နဲ့ ရှယ်တူလောက်ပါပဲဟ
ငယ်ရင်တောင် ငယ်နေဦးမယ်။ ယောက်ျားလေးပဲ မန်နေ
ရာထူးမကလို့ ဘာပဲဖြစ်နေဖြစ်နေ ကိုယ့်ဟာကိုယ် မော
ပါလား"

"တော်ပြီ ... တော်ပြီ။ နင် ဆက်မပြောနဲ့တော့ သူရဇ္ဇ"

ဖွဲ့နီက ရန်မဖြစ်ချင်တော့သဖြင့် စကားကို အသ
ဖြတ်ကာ အိမ်ထဲဝင်ဖို့ လှည့်ထွက်ဖို့ပြင်သည်။ သို့သော် သူရဇ္ဇက
ဖွဲ့နီ့ရဲ့ လက်တစ်ဖက်ကို ဖျတ်ခနဲ လှမ်းဆွဲထားလိုက်သည်။

"ဟင် !... နင် ဒါ ဘာလုပ်တာလဲ"

သူရဇ္ဇက ဖွဲ့နီကို မှတ်သိပ်သော မျက်လုံးများဖြင့်
ကြည့်လျက် နေလေသည်။

"ဖွဲ့နီရာ နင် ပုဂံကိုလည်း မသွားပါနဲ့။ အဲဒီကောင်ဆီမှာ
လည်း အလုပ်မလုပ်စမ်းတော့ပါနဲ့ ...





နင့်ကို ငါ အဆင်ပြေအောင် ထားပါ့မယ်။ နင်
အလုပ်လုပ်နေတာကို ငါ မကြည့်ရက်လို့ပါဟာ"

ဖွဲ့နီသည် တစ်ခါမှ မကြားဖူးသော စကားလုံးများ
ကြောင့် မျက်လုံးများပင် အထိတ်တလန့် ပြူးလာသည်အထိပင်။

"ဘာ ... ဘာရယ်။ နင် ဘာစကားတွေ လာပြောနေတာလဲ
သူရဇ္ဇ"

အဟုတ်ကိုပင် သူရဇ္ဇရဲ့ စကားတွေကို ဖွဲ့နီ နားမလည်
ချေ။ တစ်သက်လုံး အတူကြီးပြင်းလာသော သက်တမ်းတစ်လျှောက်
လုံးမှာ သူ ဒါမျိုးပြောတာ တစ်ခါမှမကြုံဖူးခဲ့။ အမြဲတမ်း ဘုဆောက်
ကျနေတတ်သော သူတစ်ယောက်ဆီက ဘာအဓိပ္ပာယ်မှန်း မသိ
သော စကားမျိုးတွေ ကြားရခြင်းအတွက် နားဆန်းနေရ၏။

သူရဇ္ဇက ဖွဲ့နီကို အရည်တွေလဲ့ဖြာနေသော မျက်ဝန်း
များဖြင့် စိုက်ကြည့်လျက် ...

"နင့်ကို ချစ်တယ်ဆိုတဲ့ အဓိပ္ပာယ်ရှိတဲ့ စကားတွေပဲ ဖွဲ့နီ။
ငါ အစကတော့ ဒီစကားတွေပြောဖို့ ရည်ရွယ်ချက် မရှိ
ပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အခြေအနေကတော့ ဒီလိုပဲ ဖွင့်ပြောဖို့ ဖြစ်လာခဲ့ပြီ။ ငါချစ်တဲ့ မိန်းကလေးတစ်ယောက်က တခြား ယောက်ျားတစ်ယောက်ရဲ့ ဒရိုင်ဘာ ဖြစ်နေတာကို ငါလုံးဝ မမြင်ချင်ဘူး ...

အခုလို ခရီးဝေးတစ်ခုကို အတူသွားဖို့ဆိုတာတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ မခံစားနိုင်ဘူး ဖွဲ့နီရာ ...

နင် ငါ့ကို ပြန်ချစ်ပါ။ ပြီးတော့ လက်ထပ်ပါ”

“အဓိပ္ပာယ်မရှိတာပဲ သူရဇ္ဇ။ နင် ဘာတွေ လာပြောနေတာလဲ။ ငါ့ဘာသာငါ ဒရိုင်ဘာလုပ်တော့ရော ဘာဖြစ်လဲ ...

ငါ မကောင်းတာ လုပ်စားနေတာမှ မဟုတ်တာ။ ငါ့ဘာသာ သိက္ခာရှိရှိ ကားမောင်းတယ်။ အလုပ်လုပ်တယ် ...

နင် ငါ့ကို ဘာမှ လာသနားနေစရာလဲ မလိုပါဘူး”

“နင့်အတွက် ဒီလောက် အလုပ်ရှားလား။ ဒီအလုပ်ကိုမှ နင်က တန်းတန်းစွဲဖြစ်နေရအောင် ဒီအလုပ်က နင့်အတွက် ဘာတက်လမ်းတွေများ ရှိနေလို့လဲ ...





ကျွတ် ... လိုင်းတွေ ချော်ကုန်ပြီကွာ။ ဖွဲ့နီ နင့်ကို ငါ ဟိုးအရင်ထဲက ချစ်နေတဲ့ကောင်ပါဟာ။ နင် ငါ့ကို နားလည်စမ်းပါ”

“ဆောရီး သူရဇ္ဇ။ ငါ နင့်ကို မချစ်ဘူး။ ငါ့ကို နားမလည်တဲ့ နင့်ကို ငါကလည်း နားမလည်ဘူး ...

ဖယ်ဟာ ငါ သွားတော့မယ်”

“အေးပေါ့ ဖွဲ့နီ။ နင်က တကယ့် ရတနာတွင်းကြီးတစ်တွင်းလုံး တွေ့ထားမှတော့ ငါလိုကောင်ကို ဘယ်အနား ကပ်ခံတော့မလဲ ...

သဘာဝကျပါတယ်။ နင်လည်း ဈေးတွက်တွက်တဲ့ မိန်းမတွေထဲက တစ်ယောက်ပဲ။ နင့်ကို ငါ အထင်ကြီးခဲ့တာတွေ အလကားပဲ”

ဖွဲ့နီသည် သူရဇ္ဇရဲ့ စကားကြောင့် ဒေါသတွေ ဆောင်းခနဲ ထွက်သွားလျက် သူ့ကို ရူးရူးရဲရဲပင် စိုက်ကြည့်မိသည်။ သူကလည်း စိန်ခေါ်သလို မျက်လုံးမျိုးဖြင့် တန်ပြန်စိုက်ကြည့်၍နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်ကိုရော ဘယ်သူက အထင်ကြီးခိုင်းခဲ့လို့လဲ။ နင်က လူတစ်ဖက်သားကို စော်ကားတဲ့ မျက်လုံးနဲ့ပဲ ကြည့်တတ်တဲ့ကောင်။ အလကားလူ"

သွားစေ့ကာ ပျစ်ပျစ်နှစ်နှစ်ပြောသော ဖွဲ့နီရဲ့ စကားကို သူကလည်း နှာကြည်းခံရခက်ပုံဖြင့် ခနီးခနဲ့ ရယ်မောကာ ...

"ဟုတ်တာပေါ့၊ ငါက အလကားလူ။ နင့် မန်နေဂျင်းက တော့ ကုတ်ကမြင်း ... ဟား ဟား ဟား"

"သူရဇ္ဇ ... နင် မမိုက်ရိုင်းနဲ့နော်။ နင်ကသာ သူများအပေါ် ဂျယ်လက်ဆီ ဖြစ်နေတာ နားလည်ရဲ့လား"

"ဟုတ်ပါတယ်။ နင်တို့ကတော့ သိပ်ရိုးသားတယ်။ ရိုးသားလွန်းလို့ပဲ သန်လျင်က ခြံမှာတောင် အလုပ်သွားဆင်းကြတာ ...

နင်တို့ ကုမ္ပဏီက သန်လျင်မှာ ပြောင်းဖွင့်ထားမှန်း ငါ အခုမှပဲ သိတော့တယ်။ နင် အထိမနာပါစေနဲ့လို့ပဲ ငါ ဆုတောင်းပေးပါတယ် ဖွဲ့နီ"





သူရဇ္ဇရဲ့ စကားကြောင့် ကြောင်သွားသော ဖွဲ့နီဟာ ဘာစကားမှ ပြန်မပြောနိုင်ခင်မှာပဲ သူက ချာခနဲ လှည့်ထွက်၍ သွားလေသည်။

သူ ထွက်သွားသော်လည်း သူ ပြောသွားခဲ့သော စကားတွေကတော့ ဖွဲ့နီရဲ့ နားထဲမှ မထွက်ချေ။ ဘုရားသခင် ... လူတွေဟာ သူ ပြောသလိုပဲ ဖွဲ့နီကို မန်နေဂျင်းရဲ့ အနားမှာ တစ်စုံတစ်ရာ မျှော်ကိုးနေသော ဆန္ဒနဲ့ နေနေသည်ဟု ထင်နေကြမလား။

ငွေကြေးချမ်းသာသော ယောကျ်ားတစ်ယောက်ရဲ့ အနားကို ရောက်နေသော ငွေဂုဏ်ကြေးဂုဏ် ဘာတစ်ခုမှ မရှိသော မိန်းကလေးတွေကိုဆိုလျှင် လူတွေဟာ ဒီလိုပဲ နှိမ်ချတွေးတတ်ကြသလား။

ဘယ်လိုမှ လိုက်လို့နားမလည်နိုင်တော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၈)

သူရယ်၊ ဖွဲ့နီနီရယ်၊ သူ့အတွင်းရေးမှူး မဦးမေရယ် သုံးယောက်သာ ပါဝင်သော ကားဟာ နံနက်ငါးနာရီလောက်တည်းက ရန်ကုန်က ထွက်လာခဲ့တာ ဖြစ်သည်။ ကားစထွက်ပြီဆိုကတည်းက သူက သူမကို စကားစထားခဲ့တာ ဖြစ်၏။





"ဖွဲ့နီ … ဒီခရီးမှာ ကိုယ်နဲ့မင်းနဲ့ အတူမောင်းကြမယ်နော်"

"မဟုတ်တာ၊ မန်နေဂျင်း ဘာသာ အေးအေးဆေးဆေးပဲ နေပါ၊ ဒါ ကျွန်မ တာဝန်ပါ"

"ကိုယ့်ကို ကွန်ပလိန်းမတက်နဲ့တော့ ဖွဲ့နီ၊ ဒီခရီးကို ကားနဲ့သက်သက် ထွက်လာတာ ကိုယ်လည်း ဟိုင်းဝေးမောင်းချင်လို့ပဲ …

ရန်ကုန်ကနေ တောင်ငူအထိ မင်းမောင်းပါ၊ တောင်ငူကနေ မိတ္ထီလာအထိ ကိုယ်မောင်းမယ်"

ဖွဲ့နီမှာ ဘာမှမပြောသာတော့ချေ။ သူက တစ်ဖက်ခလာသော ကားတွေကို ကြည့်ပေးရအောင် အလို့ငှာရော၊ လွတ်လွတ်လပ်လပ်ပဲ နေချင်သည့် ဆန္ဒအရရော သူမရဲ့ဘေးခုံမှာ ထိုင်ဖြစ်သည်။

သူမရဲ့ဘေးမှာထိုင်လျက် သူမ ကားမောင်းနေပုံကို သိမ့်သာ ခိုးကြည့်ရတာကိုက သူ့အတွက် တစ်မျိုး ရင်ခုန်ကျေပ်ဖွယ် ကောင်းပါသည်။ သူ့ဘဝတွင် မိန်းမချောပေါင်းများစွာကို တွေ့ခဲ့ရဖူးသည်။ U.S မှာ နေတုန်းကရော၊ ဒီပြန်ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



တော့လည်း သူတို့ အသိုင်းဝိုင်းတွေမှလုပ်သည့် ပွဲတွေတွင် ဂုဏ်ရည်တူ ကောင်မလေးများစွာနှင့်ရော။ အဲဒီ အလှအပတွေဟာ တွေ့တုန်းခဏသာဖြစ်လျက် စိတ်ထဲမှာ စွဲထင်ကျန်ရစ်ခဲ့သည်လို့ ကို မရှိခဲ့ချေ။

အဲဒီအလှအပတွေထက် ပို၍လှပတယ်လို့လည်း တိတိကျကျ ပြော၍မရသော ဒီအရိုင်းစံပယ်လေးကိုမှ သူဟာ လှပသည်ဟု ဘာကြောင့်ထင်မိရတာပါလိမ့်။ သူ့နံဘေးမှာ ကား ကို ကျွမ်းကျင်စွာ မောင်းနေသော ဖွဲနီနီဟာ ကျောလယ်လောက် ရှိသည့် ထူထူအိအိ ဆံနွယ်တွေကို နောက်သို့ အပြောင်လှန်သိမ်းကာ ခေါင်းစည်းကွင်းကြီးတစ်ခုနှင့် သေချာစွာ စည်းနှောင်ထားသည်။

အဖြူရောင် လည်ထောင်အင်္ကျီနှင့် ဂျင်းပန်အပြာ ရင့်ရင့်ကို တွဲဖက်ဝတ်ဆင်ထားသော သူမဟာ ဘာမှ ထူးထူးကဲကဲ ပြင်ဆင်မထားပါဘဲနှင့်ကို ကြည့်ကောင်းလွန်းသူဖြစ်၏။ အထူး သဖြင့် ရိုးသားပွင့်လင်းသော အပြောအဆိုတွေနှင့် ရဲရင့်တိကျ သည့် မျက်ဝန်းတစ်စုံက သူမကို ပို၍တောက်ပ အရောင်လက် စေတာ ဖြစ်လေသည်။





"ဒါ မင်းရဲ့ ပထမဆုံး ဟိုင်းဝေးခရီးလား ဖွဲနီနီ"

သူက သူမ ပျင်းနေမည် စိုးသဖြင့် စကားစပေးလိုက်သည်။

"ဟုတ်ကဲ့ မန်နေဂျင်း"

"တလောကပဲလေ၊ မြန်မာနိုင်ငံက အမျိုးသမီးတစ်ယောက် နိုင်ငံခြားက ကားပြိုင်ပွဲမှာ First Lady ဆုရော၊ တာ့ထွက် ကနေ ပန်းဝင်တဲ့အထိ မောင်းနိုင်တဲ့ ဖွဲစွမ်းရည်ဆုရော နှစ်ဆုတောင် ရသွားတာ မင်း သိလား"

"ဟုတ်ကဲ့၊ ကျွန်မ ဂျာနယ်ထဲမှာ ဖတ်ရပါတယ်"

"မင်း အဲဒီလို ဖတ်ရတော့ ဘယ်လိုခံစားရလဲ"

"ကျွန်မတို့ နိုင်ငံဂုဏ်ကို ဆောင်တဲ့အတွက် ဂုဏ်ယူတယ်၊ နောက် သူဟာ မြန်မာအမျိုးသမီးတစ်ယောက် ဖြစ်လို့ ဝမ်းသာတယ်၊ ချီးကျူးတယ်၊ သူ့ကိုလည်း အားကျတယ်၊ အထူးသဖြင့် မိန်းကလေးတွေဟာ ယောကျ်ားတွေလိုပဲ စွမ်းဆောင်နိုင်ပါလားဆိုတဲ့ အသိနဲ့ ကျေနပ်တယ်၊ ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို မိန်းမမျိုးတွေကို အရမ်းသဘောကျတယ်၊ အဓ
လည်း ယူတယ်"

သူမရဲ့ အားတက်သရော အပြောစကားတွေ
သူက ကျေနပ်စွာဖြင့် ပြုံးမိသည်။ ကိုယ်ကလည်း မင်းကို အဲဒ
မျိုးပဲ ဖြစ်စေချင်တာပါ ဖွဲ့နီနီရယ်။

"ဟုတ်တယ် ဖွဲ့နီနီ၊ မ,လည်း အားပေးတယ်၊ ဖွဲ့နီကိုကြ
ရတာ Talent ရှိတဲ့ပုံပါ၊ မြင်တာနဲ့ Sharp ဖြစ်မှ
သိသာစေတယ် ...

ဘဝမှာ သေချာလေ့လာဆည်းပူးပြီး သေချာတိုးတ
အောင် လုပ်ပါ၊ မင်းလုပ်ရင် အရာရာဟာ ဖြစ်နိုင်မှာပ"

"သင့်ခ်ယူ မမဦးမေ"

သူမကို နောက်ထဲတွင် ထိုင်နေသော သူ့ရဲ့အတွင်
ရေးမှူး မဦးမေက ဝင်၍ စကားပြောခြင်း ဖြစ်ပါသည်။ တက
ကိုပဲ သူမဟာ မြေတောင်မြှောက်ပေးလျှင် ပေးသလို မြင့်မားသွာ
မည့်သူ ဖြစ်သည်။





သူမကို သူ ဘာကြောင့် ပျော်ရွှင်စေချင်မှန်း၊ သူမ
ဘဝကို မြင့်မားသာယာစေချင်မှန်း သူ့ဘာသာပင် သူ မတွေး
ဘတ်တော့ချေ။ သေချာတာတော့ ငြိမ်းချမ်းအေးမြမှုတွေ ထင်
ဟပ်နေသည့် မျက်နှာတစ်ခုထံသို့ လှမ်းကြည့်လိုက်တိုင်း သူပါ
ငြိမ်းချမ်းအေးမြသွားသည် ဆိုတာတော့ အသေအချာပဲ ဖြစ်လေ
သည်။

"မိတ္တီလာကို ညနေ လေးနာရီလောက် ဝင်လိမ့်မယ်
မန်နေဂျင်း၊ ပုဂံကို တစ်ခါတည်း ဆက်မောင်းမလား"

"အင်း ... တစ်ခါတည်းပဲ သွားကြတာပေါ့"

သူမက အိုခေဟု တိုးတိုးရေရွတ်ကာ ရှေ့မှ ဆယ
ဘီးကားကြီးကို ဟွန်းပေး၍ ကျော်တက်လိုက်လေသည်။ ဒီလိုနှင့်
ဘားနားမှာ ငေးမောရင်း၊ သူမက ကိုယ့်နံဘေးမှာ ထိုင်ပြန်ရင်း
နှင့် ရန်ကုန်–ပုဂံ ခရီးစဉ်သည် သူ့အတွက် မြေကြောတွေ ချုံ့
ဘားသလို တိုတောင်းလျှင်မြန်စွာဖြင့် ရောက်ရှိသွားခဲ့တော့တာ
ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





ပုဂံ၏ မိုးဦးရာသီသည် စိမ်းမြစိုလွင်သော အစေ အထားနှင့် သူ့ကို ကြိုဆိုနေခဲ့သည်။ ပုဂံကို ရောက်သွားတာနှင့် ကိုယ့်ကိုယ်ကိုယ်တောင် ရာဇဝင်ထဲက လူတစ်ယောက်လို ပြန်ဖြ သွားသလို ခံစားရသည်မှာ လွမ်းမောဖွယ်ကောင်းသော ရှုခင်းမျာ ကြောင့်ပဲ ဖြစ်ပါမည်။





မြေနီလမ်းတွေပေါ် မိုးပေါက်တွေ ကျဆင်း၍ ထွက်ပေါ်လာသော မြေသင်းရနံ့ဟာ ရန်ကုန်မှာ ဘယ်လိုမှ မရနိုင်သော ရနံ့တစ်မျိုးပဲဖြစ်၏။ ဝသန်ဘုန်းဏီ ဆိုသော သူ့အတွက်တော့ မြင်မြင်ရာဟာ အသစ်ပဲ ဖြစ်ပါသည်။ ရောက်ရောက်ချင်းနေ့က တော့ သူတို့တည်းမည့် သီရိပစ္စယာဆာကူရာဟိုတယ်ကိုပဲ တန်း သွားလိုက်ကြတာ ဖြစ်၏။

နောက်တစ်နေ့ နံနက်ခင်းမှ စတင်ကာ သူ့ရဲ့အလုပ် တွေကို စီစဉ်တာ ဖြစ်ပါသည်။ တချို့ကိစ္စတွေဟာ သူ တစ်ယောက် တည်း ဆုံးဖြတ်ရတာ ရှိသလို တစ်ခါတလေကျတော့လည်း မဦးမေနှင့် အကြိတ်အနယ်ပင် ခေါင်းချင်းဆိုင် ဆွေးနွေးရတာ တွေရှိ၏။ အဲဒီအခါမျိုးတွေတွင် သူမက မလှမ်းမကမ်းမှာ ထိုင် နေလျက် သူ့ကို လှမ်း,လှမ်းပြုံးပြတတ်ပါသည်။

ထိုအပြုံးလေးမှတစ်ဆင့် ခွန်အားတွေ၊ စိတ်ကြည် လင်မှုတွေ ပေးနေသည် ဆိုတာတော့ သူကလွဲ၍ ဘယ်သူမှမသိ ချေ။ ဒီလိုနှင့် သုံးရက်ပြည့်သွားလျှင် သူ့ရဲ့ အလုပ်ကိစ္စတွေ အားလုံး ပြီးစီးအဆင်ပြေသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ ညနေလေးနာရီခန့် ဖြစ်လေသည်။ သူက လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး ဖြစ်သွားသောစိတ်ဖြင့် —

"ဖွဲ့နီရေ ... အလုပ်တွေတော့ အားလုံးပြီးသွားပြီ။ မင်း လည်း ပျင်းနေရောပေါ့"

သူမက ပုဂံအမှတ်တရ မြန်မာ ဟူသော တီရှပ်ကို ဝတ်ဆင်ထားလျက် ခေါင်းလျှော်ပြီးစ မခြောက်တခြောက်ဆံနွယ် တွေကို ဒီအတိုင်း ဖြန့်ချ၍ ထားလေသည်။

အထူးဆန်းဆုံးမှာ သူမ မျက်နှာပေါ်က သနပ်ခါး တွေပဲဖြစ်သည်။

သူ့အပြောကို သူမက အပြုံးတစ်ပွင့်ဖြင့် ခေါင်းခါ ပြလျက် ...

"မပျင်းပါဘူး မန်နေဂျင်း၊ ဒီနေရာကို ရောက်နေတာ ပျင်းစရာကောင်းလို့လား"

"မင်း တစ်ယောက်တည်းဆိုတော့ ပျင်းနေမလားလို့ပါ။ ဘယ်သွားချင်လဲ ဖွဲ့နီနီ"





"မမဦးမေကိုရော မေးကြည့်လိုက်ဦးလေ"

"သူလား။ သူ့ကိုတော့ ထည့်မစဉ်းစားနဲ့တော့။ သူလည်း တော်တော် ခေါင်းပူသွားလို့နဲ့တူတယ်၊ သူ့အဆက်နဲ့သူ ခေါင်းဆေးတော့မယ်"

သူ့စကားကို နားမလည်သလို မျက်တောင်တွေ တဖျတ်ခတ် ပုတ်ခတ် လုပ်နေသော သူမကို ရယ်ချလိုက်ရင်းမှ ...

"မဦးမေရဲ့ ရည်းစားက ဒီပုဂံပရောဂျက်က မန်နေဂျာလေ၊ ပုဂံမှာနေမဲ့ ကျန်တဲ့တစ်ပတ်လောက်ကို သူ့အဖော်နဲ့သူပဲ အချိန်ဖြုန်းတော့မှာပေါ့"

"ဩော် ... ဒီလိုလား"

"ဟုတ်တယ်၊ အဲဒီလိုပဲ၊ ကဲ ... ဘယ်သွားချင်လဲ"

သူက သူမကို မေးဆတ်၍ တစ်ချက်စိုက်ကြည့်ကာ မေးလိုက်လျှင် သူမဟာ ပြုံးယောင်ယောင်ဖြင့် ခေါင်းငုံ့၍ သွားလေ သည်။ ပြီးတော့မှ ခပ်တိုးတိုးလေသံဖြင့် ...

"ကျွန်မက မန်နေဂျင်း သွားချင်တဲ့နေရာကို ပို့ပေးရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"နီး ... နီး ...၊ ကိုယ့်ဆီမှာ အဲဒီ want to ဆိုတဲ့ ဟာကြ
မရှိတော့ဘူး၊ ဒီအချိန်မှာ ကိုယ့်ဦးနှောက်ကို အပြည့်အ
လွတ်လပ်ခွင့် ပေးထားတယ် ...

ဘာရွေးချယ်မှု၊ ဘာဆုံးဖြတ်မှုမှ မလုပ်ဘူး ...

အရာအားလုံး မင်းကိုပဲ ကိုယ် အားကိုးတော့မယ်"


သူ့ရဲ့နောက်ဆုံးစကားကိုတော့ သူမက သူ့ကိုလှ
ကြည့်လျက် ခပ်တိုးတိုး ရယ်လေသည်။ ပြီးလျှင် စွဲမက်ဖွယ်
လေသံတစ်မျိုးဖြင့် ...

"ကျွန်မတို့ ဖူးဘုရားမှာ မြစ်လေ သွားရှုကြမယ်လေ
မကောင်းဘူးလား"

ခေါင်းညိတ်ပြဖို့ကို မေ့လျော့နေသည်အထိ သူမရဲ့
မေးစေ့က အချိုင့်လေးထဲမှာ ခိုဝင်နားစက်ချင်စိတ်တွေက ရင်မှာ
ကြီးစိုးနေခဲ့တာပဲ ဖြစ်တော့လေသည်။







ဖူးဘုရားသို့ ရောက်မသွားခင် သူမက သူ့ကို ရွှေစည်းခုံဘုရားသို့ အရင်ခေါ်သွားသေးသည်။ ပြီးလျှင် ဘုရားသမိုင်းတွေကိုပါ ရှင်းပြသေးသဖြင့် သူ့မှာ အံ့သြရသေးလေသည်။

"မင်း ဂိုက်ဒ်တော့ မလုပ်ဖူးပါဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ဖူးပါဘူး မန်နေဂျင်းရဲ၊ မန်နေဂျင်းတို့ အလုပ်လုပ်နေတဲ့ သုံးရက်အတွင်းမှာ ကျွန်မ ပုဂံအကြောင်းကို လေ့လာထားတယ်လေ"

သူက စိတ်ထဲမှနေ၍ သူမကို ကျိတ်၍ ချီးကျူးလိုက်သည်။ သူမဟာ သူထင်တာထက်ကို အကင်းပါးလျက် ထိုးထွင်းသိမြင်နိုင်စွမ်းလည်း ရှိပြန်ပါသည်။

"ရွှေစည်းခုံဘုရားက ညမှာဖူးတာ ပိုပြီးမသပ္ပာယ်ဘူးလား မန်နေဂျင်း"

"အင်း ... ဟုတ်တယ်၊ အရမ်းသပ္ပာယ်တယ်၊ ညမှာ ကိုယ် တစ်ခါမှ မဖူး,ဖူးဘူး၊ ကျေးဇူးပဲ ဖွဲနီ၊ စိတ်ထဲမှာ အရမ်းအေးချမ်းသွားတယ်"

"ကျွန်မက မန်နေဂျင်းကို ကျေးဇူးတင်မိနေတာပါ၊ ပုဂံကို ရောက်ခွင့်ရတဲ့အတွက် အရမ်းပျော်ရွှင်ပါတယ်"

"မင်း ဒီအချိန်မှာ တစ်ယောက်ယောက်ကိုများ သတိမရမိဘူးလား"





သူက သူမကို သွေးတိုးစမ်းသလိုနှင့် မေးလိုက်တာဖြစ်သည်။ သူမက ပြုံးရိပ်သမ်းသော နှုတ်ခမ်းများဖြင့် ...

"ကျွန်မ ဖေဖေ့ကို သတိတော့ ရမိပါတယ်၊ ဒါပေမဲ့ မှန်တာပြောရရင်တော့ စိတ်ထဲမှာ ဘယ်သူ့ကိုမှ တမ်းတနေတယ်လို့ မရှိပါဘူး ...

လက်ရှိ အခြေအနေကိုပဲ ကျွန်မ အာရုံအပြည့်ထားထားတယ်၊ ပြီးတော့ မန်နေဂျင်းရဲ့ စိတ်ကို ဘယ်လို Relax ဖြစ်အောင် လုပ်ပေးနိုင်မလဲ ...

အဲဒါကိုပဲ တွေးပါတယ်"

သူမရဲ့ အပြောမှာ သူ့ခြေလှမ်းတွေ တုံ့ခနဲ ဖြစ်သွားသည်အထိ အဲဒီစကားရဲ့ အင်အားက ကြီးပါသည်။ သူ့ခြေလှမ်းတွေ ရပ်သွားသဖြင့် သူမက ဖျတ်ခနဲ လှည့်ကြည့်သည်။ ပြီးလျှင် ...

"ပူးဘုရားမှာ သွားထိုင်ရအောင် မန်နေဂျင်း"

ဟု ပြောလာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့တွင် ဘယ်ကိုသွားချင်သည်၊ ဘယ်ကိုမသွားချင်ဘူးဟူသော ဆန္ဒတို့ဟူ၍ မရှိတော့ချေ။ သူမ ဖန်တီးပေးသွားသမျှတွေ အခြေအနေတွေကသာ သူ့စိတ်ကိုပို၍ အေးချမ်းစေသည်ဟူ၍ သူ လက်ခံနေရပြီ ဖြစ်သည်။

ဖူးဘုရားရဲ့ ရှုခင်းကတော့ ပို၍အေးချမ်းကာ သာယာလှပလေသည်။ ဘုရားရှိခိုးပြီးလျှင် သူနှင့် သူမက မြစ်ကမ်းပါးကြီးကို လှမ်း၍မြင်ရသော ခုံတန်းလေးမှာ အတူထိုင်ဖြစ်ကြသည်။ လရောင်အောက်တွင် ငြိမ်သက်စွာ လဲလျောင်းနေသော တန့်ကြည်တောင်တန်းကြီးကို နှစ်ဦးသားသည် ဘာစကားမှမဆိုဘဲ ငေးနေမိသည်။

အထူးသဖြင့် သူ့ရင်ထဲတွင် တစ်စုံတစ်ခုကို သေချာစွာ သိသွား၍ ဖြစ်ပါသည်။ ကြည်လင်တောက်ပသော မျက်ဝန်းရီးသားပွင့်လင်းသော အပြုံးတို့၏ ပိုင်ရှင်ကို သူ ဘယ်အချိန်ကများ စ,ချစ်မိသွားတာပါလိမ့်။ အဲဒါကို သူ စဉ်းစားနေခြင်းဖြစ်၏။





အဓိက,ကတော့ သူမရဲ့စိတ်ဓာတ်ကို သူ နှစ်သက်သဘောကျသည်။ တစ်ကိုယ်တည်း ရပ်တည်နေသောဘဝမှာသတ္တိရှိရှိ ရဲရဲရင့်ရင့်ဖြင့် ကြိုးစားနေသည့် သူမကို လေးလည်းလေးစားသလို အဲဒီ စိတ်ဓာတ်လေးကိုလည်း အထင်ကြီးတာလည်းပါသည်။

ပြီးတော့ သူ လိုအပ်နေချိန်မှာ အမြဲအသင့်ရှိနေသည့် စောင့်ရှောက်ဖေးမမှုများ တကယ့်ကို သူ့အတွက် ရင်ထဲကစေတနာပါသော စောင့်ရှောက်မှုများကိုလည်း သူ ကျေနပ်တန်ဖိုးထားသည်။ ဒါတွေအားလုံး စုပေါင်းလိုက်သောအခါ သူမကို ချစ်သွားတယ်ဟူသော အဖြေတစ်ခု ထွက်လာသလားတော့ မပြောတတ်ချေ။

"မန်နေဂျင်း"

"ဟင် ... ပြောလေ ခွဲနီ"

"ကျွန်မ ခေါ်နေတာ နှစ်ခါတောင် ရှိပြီ၊ မန်နေဂျင်း ဘာတွေ တွေးနေတာလဲ၊ ဪ ... ဆောရီး၊ ကျွန်မ သိပ်စပ်စုရာများ ကျသွားလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူက ရိုးသားသည့် သနပ်ခါးမျက်နှာပိုင်ရှင်ကို စိတ်လိုလက်ရဖြင့် ငုံ့ကာ ပြုံးပြလိုက်သည်။

"မင်း သိချင်တယ်ဆိုရင် သိခွင့်ရှိပါတယ်"

သူ့ရဲ့အပြုံးကို သူမက တစ်ခဏမျှတော့ ငေးမောနေပြီးမှ ခေါင်းတစ်ချက် ငုံ့သွားကာ မေးသင့် မမေးသင့် စဉ်းစားနေပုံရ၏။ ပြီးတော့မှ ခပ်သဲ့သဲ့လေသံဖြင့် ...

"မန်နေဂျင်း ပြောချင်တဲ့ဆန္ဒ ရှိရင်တော့ ပြောပါ"

သူက တစ်ခဏမျှတော့ ငြိမ်သက်စွာ စဉ်းစားနေမိသည်။ သူမကို သူ ချစ်နေမိတာတော့ သေချာပြီ။ သို့သော် ထိုချစ်ခြင်းတစ်ခုကို ဖွင့်ဟထုတ်ဖော်ဖို့တော့ ဆန္ဒမရှိသေးချေ။

ထိုသို့သော ခံစားချက်မျိုးကို လူကြီးမင်းတို့အနေနှင့် ခံစားဖူးကြပါသလား။ တစ်စုံတစ်ယောက်ကို ရင်ထဲမှာ မွတ်သိပ်စွာ ချစ်မြတ်နိုးနေရပြီဖြစ်သော်လည်း ဖွင့်ဟမပြောဘဲ အချစ်ကို ကိုယ်တစ်ယောက်တည်းသာ သီးသန့်ခံစားနေသည့် ဖြစ်ရပ်ကိုလေ။





သူ့အတွက်တော့ အချစ်ကို ဖွင့်ဟထုတ်ဖော်တာဆက် ဘယ်လိုအချစ်မျိုးဟာ သူမကို တိုးတက်သာယာလေလဲ၊ စိတ်ချမ်းသာစေမလဲ၊ ဒါကိုပဲ တွေးခဲ့တာ ဖြစ်ပါသည်။

ကိုယ်ချစ်သော မိန်းကလေးတစ်ယောက်ကို နံဘေးမှာထားကာ တိတ်ဆိတ်သောည၊ ခမ်းနားသော မြစ်တစ်စင်း၊ ကြည်ကြည်သော တောင်တန်းကြီးနှင့် ရာဇဝင်တို့ ရှင်သန်ရာနယ်မြေကို ခံစားရတာလောက် အဓိပ္ပာယ်ရှိသောအချိန် မရှိခဲ့ချေ။

သူ့ဘဝအတွက် မက်မောစရာကောင်းသော အချိန်များပဲ ဖြစ်ပါသည်။

"မင်း ဘာနဲ့ ကျောင်းပြီးတာလဲ ခွန်မီ"

"ရှင် ..."

အေးချမ်းကာ ယစ်မူးဖွယ်ကောင်းသောညကို ဖောက်ခွင်းပြီး မေးလာသော စကားတစ်ခွန်းကြောင့် သူမ ရုတ်တရက်တော့ အံ့သြသွားဟန် တူလေသည်။

"မင်း ဘွဲ့ရပြီးပြီ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ရပြီးပါပြီ၊ ကျွန်မ အင်္ဂလိပ်စာနဲ့ ကျောင်းပြီး တာပါ"

"ဟုတ်လား၊ မင်းအနေနဲ့ ပညာရေးကို ဆက်စိတ်မဝင်စား တော့ဘူးလား"

"ကျွန်မ စိတ်ဝင်စားပါတယ်"

"မင်းဘဝကို တစ်သက်လုံး ဒီလိုပဲ ပြီးဆုံးသွားဖို့ စဉ်းစား ထားလို့လား"

သူမက မျှော်လင့်မထားသော သူ့စကားတွေအတွက် မျက်လုံးတွေပိုင်းကာ အံ့သြနေဟန်ရှိသည်။ မအံ့သြပါနဲ့ ဖွဲနီနီ၊ ဒီအချိန်မှာ အချစ်ဆိုတာကို ရှေ့တန်းတင်လိုက်ရင် မင်းရဲ့ဘဝ တိုးတက်မှုကို နှောင့်နှေးသွားစေလိမ့်မယ်။

ပြီးတော့ ရလာမဲ့ နောက်ဆက်တွဲ အကျိုးဆက်တွေ ကလည်း လှပဖို့လမ်း မမြင်ချေ။ သူ ချစ်သော သူမကို မြင့်မား သော ဘဝနှင့်သာ မြင်ချင်လေသည်။

"ဟို ... မန်နေဂျင်းက ဘာကို ပြောချင်တာလဲ မသိဘူး"





"ကိုယ်ပြောချင်တာကတော့ မင်းဘဝကို ဒီလိုပဲ ဒရိုင်ဘာ လုပ်ပြီး ပြီးဆုံးမသွားစေချင်လို့ပဲ၊ ပြောရရင် ဒါက မင်း ဘဝအတွက် ဘာတက်လမ်းမှ မရှိဘူးလေ၊ သဘောပေါက် မလား မသိဘူး ...

ဒီအလုပ်ဟာ ဂုဏ်သိက္ခာနဲ့ မထိခိုက်တဲ့ အလုပ် ဆိုတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ ဒီဟာပြီးရင် မင်း ဘာဖြစ် လာနိုင်မှာမို့လို့လဲ"

သူ့ကိုကြည့်လာသော သူမရဲ့ မျက်ဝန်းတွေထဲ၌ အမျိုး အမည် မသိနိုင်သော အရိပ်ယောင်တွေ ယှက်သန်းလျက်ရှိနေ၏။

"မန်နေဂျင်း ဆိုလိုတာက ကျွန်မကို ဒီအလုပ်က ထွက် သွားစေချင်တဲ့ သဘောလားဟင်"

"ကျွတ် ... လွဲတယ်ကွာ၊ ကိုယ်က မင်းဘဝကို ဒီထက် မြင့်မားစေချင်လို့ ပြောနေတာ"

အဲဒီအခိုက်မှာ မော့ကြည့်လာသော သူမရဲ့ မျက် ဝန်းများသည် ပုဂံညနှင့်ထပ်တူ ရာဇဝင်ထဲမှာ အမြဲကျန်ရှိနေမည့် မျက်ဝန်းများပဲ ဖြစ်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘဝကို ဒီအတိုင်းပဲ မရပ်တန့်ထားစေချင်ပါနဲ့ ဖွဲ့နီနီ၊ week end တွေမှာ မင်း သင်တန်းတွေ တက်ပါ။ over sea မှာ ကျောင်းသွားတက်နိုင်အောင် ကြိုးစားပါ ...

မိဘပိုက်ဆံချမ်းသာမှ over seaသွားနိုင်တာ မဟုတ်ပါဘူး၊ ကိုယ့်အရည်အချင်းနဲ့ ကိုယ်လည်း သွားလို့ရပါတယ်၊ စကောလားရှစ်ရရင် မင်းအတွက် အားလုံးအဆင်ပြေသွားမယ်၊ ကိုယ် ပြောတာ နားလည်လား"

ဒီတစ်ခါ သူ့ကိုကြည့်လာသော မျက်ဝန်းများကတော့ အားမာန်တွေဖြင့် ရဲရဲတောက် အသက်ဝင်၍ နေလေသည်။

"ကျွန်မ နားလည်ပါတယ် မန်နေဂျင်း"

သူက သူမရဲ့ လက်တစ်ဖက်ကို ဆွဲယူဖျစ်ညှစ်လိုက်လျှင် သူမက မျက်လုံးဝိုင်းများဖြင့် ကြည့်လာလေသည်။ အဲဒီ မျက်လုံးဝိုင်းများကို အင်မတန်မှ ချစ်ခင်မြတ်နိုးရသော်လည်း သူ့အတွက်တော့ အချစ်တွေကို ဒီအချိန်မှာ ထိန်းချုပ်ထားရမည်သာ ဖြစ်သည်။ သူ့ခံယူချက်ကတော့ အချစ်မှာ စေတနာစစ်စစ်တစ်ခုလည်း ပါဖို့လိုအပ်မည်ဟု ထင်လေသည်။





"လူတိုင်းဟာ ဘဝရဲ့အောက်ခြေတွေမှာတော့ ခြေစုံရပ်မိကြတာပဲ ဖွဲ့နီနီ၊ အဲဒီထဲကမှ မြင့်မားတယ် ဆိုတဲ့ ဘဝကို ပိုင်ဆိုင်ဖို့ဆိုတာ လှေကားထစ်တွေကို တက်မှရမှာ ...

မတက်ဘဲနဲ့တော့ အမြင့်ကို မရောက်နိုင်ဘူး၊ ဘဝရဲ့ အမြင့်မားဆုံးနေရာကို ရောက်ဖို့ လှေကားထစ်တွေကို တစ်ထစ်ချင်း တက်သွားရမယ် ...

ဖွဲ့မလျှော့ပါနဲ့၊ ကြိုးစားပါနော်"

သူမရဲ့ လက်တွေကို အားထည့်ပေးသလိုနှင့် ဖျစ်ညှစ်ကာ ပြောလိုက်လျှင် သူမက အဓိပ္ပာယ်ပါသော မျက်ဝန်းများဖြင့် တန်ပြန်စိုက်ကြည့်၍ နေခဲ့လေသည်။

အဲဒီမျက်ဝန်းများဟာ ခေါင်းလည်းမခါ၊ ခေါင်းလည်း ညိတ်သော်လည်း အရှုံးမပေးသည့် အရိပ်အယောင်တွေ ပြည့်လျှံလျက်သား ရှိနေသည် ဆိုတာကိုတော့ အားတက်ဖွယ်ပင် သူ တွေ့မြင်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com





ပုဂံမှာ နေခဲ့သည့် ကျန်တစ်ပတ်လုံးတွင် သူနှင့် သူမအကြား သမုဒယတွေကို ပြောင်းလဲစေခဲ့တာထက် သူမရဲ့ ဘဝအတွေးအမြင်တွေကို ပြောင်းလဲစေခဲ့တာက ပိုလေ၏။

သူမကို ဒီဘဝမျိုးထက် ပို၍မြင့်မားသော ဘဝတစ်ခု ကို ဘာကြောင့် ရောက်စေချင်နေမှန်း သူကိုယ်တိုင်ပင် မရေရာ





ချ။ သေချာတာကတော့ သူမရဲ့ဘဝကို အရှိန်အဟုန်နှင့်ကို ပြောင်းလဲမြင့်မားစေချင်သည်။

ပညာနှင့် ရုပ်တည်ကာ အဓိပ္ပာယ်ရှိသော၊ ထူးချွန် ထက်မြက်သည့် မိန်းမတစ်ယောက်အဖြစ် ပို၍ဖြစ်စေချင်တာပင်။

"ရန်ကုန်ပြန်ရောက်ရင် မင်းတက်ရမဲ့ သင်တန်းတွေ ကိုယ် စီစဉ်ပေးမယ်လေ၊ လိုအပ်တာ ရှိရင်လည်း ကိုယ့်ကိုပြော ပေါ့"

"ကျွန်မ မန်နေဂျင်းရဲ့ စေတနာကို နားလည်ပါတယ်၊ ဒါပေမဲ့ နားမလည်တာ တစ်ခုလည်း ရှိတယ်"

"ဘာများပါလိမ့်"

"ဒီအတွေးတွေဟာ ပုဂံကိုရောက်မှ ဝင်လာတာလားလို့ပါ"

သူက သူမရဲ့အပြောကို လန့်ဖျပ်ပင် သွားရသည်။ သူမဟာ သိပ်ပါးနပ်သော မိန်းမတစ်ယောက်ဆိုတာ သူ ဘာကြောင့် မေ့သွားရတာပါလိမ့်။ သူမ သူ့ရင်တွင်းကိုများ ရိပ်မိသွားပြီလား။ ဒီလိုတော့ သူ မဖြစ်စေချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မင်းကို အထင်သေးတာတော့ မဟုတ်ပါဘူး ဖွဲ့နီနီ၊ ကိုယ့်ကို မျှော်လင့်စိတ်ကူးယဉ်တာထက် မင်းရဲ့ဘဝကို မြင့်မားအောင် ကြိုးစားတာက မင်းအတွက် ပိုကောင်းစေမှာပါ။

"မင်းကို ကိုယ့်ရဲ့ဝန်ထမ်းတစ်ယောက် အနေနဲ့ရော၊ ကိုယ်နဲ့ သက်တူရွယ်တူ သူငယ်ချင်းတစ်ယောက် အနေနဲ့ရော ခင်မင်ရင်းနှီးပါတယ် ...

အဲဒီအတွက် မင်းအပေါ်မှာလည်း စေတနာအပြည့်အဝရှိတယ်၊ ပြီးတော့ မင်းက အရည်အချင်း ရှိတယ်၊ ကြိုးစားလိုစိတ် ရှိတယ်၊ ဒါတွေကို ဒီအတိုင်းထားတာထက် အချိန်အတိုင်းအတာ တစ်ခုမှာ မင်းကို ကြိုးစားစေချင်တာပါ ...

မင်းဘဝ သာယာမြင့်မားရင် ကိုယ် ကျေနပ်မှာပါ"

သူမရဲ့ မျက်လုံးတွေက ဖျတ်ခနဲ အရောင်လက်သွားသည်။

"တကယ်လား မန်နေဂျင်း၊ ကျွန်မဘဝ မြင့်မားလာရင် မန်နေဂျင်း ကျေနပ်မှာလား"





"မင်းဘဝ တိုးတက်မြင့်မားတာ ကိုယ် ဘာလို့ မကျေနပ်နိုင်ရမှာလဲ ဖွဲ့နီနီရယ်"

သူ့ရဲ့ တိုးတိတ်သော အပြောအောက်တွင် သူမက္ဗာဟိုးအဝေးကြီးက ပုဂံဘုရားတွေကို လှမ်းကြည့်ကာ တိတ်ဆိတ်ငြိမ်သက်လို့ သွားလေသည်။

အဲဒီနေ့က ပြဿဒ်ကြီးဘုရား ရင်ပြင်တော်ပေါ်က နေ Sun set ကြည့်ကာ နေဝင်သွားသည်အထိ သူတို့နှစ်ဦးသား အဲဒီမှာ ရှိနေခဲ့ကြ၏။

ဟိုးအဝေးက ဆည်းလည်းသံသဲ့သဲ့ကို ကြားရလျှင် အင်မတန်ချစ်ရသော်လည်း အောင့်အည်းမျိုသိပ်ထားရသည့် ကိုယ့်နှလုံးသားကိုယ် ကျေနပ်စွာဖြင့် တိတ်တဆိတ် ပြုံးမိသွားခဲ့ပါသည်။

ထိန်းချုပ်နိုင်စွမ်းရှိသည့် အချစ်များကသာ ဘဝကို ပို၍လှပစေမှာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၉)

"Hello ... Hello ... . Long time no see.

How goes the world with you? "

သူ အိမ်ထဲသို့ ဝင်ဝင်လာချင်းမှာတင် မြေးဖက်မ တတ် ဆီးကြိုလာသော အမူအရာနှင့် အသံသာသာ နှတ်ဆက်မှ





တို့ကြောင့် သူတင်မကဘဲ နောက်ပါးမှ အထုပ်တွေ ဆွဲဝင်လာသူ ဖွဲ့နီနီပင် ခေတ္တကြောင်သွားခဲ့ရပါသည်။

သူကတော့ အဲဒီတစ်ယောက်ကို မြင်မြင်ချင်းမှာ ခဏတော့ တကယ်အံ့ဩသွားခဲ့သေးသည်။ သူမက သူ မျှော်လင့်ခ ထားခဲ့သော သူတစ်ယောက်လည်း ဖြစ်သေးသည်လေ။

"စိမ်းလန်း ! "

"မှတ်မိလို့ တော်သေးတာပေါ့ ဇာ်ကီရယ်"

သူက အံ့ဩလွန်းသဖြင့် လက်ထဲမှ ဆွဲလာသော လတ်ဂေ့ချ်ရဲ့ လက်ကိုင်ကိုပဲ ယောင်ယမ်းလွှတ်မိသွားလျှင် စိမ်းလန်း ကတော့ ချိုချိုအီအီ အပြုံးတစ်ခုဖြင့် သူ့ကို နွေးနွေးထွေးထွေး ပွေ့ဖက်နှုတ်ဆက်လိုက်တာ ဖြစ်သည်။

စိမ်းလန်းရဲ့ အပြုအမူကြောင့် သူ့မျက်နှာမှာ ချက်ချင်းပင် ရှိန်းခနဲ ဖြစ်သွားရသည်။ ထို့အတူ နောက်ပါးမှ ကပ်လိုက်လာသော သူမလည်းပဲ ဘယ်လိုနေရမှန်း မသိအောင် ဖြစ်သွားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"စိမ်းလန်း ဘယ်တုန်းက ရောက်နေတာလဲ"

စိမ်းလန်းက သူ့ခါးကို ဖက်ထားရင်းမှ ဆိုဖာပေ ထံသို့ ဦးတည်ပြီး ခေါ်လာလျှင် သူသည် ဖွဲ့နီနီကို လှည့်ကြည့် ချင်စိတ်တို့အား အထူးပင် ထိန်းချုပ်ထားရသည်။

အခုချိန်ထိ သူမရဲ့မျက်နှာကို သူ မကြည့်ရသေး ချေ။

"မန်နေဂျင်း ကျွန်မကို ခွင့်ပြုပါဦး"

သူမရဲ့ အသံကြားမှပင် သူမကို ကြည့်ဖြစ်တော့ ဖြစ်သည်။ သူမ မျက်နှာသည် ဘယ်လိုမှ အရိပ်အကဲ ဖမ်းမရ အောင်ပင် တည်တည်ကြည်ကြည်ပဲ ဖြစ်လေသည်။ သူနှင့် စိမ်းလန်းကို စူးစမ်းစိတ်၊ အကဲခတ်စိတ်၊ တရင်းတနှီး အပြုအမူ များအတွက် စနိုးစနောင့်ဖြစ်စိတ်တို့ လုံးဝရှိမနေပါ။

"သြော် ... မင်းကို တစ်ယောက် လိုက်ပို့ပေးလိမ့်မယ်လေ ဖွဲ့နီ"

"ရပါတယ်၊ ကျွန်မ တက္ကစီငှားပြီး ပြန်လိုက်ပါ့မယ်"





"မဟုတ်တာ၊ ဟော့ ... စိုးစိုး၊ ကိုသောင်းဝင်းကို ညွှန်သည် ပြန်လိုက်ပို့ပေးဖို့ သွားမှာလိုက်"

"ဟုတ်ကဲ့ရှင်"

သူက ကလေးမလေး တစ်ယောက်ကို ညွှန်ကြား ပေးပြီးလျှင် ဖွဲ့နီနီက သူ့ကို ခေါင်းညွတ်လျက် လှည့်ထွက်ဖို့ပြင် သည်။ တိုးရစ်တွေ ဝတ်လေ့ရှိသော ဖျင်သားအင်္ကျီနှင့် ဂျင်းန်း ဘောင်းဘီကို အချိုးတကျ တွဲဖက်ဝတ်ဆင်ထားသော သူမ လှည့်အထွက်မှာပဲ စိမ်းလန်းက မေးလာခဲ့သည်။

"သူက ဘယ်သူလဲ ဏီဏီ"

"သြော် ... ကိုယ့်ဝန်ထမ်းပါ"

"ဟုတ်လား၊ စက္ကရီတေရီလား"

သူ ပြန်မဖြေခင်မှာပဲ သူမ ခြေလှမ်းတို့ တုံ့ခနဲဖြစ် သွားဟန်တူသည်။ သို့သော် သူမက တစ်ချက်လေးမှ မကြည့် ဘဲ ခပ်မြန်မြန် ထွက်သွားခဲ့ပါသည်။

"မဟုတ်ပါဘူး၊ ကားမောင်းတဲ့သူပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ … ဟုတ်လား၊ ပုဂံကို သူ မောင်းတာလား"

"ဟုတ်တယ်၊ ကိုယ့်စက္ကူရီတေရီက သူ့အိမ်မှာ ဆင်းနေခဲ့ပြီ၊ ဒါနဲ့ စိမ်းလန်း ဘယ်လိုပြန်ရောက်လာတာလဲ"

စိမ်းလန်းသည် ဟိုးအရင်ကအတိုင်း သူ့ကို ကြည်နေကျ အကြည့်တွေဖြင့် တုံ့ပြန်၍ ကြည့်လာခဲ့သည်။

"မြန်မာပြည်ကို စိမ်း ပြန်ရောက်လာတာ အဲဒီလောက် အံ့သြဖို့ ကောင်းနေလား ဏီဏီရယ်"

စိမ်းလန်းက ပင့်သက်ရှိုက်ဖြာသော အသံဖြင့်ပြောကာ သူ့လက်ချောင်းတွေကို ဆွဲယူချိတ်ဆက်လိုက်လေသည်။ တကယ်တော့ စိမ်းလန်း ပြန်ရောက်လာတာ အဲဒီလောက် အံ့သြဖို့ကောင်းတာ မဟုတ်ချေ။ ပြန်ရောက်လာသော သူတစ်ယောက်အတွက် ဝမ်းသာမှုမဖြစ်မိသော စိတ်တို့ကို အံ့သြမိတာဖြစ်သည်။

"မဟုတ်ဘူးလေ၊ ကိုယ့်ကို စိမ်းလန်း ပြောခဲ့တုန်းက …"

"စိမ်းလို့တောင် မခေါ်နိုင်တော့ဘူးလားဟင်"





သူ့ကိုမော့၍ မေးလာသော စိမ်းရဲ့ လည်တိုင်ရှင်းရှင်းနှင့် ပွင့်အာစ နှုတ်ခမ်းဖူးတို့သည်လည်း ရင်ခုန်လာအောင် မစွမ်းနိုင်တော့ချေ။

"စိမ်း ဘယ်မှာနေလဲ"

"ဏီဏီက စိတ်ဝင်စားလို့လား"

သူ့မျက်နှာတစ်ခုလုံး နွေးခနဲ ဖြစ်သွားသော်လည်း ဘာမှ မဖြစ်သလိုပုံစံနှင့် ယောင်ယမ်းကာ ပြုံးလိုက်ရသည်။ သူ့စိတ်တွေဟာ ဘာကြောင့် လက်ရှိအခြေအနေမှာ စိတ်ကပ်မနေရတာပါလိမ့်။

စိမ်းကို ချစ်သူတစ်ယောက်အဖြစ် သဘောမထားနိုင်ဦးတော့ စိမ်းဟာ အမေရိကားမှာ သူနှင့်အတူတူ သုံးနှစ်လောက် ခင်မင်ရင်းနှီးခဲ့ကြသည့် သူငယ်ချင်းတွေ ဖြစ်သည်။ ရေခြားမြေခြားမှာ ခင်မင်ရင်းနှီးခဲ့သူ တစ်ယောက်အပေါ်မှာ သူ့ဘက်က နွေးထွေးမှုတွေ ဘာကြောင့် ရှိမနေရတာပါလိမ့်။

သူ့စိတ်တွေဟာ ဘာကြောင့် ဒဏ္ဍာရီဆန်သည့် မျက်ဝန်းတွေထံ ကပ်ငြိပါသွားရတာပါသလဲ။



www.burmeseclassic.com

www.burmeseclassic.com



ထိုမေးခွန်းများ၏ အဖြေကို သူ သေချာစဉ်းစားရဦးမည် ဖြစ်သည်။

"Please, ကိုယ့်ကို စကားတွေ ကောင်းကောင်းပြောစမ်းပါ စိမ်း။ စိမ်း ခဏလာတာလား၊ ဒါမှမဟုတ် ..."

"ခဏလည်း ဖြစ်ချင် ဖြစ်မယ်၊ အဲဗားလည်း ဖြစ်ချင်ဖြစ်မယ် ဏီဏီ၊ မပြောတတ်သေးဘူး ...

အဲဒါတွေက ဏီ့ အပေါ်မှာလည်း မူတည်တယ်"

စိမ်းရဲ့ အပြောတွေကတော့ ပြတ်ပြတ်သားသားပဲ ဖြစ်၏။

သူသည် စိမ်း မသိအောင် သက်ပြင်းကို အသာခိုး ရှိုက်လိုက်ရ၏။

"ဏီဏီ သွားနားလိုက်တော့လေ၊ ခရီးဝေးက ပြန်လာတာ ပင်ပန်းနေမှာပေါ့၊ နောက်မှ တွေ့ကြတာပေါ့ ...

စိမ်း ဏီဏီ့ကို ပြောစရာ စကားတွေ အများကြီး ရှိနေတယ်၊ ဏီဏီတော့ မသိဘူး"





"ကိုယ်ကတော့ အံ့သြနေတယ်"

"ဟုတ်လား၊ ဝမ်းရော မသာဘူးလား"

သူက ပြန်မဖြေဘဲ ပြုံးနေလျှင် စိမ်းက အသည်းယားသာဟန်ဖြင့် သူ့ပါးကို ဆွဲလိမ်ပစ်လိုက်လေသည်။ ပြီးတော့ အနားနားသို့ကပ်ကာ ခပ်တိုးတိုးဖြင့် ...

"ဏီက အရမ်းချောလာတယ် သိလား"

"အင်း ... မမြင်တာကြာလို့ နေမှာပါ"

"ဟုတ်ဘူး၊ သေချာတယ်။ ကဲ ... ဏီဏီ၊ စိမ်းပြန်တော့မယ်၊ စကားတွေကတော့ ပြောမဝဘူး၊ ဏီဏီ့ကို သနားလို့ ...

ဩော် ... ဏီဏီ့ရဲ့ ဒရိုင်ဘာက အရမ်းသန့်တာပဲ၊ တမင်ရွေးထားတာလား"

တကယ်ကိုပဲ ဖွဲနီနီရဲ့ရုပ်သွင်ဟာ မြင်တဲ့သူ ချီးကျူးပြောပြရလောက်အောင် သန့်ပြန့်သားနားသော ရုပ်ရည်ပိုင်ရှင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ထူးချွန်တဲ့ အမျိုးသမီးမို့ အလုပ်ခန့်ထားတာပါ"

သူ့ရဲ့ အဖြေစကားကို စိမ်းက မျက်ခုံးတပင့်ပင့်ဖြင့် ရှိကာနေလေသည်။ ကားပေါ်တက်ပြီး မောင်းထွက်ခါနီးမှ ပင် မေးလာသော စကားတစ်ခွန်းကား ...

"Are you in love ? "တဲ့ ...။

အဖြေပေးစရာ မရှိလျှင် သူ လုပ်နေကျ ထုံးစံအတိုင်း ပခုံးနှစ်ဖက် တွန့်ပြမိတော့ စိမ်းသည် ဟက်ဟက်ပက်ပက် ရယ်မောလျက် ကားကို မောင်းထွက်၍ သွားလေသည်။

စိမ်း ပြန်သွားတာနဲ့ ရင်ထဲမှာ မွှန်းကျပ်မှုတစ်ခုက ဝင်ရောက်လာလို့နေသည်။ စိမ်းနှင့် သူဟာ ဟိုးတစ်ချိန်ကတော့ ချစ်သူတွေ ဖြစ်ခဲ့ကြသည်။

အမေရိကားကို သူ ရောက်ပြီး လေးနှစ်လောက် အကြာမှာ စိမ်းနှင့် ဆုံတွေ့ခဲ့ကြခြင်း ဖြစ်သည်။ အဲဒီနောက် အဖော်ငတ်နေသော သူတို့ထုံးစံအတိုင်း ခေတ်မီပွင့်လင်းသော စိမ်းနှင့် ချစ်သူတွေ ဖြစ်သွားခဲ့ကြ၏။ နောက်တော့ လက်ထပ်ဖို့





အရေး ဆွေးနွေးချဉ်မှာ စိမ်းက မြန်မာနိုင်ငံကို လုံးဝပြန်မလိုက်တော့။ အမေရိကားမှာပဲ အခြေချတော့မည်ဟု ဆိုလာခဲ့သည်။

သူကလည်း ပညာအတွက်သာ ရောက်လာရခြင်း ဖြစ်သော်လည်း အဲဒီမှာအခြေကျဖို့ဆိုတာ လုံးဝမဖြစ်နိုင်။ နေချင်စိတ်လည်း မရှိ။ ဒီတော့ သူနှင့် စိမ်းဟာ အေးအေးဆေးဆေးပဲ နှုတ်ဆက်ခဲ့ကြတာ ဖြစ်၏။

ထိုညက သူသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျရမည့်အစား စိမ်းမေးသွားသော "ချစ်သေးရဲ့လား"(Are you in love ?)ဟူသော မေးခွန်းရဲ့ အဖြေကို တစ်ညလုံးပဲ စဉ်းစားနေခဲ့တာ ဖြစ်သည်။

အဲဒီလို စဉ်းစားချိန် တစ်လျှောက်လုံးမှာလည်း သူဟာ ဇွဲနီနီကို ခေါင်းထဲမှာ ထုတ်ပယ်လို့ မရခဲ့ချေ။ ဒီအချိန်မှာ အချစ်ဆိုသော အရာကို ဘာလဲဆိုတာ သူ အလွန်အမင်း အဖြေထုတ်ဖို့ စဉ်းစားခဲ့ရ၏။ သူဟာ စိမ်းကို တကယ်ပဲ မချစ်ခဲ့လို့လား။ သူနဲ့ စိမ်း ချစ်ခဲ့ကြတဲ့ အရွယ်ဟာ ဆယ်ကျော်သက်



www.burmeseclassic.com

www.burmeseclassic.com



အရွယ်တော့ ဖြစ်ခဲ့ကြသည်။ သို့သော် ရှုးရှုးမိုက်မိုက် အချစ်မျိုးနဲ့ ချစ်ခဲ့ကြတာတော့ မဟုတ်ပေ။

ပညာသင်ဆဲ အချစ်ကို စတင်မြည်းစမ်းဆဲ လွတ်လပ်ပေါ့ပါးသော နှလုံးသားဖြင့် ချစ်ခဲ့ကြတဲ့ အချိန်ကမို့လို့ပဲ တစ်သက်စာ စွဲမထင်ခဲ့လေသလား။

ဒါဆိုရင် တည်ငြိမ်စပြုနေတဲ့ အရွယ်က အချစ်ကရော တစ်သက်စာ စွဲထင်မှာတဲ့လား။ အချစ်စစ်ဆိုတာ ချစ်သူရဲ့ဘဝ မြင့်မားတိုးတက်တာကိုပဲ ရှေ့ရှုတယ်ဆိုရင် ဖွဲနီနီကို ချစ်မိသွားတဲ့ နှလုံးသားကမှ အစစ်အမှန်ပဲ ဖြစ်လိမ့်မည်။

ဒီ့ထက်တော့ သူ မစဉ်းစားတတ်တော့ပေ။ အချစ်ဆိုတာ ရိုးမလိုလိုနှင့် တော်တော်လျှို့ဝှက်တတ်သော အရာလည်း ဖြစ်ပြန်ပါသေးသည်။







စိမ်းသည် နောက်တစ်နေ့ နံနက်မှာလည်း သူ အိပ်...နိုးပြီးစ အချိန်မှာပင် အစောကြီး ပေါက်ချ၍ လာလေသည်။ ...လာက်မြန်မြန် ရောက်လာမယ် မထင်၍ သူပင်လျှင် ဘာမှ...တင်ပြင်ဆင်ထားခြင်း မရှိပေ။

"မောနှင်း ဏီဏီ၊ စိမ်းကို မုန့်ဟင်းခါး လိုက်ကျွေးကွာ၊ ဏီဏီက ရုံး ဘယ်နှနာရီ တက်မှာလဲ"၊



www.burmeseclassic.com

www.burmeseclassic.com



"ကိုးနာရီ သွားမှာ"

"အိုခေ ... မိတာပေါ့၊ အခုမှ (7:30)ပဲ ရှိသေးတာ၊ ရန်ကုန်မြို့က အကောင်းဆုံး မုန့်ဟင်းခါးဆိုင်ကို ခေါ်သွားမော်"

သူက မသွားချင်သဖြင့် အင်တင်တင် ဖြစ်နေသော်လည်း မာမိက ဧည့်သည်ကို လိုက်ပို့ပေးလိုက်ပါ ဆိုသဖြင့် မငြင်းနိုင်အားတော့။ သူ တစ်ယောက်တည်းသုံးသော ပြိုင်ကားပေါ်တွင် စိမ်းကို တင်ဆောင်ကာ စိန်ဥသို့ ခေါ်လာခဲ့ရ၏။

စိမ်းသည် မုန့်ဟင်းခါး ပူပူနွေးနွေးကို မြိန်ရည်ရှက်ရည်စားလျက် ...

"ညက ကိုကို အိပ်ပျော်ရဲ့လား"

"မပျော်ဘူး စိမ်း"

စိမ်းက သူ့ကို မျက်လုံးရွဲကြီးများနှင့် မော့ကြည့်လာလေသည်။ ပြီးလျှင် အသာပြုံးကာ ဘာမှမမေးချေ။ အဲဒီလို မမေးခြင်းက သူ့ကိုပို၍ အခံရခက်စေပါသည်။

"စိမ်း ဒီကို ရောက်လာတာ ကြိုဆိုရဲ့လား ကိုကို"





"ကိုယ် ကြိုဆိုပါတယ်"

"တော်သေးတာပေါ့နော်"

"စိမ်း ကိုယ့်ကို စကားပြောရင် ရိုးရိုးပဲ ပြောစမ်းပါကွာ၊ ထေ့သလိုလို မပြောပါနဲ့"

"စိမ်း အရင်လည်း ဒီလိုပဲ ပြောနေကျပဲလေ ကိုကို"

"အရင်နဲ့ အခုနဲ့ တူမှမတူတော့တာ"

"ဘယ်လိုမတူတာလဲ"

မုန့်ဟင်းခါးပင် ဆက်မစားတော့ဘဲ သူ့ကို စေ့စေ့ကြည့်လျက် မေးလာသော မေးခွန်းကို သူကလည်း ရဲရဲပင်ဖြေလိုက်သည်။

"စိမ်းနဲ့ ကိုယ်နဲ့က ချစ်သူတွေ မဟုတ်ကြတော့ဘူးလေ"

ထိုစကားကို စိမ်းဘက်မှ တစ်ခုခု တုံ့ပြန်မည်ဟု ထင်ထားသော်လည်း ထင်မှတ်မထားစွာပဲ စိမ်းက ဟက်ဟက်ပက်ပက် ရယ်မောချလိုက်တာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ရယ်သဖြင့် သူတောင် ကြောင်တောင်တောင် ဖြစ်သွားခဲ့ရ၏။

"စိမ်းရဲ့ ဏီဏီက စိတ်ကောက်တတ်တုန်းပဲကိုး။ ဟား ဟား ဏီဏီရယ်၊ ရှင့်ကို စတွေ့လိုက်တော့ အရမ်း manly ဆန်သွားလိုက်တာ၊ တစ်နှစ်အတွင်းမှာ ပြောင်းလဲ သွားလိုက်တာလို့ အောက်မေ့ခဲ့တာ ...

တကယ်တော့ ရှင်က ကလေးဆိုးလေးလိုပါပဲလား"

"မဟုတ်ဘူး စိမ်း၊ ကိုယ် မင်းကို စိတ်ကောက်နေတာ မဟုတ်ဘူး"

စိမ်းက သူ့စကားကို လက်ကာပြလျက်မှ ရယ်ရယ် မောမောနှင့်ပင် ...

"အိုင်ဆီး ... အိုင်ဆီး ... သဘောပေါက်ပြီ၊ စိမ်း ရှင့်ကို မနှောင့်ယှက်တော့ပါဘူး ...

ဒါပေမဲ့ ကူညီပါရစေ၊ ခွင့်ပြုမယ် မဟုတ်လား"

"စိမ်း ... ကိုယ် ..."





"စိမ်း သဘောပေါက်ပါပြီ၊ စိမ်း ဏီဏီ့ကို နားလည်တယ် ဆို ပြီးပြီပဲ မဟုတ်လားကွယ် ...

ဏီဏီ စိမ်း အတွက် ဘာ worry မှ မဖြစ်ပါနဲ့"

သူ ဘာမှ ပြောခွင့်မသာအောင်ပင် စိမ်းက သူမ ပြောချင်တာတွေချည်း ဆက်တိုက် ပြောသွားတာ ဖြစ်သည်။ တကယ်တမ်း သူ့ရင်ထဲမှာ ရှိနေတာက ပုံစံတစ်မျိုး၊ စိမ်း နား လည်လက်ခံသွားတာက ပုံစံတစ်မျိုး ဖြစ်၏။

သို့သော် သူ အခုချိန်မှာ ဘာမှမပြောချင်တော့ပေ။ အချိန်ကာလတစ်ခုမှာ အရာအားလုံး ပြောင်းလဲစနစ်ကျသွားလိမ့် မည်ဟု ထင်ပါသည်။

သူတို့ အပြင်က ပြန်ရောက်လာသောအခါ ပေါ်တီ ကိုအောက်မှာ စက်ဘီးကို တွန်းဝင်နေသော ဖွဲ့နီနီနှင့် ဆုံလေသည်။ သူ့ကို မြင်သောအခါ သူမက စက်ဘီးကို ဘေးကပ်ရပ်ကာ ခေါင်းညွတ် နှုတ်ဆက်သည်။ သို့သော် တစ်စုံတစ်ခုက အတိအကျ ကြီးကို လိုနေသည်။ အဲဒါကတော့ အပြုံးတစ်ခုပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဏီဏီရဲ့ ဒရိုင်ဘာကလည်း မိုဒယ်လ်လုပ်လို့ ရတယ် နော်၊ စက္ကရီတေရီကရော ချောလား"

သူက ပြန်မဖြေဘဲ စိမ်းကို ပေါ်တီကိုရှေ့မှာ ကားရပ်ပေးလိုက်လျက် ...

"စိမ်း ဒီကနေ ဆင်းသွားလိုက်လေ၊ ကိုယ် ကားသွားသိမ်းလိုက်ဦးမယ်၊ ထမင်းစားခန်းထဲမှာ ကော်ဖီသောက်နှင့်ချည်"

စိမ်းက သူ့ကို ခပ်ရိရိ တစ်ချက်ကြည့်ကာ ကားပေါ်မှ ဆင်းသွားလေသည်။ သူက ကားကို ဂိုဒေါင်ထဲသွင်းကာ တမင်ပင် အချိန်ဆွဲလျက် သူမ ရောက်အလာကို စောင့်နေလိုက်သည်။

သိပ်မကြာခင်မှာပဲ ဖွဲ့နီနီ ရောက်လာလျက် သူရှုံးသွားလျှင်စီးသောကားကို ထုတ်ဖို့ဟန်ပြင်သည်။ သူ့ကိုမူ မမြင်သေးချေ။

"ဖွဲ့နီနီ"





သူ ခေါ်လိုက်မှ မြင်သွားသော သူမက သူ့ကိုလှမ်းကြည့်လာသည်။ သူက သူမအနားသို့ လျှောက်သွားရင်းမှ ...

"မင်း သိပ်ပင်ပန်းနေရင် ဒီနေ့တစ်ရက် off ယူလိုက်လေ"

သူ့ထက်စာလျှင် သူမ မောင်းရသော မိုင်နှုန်းက ပို၍များသည်မို့ သူက ပြောလိုက်ခြင်း ဖြစ်သည်။

"ကိစ္စမရှိပါဘူး မန်နေဂျင်း"

သူမက တိုးတိုးတိတ်တိတ် ပြန်ဖြေကာ ကားကို ထုတ်ဖို့အတွက် ပြင်ဆင်သည်။ သူ့ကိုကျောပေးထားလျက် ဆံပင်တွေကို ခပ်မြင့်မြင့် စုချည်ထားသော သူမရဲ့ ကုပ်သားဖြူဖြူလေးများကို ငေးကာ သူ့ရင်ထဲ၌ တစ်ဆို့၍ လာသည်မှာ သူ့တစ်သက်၌ မခံစားဖူးသည့် ခံစားချက်ဆိုးကြီးတစ်မျိုးပဲ ဖြစ်ပါသည်။ တစ်ကိုယ်တည်း ရုန်းကန်လှုပ်ရှားရသည့် ချစ်သူ၏ဘဝကို သူ မကြည့်ရက်တာ ဖြစ်နိုင်လေသည်။

ပြီးတော့ သူမရှေ့မှာ စိမ်းနှင့်တွဲလျက်သား တွေ့နေရသည့် အဖြစ်အပျက်များကို သူ အပြစ်မကင်းသလို ခံစားနေရတာလည်း အမှန်ပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို သူဟာ သူမကို အရိပ်အယောင်လေး တောင် အကြင်နာတွေ ပြခဲ့တာမဟုတ်။ လွမ်းမောဖွယ်ကော သော ပုဂ္ဂိုလ်တစ်ဦးမှာ သူမလက်ကို အားပေးသလို ဖျစ်ညှ တာကလည်း ရင်ခုန်ဖို့ မေ့လျော့စွာ ဖြူစင်လွန်းခဲ့တာပဲ ဖြစ်

သို့သော် ... သူမ အပေါ်မှာ တစ်စုံတစ်ခု မှားထ သလို ခံစားရသည်မှာ ထူးတော့ ထူးဆန်းပါသည်။

"မန်နေဂျင်း ကျွန်မကို တစ်ခုခုများ ခိုင်းစရာ ရှိလို့လား"

"ဪ ... မရှိပါဘူး"

ဒီတော့မှ သူမ အနားက ထွက်မသွားသေးဘဲ ရ လျက်ရှိနေသေးသော ကိုယ့်အဖြစ်ကိုယ် သတိရမိလေသည်။

"အဆင်ပြေပါစေ ခွဲနိုနို"

သူမကို ခပ်တိုးတိုး ဆုတောင်းပေးခဲ့ပြီး ထွက်လာ ခဲ့သော်လည်း သူ့စိတ်တွေဟာ အဲဒီနားမှာပဲ ကပ်ငြိကျန်ရစ်ခဲ့ သည်မှာ ဘာကြောင့်များပါလိမ့်ဟု အဖြေရှာစရာ မလိုတော့ချေ သူ့ရင်ထဲမှ အဖြေစကားတစ်ခုက တိတိကျကျပင် ထွက်လို့လာ ချေပြီ။





အစက ဝေဝေဝါးဝါးဖြင့် မသဲမကွဲ ရှိခဲ့သော စိတ်တို့ဟာ စိမ်းရောက်လာမှ ပို၍သေချာတိကျ ခိုင်မာသွားခဲ့တာဖြစ် သည်။ စိမ်းကိုမြင်သော်လည်း ဘယ်လိုမှမနေ ပြန်၍ရင်မခုန် မတွယ်တာရစ်တော့။

အချစ်စစ်စစ်တစ်ခုက ရိုးဖြောင့်သော နှလုံးသား ပိုင်ရှင်ထံမှာသာ ဖြစ်လေသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၀)

အခုတလော ဖွဲ့နီရဲ့ ရင်ထဲတွင် ခံရခက်သည့် ဝေဒနာတစ်ခုကို ဘာလဲ ပြောပါဆိုလျှင်တော့ ပြော၍မတတ်။ သို့သော် ရင်ထဲမှာ တစ်ခုခု ခံနေသလို ဖြစ်နေတာတော့လည်း





အသေအချာပဲ ဖြစ်၏။ သိပ်မကြာခင်ကမှ သူနှင့် ဖွဲ့နီ ကြားတွင် ရှိထားခဲ့ဖူးသော နားလည်ရင်းနှီးမှုလေးတစ်ခု ပျောက်ဆုံးသလို ဖြစ်နေသည့် အနေအထားကိုတော့ တကယ်ပဲ နှမြောဝမ်းနည်းလှပါသည်။

ဒါဟာ ပျော့ပျောင်းသွယ်ရှင်းသလောက် ရဲတင်းပွင့်လင်းလွန်းသည့် မိန်းမတစ်ယောက်ကြောင့်များ ဖြစ်ခလား။ ထိုနေ့က အဲဒီ အမျိုးသမီး သူ့ကို နှုတ်ဆက်လိုက်သော ပုံရိပ်ကို မျက်လုံးထဲမှ ထွက်ကိုမထွက်ပေ။ သူတို့ချင်း ဆက်ဆံသော ပုံစံဟာ သိပ်ကို တရင်းတနှီး ရှိကြသည်။

သူနှင့် ဂုဏ်ရည်တူ မိန်းမတစ်ယောက်ဟု သတ်မှတ်နိုင်သော်လည်း သူနဲ့ ဘယ်လိုပတ်သက်သလဲ ဆိုတာတော့ ဖွဲ့နီ မသိချေ။ သို့သော် သိပ်မကြာခင်မှာပဲ သိခွင့်ရခဲ့တာ ဖြစ်၏။ အဲဒါကလည်း သူ့ရဲ့အတွင်းရေးမှူး မဦးမေကြောင့်ပဲ ဖြစ်ပါသည်။

ထိုနေ့က နေ့လယ်ခင်းပိုင်းတွင် သူ မပါဘဲ မမဦးမေကို တခြား ရုံးတစ်ရုံးသို့ လိုက်ပို့ပေးရတာ ဖြစ်သည်။ ပုဂ်



www.burmeseclassic.com

www.burmeseclassic.com



သွားကတည်းက ရင်းနှီးခင်မင်သွားကြသဖြင့် မမဦးမေက ဖွဲ့နီ နှင့်အတူ ရှေ့ခန်းမှာပဲ လာထိုင်ပါသည်။

ပြီးတော့ စကားစ,လာခဲ့သည်။

"ဖွဲ့နီ ... စိမ်းစိမ်းလန်း ဆိုတဲ့ အမျိုးသမီးကို သိလား"

ဒီနာမည်ကို တစ်ခါမှ မကြားဖူးသော်လည်း စိတ်ရဲ့အာရုံအရ ဒါဟာ ဟိုမိန်းမပဲ ဆိုတာကို တန်း၍သိသည်။

"ဘယ်လို စိမ်းစိမ်းလန်းလဲ မမ"

"မန်နေဂျင်းရဲ့ girlfriend လေ"

ချက်ချင်းပင် ဖွဲ့နီရဲ့ ရင်ထဲမှာ အေးခဲနဲ ဖြစ်သွားသည်။ ဟိုးအမြင့်တစ်နေရာမှ ပြုတ်ကျသွားသူ တစ်ယောက်လို အသည်းထဲမှာ လှပ်ခနဲ ဖြစ်သွားခြင်းပင် ဖြစ်ပါသည်။

စကားသံသည် ဖွဲ့နီရဲ့နှုတ်မှ တိတ်ဆိတ်ခြောက်ကပ်စွာ ထွက်သွားသည်။

"ဟုတ် ... ပုဂံက ပြန်ရောက်တဲ့နေ့ကပဲ စ,တွေ့ဖူးတာ"

"ဖွဲ့နီနဲ့ရော စကားပြောဖူးလား"





"ဟင့်အင်း မမ၊ ဘာဖြစ်လို့လဲဟင်"

"ဪ ... သူ့ကို သတိထား ဆက်ဆံလို့ ပြောမလို့ပါ။ စကားပြောတာ အရမ်းရင့်တယ်၊ အပြင်မှာ သူတို့ဘာသာ ဘယ်လို ပတ်သက် ပတ်သက် လုပ်ငန်းခွင်ထဲမှာတော့ အောင်ဆိုတာ ရှိတယ်လေ ...

တခြားသူတစ်ယောက်နဲ့ မန်နေဂျင်းနဲ့ အပွင့်မနဲ့ ယူထားပြီးသားကို သူ့အတွက် ဖျက်ပေးလို့ ဘယ်ရမလဲ ...

မ,ကတော့ မရဘူး၊ အောင်ထဲကပဲ သွားတယ်၊ သူ သာ ပညာတတ် လူယဉ်ကျေးတစ်ယောက်ဆို နားလည် ရမှာပေါ့"

ဖွဲ့နီကတော့ ဘာမှ ပြန်မပြောဖြစ်ဘဲ ဂဏန်းကိုသာ အာရုံစူးစိုက် မောင်းနေခဲ့သည်။ နားထဲမှာ မဦးမေ ပြောသော စကားတွေကို ကြားတစ်ချက် မကြားတစ်ချက်ပင်။

မန်နေဂျင်းရဲ့ girlfriend ဟူသော အပြောကသာ နားထဲမှာ အကြိမ်ကြိမ် မြည်ဟည်းနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့နီ … နင် ဘာဖြစ်နေတာလဲ။ နင့် အလုပ်ရှင်သူဌေးက နင့်ကိုများ ချစ်ကြိုက်နေမယ်လို့ နင်က မျှော်လင့်ထားလို့လား၊ ကိုယ့်ဘဝ ကိုယ်သိစမ်းပါ ဖွဲ့နီနီရယ်။

ကိုယ့်ကိုယ်ကိုယ် ပြန်သတိပေးပြီးလျှင် ဖွဲ့နီသည် ခံစားချက်ဆိုးတွေကို ရင်ထဲမှ အမြန်မောင်းထုတ်ပစ်ရသည်။ ဖွဲ့နီ သက်သက် အရူးထမိတာပါကွယ်။

သူဟာ ဖွဲ့နီလို ဒရိုင်ဘာမလေး တစ်ယောက်ကို မြတ်နိုးရင်ခုန်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်သောကိစ္စပဲ ဖြစ်သည်လေ။ သူလို ချွေမင်းသားရဲ့အပေါ်မှာ ဝိုင်းဝိုင်းလည်နေတာကလည်း ထိတ်ထိတ်ကြဲတွေ ဖြစ်လေရာ သူ့ရဲ့ ရွေးချယ်မှုကလည်း အဲဒီထဲက ဖြစ်ရမှာပေါ့။

မာနမ ကြီး၊ မခွဲခြားတတ်တဲ့ သူ့ရဲ့ စိတ်ထားကို ဘာသာပြန် လွဲမှားမိတဲ့ ဖွဲ့နီရဲ့ မိုက်မဲမှုတစ်ခုပဲ ဖြစ်သည်။

"သူက အခုမှ ဘယ်က ရောက်လာတာလဲ မမ"

မိန်းမပီသသော စိတ်ခံစားကိုတော့ ချိုးနှိမ်၍ မရဘဲ သိချင်တာကိုတော့ ဖွဲ့နီက စပ်စုလိုက်သေးသည်။





"သူက အမေရိကားက ရောက်လာတာလေ၊ မန်နေဂျင်းက ဟိုမှာ အကြာကြီး နေခဲ့တော့ အဲဒီမှာ တွေ့လာတာပေါ့"

"လက်ထပ်ဖို့ ရောက်လာတာလား မသိဘူးနော်"

"မပြောတတ်ပါဘူး၊ မန်နေဂျင်း ပုံစံကတော့ အေးဆေးပါပဲ၊ သူက ကဲနေတာ"

ဟုတ်သည်။ သူကတော့ ပုံမှန်အေးအေးဆေးဆေးသာ ဖြစ်သည်။ ဟိုတစ်ယောက်ကသာ သူ့ကိုတွေ့တာနှင့် လန်းလန်းကို ထနေတာပဲ ဖြစ်လေသည်။

အို … သူတို့ဘာသာ ဘာပဲဖြစ်ဖြစ် ကိုယ်နဲ့ ဘာဆိုင်တာမှတ်လို့။ ဖွဲ့နီသည် ကိုယ့်ဘဝအတွက်ပဲ ကိုယ် ခေါင်းထဲ ထည့်ထားလိုက်တာ ဖြစ်သည်။

"ဖွဲ့နီ … over sea မှာ အင်စတီကျူ့တစ်ခုခု တက်ချင်တယ် မမ၊ ဘာတွေ ပြင်ဆင်ရမလဲဟင်၊ ငွေကြေးကတော့ မတတ်နိုင်ဘူး၊ စကောလားရှစ် ရရင်တော့ တက်ချင်တယ် …

ဖွဲ့နီရဲ့ဘဝကို ဒီထက်မြင့်မားအောင် ကြိုးစားချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို ... ကောင်းတာပေါ့၊ ကြိုးစားစမ်းပါ ဖွဲ့နိုရယ်၊ မ ကူညီပါ့မယ်၊ on line ကနေလည်း စကောလားရှစ် လျှောက်လို့ရတာပဲ၊ ရသွားရင် ဘာမှပူစရာ မလိုတော့ဘူး၊ ပညာတော်ရင် လိုချင်တဲ့ ကျောင်းတွေများ ပေါလွန်းလို့၊ ကြိုးစား ကြိုးစား၊ မ,အားပေးတယ်၊ ဖွဲ့နို့ရဲ့ အရည်အချင်း တွေကို ဒီအတိုင်း ရပ်တန့်မထားနဲ့"

"ဖွဲ့နိုတော့ အမြန်ဆုံး လှုပ်ရှားချင်နေပြီ မမ"

"ဖြစ်ရမှာပေါ့၊ ဖြစ်ရမယ် ... ဖြစ်ရမယ်"

မဦးမေက အားတက်သရောဖြင့် ထောက်ခံအားပေး လျှင် ဖွဲ့နရီရဲ့ ရင်ထဲ၌ တက်ကြွလှုပ်ခတ်၍ လာလေသည်။ ကျောထောက်နောက်ခံ အသိုင်းအဝန်း မရှိ၊ ငွေကြေး အဖူအလုံ မရှိသော်လည်း ဉာဏ်ပညာနှင့် စိတ်ဓာတ်ကြံ့ခိုင်မှုတို့ ရှိသည်။ အရှုံးမပေးချင်သော နှလုံးသားတို့ ရှိသည်။

အဲဒီ လှေကားထစ်တွေကို အသုံးပြုကာ ဟိုး ... မိုး ထိအောင် ဖွဲ့နို တစ်ယောက် လှေကားထောင်မှာ ဖြစ်ပါသည်။







အဲဒီနေ့က ဖွဲ့နိုသည် မန်နေဂျင်းရဲ့အိမ်သို့ နောက် ထပ်တစ်ခေါက် ထပ်ရောက်တာ ဖြစ်သည်။ အကြောင်းမှာ ညဈေးတန်းမှ အဘွား ကြိုက်တတ်သော ဘိန်းမုန့်ကိုဝယ်ကာ ကူးတက လာပို့တာ ဖြစ်ပါသည်။ အဘွားက အဲဒီ ဘိန်းမုန့် ကို အလွန်ကြိုက်တတ်ပြီး အမြဲလိုလို မှာတတ်သဖြင့် လာလာပို့ ပေးတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တော့ စက်ဘီးပါမလာသဖြင့် ဖွဲ့နီဟာ ခြံထဲ အေးအေးဆေးဆေးပင် လမ်းလျှောက်ဝင်လာခဲ့သည်။ နောက် မှ ဟွန်းတီးသံ ကြားသဖြင့် ဘေးကပ်ပေးလိုက်သော်လည်း ကားက ပွတ်ဆွဲလုမတတ် အနားမှ ဖြတ်မောင်းသွားသည်။ ဒါဟာ တမင်လုပ်တာ ဆိုတာ သိသာနေသဖြင့် တက်တစ်ချက် ကို ပြင်းပြင်းခေါက်လျက် အသာ ဆက်လျှောက်လာခဲ့သည်။

ရင်ထဲမှာတော့ ဒေါသက အလိပ်လိုက်ကို ထွက် တာဖြစ်လေသည်။ မဦးမေ ပြောထားသည့်အတိုင်း လုံးဝမလွဲစေ ရအောင် ထိုမိန်းမက စတင်ရန်စ၍ လာချေပြီ။

ထိုမိန်းမ မောင်းလာသောကားဟာ ပေါ်တီကိုရှေ့ မှာ ကျွီခနဲ ထိုးရပ်သွားကာ သူမက ကားတံခါးကို ဖျတ်ခနဲဖွင့် ကာ ခပ်မာမာ ဆင်းလာသည်။ ဝတ်စားထားပုံမှာ တကယ့်ကို လတ်ဖေးဂတ်စ်ရောက်နေသည့် ဒီဇိုင်း။ ဒီလိုပုံစံတွေနှင့် မန်နေဂျင်း ကို မြူဆွယ်နေတာလား မသိဘူးဟု ခပ်နှိမ်နှိမ် တွေးပစ်လိုက် လေသည်။





"ဟော့ ... လာဦး"

သူမက လှမ်းခေါ်တာ ဖြစ်သော်လည်း ဖွဲ့နီက လှည့်ကို မကြည့်ချေ။ မကြားချင်ဟန်ဆောင်ကာ အိမ့်ဘက်ကို သာ ဦးတည်၍ သွားသည်။ သူမက ဖွဲ့နီရဲ့ရှေ့သို့ ဖျတ်ခနဲ ရောက်ရှိလာကာ ...

"ဟော့ ... မင်းကို ငါ ခေါ်နေတာ မကြားဘူးလား"

"မကြားဘူး"

ဖွဲ့နီရဲ့ တုံးပြတ်ပြတ် အပြောကို သူမက ဒေါသ ထွက်သွားသော မျက်လုံးများဖြင့် ...

"မင်း ဘာပြောလိုက်တာလဲ"

"ကြားတဲ့ အတိုင်းပဲလေ"

"ဘာ ... မင်း ရိုင်းလှချည်လား၊ ညော်သည်ကို ဘယ်လို ဆက်ဆံရမယ်ဆိုတာ နားမလည်ဘူးလား"

"ကျွန်မက တစ်ဖက်လူရဲ့ action အတိုင်းပဲ တုံ့ပြန်တတ် တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့နီရဲ့ စကားကို သူမက ရှုံ့ရှုံ့ရှားရှား ဖြစ်သွားဟန်ဖြင့် ...

"ဘာ ... အဲဒါက ဘာစကားလဲ၊ နေစမ်းပါဦး၊ အခုနက ငါ့ကား ဖြတ်သွားတော့ မင်း တောက်ခေါက်လိုက်တာ ငါ ကြားတယ် ...

အဲဒါ ဘယ်သူ့ကို ခေါက်တာလဲ"

"ရှင့်ကိုလေ"

"ဘာ ... ဘာပြောတယ်"

ဖွဲ့နီ တစ်ခွန်းပြောတိုင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသော အဲဒီမိန်းမကို ဖွဲ့နီက ကြည့်ကို မကြည့်တော့ပေ။ သူမက လှုပ်ရှားနေသလောက် ဖွဲ့နီကတော့ သွေးအေးအေးနှင့် အမှန်အတိုင်း ဖွင့်ချပြလျက် ရှိသည်။

"မင်းက ဘာလဲ၊ ဒီအိမ်မှာ မင်းရဲ့အဆင့်က ဘာလဲ၊ ဘယ်လို မိန်းမလဲ ... တောက်"

"အဲဒါ ရှင် သိချင်ရင် ကျွန်မကို လာမမေးနဲ့၊ တခြားသူကို သွားမေး"





ဖွဲ့နီက အိမ်ထဲမှ အဘွား ထွက်လာတာကို မြင်သဖြင့် သူမကို ဒီအတိုင်း ထားခဲ့ကာ အဘွားထံသို့ အပြေးတစ်ပိုင်း လျှောက်လာခဲ့လိုက်သည်။

အဘွားသည် ဖွဲ့နီနှင့် ဘိန်းမုန့်ထုပ်ကို မြင်သည်နှင့် ကလေးတစ်ယောက်လိုပင် ချက်ချင်း ဝမ်းသာ၍ သွားလေသည်။

"အတော်ပဲ ဖွဲ့နီရဲ့၊ အဘွားက ဒီနေ့ ဘိန်းမုန့် စားချင်နေတာ၊ လာ ... လာ ... သမီးနဲ့ အဘွားနဲ့ အတူတူစားရအောင်"

"အဘွားပဲ စားပါ၊ ကျွန်မ မစားတော့ပါဘူး"

"မဟုတ်တာကွယ်၊ ကော်ဖီနဲ့ ဘိန်းမုန့်နဲ့ စားကြမယ်လေ၊ ဘယ်လောက်ကောင်းလဲ၊ သမီးအကြိုက် ကက်ပချီနိုကော်ဖီ တိုက်မယ် ...

သမီးက အဘွားကို ဂျာနယ်ထဲက သတင်းတွေ ပြောပြ၊ ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



အဘွားရဲ့ အပြောကို ဖွဲ့နီက ဟက်ဟက်ပက်ပက် ရယ်ကာ ခေါင်းညိတ်ပြလိုက်တော့သည်။ စကားပြောဖော်မရှိရှာသော အဘွားဟာ သူ့ကို တရင်းတနှီး စကားပြောသော၊ ကြင်နာသော၊ ဂရုစိုက်သော ဖွဲ့နီကိုဆိုလျှင် အလွန်ခင်တွယ်လေသည်။

ဖွဲ့နီ မုန့်ဝယ်လာသော ညနေခင်းတွေဆိုလျှင် အဘွားနှင့် အဲဒီလိုပဲ စကားတွေ ပြောလေ့ရှိကြသည်။ အဘွားက ကောင်မလေးတစ်ယောက်ကို ကော်ဖီ မှာပြီးလျှင် ဖွဲ့နီနှင့်အတူ မြက်ခင်းစိမ်းပေါ်က ခုံတွေတွင် ဝင်ထိုင်လေသည်။ အဲဒီမှာပဲ ဟို မိန်းမက အနားသို့ ရောက်လာပြန်တာ ဖြစ်သည်။

"အဘွား ... အဲဒါ ဘာတွေလဲ"

ပန်းကန်ထဲမှာ စားချင့်စဖွယ် ညှပ်ထည့်ထားသော ဘိန်းမုန့်လေးများကို သူမက မျက်မှောင်ကုတ်ကာ မေးတာဖြစ်၏။ ဖွဲ့နီကတော့ နှုတ်ခမ်းကို တင်းတင်းစေ့ကာ အသင့်ပြင်ထားသော်လည်း အဘွားကတော့ ဘာမှမသိသူမို့ ...

"ဩော် ... ဘိန်းမုန့်လေ သမီးရဲ့၊ စားပါဦးလား။ စားလို့ တော်တော်ကောင်းတယ်"





"ဟင် ... မကောင်းပါဘူး၊ ဒါတွေက သူ ဝယ်လာတာ မဟုတ်လား၊ ဒါတွေ ဘာလို့ စားနေရတာလဲ အဘွားရဲ့၊ လမ်းဘေးစာတွေလေ ...

ဘာရောဂါပိုးတွေ ပါမှန်းလဲ မသိ၊ မစားနဲ့ အဘွား"

အဘွားက သူ့စကားကြောင့် ဘာပြန်ပြောရမှန်းမသိ ဖြစ်နေစဉ်မှာပဲ ဖွဲ့နီက ထိုင်ရာမှ ဝုန်းခနဲ ထရပ်ပြီးသား ဖြစ်လေသည်။

"ဒီမှာ ... ရှင် အဆင့်အတန်းရှိတဲ့ မိန်းမတစ်ယောက်ဆို လူကြီးတစ်ယောက်စားမဲ့ အစားအစာကို ဒီလိုမပြောသင့်ဘူး ...

စကားကို ဆင်ဆင်ခြင်ခြင် ပြောပါ"

"ဘာရယ် ... ငါက စကားကို ဆင်ဆင်ခြင်ခြင် ပြောရမယ် ဟုတ်လား၊ ဟာ ... ဟ၊ ရယ်စရာ ကောင်းလိုက်တာ၊ မင်းကသာ စကားကို ဆင်ခြင်ပြောရမှာ မိန်းကလေးရဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဘိန်းမုန့်နဲ့များ ဝသန့် အဘွားကို မျက်နှာလာလ
နေတယ်တဲ့၊ သနားစရာတောင် ကောင်းနေပြီ”

ဇွဲနီသည် ထိုမိန်းမကို တစ်ခုခု မလုပ်မိစေရ အတော်ထိန်းချုပ်ထားရသည်။ လောကတွင် ပိုက်ဆံချမ်းသာပြီ ပညာတွေ သင်ထားပါသော်လည်း ရင့်ကျက်သော အသိဉာဏ် မရှိသည့် လူတွေလည်း ရှိသေးပါလားဟူသော အသိကို “စိမ်း” ဟူသော မိန်းမရိုင်းကို မြင်ရတာနှင့် သဘောပေါက်ချေပြီ။

အဲဒီအချိန်မှာပဲ သူက သပ်ရပ်သားနားသော အသွင် အပြင်နှင့် အနားသို့ ရောက်လာခဲ့တာ ဖြစ်ပါသည်။ ခရမ်းရောင် Alter ရှပ်လက်တိုနှင့် အနက်ရောင် ဂျင်းန်ကို ဝတ်ဆင်ထားသော သူဟာ အခုမှ ရေမိုးချိုး သန့်စင်လာမှန်း သိသာစွာ စိုပြည်လတ် ဆတ်လို့ နေ၏။

ကြည့်ရတာ သူနှင့် ဟိုမိန်းမဟာ အပြင်တစ်နေရာ ကို သွားမည့်ပုံစံတွေ ဖြစ်သည်။ သူက ဇွဲနီကို မြင်သွားလျှင် အံ့သြသော မျက်နှာထားဖြင့် အနားသို့ လျှောက်လာသည်။ သူ့





ညှော်သည်နှင့် ဇွဲနီ ဘယ်သူ့ကို နှုတ်ဆက်ရမလဲ၊ ဝေခွဲမရဖြစ်နေ တုန်းမှာပဲ ဟိုမိန်းမက သူ့လက်မောင်းတစ်ဖက်ကို ဖျတ်ခနဲသွား ကိုင်ကာ ...

“ဏီဏီ ... ယူ့အဘွားကို ဒီမိန်းကလေးက ဘိန်းမုန့်တွေ ကျွေးနေတယ်၊ ယူတို့အိမ်မှာ ဒါမျိုးတွေ စားလေ့ရှိလို့လား ... စိမ်း ပြောတာကိုလည်း လက်မခံဘူး”

သူက ဇွဲနီရဲ့ မျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်သည်။ အကြည့်နှစ်ခုဟာ ခဏလေး ဆုံသည် ဆိုသော်ငြားလည်း စကား တွေ အများကြီး ပြောလိုက်ရပါသည်။

သူက အရင် အကြည့်တို့ကို လွှဲဖယ်သွားကာ ...

“အဘွား ကြိုက်လို့ပါ စိမ်း၊ စားနေကျပါ ဘာပြဿနာမှ မရှိပါဘူး”

“အေးလေ ... အဘွား စားနေကျပါ၊ ကဲ ... ကဲ ... မြေး တို့ အပြင်သွားမလို့ မဟုတ်လား၊ သွားလေ နောက်ကျ နေမယ်”



www.burmeseclassic.com

www.burmeseclassic.com



အဘွားကား သူမကို အနားမှာ ရှိမနေစေချင်တော့သည့် ပုံစံဖြင့် စကားလွှဲလိုက်လေသည်။

"ဟုတ်ကဲ့ ... ခွင့်ပြုဦးနော် အဘွား"

သူက ဖွဲ့နီထံ နှုတ်ဆက်သည့် သဘောဖြင့် တစ်ချက်တော့ လှမ်းကြည့်လိုက်မှန်း ဖွဲ့နီ သိသည်။ သို့သော် သူ့ကို ဖွဲ့နီက ကြည့်မနေပါ။

ရိုင်းသည်ပဲဆိုဆို တမင်ပင် တစ်ဖက်သို့ လှည့်ထားလိုက်တာဖြစ်၏။

သူ မောင်းနှင်သွားသော ပြိုင်ကားလေး ခြံထဲမှ ထွက်သွားပြီးလျှင်တော့ ဖွဲ့နီဟာ ခုံပေါ်မှာ အရုပ်ကြိုးပြတ် ထိုင်ချလိုက်တော့တာ ဖြစ်လေသည်။

အဘွားက ဖွဲ့နီရဲ့ ပုံကို ကရုဏာ သက်သလိုနှင့် ကြည့်ကာ ...

"အခုန ကလေးမ ပြောတာတွေကို သမီး စိတ်မကောင်းဖြစ်သွားလားဟင်"





"မဖြစ်ပါဘူး အဘွား၊ အဘွားကိုပဲ အားနာမိတာပါ၊ ကျွန်မက အဘွားကို အကောင်းစားမုန့်တွေ ဝယ်မကျွေးနိုင်ဘူးလေ"

"အို ... မဟုတ်က ဟုတ်က၊ အဲဒါတွေ အဘွားမှ မကြိုက်တာ၊ အိမ်မှာ အလျှံအပယ် ရှိသားပဲ၊ အဘွားမှ မစားချင်တာ ...

နောက်နေ့ကျရင် မုန့်လင်မယား ဝယ်ခဲ့ဦးနော် သမီးလေး"

"ဟုတ် ... ဟုတ်ကဲ့"

အဘွားက ဖွဲ့နီရဲ့ ဆံပင်လေးတွေကို သပ်ဖွပေးရင်း ကြင်နာသည့် မျက်ဝန်းများနှင့် ကြည့်လာလျှင် ဖွဲ့နီသည် ရင်ထဲ၌ အလိုလို ဝမ်းနည်း၍ လာရလေသည်။ ဖွဲ့နီရဲ့ အနားတွင် အဲဒီလို ကြင်နာယုယမည့်သူဆိုလို့ အဘွားမှလွဲ၍ မရှိပေ။

အဘွား ဆိုတာလည်း ဘာမှ မသက်ဆိုင်သောသူ ဖြစ်လေရာ ဒီလို အခိုက်အတန့်သာရတဲ့ အကြင်နာတွေအတွက် နာကျင်ခံခက်စွာနှင့် ဝမ်းနည်းရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ စိမ်းစိမ်းလန်း ဆိုတဲ့ ကောင်မလေးက ဘယ်လို ကောင်မလေးမျိုးမှန်းလဲ မသိပါဘူးကွယ်၊ အဘွားလည်း သဘောမကျပါဘူး ...

စကားပြောတာလည်း ကျောရင့်ရင့်ကြီး မကြိုက် တတ်ပါဘူး"

အဘွားရဲ့ အပြောကို ဖွဲ့နီက ဟက်ခနဲ တစ်ချက် ရယ်မိသော်လည်း အဲဒီမိန်းမကိုတော့ ဘယ်တော့မှ ကြည့်ရတော့မှာ မဟုတ်မှန်း သေချာစွာ သိလိုက်၏။

"ကဲ ... အဘွား၊ အဘွားကို သမီး အရှင်ဆန္ဒာမိကရဲ့ အဝေးမှာမနေပါနဲ့ ဆိုတဲ့ စာအုပ်လေး ဖတ်ပြမယ်နော် ...

အရင်တစ်ပတ်က ဖတ်ပြတဲ့ အနေဝေးပေမဲ့ အဝေးနေ မဟုတ်ပါ ဆိုတာရော ကြိုက်လား"

"ကြိုက်တာပေါ့ သမီးရဲ့၊ ဟုတ်တယ်ကွယ်၊ လောကကြီးမှာ တချို့က နီးနီးလေးပေမဲ့ အဝေးကြီး ဝေးနေသလို ဖြစ်နေတာတွေလည်း ရှိတယ်၊ ဥပမာ အဘွားနဲ့ အဘွားသား၊ ချွေးမတို့နဲ့ပေါ့"





အဘွားရဲ့ အပြောတွင် ဖွဲ့နီကပါ လိုက်လံငြိမ်သက်လို့ သွားလေသည်။ မှန်တယ် အဘွားရယ်၊ တချို့တွေက အနေနီးကြပေမဲ့ ဘယ်လိုမှ လှမ်းပြီးဆက်စပ်လို့ မရအောင် ဘဝတွေက ဝေးကွာလွန်းလှပါတယ်။

အရှမ်းဝေးကြပါတယ်။

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





သူ့စိတ်တွေသည် စိမ်းနှင့်အတူတူ ဒင်နာစားနေရသော်လည်း အဲဒီထဲမှာ စိတ်က တစ်စက်လေးမှ ရောက်မနေခဲ့။ ညနေခင်း၏ အလှတွေကို သိမ်းကျုံးယူထားသော တစ်စုံတစ်ယောက်ထံမှာသာ ကပ်ငြိ၍ ကျန်နေရစ်ခဲ့တာ ဖြစ်သည်။ တင်းတင်းစေ့ထားသော နှုတ်ခမ်းတွေ၊ နှုတ်ခမ်းတို့နှင့်အတူ တင်းတင်း





ရင်းရင်းရှိသော ပါးပြင်တွေကို အလိုလိုနေရင်း ပြန်မြင်ယောင်ကာ လွမ်းဆွတ်၍ လာရသည်။

သူမ သူ့ကို ကောင်းကောင်းကြီး အထင်တွေ လွဲနေလောက်ပြီ။

"နေစမ်းပါဦး ဏီဏီ၊ အဲဒီမိန်းမက ဘယ်သူလဲ"

"ဘယ်သူ့ကို ပြောနေတာလဲ"

"ဟို ... ဒရိုင်ဘာမပေါ့"

"စိမ်းကလည်းကွာ၊ တစ်ဖက်သားကို အဲဒီလို ရင့်ရင့်သီးသီး မပြောစမ်းပါနဲ့၊ လူလူချင်း respect (လေးစားမှု) ရှိမှပေါ့"

"အိုး ... ဘာ resepct လဲ၊ သူ့ကို ဏီက ဘာသဘောနဲ့ ဒရိုင်ဘာ ခန့်ထားရတာလဲ၊ အဲဒီမိန်းမက သိပ်ရိုင်းတယ် ...

ပြောလိုက်တာများ တစ်ခွန်းမခံ ကက်ကက်လန် ပဲ"

"စိမ်းက သူ့ကို တစ်ခုခု သွားစော်ကားလို့ နေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



သူက အေးအေးဆေးဆေး ပြောလိုက်ခြင်း ဖြစ်သော်လည်း စိမ်းကတော့ အဲဒီစကားအတွက် အတော်ဒေါသထွက်သွားဟန်တူသည်။ စားလက်စ ဇွန်းနှင့် ခက်ရင်းကိုပင် လွှတ်ချလိုက်ရင်း ...

"နေပါဦး ... ဏီဏီနဲ့ သူနဲ့က ဘယ်လို ပတ်သက်နေလဲ"

စူးစူးစိုက်စိုက် အကဲခတ်နေသော စိမ်းရဲ့ မျက်လုံးတွေကို ရှောင်လွှဲဖို့ရော၊ ဟန်ဆောင်ဖို့ရော မကြိုးစားချေ။ သူ့ရင်ထဲမှာ ဖြစ်ပေါ်နေသည့် ပုံစံအတိုင်းပဲ အကဲခတ် ခံလေသည်။

"အခုချိန်ထိတော့ ဘယ်လိုမှ မပတ်သက်ပါဘူး"

"ဘယ်လို !၊ အခုချိန်ထိတော့ ဆိုတော့ ဘယ်အချိန်ကျရင်ရော ပတ်သက်ဖို့ စိတ်ကူးထားလို့လဲ ...

ဘာလဲ ဏီဏီ၊ ယူက သူ့ကို ကြွေနေတာလား၊ စမ်းချင်တာလား"

"ကျွတ် ... ဘာတွေ မေးနေတာလဲ စိမ်းရာ"





စိမ်းသည် သူ့ရဲ့ အေးစက်စက် အမူအရာကို သည်းမခံနိုင်တော့သည့်ဟန်ဖြင့် ...

"စိမ်း ပွင့်ပွင့်လင်းလင်းပဲ မေးမယ် ဏီဏီ၊ စိမ်း ဒီကို ပြန်လာတာ ဏီဏီ့ကြောင့် ပြန်လာတာပါ၊ ဏီဏီ စိမ်းကို ဘယ်လိုသဘောထားလဲ ...

အဲဒါကို စိမ်း သိချင်တယ်"

ဟုတ်ပြီ။ သူကလည်း ဒါမျိုးကို ပို၍ကြိုက်လေသည်။ သူ့ကြောင့် ဘယ်သူ့ကိုမှ မနစ်နာစေလိုပေ။

"ဆောရီး စိမ်း၊ ကိုယ် စိမ်းကို မိတ်ဆွေတစ်ယောက်လိုပဲ သဘောထားပါတယ်"

သူ့စကားကို စိမ်းက မဲ့ပြုံးတစ်ခုဖြင့် တုံ့ပြန်လေသည်။

"ရှင်က လမ်းဘေးက ပန်းကိုမှ တော်ဝင်ပန်း ထင်နေတာကိုး ဝသန်ဘုန်းဏီရဲ့"

"လမ်းဘေးကပန်းပဲဖြစ်ဖြစ်၊ တော်ဝင်ပန်းပဲဖြစ်ဖြစ် လောကကို အကျိုးပြုတာချင်း အတူတူပါပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က တော်ဝင်ပန်း ဆိုတာတွေထက် လမ်းဘေးက အရိပ်ရပင်ကို ပိုလို့မက်မောပါတယ်၊ အေးမြတာကိုး"

"ဟား ဟား ဟား ... ရှင်တော့ ရေလည် ရူးသွပ်နေပြီ ဝသန်၊ ရှင့်ကို ကျွန်မ တကယ် သနားမိတယ်၊ ရှင့်လိုလူ တစ်ယောက်က ဒီလို မိန်းမမျိုးကို ရွေးချယ်မယ် ဟုတ်လား။ ရှင့်အမေသာ သိရင်တော့ ချက်ချင်းကို သွေးတက်ပြီး သေမှာပဲ ...

ရှင့်အဘွားကိုသာ ဘိန်းမုန့်တစ်ခုနဲ့ မျှားလို့ရမှာ၊ ရှင့်အမေကိုတော့ အဲဒီလို မျှားလို့ရမယ် မထင်"

"အဲဒါ မင်းရဲ့ကိစ္စ မဟုတ်ပါဘူး စိမ်းလန်းရဲ့"

သူ့ရဲ့ အပြောကြောင့် စိမ်းရဲ့မျက်နှာက သရော်တော်တော် ပုံစံသို့ ပြောင်းလဲသွားသည်။

"ဟုတ်ပါပြီ၊ အဲဒါ ရှင့်ကိစ္စပါ၊ ဒါပေမဲ့ ဓာတ်လမ်းလေးကတော့ စိတ်ဝင်စားစရာပါပဲ၊ ရွှေမင်းသားနဲ့ စင်ဒရဲလား ပုံပြင်လိုပဲ ဓာတ်သိမ်းမလားလို့ စောင့်ကြည့်နေပါမယ်"





သူက ဝန်တိုစိတ်တွေဖြင့် ပွလောင်နေသော စိမ်းရဲ့ မျက်နှာကို စိတ်ပျက်သလို တစ်ချက်ကြည့်လိုက်သည်။

"မင်းကို ကိုယ် စိတ်ပျက်တာ အဲဒါတွေပေါ့ စိမ်းစိမ်းလန်းရဲ့၊ မင်းက အရမ်း selfish (တစ်ကိုယ်ကောင်းဆန်သည်) ဖြစ်တယ်၊ စာနာစိတ် မရှိဘူး၊ ခင်တွယ်စိတ် မရှိဘူး၊ အဲဒါ ကိုယ်တို့နှစ်ယောက်ကို ဝေးသွားစေတဲ့ အရာတွေပါပဲ"

စိမ်းကလည်း သူ့ကို နာကြည်းသော မျက်လုံးများဖြင့် တန်ပြန်စိုက်ကြည့်ကာ ...

"အဲဒီလို ဝေးသွားလို့လည်း အုံးစားမယ် မထင်နဲ့ ဝသန်၊ ကျွန်မကို ကျော်ပြီးတော့တောင် အဲဒီမိန်းမကို ရွေးချယ်ဖြစ်သွားရအောင် သူက ဘာအစွမ်းတွေ ရှိနေမလဲလို့ စောင့်ကြည့်မယ်"

စိမ်းလန်းကား ပြောပြောဆိုဆိုနှင့် ထထွက်သွားလျှင် သူက သူမ ကြားအောင် စကားတစ်ခွန်းကို အလျင်အမြန် ပြောလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို သိပ်ချစ်တတ်အောင် လုပ်နိုင်တဲ့ အစွမ်းတွေ ရှိနေတယ်လေ"

အားပါး ... အဲဒီလို တစ်ယောက်ယောက်ကို ရင်ဖွင့်ခွင့် ရလိုက်တာ သူ့အတွက် ကျေနပ်လိုက်တာ။

ဖွဲ့နီရေ ... မင်းကို အရမ်းချစ်တဲ့အကြောင်း ရင်ဖွင့်ချင်ပါပြီ။ ဒါပေမဲ့ ဒီအချိန်မှာ ရင်ဖွင့်တာဟာ မင်းအတွက် ကောင်းကျိုးတွေ မဖြစ်စေနိုင်ပါဘူး၊ အချစ်စစ်မှန်ရင် ဆုံစည်းရမှာပေါ့ ချစ်သူလေးရယ်။

ကိုယ် မင်းကို ဘယ်လောက်ချစ်ကြောင်း သက်သေပြသွားမှာပါ။







## အခန်း(၁၁)

ဖွဲ့နီသည် မဦးမေ၏ အကူအညီ၊ လမ်းညွှန်မှုတွေဖြင့် အားလပ်ရက်တွေမှာ သင်တန်းတွေ တက်သည်။ ညပိုင်းတွေမှာ စာကို အပတ်တကုတ် ဖတ်သည်။ မှတ်သည်။ လက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ စာအုပ်တစ်အုပ်က အမြဲတမ်းပါလျက် အားလျှင် စာဖတ်နေတတ်သည်။ အဲဒီတော့ အရာတော်တော်များများကို မေ့ပျောက်ထားနိုင်လေသည်။

တစ်နေ့တွင်တော့ သူက ဖွဲ့နီကို မမျှော်လင့်သောလက်ဆောင်တစ်ခု ပေးလာခဲ့သည်။ အဲဒါကတော့ တန်ဖိုးကြီး Laptop တစ်လုံးပဲ ဖြစ်ပါသည်။

"ဒါက ဘာလုပ်ဖို့လဲ မန်နေဂျင်း"

"မင်းအတွက် နောင်တစ်ချိန်မှာ အရမ်းလိုအပ်လာမဲ့ ပစ္စည်းပါ၊ လက်ခံပါ ဖွဲ့နီနီ၊ မင်းအတွက် ပညာဒါနလုပ်တာပါ"

ဖွဲ့နီက အသည်းအသန်ပင် ခေါင်းခါ ငြင်းဆန်လျက် ...

"ကျွန်မ ဒီလို တန်ဖိုးကြီးတဲ့ ပစ္စည်းမျိုးကို လက်မခံပါရစေနဲ့"

သူက ဖွဲ့နီကို အဓိပ္ပာယ်ပါသော မျက်ဝန်းများနှင့် စိုက်ကြည့်လာသည်။ အဲဒီအကြည့်တွေကြောင့် ဖွဲ့နီသည် ချက်ချင်း





ပင် ရင်တွေပန်းတွေ တုန်လာကာ လက်ဖျားတွေ အေးစက်လာသည်။ ဘယ်လိုကြည့်နေတာလဲဟု ပြန်မေးချင်စိတ်ကို ဖွတ်ပင်ချိုးနှိမ်ထားရသည်။

ဝေဒနာတွေ မပေးသင့်ပါဘူး မန်နေဂျင်းရယ်။

"ဒီပစ္စည်းကို ကိုယ် ပေးလို့ လက်မခံနိုင်တာလား"

ဟုတ်နေသည်မို့ ဖွဲ့နီဟာ ဘာပြန်ဖြေရမှန်း မသိပေ။

"ကိုယ်တို့ကုမ္ပဏီက ထူးချွန်တဲ့ ဝန်ထမ်းတွေကို ဒီလိုပဲ ပညာဒါန လုပ်နေကျပါ၊ သက်ဆိုင်ရာ GM တွေကတစ်ဆင့် ဒီလိုပဲ ပေးနေကျပဲ ...

မင်းက ကိုယ်ပေးလို့ လက်မခံဘူးဆိုရင် ကုမ္ပဏီဥက္ကဋ္ဌနဲ့ တစ်ဆင့်ပေးခိုင်းလိုက်မယ်"

သူ့ စကားကြောင့် ဖွဲ့နီက အထိတ်တလန့်ဖြင့် မျက်လုံးပြူးသွားရသည်။

"အဲ ... အဲလိုတော့ မလုပ်ပါနဲ့ မန်နေဂျင်း၊ ဒါပေမဲ့လည်း ဒီပစ္စည်းက အရမ်းတန်ဖိုးကြီးလွန်းလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူက Laptop အိတ်ကို ဇွဲနီရဲ့လက်ထဲသို့ ထည့်ပေးလိုက်တော့ရင်း ဇွဲနီကို ကြည့်ကာ ပြောသည်မှာ ...

"တန်ဖိုးဆိုတာ ခံစားသူက သတ်မှတ်တာပါ၊ သာမန်ပစ္စည်းတစ်ခု ဖြစ်ပေမဲ့လည်း ခံစားသူအတွက် ခံစားချက်တွေ တနင့်တပိုး ပေးနိုင်ရင် ဒါဟာ တန်ဖိုးမဖြတ်နိုင်တဲ့အရာ ဖြစ်သွားပြီလေ၊ စိတ်ရှင်းရှင်းနဲ့ သုံးပါ ဇွဲနီ"

သူပြောသော စကားလုံးတွေကို နားလည်သလိုလိုနှင့် နားမလည်ချေ။ အဲဒီစကားရဲ့ နောက်ကွယ်မှာလည်း အဓိပ္ပာယ်တွေက အများကြီးပါနေသည်ဟု ထင်၏။ သို့သော် ဆက်မတွေးချင်တော့။ တွေးလည်းမတွေးသင့်တော့။

"သင့်ခ်ယူ မန်နေကျင်း။ ဟင့်အင်း ... မဟုတ်သေးဘူး။ Thanks a lot"

သူက ပြုံးကာ ချာခနဲ လှည့်ထွက်သွားသည်။ သူလှည့်အထွက်မှာ သင်းပျံ့ကျန်ရစ်ခဲ့သော ယောကျ်ားဆန်သည့် ရနံ့တစ်မျိုးသည် ဇွဲနီရဲ့ ရင်ကို လွှမ်းဆွတ်စေအောင် ဖမ်းစားသွားသည်။





သူ့နောက်ကျောပြင်ကို စိုက်ကြည့်ရင်းမှ မျက်ရည်စတချို့ ရစ်သိုင်းလာသည်မှာ ရင်ထဲက ဝေဒနာတစ်ခုကြောင့်သာ ဖြစ်ပါသည်။


ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





အဲဒီနောက်မှာတော့ သူနဲ့ ဖွဲ့နီ ကြားမှာ ပျောက်ဆုံးသလို ဖြစ်နေသော နွေးထွေးမှုလေးတစ်ခုက ပြန်ရောက်လို့လာခဲ့သည်။ သူပေးသော အားပေးအပြုံးတွေကြားက အားမာန်တွေဖြင့် ဖွဲ့နီရဲ့ အရည်အချင်းတွေလည်း ပို၍ အရောင်လက်လာပြီဖြစ်သည်။ အခုဆိုလျှင် ဖွဲ့နီသည်, စာမေးပွဲတွေဖြေကာ အမှတ်





စာရင်းတွေ စုနေပြီ။ နိုင်ငံတကာတက္ကသိုလ်အိပ်မက်သည် တဖြည်းဖြည်းနှင့် နီးကပ်လို့လာပြီဖြစ်သည်။

သူ ပေးသော အကြံဉာဏ်တွေ၊ လမ်းညွှန်မှုတွေသည် အဖိုးမဖြတ်နိုင်အောင်ပင် တန်ဖိုးကြီးပါသည်။ အခုဆိုလျှင် တစ်ပတ်မှာ သုံးရက်လောက်တော့ ဖွဲ့နီတို့တစ်တွေ သန်လျင်ကခြံလေးသို့ သွားလေ့ရှိကြ၏။ သူ့အကြောင်း ကိုယ့်အကြောင်းတွေဖလှယ်ကာ နှစ်ဦးသားရှိ နားလည်မှုမှာ ပိုမိုခိုင်မြဲ၍ လာခဲ့ပါသည်။

ထိုအခါ ဖွဲ့နီသည် ဘာရယ်မဟုတ် သူ့ကို မေးမိသည်။

"မန်နေဂျင်း ဟိုမှာ ကျောင်းသွားတက်တော့ ဒီကို မလွမ်းဘူးလား"

သူက တိတ်တဆိတ်ပြုံးကာ ...

"သတိရမိတာတော့ ရှိတာပေါ့"

"ကျွန်မက မလွမ်းဘူးလားလို့မေးတာ"



www.burmeseclassic.com

www.burmeseclassic.com



"မလွမ်းဘူး"

"ဇာင် ... ဘယ်လိုကြီးလဲ"

ဖွဲနီရဲ့ အပြောကို သူက ပြုံးကာ အေးအေးသက်သာ ရှင်းပြလေသည်။

"လွမ်းတယ်ဆိုတာ စိတ်ပိုင်းဆိုင်ရာ အားနည်းနေတာကို ပြောတာ။ စိတ်မှာ Weak ဖြစ်နေတယ်။ လွမ်းတဲ့စိတ်ဟာ လူကို မကောင်းစေဘူး။ သမုဒယတွေ ရှိတယ် ...

ဒီကနေ နိုင်ငံခြားကို ကျောင်းသွားတက်တဲ့လူတွေ တချို့ ဟိုမှာ မပျော်ဘူး အဆင်မပြေဘူးဆိုတာက ဒီမှာတုန်းက မိဘအိမ်မှာ အစစအရာရာ လိုလေသေးမရှိ နေခဲ့ရတယ်၊ ဟိုမှာကျတော့ ဘာမဆို ကိုယ့်ဟာကိုယ်ပဲ လုပ်ရတယ်လေ။ လိုအပ်ချက်တွေ ရှိလာတော့ လွမ်းတာပေါ့ ...

ကိုယ့်တုန်းကတော့ ဟိုမှာအစစအရာရာ လိုလေသေး မရှိ နေခဲ့ရတယ် ဆိုတော့ လွမ်းတယ်ဆိုတာမျိုး သိပ်မရှိဘူး။ အိမ်နဲ့လည်း နေ့တိုင်း ဖုန်းပြောနေရတာလေ ...





မင်းလည်း ဟိုမှာ ကျောင်းသွားတက်ရင် လွမ်းမှာ မဟုတ်ပါဘူး"

"ဘာလို့ အဲလို ပြောနိုင်ရတာလဲ"

ဖွဲနီရဲ့ စူပုပု အပြောကို သူက ကလေးတစ်ယောက်ကို ပြုံးကြည့်သလိုမျိုးဖြင့် ချစ်စနိုး ပြုံးစိုက်ကြည့်ကာ ...

"မင်းက ဒီမှာလည်း သတိရ,ရမဲ့သူ၊ လွမ်းရမဲ့သူတွေ မကျန်ရစ်ဘူးလေ။ မင်းလို လူမျိုးက ကြိုးစားရင် ကြိုးစားသလို ထိပ်ဆုံးကို ရောက်မှာပါ"

အဲဒီအပြောမှာတင် ဖွဲနီက ကျေနပ်အားတက်ခဲ့ရပြီ ဖြစ်သည်။

"ဘဝရဲ့ ရည်မှန်းချက်ပန်းတိုင်တွေကို သွားရင် သမုဒယတွေ ခံစားချက်တွေကို ဘေးဖယ်ထားနိုင်ရင် အကောင်းဆုံးပဲ ဖွဲနီနီ ...

အပွင့်လင်းဆုံး ပြောရရင်တော့ အချစ်ပေါ့။ အချစ်ကို ဦးစားပေးမိရင် တစ်ခါတလေမှာ ပျော်ရွှင်ရတာတွေထက် ခံစားနာကျင်ရတာတွေက ပိုများတတ်ပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရင်ထဲမှာ တကယ့်အချစ်တစ်ခုကို ခံစားနေရပြီဆိုရင် အဲဒီအတိုင်းပဲ သိမ်းထားလိုက်ပါ။ အဲဒါက ပိုကောင်းပါတယ် ...

တစ်နေ့နေ့ တစ်ချိန်ချိန် ရည်မှန်းချက်တွေ ပြည့်စုံလာတဲ့အခါမှာ နှလုံးသားတံခါးကို ဖွင့်လိုက်ရင် ပြီးပြည့်စုံတဲ့ ချစ်ခြင်းတစ်ခု ရှိလာမှာပါ"

"ဒါဆို ကျွန်မ Cross question မေးမယ်နော်"

"မေးပါ"

"မန်နေဂျင်း ပြောသလို ရင်ထဲက အချစ်တစ်ခုကို အချိန်အတိုင်းအတာတစ်ခုထိ သိမ်းထားလိုက်ပြီဆိုပါတော့။ ကိုယ့်ရည်မှန်းချက်တွေ ပြည့်စုံမှ နှလုံးသားတံခါးကို ဖွင့်ရင် နောက်ကျသွားမယ်ဆိုရင် ဘယ်လိုလုပ်မလဲ ...

အဲဒီအချစ်ကို ဆုံးရှုံးသွားမယ် ဆိုရင်လေ"

သူက ဖွဲနီရဲ့ မျက်ဝန်းတွေထဲသို့ တည့်တည့်ကြည့်ကာ ပြုံးပါသည်။ ထိုအပြုံးသည် တစ်ခုခုကို တိကျနိုင်မာစွာ သိသည်ဆိုသော အပြုံးမျိုးဖြစ်သည်။





"တစ်ယောက်နဲ့ တစ်ယောက်ကြားမှာ ဖွင့်မပြောဖြစ်ကြသေးပေမဲ့ နားလည်မှုရှိရင် ဆုံးရှုံးနိုင်စရာအကြောင်း ရှိမှာလား ဖွဲနီ"

သူ့စကားကို ဖွဲနီ ပြန်မဖြေနိုင်ချေ။ သူ ဘာကို ဆိုလိုချင်နေတာလဲ။ သူ့ရဲ့ ချစ်သူဆိုသော မိန်းကလေးကရော ဘယ်ရောက်သွားပြီလဲ။

ထိုမိန်းမနှင့် ပတ်သက်ပြီးတော့လည်း သူဟာ တစ်ခွန်းတလေမှ ဖွင့်ဟ၍မလာသည်မှာ နည်းနည်းတော့ ထူးဆန်းသည်။

ဖွဲနီသည် သူ့အဖြေကို ပြန်မဖြေနိုင်ဘဲ ရင်ထဲမှာသာ မေးခွန်းတွေနှင့် ပြည့်နေခဲ့တာ ဖြစ်ပါသည်။

တစ်ယောက်နဲ့တစ်ယောက်ကြားမှာ နားလည်မှုတွေ ရှိထားလည်းပဲ ကံတရားဆိုတာကို ကျွန်မမှ မယုံတာ မန်နေဂျင်းရယ်။



www.burmeseclassic.com

www.burmeseclassic.com





လေပြည်တွေ တိုက်ခတ်နေသည်ဟု ယူဆထားခဲ့သော ဖွဲ့နီရဲ့ ဘဝထဲသို့ မုန်တိုင်းတစ်ခုကတော့ မမျှော်လင့်ဘဲ ရောက်လာခဲ့တာဖြစ်သည်။ ဖွဲ့နီသည် အဲဒီမုန်တိုင်းကို ကြိုတင်ပြင်ဆင်ချိန်၊ ရှောင်လွှဲချိန်ပင် မရဘဲ ရုတ်တရက် အငိုက်မိခံလိုက်ရတာ ဖြစ်လေသည်။





အဲဒီနေ့က အားလပ်ရက်ဖြစ်သဖြင့် ဖွဲ့နီဟာ BC စာကြည့်တိုက်သို့ သွားဖို့ အိမ်မှ ထွက်မည်အလုပ်မှာ သူရဇ္ဇ ရောက်လာတာဖြစ်သည်။ သူရဇ္ဇနှင့် ဖွဲ့နီက ပုဂံ မသွားခင်တည်းက မခေါ်ကြတော့သည် ဖြစ်လေရာ သူ ရောက်လာခြင်းအတွက် အံ့အားသင့်ရသေးသည်။

"သူရဇ္ဇ"

"ငါ နင့်ကို ပြောစရာရှိလို့ လာတာ ဖွဲ့နီ"

"ဘာပြောမှာလဲ။ ငါ အပြင်သွားတော့မလို့"

"ခဏလေးပါ။ ငါ ပြောမှာ နင့်အတွက်ပြောမှာ ဖွဲ့နီ။ နင်နဲ့ ဟိုကောင်နဲ့ ဘယ်လို အခြေအနေထိ ရောက်နေကြပြီလဲ"

သူရဇ္ဇရဲ့ အမေးစကားကို ဖွဲ့နီက ထောင်းခနဲ ဒေါသထွက်သွားရသည်။

"ဒီလို မေးစရာ နင့်မှာ ဘာအကြောင်းမှ မရှိဘူး သူရဇ္ဇ။ နင် ပြန်တော့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် … ငါ နင့်ကို အကောင်းမေးနေတာ ဖွဲ့နီ။ နင် အသုံးချခံရမှာစိုးလို့ သတိပေးနေတာ။ နင်နဲ့ အဲဒီကောင်နဲ့ ဘာလဲ …

ဘာလို့ နင်တို့ သန်လျင်ကို ခဏခဏ သွားနေရတာလဲ …

ပြီးတော့ ဒီကောင်က နင့်အပြင် တခြားတစ်ယောက် ရှိသေးတယ် ဆိုတာရော နင် သိလား"

ဖွဲ့နီသည် ဖျတ်ခနဲပင် စိမ်းစိမ်းလန်း ဟူသော မိန်းမကို ပြေးမြင်မိသည်။ သူမဟာ သူ့ရဲ့ Girl Friend ဆိုတာ အားလုံး သိနေတာပဲ … ဖွဲ့နီ တစ်ချက် ငိုင်သွားသည့် အခိုက်မှာ …

"ဖွဲ့နီ နင့်ကို ငါ ချစ်သူတစ်ယောက်လို ချစ်တယ်ဆိုတာထက် နင်နဲ့ ငါက ဟိုးငယ်ငယ်တည်းက သူငယ်ချင်းတွေပါ။ နင့်အတွက် စိုးရိမ်တဲ့ ငါ့ စေတနာကို နားလည်စမ်းပါ …





အဲဒီကောင်နဲ့ သူ့ရည်းစားက အမေရိကားမှာ အကြာကြီး နေလာတာနော်။ ဟိုတစ်ယောက် ဒီပြန်ရောက်လာတာလည်း ယူဖို့ လိုက်လာတာ …

နင် ဒါတွေ သိရဲ့လား။ သိသိရက်နဲ့ အ,ခံနေတယ် ဆိုရင်တော့ နင့်ကို ငါ ဘာမှ ဆက်ပြောစရာအကြောင်း မရှိတော့ဘူး"

ကြည့်စမ်း … သူရဇ္ဇဟာ ဒါတွေကို ဘယ်ကသိလာပါလိမ့်။

ဖွဲ့နီဟာ သူရဇ္ဇရဲ့ စကားတွေကို ဘာပြန်ပြောရမှန်း မသိစွာဖြင့် ကြောင်နေမိသည်။

သူ မန်နေကျင်း ပြောသွားသော စကားတွေဟာ ဘာအဓိပ္ပာယ်တွေလဲ … ဖွဲ့နီသည် ရင်နာစွာဖြင့် ရှုံချင်စိတ်ပေါက်၍ လာသည်။

သူရဇ္ဇ ထပ်ပြောလိုက်သော စကားကတော့ ဖွဲ့နီရဲ့ ရင်ကို အထိဆုံးပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်က နင့်ကို တကယ်ပဲ ချစ်ဦးတော့ သူ နင့်ကို ဘယ်တော့မှ လက်ထပ်မှာ မဟုတ်ဘူး ဖွဲနီ။ အဲဒါ နင် မြဲမြဲမှတ်ထား ...

သူတို့နဲ့ ဂုဏ်ရည်တူ မိန်းမကိုသာ ရွေးချယ်မှာ၊ ငါတို့ နင်တို့လို လူတွေကို စာရင်းထဲထည့်ပြီး တန်းညှိမယ် များ ထင်မနေနဲ့"

ဖွဲနီရဲ့ မျက်လုံးထဲတွင် အကြင်နာရည်လွှမ်းသော အကြည့်တွေနှင့် ကြည့်တတ်သော်လည်း ခြေလှမ်းတွေ ခြေမဲ့ ရပ်တန့်ထားသူ တစ်ယောက်၏ ပုံရိပ်ကို ပြန်မြင်ယောင်လာသည်။

အဲဒီအခါမှာ ရင်ထဲမှာ နာကြည်းချင်သလိုလိုတောင် ဖြစ်၍လာလေသည်။ ကျွန်မဟာ ရှင်နဲ့ မတန်ဘူးများ ထင်နေလို့လား မန်နေဂျင်းရယ်။

ဝမ်းနည်းစိတ်က ရင်မှာ ဆောင့်တက်လာလျှင် သူရဇ္ဇက ဖွဲနီရဲ့ ပခုံးနှစ်ဖက်ကို ခပ်ဖွဖွကိုင်လာလျက် ...





"ငါ့စကားတွေက ရင့်သီးပြီး ခါးသီးနေလိမ့်မယ် ဖွဲနီ။ ဒါပေမဲ့ ဒီဆေးခါးကြီးက နင့်အတွက် ဝေဒနာတွေကို မေ့စေနိုင်မှာပါ။ နင့်ကို ငါ နားလည်ပါတယ်။ နင် ကျောင်းတက်ဖို့ ကြိုးစားနေတယ်ဆိုတာလည်း သိတယ်။ ဒီတော့ နင့်ကို လက်မတွဲဝံ့တဲ့ လူတစ်ယောက်ကို မေ့ပစ်စမ်းပါဟာ။ သူ့ဆီကနေ ရွှန့်ခွာခဲ့ပါနော်"

သူရဇ္ဇက ဖွဲနီရဲ့ မျက်နှာကို ငုံ့ကြည့်ကာ မေးလာသည့် အခိုက်မှာပဲ အပေါက်ဝမှာ လူရိပ်တစ်ခု လာထင်ဟပ်လာတာ ဖြစ်ပါသည်။

"ဖွဲနီနီ"

ခေါ်သံနှင့်အတူ ရောက်လာသောသူကို အမြင်မှာ ဖွဲနီသည် အံ့သြလွန်းသဖြင့် အသံတောင် မထွက်နိုင်ချေ။ ခေတ္တမျှ ကြောင်နေပြီးမှ ပခုံးပေါ်မှ သူရဇ္ဇရဲ့ လက်ကို ဖယ်ရသည်။

အပေါက်ဝမှာ ရပ်လျက် ရှုးရှူးရှာ ရပ်ကြည့်နေသူကို ဘာလာလုပ်တာလဲဟု နားမလည်သော်လည်း ဝတ္တရားအရတော့ ဖိတ်ခေါ်ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝင်ပါ အန်တီ"

သူရဲ့ဇနီးက ဖွဲ့နီရဲ့ ညှော်သည်ဟု ထင်သဖြင့် "ငါ သွားမယ်"ဟု ခပ်တိုးတိုး နှုတ်ဆက်ကာ ထွက်သွားသည်။ ဖွဲ့နီသည် သူ့ရဇနီးနှင့် သူမကို အဓိပ္ပာယ်တစ်မျိုးထင်နေဟန်ရှိသော မန်နေဂျင်း အမေရဲ့ မျက်လုံးတွေကို ဥပေက္ခာပြုကာ ထားလိုက်သည်။ ရှိစေတော့။

ပုံစံကြည့်ရတာတော့ ကောင်းသောလာခြင်း မဖြစ်နိုင်။ သို့သော် ဘာအတွက် ဆိုတာလဲ စဉ်းစားမရပေ။

"ထိုင်ပါ အန်တီ"

သူ့အမေက ဆက်တီမှာ ဝင်ထိုင်ကာ ဖွဲ့နီရဲ့ တိုက်ခန်းလေးကို ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်ရသည်။

"ဒီမှာ မင်း တစ်ယောက်တည်း နေတာလား"

အဓိပ္ပာယ်ကတော့ ဘာကို ဆိုလိုချင်မှန်းမသိ။ သို့သော် ဖွဲ့နီသည် ဘာဘာညာညာ ဖြေရှင်းဖို့တွေ သိပ်စဉ်းစားမနေချေ။





"ဟုတ်ကဲ့ပါ အန်တီ"

"အင်း ... အန်တီ လာရင်းကိစ္စကို မင်းလည်း သိချင်နေမှာပဲ။ အန်တီ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ် ...

မင်းနဲ့ သားရဲ့ ပတ်သက်မှုကို ဒီနေရာမှာပဲ ရပ်တန့်ထားလိုက်တော့။ မင်းက အရည်အချင်းရှိတဲ့သူတစ်ယောက်ပါ။ တခြားနေရာတစ်ခုမှာ မင်းအတွက် အဆင်ပြေမဲ့ အလုပ်တစ်ခု အန်တီ စီစဉ်ပေးပါ့မယ်"

"ခဏနေပါဦး အန်တီ။ ကျွန်မ အန်တီ့ စကားတွေကို နားမလည်လို့ပါ"

"အဓိပ္ပာယ်က ရှင်းရှင်းလေးပါ။ မင်း သားဆီမှာ အလုပ်မလုပ်ပါနဲ့တော့။ သားနဲ့လည်း မပတ်သက်ပါနဲ့တော့။ သားနဲ့ မင်း ပတ်သက်တာကို အန်တီ ဘယ်လိုမှ မနှစ်မြို့နိုင်လို့ပါ ...

မင်းလည်း မာနရှိတဲ့ မိန်းကလေးပါ။ ဒီလောက်ပြောရင် သဘောပေါက်မှာပေါ့။ သားက သိပ်မကြာခင်မှာပဲ



www.burmeseclassic.com

www.burmeseclassic.com



သူ့ချစ်သူနဲ့ လက်ထပ်တော့မှာပါ။ ဒီတော့ ကြားထဲမှာ မလိုလားအပ်တဲ့ ဆိုးကျိုးတွေ မဖြစ်စေချင်ဘူး”

ဖွဲ့နီသည် တခြားစကားလုံးတွေကို မျှော်လင့်ထားသဖြင့် ဘယ်နှယ့်မှမနေ။ သိပ်မကြာခင်မှာပဲ သူ့ချစ်သူနဲ့ လက်ထပ်တော့မယ်ဟူသော စကားကိုတော့ ရင်အနာဆုံးပဲ ဖြစ်လေသည်။

ဖွဲ့နီဟာ လက်ထပ်တော့မဲ့ ယောက်ျားတစ်ယောက်ကို လိုက်လုနေတဲ့ မိန်းမတစ်ယောက်များ ဖြစ်နေလို့လား။

“ဟုတ်ကဲ့။ အဲဒီတော့ ကျွန်မက ဘာလုပ်ပေးရမှာလဲ အန်တီ”

“သားရဲ့ ဒရိုင်ဘာအဖြစ် မင်း ဆက်လုပ်ဖို့ မလိုတော့ဘူးပေါ့ကွယ်။ မင်းအတွက် သင့်တော်တဲ့ အလုပ်တစ်ခု အန်တီ ပေးမှာပါ”

“မလိုပါဘူး အန်တီ။ အန်တီ့ကို ကျေးဇူးမတင်ပါရစေနဲ့”





“ဟုတ်ပြီလေ။ မင်းကလည်း မာနကြီးတယ်ပေါ့။ ကောင်းပါပြီ။ ဒါဆို ဖွဲ့နီ ... တနင်္လာနေ့ကစပြီး အလုပ်ဆင်းစရာ မလိုတော့ဘူး ...

မင်းကိုတော့ အန်တီက ကျေးဇူးတင်ပါတယ်”

ဖွဲ့နီသည် ဘာမှ ပြန်မပြောမိဘဲ တခြားတစ်နေရာသို့သာ အကြည့်တို့ကို ပို့ထားမိသည်။ သူ့အမေ ပြန်သွားသော်လည်း ထိုင်ရာမှ မထသေးဘဲ အသက်မဲ့သူလို ငူငူကြီး ထိုင်နေတုန်းပင်။

လောကကြီးမှာ ငွေကြေးမပြည့်စုံတဲ့ မိန်းကလေးကို နှိမ်ချင်၊ လက်မခံချင်ကြတာ ဘာကြောင့်များပါလိမ့်။ ဖွဲ့နီက ငွေကြေးမပြည့်စုံတဲ့ဘဝကို မသိမ်ငယ်ပေချေ ...။ သို့သော် စော်ကားခံရသဖြင့် နာကြည်းတတ်သော နှလုံးသားကတော့ ကျိတ်၍ လှီးဖြတ်ခံထားရသလို သွေးတွေအလိမ်းလိမ်းဖြင့် ပင်ပန်းစွာ အသက်ဆက်ရပေဦးတော့မည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၂)

ထိုနေ့က Breakfastဝိုင်းမှာ မာမီက သူ့ကို အံ့သြစေသော စကားတစ်ခွန်းကို ပြောလာခဲ့တာဖြစ်ပါသည်။

"သား ဒီနေ့တော့ ရုံးကို ကိုယ်ဟာကိုယ်ပဲ မောင်းသွားလိုက်တော့။ ခွဲနိုနို မလိုက်လာမှာ မဟုတ်တော့ဘူး"





"ဘာလို့လဲ။ မာမီ့ကို ဖုန်းဆက်ပြောလို့လား"

"မပြောပါဘူး။ မာမီ သူ့ကို အလုပ်က နားခိုင်းလိုက်ပြီ"

သူ အလွန်ပင် အံ့သြသွားခဲ့ရပါသည်။ သောက်လက်စ ကော်ဖီကိုပင် ဆက်မသောက်နိုင်တော့ချေ။

"မာမီ ဘယ်လိုလုပ်လိုက်တာလဲ၊ ကျွန်တော့်ကိုလည်း ဘာမှ မပြောဘဲနဲ့ မာမီ ဘာတွေ လျှောက်လုပ်နေတာလဲ"

မာမီက မခိုးမခန့် ပြုံးကာ ...

"မာမီ ဘာတွေ လျှောက်လုပ်ရသလဲဆိုတာ မင်း အသိဆုံးပါ သားရယ်။ မင်းကို မာမီ စိတ်ချယုံကြည်လို့မှ မရတာ"

"မာမီ စိတ်မချရအောင် ကျွန်တော်က ဘာတွေ လုပ်နေလို့လဲ"

"ဘာမှတော့ မလုပ်သေးဘူးပေါ့လေ။ သို့သော်လည်း လုပ်လာဖို့ အရိပ်အယောင်တွေ တွေ့နေရတာပဲ မဟုတ်လား ..."



www.burmeseclassic.com

www.burmeseclassic.com



သား ဘာမှ ရှောင်ဖို့ စိတ်ကူးမနေနဲ့တော့။ မင်း စိမ်းစိမ်းကို ပြောခဲ့တာတွေ အားလုံး စိမ်းက မာမီ့ကို အကုန်ပြောပြပြီးသွားပြီ ...

နီးစပ်မှုဆိုတဲ့ စကားလုံးကို မာမီ အယုံအကြည်မဲ့ဆုံးပဲ သား။ အဲဒါဟာ အမှားကို အများကြီးဖြစ်စေတယ်။ မဖြစ်သင့်ပါဘူးကွယ်”

သူ့ မျက်လုံးထဲတွင် စိန်ခေါ်သည့် အရိပ်အယောင်များဖြင့် ပြုံးပြသွားခဲ့သော စိမ်းလန်းရဲ့ မျက်နှာကို ပြေးမြင်သည်။ စိမ်းလန်းရယ် ... မစားရတဲ့အမဲ သဲနဲ့ ပက်တယ်ဆိုတဲ့ စကားဟာ မင်းအတွက် ရင့်သီးကောင်း ရင့်သီးနေမယ်။

သို့သော်လည်း မင်းနဲ့ ထိုက်တန်ပါတယ်။

“မာမီ ... ဖွဲ့နီကို လက်မခံနိုင်စရာ ဘာအကြောင်းများ ရှိနေလို့လဲ”

သူက ပေါ်တင်ပင် ဖွင့်ပေးလိုက်လျှင် မာမီက အေးစက်စွာပြုံးပါသည်။





“သား ... မင်း သူ့ကို အခုထိ Proposeမလုပ်ရသေးဘူး မဟုတ်လား။ မင်း စိတ်မှာ တစ်ခုခုကို ချီတုံချတုံ စဉ်းစားနေတယ် ဆိုကတည်းက မင်းတောင် သူ့ကို ဒီအသိုင်းအဝန်းထဲ ဆွဲထည့်ဖို့ အများက ပြောလာမဲ့ အပြောတွေကို လက်ခံနိုင်ဖို့ မဝံ့မရဲ ဖြစ်နေရတာပဲ မဟုတ်လား ...

မင်းကောင် ဒီလို စဉ်းစားနေရရင် မာမီဟာ သူ့ကို ဘာကြောင့် လက်မခံနိုင်သလဲဆိုတာ ရှင်းရှင်းလေးပါ သားရယ်”

ဪ ... မာမီက သူ့ ခံစားချက်တွေကို ဘာသာလွဲပြန်နေတာပါလား။

“မဟုတ်ဘူး မာမီ။ ကျွန်တော် သူ့ကို Proposeမလုပ်တာ အဆင့်အတန်းတစ်ခု ခြားထားလို့၊ စဉ်းစားနေလို့ မလုပ်တာမဟုတ်ဘူး ...

ကျွန်တော် စဉ်းစားတယ်။ အဲဒီလို စဉ်းစားတာလည်း သူ့အတွက်ပဲ။ သူ့ကို ကျွန်တော် Proposeလုပ်လိုက်လို့



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ ချစ်သူတွေ ဖြစ်သွားရင် သူ့အတွက် ကောင်းဖို့ မရှိနိုင်ဘူး မာမီ။ မလိုလားအပ်တဲ့ ဆိုးကျိုးတွေပဲ ဖြစ်လာမယ် ...

အခုတောင် ကျွန်တော်နဲ့သူ ဘာမှ မဖြစ်ကြပေမဲ့ မာမီက အလုပ်ဖြုတ်တာကို သူ ခံလိုက်ရပြီလေ။ အဲဒါ ကျွန်တော်နဲ့ ပတ်သက်မိလို့ သူ ရလာတဲ့ ပထမဆုံး အကျိုးဆက်ပဲ။ သူ့အတွက် ဘာကောင်းတာရှိလို့လဲ"

မာမီက သူ့ရဲ့ စကားတွေကို ဘာမှ ပြန်မပြောနိုင်ဘဲ မျက်မှောင်ကုတ် ကြည့်နေသော်လည်း စိတ်ဝင်စားမှုတော့ အပြည့်ရှိဟန်ရှိသည်။

"ကျွန်တော် ဖွဲနီနီကို ချစ်မိတယ် မာမီ။ ချစ်တဲ့စိတ်ကို တားဆီးလို့မရနိုင်ပေမဲ့ အသိဉာဏ်ကတော့ စိတ်ကို ချုပ်တည်းနိုင်တယ် ...

အခုချိန်မှာ ကျွန်တော် သူ့ကို ချစ်ပေမဲ့ ဖွင့်မပြောတာဟာ အဆင့်အတန်း ကွာခြားလို့ မဟုတ်ဘူး ...





ပညာတွေ ဆက်သင်ပြီး ထူးချွန်တဲ့ မိန်းမတစ်ယောက် ဖြစ်လာတာကို မြင်ချင်လို့။ အချစ်ကို စိတ်ဝင်စားပြီး အချစ်ကြောင့် တက်လမ်းတွေ ဖရိုဖရဲ ဖြစ်သွားရတဲ့ မိန်းမတစ်ယောက် မဖြစ်စေချင်လို့ ...

ကျွန်တော့်ရဲ့ အချစ်ဆိုတာ သူ့အတွက် စေတနာ စစ်စစ်တစ်ခုပါပဲ"

သူက ပြောပြီးလျှင် ထိုင်ရာမှ ထရပ်လိုက်သည်။

"စိတ်ချနေပါ မာမီ။ ကျွန်တော် သူ့ကို ပြန်ဆက်သွယ်ပြီး အလုပ်ပြန်မခန့်ပါဘူး ...

လုံးဝ မဆက်သွယ်ဘူးလို့ မာမီ မတောင်းတဲ့ ကတိကိုတောင် ပေးပါတယ်။ မာမီကလည်း ကတိတစ်ခုတော့ ပေးရလိမ့်မယ်"

"ဘာများလဲ"

"ကျွန်တော့်ကို အိမ်ထောင်ပြုဖို့ ဘယ်တော့မှ မစီစဉ်ပါဘူး ဆိုတဲ့ ကတိပါ"



www.burmeseclassic.com

www.burmeseclassic.com



မာမီက တစ်ခဏတော့ ငြိမ်သက်သွားသေးသည်။

ပြီးတော့မှ ...

"အင်းလေ ... ဒီလိုမှလည်း မှူတမှာပေါ့။ မင်း သဘောပါပဲ"

"သင့်ခ်ယူ မာမီ"

သူက ခပ်တိုးတိုးပြောကာ ရုံးသွားဖို့အတွက် ထွက်လာခဲ့လိုက်သည်။ ပေါ်တီကိုအောက်မှာ အသင့်ထိုးရပ်ပေးထားသော်လည်း မောင်းသူ ကင်းမဲ့နေသည့် ကားကြီးကို တစ်ချက်ကြည့်ကာ ရင်ထဲ၌ နင့်ခနဲ ဖြစ်သွားရလေသည်။ ခံစားရမှာပါပဲ။

အသိဉာဏ်နဲ့ ထိန်းချုပ်ထားလို့သာ ရင့်ကျက်တဲ့သူတစ်ယောက်အဖြစ် သတ်မှတ်လို့ ရနိုင်သော်လည်း နလုံးသားကတော့ နုငယ်သော အချစ်တို့နှင့် ပြည့်နှက်၍သာ နေတာဖြစ်လေသည်။

နွေးထွေးသော မျက်ဝန်းတွေ၊ ကြင်နာသော အပြုံးတွေဖြင့် ဦးကြိုနှုတ်ဆက်တတ်ပုံတွေ၊ ချိုမြသော သံစဉ်တွေကို





နားဆင်စေသူအဖြစ် ခံစားမြတ်နိုးခဲ့ရသော ပုံရိပ်ကြည်လေးနှင့် ဘယ်အတိုင်းအတာထိတော့ ဝေးနေရဦးမလဲ မသိချေ။

သူကတော့ နုသစ်လတ်ဆတ်သော အချစ်တို့ဖြင့် အမြဲတမ်း စောင့်နေမှာပဲ ဖြစ်လေသည်။


ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





သူ့ကို မျှော်နေမိသည်ဆိုတာ ဘယ်သူမှ မသိသော်လည်း ကိုယ့်ကိုယ်ကိုယ်တော့ သိနေသည်မို့ ဖွဲ့နီဟာ တွေးမိလိုက်တိုင်း တိတ်တိတ်လေး ရှက်စွံ့ရတတ်ပါသည်။ ပြီးလျှင် နာကျင်ရသည်။ ဝမ်းနည်းရသည်။





သူ့မာမီ လာပြောပြီးကတည်းက ဖွဲ့နီဟာ အလုပ်လုံးဝမဆင်းတော့။ သူ့ထံမှ ဘယ်လို အဆက်အသွယ်မှ ရောက်မလာတော့သည်မှာလည်း နည်းနည်းတော့ အံ့သြဖို့ကောင်းကာ နာကြည်းချင်စရာလည်း ကောင်းသည်။

သို့သော် ကိုယ်က သူနဲ့ ဘာဆိုင်လို့လဲ၊ ဘာပတ်သက်မှုလို့လဲဟု တွေးကြည့်သောအခါတွင်လည်း ရေရေရာရာ အဖြေမရှိချေ။

သို့သော် စကားတွေ အများကြီး ပြောခဲ့ဖူးသော မျက်ဝန်းတစ်စုံကိုရော မေးလို့ရမှာတဲ့လား။

ဘာမှလက်ဆုပ်လက်ကိုင် မပြနိုင်ဘဲနဲ့တောင် ခံစားရချင်သည့် နှလုံးသားဟာ အချစ်ကို တွေ့တွေ့ဆိုင်ဆိုင် မကြုံခဲ့ရတာပဲ ကောင်းသည်ဟု သတ်မှတ်လိုက်ရတော့တာဖြစ်သည်။

ဒီလိုနှင့် အားလုံးကို မေ့ထားကာ ဘဝကို ပညာထဲမှာသာ အပြီးတိုင် မြှုပ်နှံလိုက်တော့တာ ဖြစ်သည်။ ဖွဲ့နီရဲ့ဘဝမှာ ချစ်သူ ခင်သူ တွယ်တာသူ သတိရရမည့်သူ ဘာဆို



www.burmeseclassic.com

www.burmeseclassic.com




ဘာတစ်ခုမှ မထားတော့။ အချိန်တိုင်း အတွေးတိုင်းမှာ ပညာတွေကိုပဲ ခေါင်းထဲ ထည့်ထားသော ဖွဲ့နီဟာ နှစ်ကုန်ခါနီးလောက်မှာတော့ Full Scholarship ရလျက် ချစ်သောရေမြေကို တိတ်တဆိတ် နှုတ်ဆက်ခွဲခွာခဲ့တော့တာ ဖြစ်လေသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ ဓိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။







# "2007 + 10 = 2017" (နှောင်ဆယ်နှစ်ကြသောအခါ)

www.burmeseclassic.com

www.burmeseclassic.com





ဆယ်နှစ်ဟူသော အချိန်ကာလသည် လူတစ်ယောက်၏ ဘဝကို အမြင့်မားဆုံး မဟုတ်တောင် နေရာအဆင့်အတန်းတစ်ခုကိုတော့ တိုးမြှင့်ရောက်ရှိသွားနိုင်လေသည်။ အထူးသဖြင့် ဘဝထဲမှာရော ဦးနှောက်ထဲမှာရော ပညာမှလွဲ၍ တခြား ဘာကိုမှ ထည့်မထားဘဲ ဆယ်နှစ်တိတိ အမြဲတစေ အပတ်တကုတ်





လှေလှာအားထုတ်ခဲ့သော ဖွဲနီနီ အဖို့တော့ ထူးချွန်ထက်မြက်သည့် ဗိသုကာဒီဇိုင်းပညာရှင်အဖြစ်သို့ ပြောင်းလဲသွားစေနိုင်ပြီဖြစ်သည်။

ဒါဟာ နတ်ဖန်ဆင်းတာလည်းမဟုတ်၊ ကံတရားကြောင့်လည်းမဟုတ်၊ ဆယ်နှစ်တိတိ ဖွဲ၊ လုံ့လ၊ ဝီရိယတို့ကို အရင်းခံကာ ကြိုးစားအားထုတ်ခဲ့မှုတို့၏ ရလဒ်ပဲဖြစ်သည်။ ဆယ်နှစ်ဆိုသော အတိုင်းအတာနှင့် အချိန်ကာလသည် ဖွဲနီနီကို ရင့်ကျက်သော မိန်းမတစ်ယောက်အဖြစ်သို့လည်းကောင်း၊ ဘာမဆို ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းရှိသည့် ထက်မြက်ရဲဝံ့သော မိန်းမတစ်ယောက်အဖြစ်သို့လည်းကောင်း ပြောင်းလဲသွားစေခဲ့ပါသည်။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အပြည့်ရှိသော မိန်းမတစ်ယောက်သည် ဆယ်နှစ်ကျော်သော အချိန်အခါမှာတော့ ခွဲခွာခဲ့ရသော မွေးရပ်မြေသို့ ပြန်လည်ခြေချနိုင်ခဲ့ပြီဖြစ်သည်။ ရောက်လာခဲ့သည်မှာတော့ ဖွဲနီရဲ့ သဘောဆန္ဒအတိုင်း မဟုတ်ချေ။ ဖွဲနီ အလုပ်လုပ်ရာ မိခင်ဌာနချုပ်ကြီးမှ မြန်မာပြည်ရဲ့ ပရောဂျက်အတွက် စေလွှတ်လိုက်ခြင်းသာ ဖြစ်ပါသည်။

၁

www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့နီ ထွက်လာခဲ့တုန်းကတောင် တိုးတက်ပြောင်းလဲနေပြီဖြစ်သော ရန်ကုန်ဟာ ဆယ်နှစ်အကြာမှာတော့ ခမ်းနားထည်ဝါလွှန်းသော အရောင်တွေ ထပ်၍ ဆင့်နေပြီဖြစ်သည်။

ဘယ်နေရာကိုပဲကြည့်လိုက် ကြည့်လိုက် အသစ်လွင်ဆုံးအရာများနှင့် သပ်ရပ်ရှင်းသန့်လို့နေသည်။ တစ်ချိန်က ဒီလမ်းတွေပေါ်မှာ တစ်စုံတစ်ယောက်ရဲ့ လိုရာခရီးကို အန္တရာယ်ကင်းဘေးရှင်းစွာ ပို့ဆောင်ပေးခဲ့ရဖူးသည့် အဖြစ်တွေကို တွေးမိလျှင် ချက်ချင်းပင် ရင်ထဲ၌ ဆွတ်ပျံ့သွားသည်။

ဩော် ... ဆယ်နှစ်တဲ့။ ဆယ်နှစ်ဆိုသော အချိန်ဟာ အသိဉာဏ်နဲ့ ဦးနှောက်ကို ရင့်ကျက်စေပေမဲ့လည်း နှလုံးသားကိုတော့ မရင့်ကျက်စေပါလား။

ဒီလို တွေးမိလျှင် ရင်ထဲမှာ အကြီးအကျယ်မခံစားရတော့သော်ငြား နည်းနည်းတော့ နာကျင်စွာ ပြုံးမိသေးသည်။ အနုလောက်ဆို သူ့ကလေးတောင် မူလတန်း ရောက်လောက်ရောပေါ့ဟု စဉ်းစားမိလျှင် အပျိုကြီးစာရင်းတောင် ဝင်ပါပေါ့လားဟု သတိရရသည်။





ထို့အတူ အဘွားကိုလည်း လွမ်းဆွတ်ရပါသည်။ အဘွားဟာ ဖွဲ့နီကိုတော့ အလွန်သံယောဇဉ်ကြီးရှာသည်။ အဘွားကို သတိရသော်လည်း ဘယ်သူနဲ့မှ မပတ်သက်ချင်တော့သည်မို့ အဘွားကိုတောင် အဆက်သွယ် မလုပ်ခဲ့တော့တာဖြစ်သည်။ အမှန်တော့ ရှိရှိသမျှ သံယောဇဉ်တွေကို အားလုံးဖြတ်တောက်ပစ်ခဲ့တာ ဖြစ်ပါသည်။

ဒါတောင် နှလုံးသားက ပြေး၍ တမ်းတတုန်းပင်။ ဖွဲ့နီသည် အတိတ်ကို တတ်နိုင်သမျှ မေ့လျော့ကာ မြန်မာပြည်ရုံးချုပ်ကို ရောက်ရှိကြောင်း သတင်းပေးပို့ရသည်။ ပြီးလျှင် ဆယ်နှစ်ကျော် ဝေးကွာနေသော သူရဇ္ဇထံ ရောက်သွားပါသည်။ သူရဇ္ဇပင်လျှင် အိမ်ထောင်ကျကာ ကလေးနှစ်ယောက် ရနေချေပြီ။

သူရဇ္ဇက ဖွဲ့နီကို မြင်လျှင် ဝမ်းသာအားရဖြင့် ...

"ဖွဲ့နီရာ ... နင် နေနိုင်လိုက်တာဟာ။ သေသလား ရှင်သလား ဘာဖြစ်နေမှန်းတောင် မသိဘူး။ အခု နင် အပြီးပြန်လာတာလား ...



www.burmeseclassic.com

www.burmeseclassic.com



နင့် အခန်းကို ငှားထားတဲ့ အခန်းငှားခတွေတောင် ဘဏ်ထဲမှာ အများကြီး ဖြစ်နေပြီ"

"ဒါက အရေးမကြီးပါဘူးဟာ၊ ငါ နင့်ကို တွေ့ချင်လို့ လာတာပါ။ ငါ အခု USအခြေစိုက် (......)လုပ်ငန်းကြီးက အာခီတက်တစ်ယောက် ဖြစ်နေပြီလေ ...

ငါ ရုံးထိုင်တာကတော့ မလေးရှားမှာပေါ့။ ဒီကို တာဝန်နဲ့ လာတာပေါ့"

"ဘာပဲဖြစ်ဖြစ်ဟာ နင့်ဘဝ အခုလို မြင့်မြင့်မားမား ဖြစ်သွားတာ ငါ အရမ်းဝမ်းသာပါတယ်။ ဆယ်နှစ်ဆိုတဲ့ အချိန်ဟာ ကြိုးစားနေသူ တစ်ယောက်အတွက်တော့ အပြောင်းလဲကြီး ပြောင်းလဲစေတာပါပဲ ...

လွန်ခဲ့တဲ့ ဆယ်နှစ်ကနဲ့ ဘာမှ မတူတော့ဘူး"

"နင်လည်း ပြောင်းလဲလာပါတယ်"

"ဘာပြောင်းလဲတာလဲ၊ ငါကတော့ ဒီလိုပါပဲ"

"မိန်းမတစ်ယောက်နဲ့ ကလေးနှစ်ယောက်လေဟယ်"





"ဪ ... အဟား ဟား ... အေး ... ဟုတ်သား။ နင်ရော ငါတို့တွေ ငယ်ငယ်က ရူးလိုက်သေးတယ်နော် ...

ငါ နင် ထွက်သွားတော့ အသည်းကွဲသလိုလို ဘာလိုလို ဖြစ်သေးတယ်ဟ၊ ဟိုဘဲကိုတောင် မဆီမဆိုင် ငါ သွားကြိမ်းလိုက်သေးတယ်"

ဘယ်သူဆိုတာ ထည့်မပြောပါဘဲနှင့် အရိပ်ယောင်ကြားရုံနဲ့တင် ရင်က တစ်ချက် ထခုန်ဖြစ်အောင် ခုန်သေးလေသည်။

"နင် ဘာတွေ သွားပြောတာလဲ"

"အား ... ဘာတွေပြောလဲ၊ ဆယ်နှစ်တောင် ရှိပြီဟာ၊ ဘယ်လို မှတ်မိတော့မှာလဲ။ အဲ ... ငါ မှတ်မိတာ တစ်ခုတော့ရှိတယ် ... သူက ငါ ပြောတာတွေကိုတော့ ဘာမှ ခွန်းတုံ့ပြန်ပြီး မပြောဘူးဟ ...

နောက်ဆုံး ငါ ပြန်ခါနီးကျတော့ တစ်ခုပြောတယ် ...

ခင်ဗျား ဖွဲ့နီကို ချစ်တယ်ဆိုတာ ခင်ဗျားရဲ့ အတ္တအတွက် ချစ်တာပါတဲ့။ ကျွန်တော်ချစ်တယ်ဆိုတာ သူ့ဘဝ မြင့်မားဖို့အတွက် ချစ်တာတဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့နီဟာ ဘဝရဲ့ အမြင့်ဆုံးနေရာတွေကို ရောက်ဖို့အတွက် လေကားထစ်တွေ မတက်ဘဲနဲ့ မရနိုင်ဘူးတဲ့။ အဲဒီအတွက်လည်း အချိန်တစ်ခု လိုတယ်တဲ့။ ဘာကိုမှ နောက်ဆံမတင်းဘဲ ကြိုးစားလို့ရအောင် အဲဒီအချိန်တစ်ခုအတွက် သူက ဘေးဖယ်ပေးနေခဲ့တာဆိုပဲ၊ ဘာတွေ ပြောမှန်းတော့ မသိဘူး"

သူရဇ္ဇရဲ့ စကားတွေကြောင့် ဖွဲ့နီဟာ ရင်ထဲမှ ဝမ်းနည်းစိတ်က ချက်ချင်း ပျံ့နှံ့၍ စိမ့်တက်လာခဲ့သည်။ လွန်ခဲ့သော ဆယ်နှစ်တုန်းက သူ ပြောခဲ့သော စကားတွေကို ချက်ချင်းပင် ပြန်၍ ကြားယောင်လာသည်။

[ "တစ်ယောက်နဲ့တစ်ယောက်ကြားမှာ ဖွင့်မပြောဖြစ်ကြသေးပေမယ့် နားလည်မှုရှိရင် ဆုံးရှုံးနိုင်စရာအကြောင်းရှိမှာလား ဖွဲ့နီ" ]

[ "လူတိုင်းဟာ ဘဝရဲ့ အောက်ခြေတွေမှာတော့ ခြေစုံရပ်မိကြတာပဲ ဖွဲ့နီနီ။ အဲဒီထဲကမှ မြင့်မားတယ်ဆိုတဲ့ ဘဝကို ပိုင်ဆိုင်ဖို့ဆိုတာ လှေကားထစ်တွေကိုတက်မှ ရမှာ။





မတက်ဘဲနဲ့တော့ အမြင့်ကို မရောက်နိုင်ဘူး။ ဘဝရဲ့ အမြင့်မားဆုံးနေရာကို ရောက်ဖို့ လှေကားထစ်တွေကို တစ်ထစ်ချင်း တက်သွားရမယ်။

ဖွဲ့မလျှော့ပါနဲ့။ ကြိုးစားပါနော်" ]

ဖွဲ့နီသည် ထိုစကားတွေထဲမှ ရခဲ့သော အားအင်တွေကို ပြန်သတိရမိလျှင် သူ့ကို အလွန်အမင်း ပြေးတွေ့ချင်စိတ်အား ချိုးနှိမ်၍ ထားရသည်။

နောက်ဆုံးတော့ သူဟာ ဖွဲ့နီရဲ့ ဘဝကို အလင်းပြပေးခဲ့သူသာဖြစ်သည်။ သူ့ကြောင့်သာ ကျောင်းဆက်တက်ဖို့၊ ဘဝကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ကြိုးစားဖို့ ခွန်အားတွေ ရှိခဲ့ခြင်းဖြစ်သည်။

"နင်နဲ့ ဝသန်ဘုန်းကျော်နဲ့ရော အဆက်အသွယ်ရှိလား ဖွဲ့နီ"

"ဟင့်အင်း"

အဲဒီ ပြန်ဖြေသံဟာ အားမရှိချေ။ ဘုရားရေ။ အသက်သာ သုံးဆယ်ကျော်လာတယ်၊ အခုထိ ခံစားနိုင်စွမ်းအားတွေ ကောင်းနေဆဲပါပဲလား။



www.burmeseclassic.com

www.burmeseclassic.com



ဝသန်ရယ် ရှင့်ကို ကျွန်မ ကျေးဇူးတင်စကားလေးတော့ ပြောခွင့်ရချင်ပါတယ်။

"နင့်ကို ငါ တစ်ခုမေးမယ် ဖွဲ့နီ။ နင် ... စိတ်ဆိုးမှာလား"

"စကားက ကြိုပိတ်နေပြန်ပြီ"

"နင် သူ့ကို ချစ်ခဲ့လားဟင်"

ချစ်ခဲ့လားတဲ့။ အဲဒီအဖြေကို ဖွဲ့နီ မသိချေ။ သူဟာ ဖွဲ့နီကို အချစ်ကို ခံစားဖို့ အခွင့်အရေးရော ပေးခဲ့လို့လား။

ဖွဲ့နီသည် သူ့အကြောင်းမေးလျှင် မခံစားချင်တော့သော နှလုံးသားဖြင့် ထိုင်ရာမှ ထကာ ပြန်ဖို့အတွက် နှုတ်ဆက်လိုက်သည်။

"ငါ သိခဲ့ရတာကတော့ ဝသန်ဘုန်းဇော်ဟာ နင့်ကို သိပ်ချစ်ခဲ့ပုံပဲဟ၊ သူ့အချစ်က သာမန်ယောကျ်ားတွေရဲ့ အချစ်နဲ့တော့ မတူတာ အမှန်ပဲ ...

အဲဒီတော့ နားပြည်ဖို့တော့ ခက်နေလိမ့်မယ် ...





ဒါပေမဲ့ ငါ့ကို စကားပြောတုန်းက မျက်နှာကိုတော့ အခုထိ မြင်ယောင်တုန်းပဲ၊ သူ့မျက်လုံးတွေ ... မှာ နင့်ကို ချစ်တဲ့ အရိပ်တွေ အပြည့်ပဲဟ"

ဖွဲ့နီသည် သူရဇ္ဇရဲ့ စကားမဆုံးမီ အိမ်ထဲမှ ထွက်လာခဲ့တော့လေသည်။ အချိန်လွန်မှ သိခွင့်ရတဲ့ အချစ်တွေအတွက် ဆက်လက်မခံစားလိုတော့ပေ။

အခုလောက်ဆို သူလည်း သားယာပြီးပြည့်စုံသော မိသားစုဘဝမှာ အသားကျ ပျော်ရွှင်နေမှာ အမှန်ပဲဖြစ်သည်။ သူ စေတနာထားခဲ့ဖူးသော ဒရိုင်ဘာမလေးကိုတောင် ရေးတေးတေး မျှသာ မှတ်မိနိုင်တော့မည်။

သို့သော် ဒီလူတစ်ယောက်ဟာတော့ဖြင့် ကိုယ့်အပေါ်မှာ ဖြူစင်ရိုးသားလွန်းသော နှလုံးသားတစ်ခု ရှိခဲ့သည်ဟူသော အသိသည် သူမကို တစ်သက်လုံး စိတ်နှလုံးကြည်မွေ့စေမှာ ဖြစ်တော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





ဆယ်နှစ် ဆိုသော အချိန်သည် သူ့ကို စီးပွားရေး အတွေ့အကြုံများစွာ၊ အခက်အခဲများစွာ ပြီးတော့ ဝမ်းနည်းမှု များစွာနှင့် ပြောင်းလဲစီးဆင်းစေခဲ့ပါသည်။ ဆယ်နှစ်အတွင်းမှာ ဘွားဘွားနှင့် မာမီသည် သူ့ကို ကျောခိုင်းချန်ထားရစ်ခဲ့လျက် လောကကြီးထဲမှ နှုတ်ဆက်သွားခဲ့ကြ၏။





မာမီသည် သေဆုံးသွားသော်လည်း ကတိကို မမေ့ စွာနှင့် အိမ်ထောင်ပြုဖို့ လုံးဝ တိုက်တွန်းမသွားခဲ့။

အဲဒီအတွက် သူ မာမီ့ကို ကျေးဇူးများစွာ တင်ခဲ့ ရပါသည်။ ဒယ်ဒီကတော့ ဆယ်နှစ်အတွင်းမှာ လုံးဝ မျက်နှာ လွှဲ၍ရသော၊ ပြောင်းလဲရင့်ကျက်မှုတွေများသော သူ့ကို အားကိုး ကာ ဥက္ကဋ္ဌရာထူးကို လွှဲပေးလိုက်ပြီဖြစ်သည်။ အကြံပေးသူနေရာ ကသာ ပါဝင်တော့လျက် ဘဝကို အေးဆေးစွာ ဖြတ်ကျော်ဖို့ နောက်ဆုံးအချိန်အတွက် ကြိုတင်ပြင်ဆင်နေပြီဖြစ်သည်။

သူသည် အဲဒီအတွက်ကြောင့် ဘဝတစ်ခုလုံးကို ကုမ္ပဏီကြီးထဲမှာသာ မြှုပ်နှံလိုက်တော့တာဖြစ်သည်။ အချစ်ရေး အိမ်ထောင်ရေးဆိုတာ ခေါင်းထဲမှာ လုံးဝနေရာမယူသော အရာတွေ ပင်။

တစ်ခါတလေတော့လည်း မှန်းကျပ်မှုတွေ များလာ လျှင် မေးစက်ချင်သော ရင်ခွင်တစ်ခုကို အထူးပဲ တမ်းတမိခဲ့ သည်။ အဲဒီ ရင်ခွင်ငယ်လေးဟာ ဘယ်အရပ်မှာ ပျော်မွေ့နေလဲ



www.burmeseclassic.com

www.burmeseclassic.com



တော့ မသိချေ။ သို့သော် သူ့စိတ်ထဲ၌ အလိုလို ယုံကြည်၍ရ သည်မှာ သူမ ကြိုးစားနေသည်။ တိုးတက်နေမည်။ ရိုးသားဖြူစင်သော ဘဝနှင့် ဆိုတာပဲ ဖြစ်လေသည်။

ပြီးတော့ သူမကို ပြန်ဆုံရဦးမည်ဟူသော အသိလေးပင်။ နှလုံးသားထဲက သေချာစွာ သိနေသောအရာမှာ သူမ တစ်ကိုယ်တော်ဘဝနှင့် အောင်မြင်စွာ ပြန်ရောက်လာမည်ဆိုတာပဲ ဖြစ်ပါသည်။

ဒီအသိနှင့်ပင် သူ့ရဲ့ မနက်ဖြန်တိုင်းဟာ မျှော်လင့်ချက်တွေ တောက်ပနေခဲ့တာဖြစ်၏။ တစ်နေ့တော့ သူ့ကုမ္ပဏီရဲ့ ဒါရိုက်တာအဖွဲ့ဝင်တစ်ယောက် ဖြစ်လာပြီဖြစ်သည့် မဦးမေက...

"ကိုဝသန် ... ချောင်းသာနဲ့ ပုဂံက ဟိုတယ်ပရောဂျက်တွေအတွက် မလေးရှားက အာခီတက်တစ်ယောက် ရောက်လာပြီ"

"ဟုတ်လား ... ကျွန်တော့်တို့ လိုချင်တဲ့ အရည်အချင်းတွေနဲ့ရော ကိုက်ညီရဲ့လား"





"ကိုက်ညီတယ်။ ဒါပေမဲ့ သူက အမျိုးသမီးတစ်ယောက် ဖြစ်နေတယ်"

"ဒါဆို တော်တော်အရည်အချင်းရှိလို့ ဖြစ်မှာပေါ့။ အရည်အချင်း မရှိဘဲနဲ့တော့ သူတို့ မလွှတ်ရဲပါဘူး။ US မှာတော့ အာခီတက်တစ်ယောက်ရဲ့ဘဝဟာ အသက်ငါးဆယ်ကျော်မှ စတယ်လို့ ကြားဖူးတယ် ...

ဒီအမျိုးသမီးကရော ဘယ်အရွယ်လောက်လဲ"

"ငယ်ငယ်ပဲ ရှိသေးတယ်လို့ ပြောတယ်။ မနက်ဖြန် သူက ပရောဂျက်အတွက် ဆွေးနွေးပွဲလုပ်မယ်။ အဲဒါ ကျွန်မ သွားတက်မယ်လေ၊ ပြီးရင်တော့ ကိုဝသန်ကို ပြန်ပြီး ရိပို့တ်တင်မယ်"

"အင်း ... ကောင်းပါတယ်။ သူ့အိုက်ဒီယာတွေ ဘယ်လောက်သစ်လဲ ကြည့်ရတာပေါ့။ ဒါနဲ့ သူက ပရောဂျက်ရှိတဲ့ နေရာတွေကိုရော သွားပြီးပြီတဲ့လား"

"ချောင်းသာကိုတော့ အရင်သွားပြီးပြီတဲ့။ နေရာကို ကြည့်ပြီး ဒီဇိုင်းထုတ်တယ်လို့ သိရတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူက ခေါင်းတဆတ်ဆတ်ညိတ်ကာ ဘာမှ ဆက်မမေးတော့။ လုပ်ငန်းတွေ အင်မတန်များပြားသော်လည်း သူ့တွင် ယုံကြည်စိတ်ချရသာ ဒါရိုက်တာအဖွဲ့ဝင်တွေ၊ ဝန်ထမ်းတွေ ရှိသဖြင့် အားလုံးဟာ သူ့နည်း သူ့ဟန်ဖြင့်သာ လည်ပတ်၍နေသည်။

အခုချိန်ထိ အိမ်ထောင်ပြုဖို့ မစဉ်းစားသေးသော သူ့ကို တချို့က စနောက်တတ်သလို တချို့ကလည်း အရွေးရခက်နေတာဟု ပြောတတ်ကြသေးသည်။ တကယ်တော့ သူ့နှလုံးသားဟာ ပိုင်ရှင်ရှိပြီးသား ဖြစ်ပါသည်။

နောက်နေ့မှာတော့ မဦးမေက အာခီတက် အမျိုးသမီး၏ စိတ်ဝင်စားဖွယ် အကြောင်းအရာများကို သယ်ဆောင်လာပါသည်။

"သူက တော်တော် တော်တယ် ကိုတံသန်။ Resort ကို သဘာဝမပျက် Country beach နဲ့ လိုက်တာကို စဉ်းစားထားတယ် ...





သူများနဲ့ မတူတဲ့ ဒီဇိုင်းပဲ။ အရမ်းလှတယ်။ သစ်သားကို ဦးစားပေးပြီး ဆောက်မှာတဲ့။ Main Building ထဲ ဝင်စမှာ အကုန်ပိတ်ထားပြီးတော့မှ တဖြည်းဖြည်း လမ်းလျှောက်ရင်း ခေါင်မိုးက ဟပြီး ပွင့်သွားတဲ့ ပုံစံပေါ့။ ဆန်းတာ တအားပဲ ...

နောက် Dining Room(စားသောက်ဆောင်)အတွက် Dinning Chair ကိုတောင် Sketch(ပုံကြမ်း) ဆွဲပြီး ဒီဇိုင်း ထုတ်ပေးထားသေးတယ်၊ ဘယ်မှာမှ မရတဲ့ ကုလားထိုင် ဒီဇိုင်းမျိုး"

သူပင် မဦးမေ ပြောတာတွေကို နားထောင်ပြီး စိတ်ဝင်စားကာလာသည်။

"ကျွန်မတော့ အရမ်းကို သဘောကျနေပြီ။ သူက ဟိုတယ်တစ်ခုလုံးကို ဒေသထွက် Material (ကုန်ကြမ်း)တွေနဲ့ပဲ လုပ်မှာ ...

ဒီတော့ ကျွန်မတို့နိုင်ငံရဲ့၊ ဒေသရဲ့ Image တွေကို လည်း ပြခွင့်ရတာပေါ့"



www.burmeseclassic.com

"အင်း ... တော်တော်တော့ စိတ်ဝင်စားဖို့ ကောင်းပါတယ်။ သူက ဘာလူမျိုးလဲ။ အမျိုးသမီးတစ်ယောက် ဖြစ်ပေမဲ့ အာခီတက် တစ်ယောက်အဖြစ် Talent ပါလာပုံရတယ်"

မဦးမေက သူ့ကို ပြုံးစိုက်ကြည့်လာကာ ...

"သူက ကိုဝသန်နဲ့ ရွယ်တူ၊ မြန်မာအမျိုးသမီးတစ်ယောက်ပါ"

"ဟာ ... ဟုတ်လား။ ကျွန်တော် ဝမ်းသာဂုဏ်ယူပါတယ်။ ကျွန်တော်က မြန်မာအမျိုးသမီးတွေ ထူးချွန်ထက်မြက်ရင် အရမ်းသဘောကျ အားပေးတယ်"

"ဟုတ်ကဲ့ ... အဲဒီထက် ဝမ်းသာဂုဏ်ယူဖို့ ကောင်းတာကတော့ သူဟာ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က ကျွန်မတို့ ကုမ္ပဏီရဲ့ဝန်ထမ်းတစ်ယောက် ဖြစ်ခဲ့ဖူးတဲ့သူပါပဲ ...

မလေးရှားက လာတဲ့ US ရုံးခွဲက အာခီတက်ဟာ ဇွဲနိုနိုပါ"





သူသည် ရုတ်တရက် ပါးစပ်အဟောင်းသားဖွင့်၍ အံ့သြသွားခဲ့ရသော်လည်း အဲဒီ ပါးစပ်ဟာ ပြန်မပိတ်နိုင်တော့ဘဲ တဖြည်းဖြည်း ပြုံးနေမိသည်မှာ အကြာကြီးပဲ ဖြစ်သည်။

အချိန်အတိုင်းအတာတစ်ခုမှာ မရပ်မနား ကြိုးစားရုန်းကန်ခဲ့ရသော ပန်းတစ်ပွင့်သည် အခုတော့ ဟိုးပင်မြင့်ဖျားထက်မှာ အစွမ်းကုန် ဝေဆာဖူးပွင့်လို့ နေခဲ့ချေပြီ။

ရင့်ကျက်နေမည့် ပန်းလှလှလေးကို သူ အမြန်ဆုံး တွေ့ချင်လာခဲ့မိပါသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။

www.burmeseclassic.com





## အခန်း(၁၃)

"အဲဒါဆိုရင် ဒီမှာက ဝါးရက်တဲ့သူတွေကို ကျွန်မကို ခေါ်ပေးလေ။ သူတို့ကို ကျွန်မ ပြပေးလိုက်မယ်။ ဘာလို့လဲ ဆိုတော့ နိုင်ငံခြားကလာတဲ့ Crystal မီးအုပ်ဆောင်းတွေ ကျတော့လည်း အရမ်းဈေးကြီးတယ် ...





ကိုယ့်ဒေသရဲ့ Image လည်း မဟုတ်ဘူး။ ဝါးမီး အုပ်ဆောင်းဆို တော်တော်အမြင်ဆန်းပြီး တိုးရစ်တွေလည်း အရမ်းသဘောကျနိုင်တယ်"

တတ်တတ်ကြွကြွ ပြောနေသော သူမဟာ နောက်မှာ သူ ရောက်နေမှန်း မသိသေးချေ။ ပရောဂျက်က မန်နေဂျာက သူ့ကို လှမ်းမြင်သော်လည်း သူက မျက်ရိပ်ပြထားသည်မို့ ခမျာ မှာ ဘာမှန်းမသိပါဘဲ ရပ်နေရသေးသည်။

သူက အားတစောင်း မြင်တွေ့နေရသော သူမကို ဆယ်နှစ်စာအတွက် အလွမ်းပြေ ခိုးငေးကာ နေမိသည်။ ဆယ်နှစ် အတွင်းမှာ သူမဟာ ထူးထူးခြားခြား ပြောင်းလဲသွားတာတော့ မရှိခဲ့။ သို့သော် ရင့်ကျက်စ အမျိုးသမီးတစ်ယောက်ရဲ့ ပုံစံတော့ အပြည့်အဝကိုရှိသည်။

ထူးခြားစွာ လှပလာသည်မှာ ခါးထိရှည်နေသော ဆံနွယ်ရှည်ကြီးများပဲ ဖြစ်လေသည်။ ထိုဆံပင်ရှည်ကြီးများက ညီညီညာညာ လှပဖြောင့်စင်းကျလျက် သူမက အနီရောင် လည် ထောင်လက်ပြတ်ကို ဝတ်ဆင်ကာထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အောက်က ဘောင်းဘီမှာ Superlowဂျင်းန် အပြာရင့်ရင့် ဖြစ်လေသည်။ ဘောင်းဘီမှာ ခါးပတ်ပတ်ထားပုံ၊ ဘောင်းဘီနောက်က အိတ်ကပ်ထဲမှာ GSM ခေါက်ဖုန်းလေးကို ထိုးထည့်ထားပုံ၊ လက်ဟန်ခြေဟန်ဖြင့် မန်နေဂျာကို ရှင်းလင်းပြနေပုံစတာတွေဟာ သူတင်မကဘဲ အနီးနားမှာရှိသော လူတွေကပါ ငေးမောနေရတာဖြစ်သည်။

ပညာဂုဏ်အစွမ်းဖြင့် လူအများ လေးစားအထင်ကြီးကြသော သူ့ရဲ့ မျှော်လင့်ခြင်း ပန်းပွင့်လေးအတွက် သူများစွာ ဂုဏ်ယူပါသည်။ သူ ဖြစ်စေချင်တာ ဒီလိုဘဝပဲဖြစ်သည်။ ပညာအစွမ်းဖြင့် ကိုယ့်ဘဝကိုယ် ထိန်းကျောင်းနိုင်သော၊ အစွမ်းအစရှိသော မိန်းမတစ်ယောက်အဖြစ် သူမက ထင်ထားတာထက် စွမ်းဆောင်ပြနိုင်ခဲ့ချေပြီ။

သူက ပီတိများစွာဖြင့် သူမထံသို့ လျှောက်အသွားမှာပဲ သူမက နောက်သို့ လှည့်ကြည့်လာခဲ့ပါသည်။ သူ့ကို မြင်လိုက်သော မျက်ဝန်းများသည် ရုတ်တရက် အံ့သြသွားမှုကြောင့် ဝိုင်းစက်ကာသွားသည်။





သို့သော် ပညာတတ် မိန်းမတစ်ယောက်ပီသစွာ ချက်ချင်းပင် သူ့ကို ခေါင်းညွှတ် နှုတ်ဆက်ပါသည်။ ဒီပုံစံကို မြင်လျှင် လွန်ခဲ့သော ဆယ်နှစ်ခန့်က နောက်တွဲဆံထုံးလေးဖြင့် လူကြီးပုံစံဖမ်းထားသော ကောင်မလေးတစ်ယောက်ကို သတိရမိကာ ရင်ခုန်သံတွေ ပူနွေးလတ်ဆတ်လို့လာသည်။

"မှတ်မိရဲ့လား ဖွဲနိုနို"

သူ့ကို ကြည့်လာသော သူမရဲ့ မျက်ဝန်းများမှာ အရည်တွေ တဖျပ်ဖျပ် လက်ကာ တောက်ပလို့နေလေသည်။

"ဘာလို့ မမှတ်မိရမှာလဲ မန်နေဂျင်း"

ရုတ်တရက် သူတို့ကြားတွင် တိတ်ဆိတ်လို့ သွားပြန်သည်။ ဘယ်လောက်ပဲ ရင့်ကျက်ပါပြီဟု ပြောပြော ငယ်ချစ်ဟောင်းတစ်ယောက်ကို ပြန်တွေ့ရတာတော့ ရင်ခုန်သံတွေ မတည်ငြိမ်နိုင်တာ အမှန်ပဲဖြစ်သည်။

"ကျွန်မတို့တစ်တွေ မတွေ့တာ တော်တော်ကြာပြီပဲနော်"

သူမက တမ်းတသံအပြည့်ဖြင့်ပြောလျှင် သူ့ ရင်ထဲ ချက်ချင်း ဆွတ်ပျံ့၍ သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဦးမေ ပြောပြလို့ အဘွားနဲ့ အန်တီ ဆုံးသွားပြီ ဆိုတာကို သိရပါတယ်၊ စိတ်မကောင်းပါဘူးရှင်"

"သူတို့လည်း ဒီအချိန်မှာ မင်းကို မြင်ရင် ဝမ်းသာကြမှာပါ"

သူမရဲ့ မျက်နှာမှာ အပြုံးမဲ့မဲ့လေး ထင်သွားခဲ့သည်။ သို့သော် ခဏလေးပဲ ဖြစ်ပါသည်။

"ခွဲနီ"

သူက တိုးတိတ်စွာ ခေါ်လိုက်လျှင် သူမက မျက်လုံးရွဲတွေနှင့် မော်ကြည့်လို့လာလေသည်။

"မင်း ကိုယ့်ကို စိတ်နာနေမလား"

"ဘာလို့ ကျွန်မက မန်နေဂျင်းကို စိတ်နာရမှာလဲ"

"အချစ်တစ်ခုကို မျိုသိပ်ခဲ့တဲ့အတွက် မင်းဘက်က မရပ်တည်ခဲ့ဘူးလို့ ထင်နေရင် အဲဒီအတွက်၊ ကိုယ့် မာမီ ပြောခဲ့တဲ့စကားတွေအတွက် ..."

"အရင်တုန်းကတော့ စိတ်နာခဲ့ဖူးတယ်။ ကျွန်မကို နိမ့်ပါးတဲ့ မိန်းကလေးတစ်ယောက်မို့ ချစ်စကားတောင် မပြောချင်တာလားလို့ပေါ့ ..."





ဒါပေမဲ့ ဘာမှ မပြောခဲ့တာဟာ ကျွန်မအတွက် အကောင်းဆုံး စဉ်းစားပေးခဲ့တာလို့ သိရတော့ စိတ်မနာတော့ပါဘူး ...

မန်နေဂျင်းရဲ့ မာမီကလည်း ကျွန်မကို ဒီလိုဘဝ ဖြစ်လာအောင် ပံ့ပိုးပေးခဲ့တဲ့ သူပါပဲ"

သူက ကျေနပ်စွာဖြင့် ပြုံးလိုက်သည်။ သေချာပြီ၊ မျိုသိပ်ခဲ့ရသော အချစ်တို့ ဖွင့်ထုတ်ဖို့ အချိန်ရောက်လို့လာပြီ ဖြစ်လေသည်။

"အခုချိန်မှာ ကိုယ် မင်းကို ချစ်တယ်လို့ ပြောလို့ ရပြီပေါ့နော်"

"မရပါဘူး"

"ဘာဖြစ်လို့လဲ"

သူမက လျှို့ဝှက်စွာ ပြုံးကာ ...

"ပြောလိုက်ရင် အဲဒီစကားဟာ လေထဲမှာပဲ ပျောက်သွားလိမ့်မယ်။ အဲဒီတော့ ရင်ထဲမှာပဲ ထားလိုက်ပါ။ ရင်ထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်တဲ့အချစ်က ပိုပြီး နက်ရှိုင်းတွယ်တာတတ်ပါတယ်"

သူက စကားတတ်သော ကောင်မလေးရဲ့ ဆံနွယ်တွေကို ချစ်စနိုးဖြင့် ကြင်နာစွာ သပ်တင်ပေးလိုက်သည်။ သူမရဲ့ နှုတ်ခမ်းတွေက နုးညံ့စွာ ပြုံးလို့နေပါသည်။

"မင်းကို ဖွင့်မပြောဘူး။ အဖြေမပေးဘူးဆိုရင် ကိုယ် ဆုံးရှုံးသွားရင် ဘယ်လိုလုပ်မလဲ"

"တစ်ယောက်နဲ့တစ်ယောက်ကြားမှာ ဖွင့်မပြောဖြစ်ကြသေးပေမဲ့ နားလည်မှုရှိရင် ဆုံးရှုံးနိုင်စရာအကြောင်း ရှိလို့လား မောင်"

သူ့မျက်ဝန်းတွေက လက်ခံနဲ ဖြစ်သွားလေသည်။ ဒီစကားဟာ လွန်ခဲ့သော ဆယ်နှစ်က သူ ပြောခဲ့သော စကား။ ကြည့်စမ်း။ ဒါကို သူမက လုံးဝ မမေ့ချေ။ မမေ့တာမှ နောက်ဆုံး ခေါ်သော အခေါ်အဝေါ်လေးက သူ့ရင်ကို ဆွဲ၍ လှုပ်ခတ်နိုင်ဆုံးဖြစ်သည်။





သူသည် မြတ်နိုးရင်ခုန်စွာဖြင့် သူမရဲ့ ပခုံးနှစ်ဖက်ကို လှုပ်ကိုင်ကာ ...

"ဘယ်လို ... ကိုယ့်ကို ဘယ်လို ခေါ်လိုက်တယ်"

"အဲဒါ ကျွန်မ ဆယ်နှစ်လုံးလုံး တစ်ယောက်တည်း ခေါ်လာခဲ့ရတဲ့ နာမည်လေးပါ၊ မောင်နဲ့ ပထမဆုံး ပြန်ဆုံတဲ့နေ့ကျရင် ခေါ်ခွင့်ရှိပါ့မလားလို့ စိုးရိမ်ရတဲ့ နာမည်လေးပေါ့"

"ကိုယ်တောင် မသိခဲ့ရပါလား ဖွံနီရယ်"

သူက ကြည်နူးရင်ခုန်စွာဖြင့် သူမရဲ့ ပခုံးလေးကို သိုင်းဖက်ကာ ငုံ့မိုးပြောလိုက်လျှင် သူမက သူ့ခါးကို ပြန်လည်ဖက်ကာ မော့ကြည့်၍ ရွှန်းရွှန်းစားစား ပြုံးပြလို့လာသည်။

သူ့ရင်ခွင်ဆီသို့ လေယာဉ်ကားထစ်တွေနင်းဖြတ်တက်ရောက်လာခဲ့သော သူမဟာ သူ့ရဲ့ အထိုက်တန်ဆုံး လက်တွဲဖော် စစ်စစ်တစ်ယောက် ဖြစ်လို့လာခဲ့သည်မှာ ချစ်သူတို့၏ စေတနာ စစ်မှန်မှုကြောင့်သာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ လူကြီးမင်းသည်လည်း ဆယ်နှစ်တာမျှ ဝေးကွာခဲ့ဖူးသော ငယ်ချစ်ဟောင်းတစ်ယောက်နှင့် ပြန်ဆုံခဲ့မည်ဆိုလျှင် ဘယ်လို သဘောထားမျိုးဖြင့် ကြိုဆိုနှုတ်ဆက်မိမည်ဟု ထင်ပါသလဲ။

စာဖတ်ပရိသတ်များအတွက်
ထာဝရ

BURMESE CLASSIC .com

www.burmeseclassic.com